www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ညှို့ယူဖမ်းစားနိုင်သော ... ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထုံးစံအတိုင်း ညနေစောင်းဆိုရင် ဒီ Hot Pot ဆိုင်လေးက စားသုံးသူတွေနှင့် စည်ကားနေတတ်သည်။ အခုလည်းကြည့် ကားပါကင်လေးမှာ နေရာလွတ်ရှားပါးအောင် ပြည့်နေ၏။

ကားလေးကို ဘီးလိမ့်ယုံမောင်းရင်း ရပ်ဖို့နေရာ ရှာနေသော သူ့ကို ဆိုင်က ညှိကြိုကောင်လေးက မြင်သွားတော့ . .

"အစ်ကို . . . ဟိုပရာဒိုကားဖြူလေးညာဘက်မှာ နေရာလွတ်တယ်၊ အဲဒီမှာရပ်လိုက် အစ်ကို"

"အေး . . . ကျေးဇူးပဲ ညီလေး"

သူ့ကားကို ပရာဒိုကားဖြူလေးအနား မောင်းလာခဲ့ရင်း တစ်စီးစာလွတ်နေသောနေရာလေးမှာ ဘက်ဂီယာထိုးပြီး ရပ်ဖို့ပြင်လိုက်သည်။

နောက်ကြည့်မှန်လေးထဲကိုကြည့်ရင်း ကားကို ဆုတ်ခဲ့ခိုက် မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ မျက်မှောင်ကြီးကုတ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပရာဒိုကားနောက်မြီးနားမှာ လူတစ်ယောက် ငုတ်တုတ်ထိုင်ကာ ဘာလုပ်နေသည်မသိပါ။ မျက်နှာကို မမြင်ရပေမယ့် ဝတ်ထားသော ပန်းဆီရောင်ထက်အောက်ဝတ်စုံလေးကြောင့် မိန်းကလေးတစ်ယောက်ဟု သူ ချက်ချင်းသိသည်။

သူ ကားကိုထိုးဝင်လိုက်လျှင် သူမနှင့်လွတ်မှာမဟုတ်တာမို့ ဟွန်းသံတစ်ချက် ပေးလိုက်ရသည်။

သည့်တော့မှ သူမ ခေါင်းလေးလှည့်ကြည့်လာသည်။ ဝိုင်းစက်စက်မျက်ဝန်းလေးတွေနှင့် သူ့ကို ပြုံးကြည့်ပြီး ပခုံးလေးတွန့်ကာ ပြုံးပြသည်။ ပြီးမှ သုတ်ခနဲထလာကာ ပရာဒိုကားလေးဘေးက သုတ်သုတ်လေး ပြေးထွက်လာ၏။

စပ်ဖြဲဖြဲလေးဖြစ်နေသော သူမအမူအရာကြောင့် သူ နည်းနည်းတော့ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

တကယ်ဆို ဒီမိန်းကလေးကို သူ မမြင်ဖူး မသိတာ သေချာသည်။ ပခုံးလေးကျုံ့ ပြုံးပြပြီး သူမ ဆိုင်လေးထဲကို အပြေးတစ်ပိုင်းလေး လှမ်းဝင်သွားခဲ့သည်။ သည့်တော့မှ သူလည်း ကားကို ပရာဒိုကားလေးအနား ကပ်ရပ်ပြီး ပါကင်ထိုးလိုက်ရပါသည်။

သူ ဆိုင်လေးထဲ လှမ်းဝင်ခဲ့တော့ ရှားရှားပါးပါး လွတ်နေသော စားပွဲတစ်ဝိုင်းကို တွေ့လိုက်တာမို့ ထိုစားပွဲလေးဆီပဲ လျှောက်ခဲ့သည်။

"ဟက်ပီးဘတ်သ်ဒေး နေရီ . . . နင့်မွေးနေ့အတွက်





ငါ ဆုတောင်းပါတယ်"

သူ့စားပွဲက ထိုင်ခုံမှာ ထိုင်လိုက်စဉ်မှာပဲ ညာဘက်နံဘေးဝိုင်းက အသံစာစာလေးနှင့် ဆုတောင်းသံကို ကြားလိုက်ရတာဖြစ်သည်။ မျက်ဝန်းတွေက မရည်ရွယ်ဘဲ လှည့်ကြည့်မိတော့

ထိုဝိုင်းမှာ ထိုင်နေကြတာ မိန်းကလေးအုပ်စုပဲဖြစ်သည်။ အင်အားကတော့မသေး။ ခြောက်ယောက်တောင်ဖြစ်သည်။ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသောခုံမှာ ထိုင်နေတာက ပရာဒိုကားနားမှာ တွေ့ခဲ့သော ကောင်မလေးဖြစ်သည်။

အားလုံးထဲမှာ ပန်းဆီရောင်ဝတ်စုံလေးနှင့် နုဖတ်ကြည်လင်သော မျက်နှာလေးက ထင်းထင်းလေးပေါ်လွင်နေတာတော့ အမှန်။ အခုလည်း သူမမျက်နှာလေးက အပြုံးတို့ ရောင်စဉ်တောက်ပနေ၏။

"နင့်မွေးနေ့အတွက် ငါ ဘယ်လို အမှတ်တရလက်ဆောင်ပေးရင် ကောင်းမလဲ စဉ်းစားနေတာဟ"

မျက်မှောင်လေးကုတ်ကာ သူမ စဉ်းစားသလိုပြောတော့ အဖြူရောင်ဝတ်စုံလေး ဝတ်ထားသော ကောင်မလေး ခေါင်းတခါခါ လက်တခါခါနှင့် . . .

"မစဉ်းစားနဲ့ . . . မစဉ်းစားနဲ့၊ ဘာအမှတ်တရမှ မလိုချင်ဘူး၊ နင့်အမှတ်တရတွေကို ငါကြောက်လွန်းလို့ပါ ခွဲမက်ရယ်"

"ဟုတ်တယ်ဟေ့ . . . စွဲမက် အမှတ်တရကို ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်းလို့ ငါ့မွေးနေ့ရက်မရောက်ခင် ဘယ်ရှောင်ပြေးရကောင်းမလဲ စဉ်းစားနေတာ''

''အဲဒီလိုလုပ်လို့ရမလား မိနေ၊ သူငယ်ချင်းအရင်းကြီးတွေကို နင် ဒီလိုလုပ်ရင် ငါနဲ့ တွေ့သွားမှာပေါ့''

ဂရုစိုက်နားထောင်နေတာမျိုးမဟုတ်ပါဘဲ မိန်းကလေးဝိုင်းက အသံစာစာလေးတွေကို သူ ကြားနေတာဖြစ်သည်။ ပန်းဆီရောင်ဝတ်စုံနှင့် ကောင်မလေးနာမည်လေးက စွဲမက်ဟု လည်း သိလိုက်ရ၏။

ဆိုးတော့ မဆိုးပါ။ နာမည်လေးနှင့် ဒီကောင်မလေးရဲ့ မျက်နှာသွင်ပြင်လေးနဲ့ လိုက်ဖက်ညီမယ့်ပုံပါပဲ။ အတွေးစတွေကို သူ ဖြတ်တောက်ပစ်ကာ စားပွဲထိုးလေး ချလာပေးသော အစားအစာတွေကို သူ မြိန်ယှက်စွာ စားနေလိုက်၏။

သူ့နံဘေးဝိုင်းက ကောင်မလေးတွေကတော့ စားသောက်နေကြရင်း စကားတွေ ပြောလိုက်ကြ၊ ဝိုင်းရယ်လိုက်ကြနှင့် တော်တော်လေး အဖွဲ့ကျနေကြသည်။ သူ စားသောက်ပြီး အချိုရည်ဘူးဖွင့်ကာ သောက်နေခိုက် စွဲမက်ဆိုသည့် ကောင်မလေး၏အသံစူးစူးကို ကြားရပြန်သည်။

''နေရီ … အဲဒီပြေသဘော်သီးချိုချိုလေး စားလိုက်၊ ရော့ … မွေးနေ့ရှင် နင့်ကို အရင်ဆုံးပေါ့''

ပန်းကန်လေးထဲက သဘော်သီးစိတ်လေးကို ခက်ရင်းလေးနှင့်ထိုးကာ စွဲမက်က နေရီဆိုသော ကောင်မလေးကို ကိုယ်





တိုင်ခွံ့ကျွေးနေသည်။

''ကျေးဇူး စွဲမက်၊ နင့်သဘော်သီးက ချို၊ အ … အား … စပ် … စပ်တယ်''

နေရီဆိုသော ကောင်မလေးအော်သံစူးစူးရှရှ ထွက်ပေါ်လာသည်။ စွဲမက် သဘောကျစွာ ဟားတိုက်ရယ်နေသည်။

ဒီကောင်မလေး ခွံ့ကျွေးတာက သဘော်သီးစိတ်လေးပါ။ ဘယ်လိုဖြစ်ပြီး ထိုကောင်မလေး စူးစူးရှရှ ထအော်လိုက်တာလဲ သူစဉ်းစားမရပါ။

''အား … စပ်လိုက်တာ၊ စွဲမက် … နင် … နင် … အား … ရှူးရှဲ … အား''

နေရီဆိုသော ကောင်မလေး ဆိုင်အနောက်ဘက် ပြေးဝင်သွားတဲ့အထိ စွဲမက် ရယ်လို့ကောင်းနေတုန်း။ တစ်ဝိုင်းတည်းထိုင်နေသော ကောင်မလေးတွေလည်း သဘောကျစွာ ရယ်မောမဆုံးဖြစ်ကာ တစ်ဝိုင်းလုံး ဆူညံပွက်လောရိုက်နေ၏။

''နင် … ဘယ်လိုစီမံလိုက်တာလဲ စွဲမက်၊ နေရီတော့ ထင်မှတ်မထားတဲ့ တိုက်ကွက်ထိသွားတာပဲ''

''ငါကိုယ်တိုင် စီစဉ်လိုက်တာလေ၊ သဘော်သီးစိတ်ထဲ ကုလားအော် ငရုတ်သီးတွေ ထည့်ရတာ ဘယ်လောက်လက်ဝင်တယ်မှတ်သလဲ … အဟင်း … အဟင်း''

''ကြည့်စမ်း … နင်ကတော့ ကြံကြံဖန်ဖန်ကို ဒုက္ခပေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"နေရီအတွက် အမှတ်တရလက်ဆောင်လေးဟာ သူ့မွေးနေ့မှာ မှတ်မှတ်ရရဖြစ်အောင် ငါလုပ်ပေးလိုက်တာ အဟင်း . . . ဟင်း"

"နေရီက အစပ်သိပ်ကြောက်တာ၊ ကုလားအော်သီး စားလိုက်ရတော့ အတော်ခံလိုက်ရရှာမှာပဲ၊ မျက်နှာကြီး ရဲရဲနီပြီး မျက်ရည်တွေ ဝဲသွားတာပဲ"

"အဲဒီလိုခံလိုက်ရမှ အမှတ်တရဖြစ်မှာပေါ့ဟ၊ စောင့်ကြည့်ပြီး နင်တို့ ဟားကြရဦးမှာ"

သာလိကာတွေလို တစ်ယောက်တစ်ပေါက် ပြောဆိုနေတာတွေ နားထောင်ရင်း သူ တော်တော်စိတ်ညစ်သွားမိသည်။

သဘော်သီးစိတ်ထဲ ငရုတ်သီးထည့်ကျွေးသည့် စွဲမက်ဆိုသော ကောင်မလေး ဗရုတ်ကျမှုကိုတော့ သူ နှာခေါင်းရှုံ့မိတာ အမှန်။ သူငယ်ချင်းအချင်းချင်း ဒီလောက်တော့ မလုပ်သင့်ဟု ထင်သည်။

"စွဲမက် . . . နင် တော်တော်ရက်စက်တယ်၊ ငါ အစပ်ကြောက်တာ သိရက်နဲ့၊ ဒီမှာ အန်လိုက်ရတာ သေမတတ်ဘဲ"

နေရီဆိုသော ကောင်မလေး ပြန်ရောက်လာကာ ပြောတော့ စွဲမက် မျက်နှာလေးစပ်ဖြီးဖြီး အပြုံးရိပ်တို့ မပြယ်သေးပါ။

"ဆောရီး . . . ဆောရီး . . . အဟင်း နင့်မွေးနေ့ အမှတ်တရလေးဖြစ်အောင်လို့ပါဟယ်၊ အရမ်းစပ်နေသေးလား၊ ဒီမှာ ဖရဲသီးချိုချိုလေး စားလိုက်လေ . . . အဟင်း ဟင်း"





"တော် . . . တော်ပါ မယ်မင်းကြီးမရယ်၊ အခုထိ လျှာတွေ ပူနေတုန်းပဲ"

နေရီဆိုသော ကောင်မလေးစကားကို အားလုံးဝိုင်းရယ်လိုက်ကြတာများ ဆိုင်ထဲမှာ သူတို့ တစ်ဝိုင်းတည်း ရှိသည့်ထင်နေသည့်အတိုင်း။

သူ့အကြည့်တွေက အာရုံတွေပါ ထိုဝိုင်းလေးဆီက ဖယ်ခွာလျက် အအေးဘူးလေးကိုပဲ အရသာခံ သောက်နေလိုက်သည်။ တကယ်ဆို ဒီဆိုင်လေးကို *ထိပ်ထား* နှင့်အတူလာဖို့ သူ ရည်ရွယ်ခဲ့တာဖြစ်သည်။

"ဆောရီး ခန့်ရယ် . . . တို့ ဘယ်လိုမှ လိုက်ဖြစ်မှာ မဟုတ်တော့ဘူး၊ ကိုမော်က တို့အစ်ကိုဝမ်းကွဲလေ၊ ကိုမော်ရဲ့ ဒင်နာပါတီက ဒီညဆိုတော့ မဖြစ်မနေသွားရမှာမို့နော်"

အသေအချာ ချိန်းဆိုစီစဉ်ထားပြီးမှ ထိပ်ထားဘက်က ပျက်ကွက်တောင်းပန်လာတော့လည်း သူ နားလည်ခွင့်ပြုပေးခဲ့ရသည်။

ဒီလို တစ်ပတ်တစ်ခါလောက်တော့ သူနှင့်ထိပ်ထား ဒီဆိုင်လေးမှာ အတူထိုင်ဖြစ်ကြသည်။ Hot Pot ကြိုက်တတ်သော ထိပ်ထားကြောင့်ပဲဖြစ်သည်။ အခုတော့ ထိပ်ထားမပါတာကြောင့် သူ ပျင်းစရာကောင်းနေတာကအမှန်။

စားပွဲထိုး ချာတိတ်လေးကို ဘီလ်တောင်းပြီး ကျသင့်ငွေ ရှင်းပေးတော့မှ သူ့နံဘေးဝိုင်းမှ သာလိကာအုပ်စု မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တာ သတိထားမိတော့သည်။

ဆိုင်အပြင်ထွက်ခဲ့တော့မှ သာလိကာအုပ်စု တစ်ယောက်နှင့်တစ်ယောက် ရယ်မောနှုတ်ဆက်နေတာကို သူ တွေ့လိုက်ရသည်။

စွဲမက်ဆိုသော ကောင်မလေးနှင့် သုံးယောက် ရပ်ကျန်ရစ်ခဲ့ကာ နေရီနှင့်တစ်ယောက်က ပါရာဒိုကားဖြူလေးဆီ လျှောက်သွားတာ သူ လှမ်းမြင်သည်။ ဒီတော့မှ သူ့ရဲ့ကားဘေးမှာ ရပ်ထားတာ နေရီဆိုသော ကောင်မလေးကားဟု သိလိုက်သည်။

နေရီဆိုသည့်ကောင်မလေး ပရာဒိုကားဖြူလေးပေါ် တက်ပြီး စက်နှိုးမောင်းထွက်လိုက်စဥ်မှာပဲ ...

"ဂလုံ ... ဂွမ် ... ဂွမ် ... ဂလုံ ... ဂလုံ"

ဆူညံပွက်လောရိုက်သွားသော အသံတွေကြောင့် သူတောင် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။

"အဟင်း ... ဟင်း ... ခစ် ... ခစ်"

"ခစ် ... ခစ် ... ခစ်"

စွဲမက်တို့အုပ်စု၏ရယ်သံတွေနှင့်အတူ နေရီ့ကားနောက်ပိုင်းမှာ ကြိုးတန်းလန်းနှင့် သံစုံမြည်ပါထွက်သော နို့ဆီဘူးခွံလွတ်တွေကို သူ တွေ့လိုက်ရပါသည်။

"မိနေရီ မသိဘူးဟ၊ သူ့ကားစက်သံနဲ့ သူ မကြားဘူး စွဲမက်ရေ ... အဟင်း ... ခစ် ... ခစ်"





"နေပစေ ... အိမ်ရောက်မှသိလည်း ပိုကောင်းတာပေါ့၊ တကယ်ရယ်ရတယ်နော် ... ခစ် ... ခစ်"

"နင်ကတော့ တကယ့်ကြံကြံဖန်ဖန်ကို နောက်တယ် ... အဟင်း ... ဟင်း"

ကျေကျေနပ်နပ်ကြီး ရယ်မောပျော်ရွှင်နေသော စွဲမက်ဆိုသည့် ကောင်မလေးကို သူ မျက်မှောင်ကြီး ကုတ်ကြည့်နေမိသည်။

မျက်နှာလေးက နုဖတ်ကြည်လင်ပြီး ချစ်စရာကောင်းသလောက် တော်တော်ဗရုတ်သုတ်ခကျလွန်းသည့် ကောင်မလေးပါလား။ ဒါ ... ဒီကောင်မလေးလက်ချက်ပဲ ဖြစ်မှာသေချာသည်။

သူ ကားပါကင်ထိုးကတည်းက ပါရာဒိုကားလေးအနောက်မှာ ကုပ်ကုပ်လေးထိုင်နေတာ ဒါကြောင့်ကိုး။

သူမအကြောင်းမသိခင်က သူ ချီးကျူးအမှတ်ပေးမိတာလေးတောင် နောင်တတွေ ရချင်သွားမိတဲ့အထိ။

စွဲမက် ... တဲ့။ နာမည်နဲ့တောင် မလိုက်ဘက်လိုက်တာ။ တစ်ခါကြုံဖူးရုံနှင့် သူ ခြေရောလက်ပါ လန့်သွားမိတဲ့အဖြစ်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူ မျက်နှာသစ် အဝတ်အစားလဲပြီးတော့ ကော်ဖီဝိုင်းမှာ မေမေ ပြင်ဆင်ပြီးနေပြီ။

"လာ သား ... ဒီမှာ အားလုံးအသင့်ဖြစ်နေပြီ"

သူ စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်တော့ မေမေက သူ့အတွက် နန်းကြီးသုပ်ပေးဖို့ ပြင်ဆင်တော့သည်။ သူကြိုက်တတ်သော အစားအစာတွေကို ဒီလို သူ အလုပ်နားသည့်ရက်တွေမှာ မေမေက စီစဉ်ကျွေးတတ်သည်။

အခုလည်း သူ နှစ်သက်သော နန်းကြီးသုပ်ကို မေမေ စီစဉ်ပေးထားတာဖြစ်သည်။ ငရုတ်သီးဆီချက်၊ ကြက်သွန်နီပါးပါးလေးတွေ လှီးထားသော ပန်းကန်၊ ဘဲဥပြုတ်၊ မန်ကျည်းချဉ်ရေ ... အားလုံး စားပွဲပေါ်မှာအသင့်။

မေမေကိုယ်တိုင်သုပ်သော နန်းကြီးသုပ်ကို သူ သိပ်ကြိုက်သည်။ မေမေက စိတ်တိုင်းကျ သုပ်ပြီးသွားသော နန်းကြီးသုပ် ပန်းကန်မှာ ဇွန်းနှင့်ခက်ရင်းတပ်ပေးကာ သူ့ရှေ့မှာ ချပေး





သည်။

"စား သား ... ဘဲဥစိတ်လေးတွေတော့ သား ကြိုက်သလောက်ထည့်စား"

"မေမေရော မစားတော့ဘူးလား"

"စောစောကပဲ သုပ်စားပြီးပြီ၊ မေမေ ကော်ဖီပဲ သောက်တော့မယ် သား၊ စားပါ"

ပြောရင်း မေမေက ကော်ဖီဝိုင်းမှာ ဝင်ထိုင်သည်။ ခရားထဲက ကော်ဖီတစ်ခွက် မေမေငှဲ့သောက်နေချိန်မှာ သူ နန်းကြီးသုပ်ကို စားလိုက်သည်။

"သား ... ဒီနေ့ ဘယ်မှမသွားဘူး မဟုတ်လား"

"ဟင့်အင်း ... သွားစရာမရှိပါဘူး မေမေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သားစားစေချင်လို့ ငါးဖယ်ငါးဆုပ်နဲ့ ကင်ပွန်းချဉ်ရည်ဟင်းချက်ဖို့ စီစဉ်ထားတယ်၊ ငါးပိကြော်လေးနဲ့ဆိုတော့ သားစားလို့ မြိန်မှာပါ"

"ကောင်းတာပေါ့ မေမေ၊ သား ဒီနေ့တစ်နေ့လုံး ဘယ်မှသွားစရာမရှိပါဘူး၊ မေမေနဲ့ လက်ဆုံစားကြတာပေါ့"

သူ့အတွက် မေမေက စီမံစီစဉ်ပေးထားတာ သူ နားလည်သည်။ မေမေသည် သူ့အပေါ် ကြီးမားသော မေတ္တာအရိပ်တွေဖြင့် နွေးထွေးစေခဲ့သူပဲ ဖြစ်သည်။

တကယ်ဆို ဖေဖေရဲ့မေတ္တာတရားကို သူ မပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မခံစားခဲ့ရပါ။ သူ့အသက် ခုနစ်နှစ်အရွယ်မှာပဲ ဖေဖေ တိမ်းပါး သွားခဲ့တာဖြစ်သည်။ ထိုအရွယ်ကတည်းက မေမေက သူ့မဘဝ တစ်ခုလုံးပုံကာ သူ့ကို ပေးဆပ်ခဲ့တာ သူအသိဆုံးပါပဲ။

ကလေးတစ်ယောက်အမေ မုဆိုးမတစ်ယောက်ဆိုပေမယ့် မေမေ့ရုပ်ရည်နှင့် အသက်အရွယ်က နောက်ထပ် အိမ်ထောင်တစ်ခု စိတ်တိုင်းကျ ရွေးချယ်တည်ဆောက်နိုင်သည်။ ဒါပေမဲ့ ...

မေမေသည် သူ့အတွက်ပဲ ရှင်သန်ခဲ့သည်။ နှစ်ဖက်မိဘတွေနှင့် ဖေဖေချန်ထားရစ်ခဲ့သော ဥစ္စာဓနတွေကို ပိုမိုတိုးတက်အောင်လည်း မေမေ ကြိုးစားနိုင်ခဲ့သည်။ ဖေဖေရဲ့စီးပွားရေးလုပ်ငန်းတွေကို မေမေ ဦးဆောင်ထိန်းသိမ်းနိုင်ခဲ့၏။

တစ်ဦးတည်းသောသားဖြစ်သူ သူ့အတွက်လည်း ဝါသနာအတိုင်း လေယာဉ်မှူးတစ်ယောက်ဖြစ်အောင် မေမေကပဲ အားလုံးပံ့ပိုးကူညီခဲ့တာဖြစ်သည်။

"သား ... တော်ပြီလား၊ ထပ်ယူဦးလေ"

သူစားနေသော တစ်ပန်းကန် ကုန်လုလုမှာ မေမေက နောက်တစ်ပွဲထပ်သုပ်ပေးဖို့ ပြင်နေတာမို့ သူ ခေါင်းခါပြရင်း–

"တော်ပြီ မေမေ ... သား ဝနေပြီ၊ မေမေသုပ်ပေးထားတာက အများကြီး"

"ဒါဆို ကော်ဖီလေးတော့ သောက်လိုက်ဦးနော် ... သား"





သူသောက်ဖို့ ကော်ဖီတစ်ခွက် မေမေ ငှဲ့ပေးသည်။ ထိုအချိန်မှာပဲ ဒေါ်ခင်မိ ဈေးခြင်းတောင်းကြီးဆွဲကာ ဝင်လာသည်။

"ကျွန်မ မှာလိုက်တာ အကုန်ပါတယ်နော် ဒေါ်မိ"

"ပါ,ပါတယ် မိနှင်းရဲ့၊ ငါးဖယ်စစ်အောင် ခြစ်ပေးတာ စောင့်ပြီး ယူခဲ့ပါတယ်"

"ကောင်းတယ်, ကောင်းတယ်၊ ငါးဖယ်က စစ်မှ စားလို့ကောင်းတာ၊ ကဲ ... ဒေါ်မိ ပြင်ဆင်ထားပေး၊ ပြီးမှ ကျွန်မကိုယ်တိုင်ချက်မယ် ... ဟုတ်လား"

သူ အလုပ်နားသည့်ရက်တွေမှာ မေမေက ကိုယ်တိုင်မီးဖိုချောင်ဝင်ကာ စိတ်တိုင်းကျ ချက်ပြုတ်တတ်သူဖြစ်သည်။ ဒီနေ့လည်း မေမေ မီးဖိုထဲမှာပဲ ချွေးတ္တလုံးလုံးနှင့် ချက်ပြုတ်နေဦးမှာ သေချာသည်။

ကော်ဖီပိုင်းက ထ,ထွက်ခဲ့တော့ မေမေနှင့်ဒေါ်မိတို့ပဲ မီးဖိုချောင်ထဲမှာ ကျန်ရစ်ခဲ့ကြသည်။ ဧည့်ခန်းထဲက ဆိုဖာထိုင်ခုံကြီးမှာ တစ်ယောက်တည်းထိုင်ရင်း စိတ်က သတိရမိတာ ထိပ်ထားကိုပဲ ဖြစ်သည်။

ပြီးခဲ့သည့် နှစ်ရက်ကတည်းက ထိပ်ထားနှင့်မဆုံတာမို့ တွေ့ချင်တာတော့အမှန်။ ဒီနေ့လည်း သူ့လိုပဲ ထိပ်ထားလည်း ဂျူတီနားရက်ဆိုတာ သူသိသည်။

ရှိုးကေ့စ်ပေါ်မှာ တင်ထားသော ဖုန်းခွက်ဆီ သူလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ စိတ်မှာ အလွတ်မှတ်မိနေသော ထိပ်ထားရဲ့ဟန်းဖုန်းနံပါတ်လေးတွေကို နှိပ်ခေါ်လိုက်သည်။

''ဟဲလို ... စုထိပ်ထားပါ''

''ထိပ်ထားလား ... ကိုယ်ပါ''

''ဪ ခန့် ... ပြောလေ ဘာကိစ္စရှိလို့လဲ''

''မရှိပါဘူး။ ထိပ်ထားကိုသတိရလို့ဆက်တာ၊ ဒီနေ့မေမေက ကိုယ့်နားရက်မို့ ထမင်းချက်ကျွေးမှာလေ၊ အဲဒါ ... ထိပ်ထားကိုပါ ထမင်းစားဖိတ်ချင်လို့ ကိုယ်လာခေါ်ရမလားဟင်''

''ဆောရီး ခန့်ရယ်၊ ထိပ်ထား ဒီနေ့မအားဘူး။ အခုပဲ အပြင်သွားဖို့ ပြင်ဆင်နေတာ''

''ဘယ်သွားမလို့လဲဟင် ထိပ်ထား''

''ကိုမော့်ကို မြို့ထဲလိုက်ပို့မလို့ ခန့်ရဲ့၊ ကိုမော်က အမေရိကားရောက်နေတာ ငါးနှစ်ကျော်ပြီဆိုတော့ မြန်မာပြည်နဲ့ အဆက်ပြတ်နေတာ ကြာပြီလေ၊ ဒီနေ့ ကိုမော့်ကို ထိပ်ထား မြို့ထဲအနှံ့ လိုက်ပို့ပေးရမှာ''

ထိပ်ထားစကားကြောင့် သူ့စိတ်ကူးဆန္ဒလေးတွေ ပျက်စီးသွားခဲ့ရသည်။ အမေရိကားက မြန်မာပြည် ပြန်ရောက်လာသည်ဆိုသော ထိပ်ထားရဲ့အစ်ကိုဝမ်းကွဲ ကိုဇော်ထူးမော်ကို သူ မမြင်မတွေ့ဖူးသေးပါ။

ဒီပုဂ္ဂိုလ်ကြောင့် ပထမတစ်ခါလည်း ထိပ်ထားနှင့်သူ Hot Pot ဆိုင်လေးမှာ ဆုံကြမည့်အစီအစဉ် ပျက်ခဲ့သည်။ အခု





လည်း ပျက်ရပြန်ပြီ။

''ဒါပဲနော် ခန့် ... မန်းဒေးကျမှ ဆုံကြမယ်နော် ... ဘိုင်''

ထိပ်ထား ကသောကမျောလေး နှုတ်ဆက်ပြီး ဖုန်းချသွားသည်။ သူ ဖုန်းလေးကို ပြန်ချရင်း ပင့်သက်မောလေး မှုတ်ထုတ်ပစ်လိုက်မိသည်။

တက္ကသိုလ်ပထမနှစ်ကတည်းက ထိပ်ထားနှင့်သူသည် မေဂျာတူ၊ အတန်းတူတွေဖြစ်ခဲ့ကာ အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ ပြောရလျှင် သူငယ်ချင်းမကျ ချစ်သူရည်းစားမကျ အခြေအနေအထိ ရှိခဲ့ကြတာ ဖြစ်၏။

အမြဲတမ်း တပူးတွဲတွဲရှိတတ်သော သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေကတောင် မထိခလုတ် ထိခလုတ် စ,ခဲ့ကြသည်။

''ဟော့ ... ဒီစုံတွဲ ဘယ်လစ်မလို့လဲ၊ ငါတို့ လိုက်ချောင်းမှာနော်''

''လိုက်ချင်လိုက်ခဲ့ မိမိုး၊ ကင်တင်းနဲ့မှာ ဆီချက်သွားစားမလို့''

''တော်ပါပြီ ... တော်ပါပြီ၊ တော်ကြာ ဆေးရိုးသည်မ မကန့်လန့်လို့ အပြောခံနေရဦးမယ် ... အဟင်း ဟင်း''

သူငယ်ချင်းတွေ ဘယ်လိုပဲ ပြောင်ကြ၊ စ,ကြပါစေ သူနှင့်ထိပ်ထားကတော့ အပြုံးမပျက် ရှိခဲ့ကြသည်။ တက္ကသိုလ် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တရားဝင်ချစ်သူတွေ မဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသော သူတို့ကို အားလုံးက အားမလို အားမရနှင့် မေးတတ် ပြောတတ်ကြသေး၏။

"ဟော့ကောင် ခန့် . . . မင်းတို့ဇာတ်လမ်းကြီးက ဘာလဲကွ"

"အေးကွာ . . . ဘာလဲ၊ ငါတို့တွေကို ကျွေးရမွေးရမှာစိုးလို့ တမင်များ လျှို့ထားတာလား၊ ပြောစမ်း မင်းနဲ့စုထိပ်ထားနဲ့ ချစ်သူတွေဖြစ်နေကြပြီလား"

သူ ပြုံးပြုံးလေးပဲ ခေါင်းခါတော့ အောင်ကို့မျက်နှာကြီး အလိုမကျစွာ ရှုံ့တွသွား၏။

"ဘာလဲကွာ . . . ဘာတွေလဲ၊ မင်းနဲ့ထိပ်ထားက ဘာဇာတ်လမ်းထွင်နေကြတာလဲ၊ တကယ်ဆို အစောကြီးကတည်းက ငြိသင့်နေတာ"

"အေးလေ . . . ရုပ်ရည်အခြေအနေ၊ အားလုံးက လိုက်ဖက်ညီတာကို၊ ဘာလို့ သိုဝှက်ထားကြတာလဲ၊ ဘာလဲ . . . မပြောဘဲနဲ့သိပါတယ် ××× တို့နှစ်ယောက်ရဲ့ ××× အသည်းဝယ် . . . ဒီလိုလား"

ကောင်းမြတ်က သီချင်းတစ်ပိုင်းတစ်စ သီဆိုရင်းနောက်နေသေး၏။ တကယ်ဆို သူငယ်ချင်းတွေ ပြောမည်ဆိုလည်း ပြောစရာပဲဖြစ်သည်။ ထိပ်ထားနဲ့သူ့ကြားမှာ ခိုင်ကျည်သောနှောင်ဖွဲ့ခြင်းတွေ ရှိနေတာတော့ သူယုံသလို ထိပ်ထားလည်း လက်ခံမှာ သေချာ၏။





တစ်ဦးတည်းသောသမီး၊ ထိပ်ထားရဲ့မိဘအသိုင်းအဝိုင်းကလည်း ပြည့်စုံချမ်းသာသည်။ *ခန့်တည်ငြိမ်* ဆိုသော သူ့ဘဝသည်လည်း ဘာဆိုဘာမှ ပူပင်မှုမရှိခဲ့ပါ။

ဖေဖေမရှိတော့ပေမယ့် နှစ်ဖက်ဘိုးဘွားမိဘတွေ ချန်ထားရစ်သော အမွေဥစ္စာဓနတွေက ဆယ်သက်သုံးမကုန်အောင် ပြည့်စုံသည်။ မေမေကလည်း သည်အတိုင်း ရှင်သန်ရပ်တည်နေတာ မဟုတ်ပါ။

'*ခန့်ရတနာ*' စိန်တိုက်ကြီးကို တည်ထောင်ထားကာ မိသားစုစီးပွားကို တိုးသထက် တိုးပွားအောင် စွမ်းဆောင်နိုင်သည်။

တစ်ဦးတည်းသောသားကို နောက်ဆုံးပေါ်သိန်းထောင်ချီ ဇိမ်ခံကားကြီးနှင့် ကျောင်းတက်စေနိုင်သည်။ ကျောင်းမှာတော့ သူသည် ရွှေမင်းသားလေးတစ်ပါးလို ထင်ပေါ်ပါသည်။

ရှင်းသန့်ချောမောကာ တည်ငြိမ်သော စရိုက်လက္ခဏာကြောင့် သူနှင့်ရင်းနှီးခင်မင်ပတ်သက်ချင်သော မိန်းကလေးတွေလည်း အများကြီး။ ဒါပေမဲ့ သူခင်မင်ပေါင်းသင်းသော အပေါင်းအသင်း သူငယ်ချင်းက လက်ချိုးရေတွက်လို့ရသည်။

မိန်းကလေးသူငယ်ချင်းဆို၍ ထိပ်ထား၊ မိုးမိုးနှင့်သီတာ ကြည်တို့ပဲရှိ၏။ အားလုံးထဲမှာ *စုထိပ်ထား* ကတော့ အခင်မင်ဆုံး၊ အတွဲဆုံးဖြစ်၏။

စုထိပ်ထားဆိုသောအမည်နှင့်လိုက်ဖက်အောင်ပဲ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားကလည်း သူတို့ကျောင်းရဲ့အလှဘုရင်မတစ်ပါးပဲဖြစ်သည်။

ထိပ်ထားဖေဖေက အစိုးရရုံးတစ်ရုံးမှာ ညွှန်ကြားရေးမှူးတစ်ယောက်၊ မိခင်က ကုမ္ပဏီကြီးတစ်ခု တည်ထောင်အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်သည်။

အဖက်ဖက်ကပြည့်စုံသော စုထိပ်ထားကတော့ သူတို့အားလုံးထဲမှာ မာနကလည်း အကြီးဆုံးဖြစ်သည်။ အပေါင်းအသင်းကိုတောင် ရွေးပေါင်းတတ်၏။ ထိပ်ထားအချစ်ကို ပိုင်ဆိုင်ဖို့ တောင်းခံချဉ်းကပ်နေသူတွေကလည်း အဆင်းရော၊ အချင်းပါပြည့်စုံသူတွေပဲဖြစ်၏။

ဒါပေမဲ့ အားလုံးကို ထိပ်ထား ပြုံးပြုံးလေးခေါင်းခါထားတာလည်း သူအသိဆုံးဖြစ်သည်။

"ထိပ်ထားအချစ်ကို တောင်းခံနေတဲ့ ယောကျ်ားကလေးတွေ အများကြီးရှိတာ ငါတို့အားလုံးအသိပဲ ခန့်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ သူခေါင်းမညိတ်ခဲ့ဘူး၊ ဒါ . . . မင်းကြောင့်ပဲလို့ ငါတို့ထင်တယ်"

"ဟုတ်တယ် ခန့်၊ မင်း ဘာလို့တွေဝေနေတာလဲ၊ မင်းလည်း ရွေးချယ်စရာတွေ အများကြီးရှိနေလျက်နဲ့ အခုအချိန်ထိ အတွဲမရှိတာ စုထိပ်ထားကြောင့်ပဲ မဟုတ်လား"

အားလုံးစကားတွေကို သူ ခေါင်းမခါဖြစ်ခဲ့ပါ။ လှသော ချောသော ထိပ်ထားကို သူသိပ်ချစ်သလို သံယောဇဉ်လည်းရှိပါသည်။ ထိပ်ထားကို သူ့ရင်ထဲက လေးနက်စွာပဲ ရည်ရွယ်ခဲ့





တာဖြစ်၏။

တစ်နေ့မှာ သူထိပ်ထားကိုပဲ ဘဝရဲ့အဖော်အဖြစ် ရွေးချယ်လက်ထပ်မည်။

ရင်ထဲက ချစ်ခြင်းတွေအတွက် ထိပ်ထားရော သူပါ သိုဝှက်မျိုသိပ်ထားခဲ့ကြတာ မှန်ပေမယ့် ဝါသနာနှင့်ရည်ရွယ်ချက်အတွက်တော့ နှစ်ဦးတိုင်ပင်ဝန်ခံဖြစ်ကြ၏။

"ကိုယ်တော့ ကျောင်းပြီးရင် ဝါသနာပါတဲ့ လေယာဉ်မှူးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ် ထိပ်ထား"

"ခန့်နဲ့ထိပ်ထား ရည်ရွယ်ချက်တူညီတယ်သိလား၊ ထိပ်ထားရည်ရွယ်ချက်ကလည်း လေယာဉ်မယ်တစ်ယောက်ဖြစ်အောင် ကြိုးစားမှာလေ"

သည်လိုတူညီသော ဝါသနာကြောင့်လည်း ထိပ်ထားကို သူ ပိုလို့နှောင်တွယ်ခဲ့ရ၏။ ကျောင်းတွေပြီးတော့ သူလည်း ဝါသနာပါသော လေယာဉ်မှူးတစ်ယောက် ဖြစ်လာခဲ့သလို ထိပ်ထားသည်လည်း လေယာဉ်မယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ဖြစ်ခဲ့၏။

"ဩော် . . . မင်းတို့က အကြိုက်တူညာဏ်တူတွေကို၊ ကျောင်းပြီးတဲ့အထိ မခွဲရအောင် ကြံစည်ခဲ့ကြတာပေါ့လေ"

"ဟုတ်ပ့ါ . . . တစ်ယောက်က လေယာဉ်မှူး၊ တစ်ယောက်က လေယာဉ်မယ်၊ စိတ်တူကိုယ်တူတွေပေါ့လေ"

"မဟုတ်ပါဘူးဟာ . . . ငါက ငယ်ငယ်လေးကတည်း



www.burmeseclassic.com

www.burmeseclassic.com



က လေယာဉ်ပျံကြီးတွေ မောင်းတဲ့သူဖြစ်ချင်ခဲ့တာ၊ ငါ့ရည်ရွယ်ချက်အတိုင်း ကြိုးစားခဲ့တာ၊ ထိပ်ထားကလည်း သူ့ဝါသနာရည်ရွယ်ချက်ပါ၊ အဲ ... တိုက်ဆိုင်သွားတာကတော့ အံ့ဩစရာပေါ့''

''အပိုတွေမပြောနဲ့၊ မင်းနဲ့ထိပ်ထားက အံ့ဩစရာကောင်းတာ အခုမှ မဟုတ်ဘူး၊ မျိုးသိပ်သိုဝှက်နိုင်လွန်းတာလည်း တူတယ်၊ ပြောစမ်းပါဦး ... အခု မင်းတို့ချင်း ပွင့်လင်းသွားကြပြီလား''

သူ ပြုံးပြီး ခေါင်းခါပြတော့ အောင်ကို ခေါင်းခါ လက်ကာပြရင်း ...

''သေလိုက်တော့ ခန့်၊ ဒီချိန်ထိ ဖွင့်မပြောသေးဘူးဆို၊ ဘယ်အချိန်မှ ပွင့်လင်းကြမှာလဲ၊ ဘာလဲ အိမ်ထောင်တွေကျပြီး သားတွေ,သမီးတွေရမှ ဖွင့်ပြောကြမှာလား''

''မဟုတ်ဘူးကွ၊ ဒီကောင်တွေက မြေးမြစ်တီကျွတ်တွေရပြီး ဘိုးဘွားရိပ်သာမှာ ဆုံမှ ပြောကြမှာ၊ ဟား ဟား ... ရှိတ်ရှားရယ် ရှစ်လိုက်တာ တီလား ... လို့ ဟား ဟား''

ကောင်းမြတ် အဘိုးကြီးလေသံနှင့်ပြောတော့ အားလုံး ဝိုင်းရယ်ကြသည်။ ဒီကောင်တွေ ပြောမယ်ဆိုလည်း ပြောလောက်ပါသည်။

ထိပ်ထားအပေါ် သူ့ရင်ထဲက စကားတွေ ဖွင့်ပြောဖို့ သူကိုယ်တိုင်ကလည်း တွေဝေတွန့်ဆုတ်နေခဲ့တာအမှန်။

ကျောင်းတုန်းကတော့ ရည်မှန်းချက်တွေဖြစ်မြောက်ပြီးမှ





ဟု ရည်ရွယ်ခဲ့သည်။ အခုအခြေအနေရောက်လာတော့ သူ တွေဝေတွန့်ဆုတ်နေခဲ့တာက မေမေကြောင့်ဟုပဲ ဆိုရမည်။

သူ့အိမ်ကို အကြိမ်ကြိမ်ရောက်ဖူးပြီး မေမေနှင့်သိကျွမ်းရင်းနှီးနေသော ထိပ်ထားကို မေမေ မှတ်ချက်ပြုဖူးသည့်စကားရှိ၏။

''ဒီကလေးမလေးက ချစ်စရာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ မာန်မာနလေးကတော့ ခပ်ကြီးကြီးပဲနော်''

မေမေ့ဝေဖန်ချက်ကို သူ မငြင်းနိုင်ပါ။ စထိပ်ထားဆိုတာ တော်ရုံလူကိုတောင် အပေါင်းအသင်းလုပ်တတ်တာမဟုတ်။ အပေါင်းအသင်းတောင်မှ ပြည့်စုံချမ်းသာမှ ပေါင်းသင်းတတ်ခဲ့တာ သူအသိဆုံး။

''ချမ်းသာပြည့်စုံတာ ရှေးဘဝက ကုသိုလ်ကံပါ သားရယ်၊ လူလူချင်း အတူတူပါပဲ၊ မေမေကတော့ အဆင့်အတန်းခွဲခြားတတ်တဲ့သူတွေကို အထင်မကြီးဘူး၊ ဒါ ... ပြည့်ဝတဲ့စိတ်ထားရှိတာကို ပြလိုက်တဲ့သဘောပဲ''

ထိပ်ထားအပေါ်မှာ မေမေ သိပ်သဘောမကျတာ သူ သိပါသည်။ ဒါကြောင့်လည်း မေမေနှင့်ထိပ်ထားကြားမှာ နားလည်မှုတစ်ခုရရှိအောင် သူ ကြိုးစားမိသည်။

အလုပ်နားရက်တွေမှာ ထိပ်ထားကို အိမ်ခေါ်ကာ ထမင်းဖိတ်ကျွေးတာမျိုး သူပြုတတ်၏။

သူ့ရည်ရွယ်ချက်ကို မေမေ ရိပ်မိနိုင်သလို၊ ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေရဲ့စိတ်ဓာတ်ကို မြင်သိစေချင်တာကြောင့်ဖြစ်သည်။

အခုထိတော့ သူ့ရည်ရွယ်ချက် မအောင်မြင်သေးပါ။

ဒီနေ့လည်း ထိပ်ထားရဲ့မအားလပ်မှုကြောင့် ပျက်ခဲ့ရပြန်ပြီ။ သူ့စိတ်ကူးဆန္ဒလေးတွေ မပြည့်ဝနိုင်သေးပါလား။

※



## အခန်း (၃)

တကယ်ဆို ဒီပန်းခြံလေးထဲကို သူ ဘာရည်ရွယ်ချက်မှမရှိဘဲ ဝင်ခဲ့တာဖြစ်၏။ ပန်းခြံထဲက ခုံတန်းလေးမှာထိုင် မြက်ခင်းပြင်ပေါ်မှာ စိတ်လွတ်ကိုယ်လွတ်ကစားနေကြသည့် ကလေးတွေကို သူငေးကြည့်နေမိသည်။

တနင်္ဂနွေပိတ်ရက်မို့ထင်သည် ပန်းခြံလေးထဲမှာ လူတွေစည်ကားသိုက်မြိုက်နေသည်။ မိသားစုလိုက် ပန်းခြံထဲလာအပန်းဖြေအနားယူကြသူတွေက များသည်။ ရောင်စုံဘောလုံးကလေး မြှောက်ကစားနေသူတွေ၊ ဒန်းစီးနေသောကလေးတွေ၊ အားလုံးက အပူအပင်ကင်းစင်သော အပြုံးလေးတွေနှင့် ရှိကြသည်။

ကလေးတွေကလည်း လွတ်လပ်ပျော်ရွှင်လို့ လူကြီးမိဘတွေကလည်း ကျေနပ်စွာပြုံးကြည်လို့ မြင်နေသမျှမြင်ကွင်းတွေက ကြည်နူးစရာပါပဲ။

ထိုအခိုက်မှာပဲ ကလေးတစ်သိုက် မြက်ခင်းပြင်ထဲ မြေး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာကြသည်။ တကယ့်ကို များလိုက်တဲ့ကလေးတွေ ဆယ်ယောက်မကရှိမှာ သေချာသည်။

သည်လောက်များပြားလှသော ကလေးတစ်အုပ်တမကြီးကို ဘယ်လိုလူကများ ထိန်းခေါ်ဆောင်လာသည်မသိ။ တစ်မိသားစုတည်းကတော့ မဟုတ်နိုင်ပါ။

ကြည့်ရတာ မူကြိုကျောင်းက ကလေးအုပ်စု အပျော်အလည်အပတ်ထွက်လာတာလား။ သူ စဉ်းစားနေတုန်းမှာ အသံစာစာလေးကို ကြားလိုက်ရတာ ဖြစ်သည်။

"ဟေး ... သားတို့သမီးတို့ အရင်းမပြေးကြနဲ့၊ နေဦး ... အန်တီလေးကိုစောင့်ကြဦး"

ကလေးအုပ်နောက်က ခပ်သုတ်သုတ်ခြေလှမ်းတွေနှင့် ပြေးလိုက်လာရင်း လှမ်းအော်နေသော မိန်းကလေးကို သူ လှမ်းကြည့်မိ၏။

"ဟင်"

သူ့မျက်ခုံးတွေ ပင့်တက်ပြီး ပါးစပ်အဟောင်းသားတောင် ဖြစ်သွားမိတဲ့အထိပါပဲ။

ဗရုတ်သုတ်ခမလေးပါလား။

ပခုံးနှစ်ဖက်ပေါ် မညီမညာဝဲကျနေသည့် ဆံနွယ်တိုတိုလေးတွေနှင့် ဝင်းမွတ်နေသည့် မျက်နှာလေးက ကြည်လင်ရှင်းသန့်နေသည်။ အခြယ်အသ ကင်းစင်နေသော မျက်နှာလေးက ပကတိအတိုင်း လှပနေ၏။





ဝတ်ထားတာက ခါးရှည်ကိုယ်ကျပ်အနီရောင်အင်္ကျီလေး အပေါ်မှာ ခါးတိုဂျင်းလက်ပြတ်လေး ဝတ်ထားသည်။ ဘောင်းဘီရှည်လေးက ဂျင်းအဖျော့အကျပ်လေးမို့ ချပ်ချပ်ရပ်ရပ်လေး ကြည့်ကောင်းပါသည်။

"လာ ... လာကြ၊ ဒီနေရာလေးမှာ အန်တီလေးတို့ ထိုင်ကြမယ်ဟေ့"

ကလေးတွေက သင်းကလေးစကားကို နာခံကြသည်။ ယူလာသော ကောဇောလိပ်ကြီးကို ဝိုင်းဝန်းဆွဲခင်းကြသည်။ အကောင်နည်းနည်းကြီးသော ကလေးလေးယောက်က သယ်ယူလာသော ဆွဲခြင်းတွေကို သူမလေးအနားမှာ ချပေးကြသည်။

"ကဲ ... ကဲ ... အားလုံးညီညီညာညာလေး စုပိုင်းထိုင်ကြနော်"

"ဟုတ်ကဲ့ ... အန်တီစွဲမက်"

ကောင်မလေးစကားအတိုင်း ကလေးတွေ ညီညီညာညာ ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။ ဒီကောင်မလေးက ကလေးတွေ စာသင်နေသော မူကြိုသင်တန်းဖွင့်ထားတာလား။ သူ နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။

ဒီဗရုတ်မလေးကသာ ကလေးတွေ ဆရာမသာဆိုလျှင်တော့ သွားပြီ။

"ကဲ ... သားတို့ ဗိုက်ဆာကြပြီလား"

"မဆာသေးပါဘူး အန်တီစွဲမက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါဆို ပျော်စရာ ပါဆယ်ဂိမ်း အရင်ကစားကြရအောင်နော်"

"ဝေး ... ကစားမယ် အန်တီလေး"

"ကစားကြမယ်ဟေ့"

မမျှော်လင့်ဘဲ ပြန်ဆုံနေသော ဒီကောင်မလေးကိုတော့ သူ စိတ်ဝင်တစားငေးကြည့်နေမိသည်။ ဆိုင်လေးထဲမှာတုန်းကတော့ Hot Pot တကယ့်ဗရုတ်သုတ်ခ ကျသွားခဲ့သည်။

ဒီတစ်ခါတော့ ကလေးတွေနဲ့ ပဏ္ဍာသင့်လို့။ အံ့တော့ အံ့သြစရာအကောင်းသား။

"ကိုင်း ... ကိုင်း အန်တီလေးလက်ထဲက ပါဆယ်ထုပ်လေးကို တစ်ယောက်ရဲ့လက်ထဲ တစ်ယောက်ကမ်းပေးကြမယ်၊ ဟောဒီဟန်းဖုန်းလေးထဲက သီချင်းသံ ရပ်သွားတဲ့အချိန်မှာ ပါဆယ်ထုပ်ကိုင်ထားတဲ့သူက ဒီပါဆယ်ထုပ်ကို ဖွင့်ရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်တီစွဲမက်"

ကလေးတွေက အသံစာစာလေးတွေနှင့် အော်ကြသည်။ ပန်းခြံလေးထဲ သူမတို့ရောက်လာမှပဲ ဆူဆူညံညံနှင့် စည်စည်ကားကားလေး ဖြစ်သွားတာတော့ အမှန်။

တခြားသောကလေးတွေရော မိသားစုတွေပါ သူမလေးတို့ဝိုင်းဆီ ငေးငေးလေး အာရုံရောက်နေကြသည်။ ဟန်းဖုန်းလေးထဲက သီချင်းသံလေး ငြိမ့်ငြိမ့်လေးထွက်လာသည်။





ပါဆယ်ထုပ်လေးကို သူမ ညာဘက်ခုံဘေးက ကလေးငယ်လက်ထဲ ထည့်ပေးလိုက်သည်။ ထိုကလေးက နောက်တစ်ယောက်လက်ထဲ လွှဲပေးသည်။ သီချင်းသံလေးမဆုံးသေးချိန်အထိ ပါဆယ်ထုပ်လေးက တစ်ယောက်လက်ထဲ တစ်ယောက်ပြောင်းလဲရောက်ရှိနေဆဲ။

သီချင်းသံလေး တိတ်ဆိတ်သွားချိန်မှာတော့ ကျစ်ဆံမြီးနှင့် ကောင်မလေးလက်ထဲမှာ ပါဆယ်ထုပ်လေး ရောက်ရှိနေ၏။

"ဝေး ... ပန်းနုခိုင် အလှည့်ကျသွားပြီဟေ့"

ကလေးတွေ လက်ခုပ်လက်ဝါးတီး အော်ဟစ်ကြသည်။ ပန်းနုခိုင်ဆိုသော ကောင်မလေးက ပါဆယ်ထုပ်လေးကိုင်ကာ ပြုံးပြုံးလေးရှိ၏။

"ကဲ ... သမီးလေး ပန်းနုက ပါဆယ်ထုပ်ကိုဖောက်နော်၊ ပြီးရင် ... အထဲက ဘာလဲဆိုတာ အားလုံးကိုယူပြနော်"

"ဟုတ်ကဲ့ ... အန်တီစွဲမက်"

ကျစ်ဆံမြီးနှင့်ကောင်မလေး ပါဆယ်ထုပ်ကို ဖွင့်ဖောက်နေတော့ အားလုံး ဘာပစ္စည်းလဲဟု သိချင်စိတ်တွေနှင့် ဝိုင်းကြည့်နေကြသည်။

ပါဆယ်ထုပ်လေး ပွင့်သွားတော့ ကောင်မလေး မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။ ပြီးတော့ စူးစူးဝါးဝါးအော်ဟစ်ရင်း လက်ထဲက စက္ကူဘူးလေးကို ထိတ်လန့်တကြား လွှင့်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကောင်မလေး လွှင့်ပစ်သော စက္ကူဘူးလေးက မြက်ခင်းပြင်မှာ ထိုင်နေသော မိသားစုရှေ့ ပြုတ်ကျသည်။ အမျိုးသမီးကြီးက စက္ကူဘူးလေးကို ကောက်ယူပြီး ငုံ့ကြည့်၏။

"အား ... အမယ်လေးတော့"

အမျိုးသမီးကြီးလည်း ကြောက်လန့်စွာ ဟစ်အော်ရင်း စက္ကူဘူးကို ဦးတည်ရာလွှင့်ပစ်တော့ သူထိုင်နေသော ခုံတန်းလေးရှေ့ကို ပြုတ်ကျလာသည်။

စက္ကူဘူးလေးထဲက လွှင့်စဉ်ကျလာသောအရာလေးက သူ့ရှူးဖိနပ်ရှေ့မှာ ခွေခွေကလေး ...

"ဟာ ... မြွေ ... မြွေ"

ရုတ်တရက်မို့ သူ အထိတ်တလန့် ခုန်ပစ်လိုက်သည်။ သူ့ပေါင်ပေါ်တင်ထားသော ဖိုင်တွဲပါ မြက်ခင်းပြင်ပေါ် ပြုတ်ကျသွားခဲ့၏။

ခေါင်းထောင်နေဆဲ အစိမ်းရောင်မြွေလေးက ငြိမ်သက်လို့ ရှိနေဆဲ။ သူ အသေအချာကြည့်လိုက်တော့မှ တကယ့်သက်ရှိမြွေမဟုတ်ဘဲ ရော်ဘာရုပ်မြွေလေးတစ်ကောင် ဖြစ်နေ၏။

"ဆောရီး ... ဆောရီး ကျွန်မ တောင်းပန်ပါတယ်၊ ကလေးတွေ ပျော်စရာဖြစ်အောင် ကစားတဲ့သဘောပါနော်၊ စိတ်မဆိုးပါနဲ့ရှင်"

စွဲမက်ဆိုသော ကောင်မလေး တောင်းပန်သံကိုကြား





သည်။ စောစောက မိန်းမကြီး စိတ်မပြေသေးဘဲ မျက်ကလဲဆန်ပျာဖြစ်နေဆဲ။

စွဲမက် မျက်ဝန်းဝိုင်းဝိုင်းလေးတွေက သူ့ဆီကိုလည်း တောင်းပန်သလို လှမ်းကြည့်နေ၏။ ထိတ်လန့်စိတ်တွေ ပြေသွားပေမယ့် သူ့ရင်ထဲ ဒေါသတွေကတော့ မျက်ဝန်းတွေထဲမှာ အရိပ်ထင်နေဆဲရှိဦးမှာ သေချာပါသည်။

ကောင်မလေးမျက်ဝန်းတွေထဲမှာ သူ့ကို မှတ်မိနေသည့်အရိပ်တွေ လက်ခနဲဖြာသွားသည်။ တစ်စုံတစ်ခု သူမ နှုတ်ကပြောဖို့ ဟန်ပြင်နေဆဲမှာပဲ သူ ချာခနဲ အကြည့်လွှဲပစ်ပြီး ပြုတ်ကျနေသော ဖိုင်တွေကို ကောက်လိုက်၏။

"ဟို ... ဟို ... ဒီမှာ"

သူမလေးအသံကို ကြားပေမယ့် သူ တစ်ချက်လေးတောင် လှည့်မကြည့်ဖြစ်တော့ဘဲ ထွက်ခဲ့မိသည်။

တကယ့်ကို စိတ်ပျက်လွန်းစရာကောင်းသည့် ကောင်မလေးပါလား။ ကြုံဖူးတာ နှစ်ခါပဲရှိသည်။ နှစ်ကြိမ် နှစ်ခါစလုံးမှာ သူမလုပ်ရပ်တွေက သိပ်ကို အကျည်းတန်ဆန်လွန်းသည်။

အခုလည်းကြည့် ပန်းခြံလေးထဲမှာ အားလုံးစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်ပြန်သည်။ အေးအေးလူလူ ထိုင်နေသည့်သူတောင် စိတ်ကသိကအောက်ဖြစ်သွားရသည့်အဖြစ်။

ဒီကောင်မလေးရဲ့ဇရုတ်သုတ်ခနိုင်မှုတွေက တခြားသောသူတွေကို စိတ်ဒုက္ခရောက်စေတာ မစဉ်းစား မတွေးမိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လား။

စွဲမက်တဲ့။ ဒီကောင်မလေးကိုတော့ ခါးခါးသီးသီးကို သူဦးနှောက်က စွဲမှတ်မိလိုက်ပါပြီ။ ရုပ်ကလေးနဲ့မလိုက်ဘာက် အောင်ကို မုန်းစရာကောင်းတဲ့ကောင်မလေး။



## အခန်း (၄)

ညတာဝန်ချိန် ပြီးဆုံးသွားခဲ့ပေမယ့် ချက်ချင်းမပြန်သေးပါ။ ဝန်ထမ်းနားနေဆောင်လေးထဲက ထိပ်ထားကို စောင့်နေဖြစ်သည်။

"ကိုခန့် ... မပြန်သေးဘူးလား"

"ဩော် ဖိုးညီ ... ပြန်မယ်၊ ထိပ်ထားကို စောင့်နေတာ"

"မထိပ်ထားလား ... တွေ့ခဲ့တယ် ကိုခန့်၊ ခဏနေရင် ထွက်လာလိမ့်မယ်"

ဖိုးညီ ပြုံးပြုံးလေးပြောကာ ထွက်သွားသည်။ လေယာဉ်ကွင်းက ဝန်ထမ်းတွေအားလုံးတောင် သူနဲ့ထိပ်ထားအကြောင်းကို ရိပ်မိနေခဲ့ကြသည်။

တာဝန်ကျသည့် လေယာဉ်ခရီးစဉ် မတူညီသည့်တိုင် ဂျူတီထွက်ချိန်တိုင်း ထိပ်ထားနှင့်သူ တစ်ယောက်ကိုတစ်ယောက် စောင့်ပေးတာတ်စမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူ တာဝန်ကျသည့် ခရီးစဉ်ထက် ထိပ်ထား တာဝန်ကျသည့်လေယာဉ်က နာရီဝက်ကျော် နောက်ကျပေမယ့် သူ ထိပ်ထားကို စောင့်နေတာဖြစ်၏။

မကြာလိုက်ပါ။ ထိပ်ထား ထွက်လာတာကို သူမြင်သည်။ လေယာဉ်မယ်ဝတ်စုံကို လဲလှယ်ပြီးထားသော ထိပ်ထား နက်ပြာရောင်ပေါ်မှာ အဖြူအပွင့်အခက်လေးတွေဖောက်ထားသော ဝတ်စုံလေးနှင့် သူ့ဆီ တစ်လှမ်းချင်း လျှောက်လာသည်။

"ခန့် ... ဒီနေ့ ခန့်တို့ဖလိုက် စောတယ်ဆို"

"ဟုတ်တယ်၊ နာရီဝက်စောတယ်၊ ထိပ်ထားကို တမင်စောင့်နေတာ၊ တစ်ဆိုင်ဆိုင်ထိုင်ရင်း စကားပြောကြရအောင်"

သူ့စကားကြောင့် လက်မှာပတ်ထားသော နာရီလေးကို ထိပ်ထား တစ်ချက်ငုံ့ကြည့်သည်။

"အင်း ... တစ်နာရီလောက်တော့ အချိန်ရပါတယ်၊ ခန့် ဘယ်ဆိုင်မှာထိုင်မလို့လဲ"

"ထိပ်ထား ... ဘာစားမလဲ၊ Hot Pot စားမလား"

"ဟင့်အင်း ... မစားတော့ဘူး၊ ကော်ဖီဆိုင်ပဲ ထိုင်ကြရအောင်လေ"

ထိပ်ထားဆန္ဒအတိုင်းပဲ သူ ခေါင်းလေးညိတ်ပြလိုက်သည်။ ကားစတင်းမှာ ရပ်ထားသော ကားတွေဆီ လျှောက်ခဲ့ကြသည်။ သူ့ရဲ့ CNGNUS ကားပြာကြီးပေါ် လှမ်းတက်ချိန်မှာ ထိပ်ထားကလည်း ပရာဒိုကားဖြူလေးပေါ် တက်ပြီးဖြစ်နေသည်။





ကော်ဖီဆိုင်ကလေးကို ထိပ်ထားကပဲ ဦးဆောင်မောင်းသည်။ သူထိပ်ထားရဲ့ကားလေးနောက်က ညင်သာစွာ မောင်းလိုက်ခဲ့၏။

ကော်ဖီဆိုင်လေးရှေ့ရောက်တော့ ထိပ်ထားကားလေးကို ထိုးရပ်၏။ သူ့ကားကို ထိပ်ထားကားနံဘေးမှာပဲ ထိုးရပ်လိုက်သည်။

"ဘာသောက်မလဲ ထိပ်ထား"

"ကော်ဖီပဲသောက်မယ် ခန့်"

"တစ်ခုခုစားလေ၊ ဘာစားမလဲ"

"ဟင့်အင်း ... မစားတော့ဘူး ခန့်၊ ဒီနေ့ အိမ်မှာ ဧည့်သည်တွေကို ထမင်းစားဖိတ်ထားလို့၊ ခန့် ဆာရင်စားလေ"

သူလည်း ခေါင်းခါပြရင်း ထိပ်ထားလိုပဲ ကော်ဖီတစ်ခွက်ပဲ မှာလိုက်သည်။

"ဘယ်က ဧည့်သည်တွေလဲ ထိပ်ထားရဲ့"

"ကိုမော်တို့မိသားစုလေ"

ဒီနာမည်ကို ကြားရပြန်ပြီ။ ဘာကြောင့်မှန်းမသိပါဘဲ သူ့စိတ်ထဲက အလိုမကျဖြစ်သွားတာတော့အမှန်။ ထိပ်ထားကတော့ ကော်ဖီကို အရသာခံပြီး တစ်ငုံချင်း သောက်နေ၏။

"ဩော် ထိပ်ထား ... ကိုဇော်ထူးမော်က ဘာလုပ်တာလဲ၊ အမေရိကားက ခဏပြန်လာတာလား"

"မဟုတ်ဘူး ခန့်ရဲ့၊ သူက အမေရိကားမှာ ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ၊ ဒီမှာပဲနေဖြစ်မလား၊ ပြန်မလားတော့ မဆုံးဖြတ်ရသေးဘူးတဲ့၊ဟိုမှာက သူ့ဦးလေးတွေရှိတယ်၊ ဒီမှာလည်း မိဘတွေ ရှိနေတော့ သူ ဆုံးဖြတ်ရခက်နေတာလေ၊ သူ့မိဘတွေကတော့ မြန်မာပြည်မှာပဲ အခြေချစေချင်ကြတယ်၊ ပြောရရင် ကိုမော့်ကို ဒီမှာပဲ ဆက်နေဖို့အတွက် ထိပ်ထားတို့ကိုပါ ပြောဆိုစည်းရုံးခိုင်းနေတာလေ''

''သူက ထိပ်ထားရဲ့အစ်ကိုဝမ်းကွဲတော်တာလား''

''အင်း ... ဝမ်းကွဲပဲဆိုပါတော့၊ ကိုမော့်ဖေဖေနဲ့ထိပ်ထားမေမေက တစ်ဝမ်းပဲကွဲတဲ့ မောင်နှမတွေလေ''

ထိပ်ထားစကားကြောင့် စိတ်ထဲမှာ ကျေနပ်သလိုတော့ ဖြစ်မိသည်။ ထိပ်ထားရဲ့ဆွေမျိုးရင်းကြီးတွေဆိုတော့လည်း သူ ဝန်တိုစိတ်လေးတွေ ကင်းစင်သွားရ၏။

''ထိပ်ထား''

''ပြောလေ ခန့်၊ ဘာလဲဟင်''

''ဩော် ... တခြားမဟုတ်ပါဘူး၊ ဒီတစ်ပတ်နားရက်တော့ ထိပ်ထားကို အိမ်လာဖို့ ကိုယ်ဖိတ်ခေါ်ချင်လို့၊ မေမေ့လက်ရာလည်း ထိပ်ထား မစားရတာ ကြာပြီမဟုတ်လား''

''အင်း ... ထိပ်ထား လာဖြစ်အောင် ကြိုးစားမယ်လေ''

''အိုခေ ... ထိပ်ထားဘက်က သေချာရင် အဲဒီနေ့ကျရင် ထိပ်ထားကြိုက်တဲ့ ရွှေတောင်ခေါက်ဆွဲ စီစဉ်ပေးဖို့ မေမေ့ကို





ကိုယ် ပြောထားလိုက်မယ်''

သူ့စကားကြောင့် ထိပ်ထား ကျေကျေနပ်နပ်ကလေး ပြုံးသည်။ ထိပ်ထားကြိုက်တတ်သည့် အစားအစာတွေကို သူ့အမြဲတမ်း မေမေ့ကို စီစဉ်ခိုင်းတတ်တာ ထိပ်ထားအသိဆုံး။

''ထိပ်ထားလာဖြစ်အောင် လာမှာပါ ခန့်ရယ်၊ ကဲ ... ပြန်ကြရအောင်နော်''

လက်ကနာရီကို တစ်ချက်ငုံ့ကြည့်ရင်း ထိပ်ထားဆိုသည်။ သူ အလိုက်တသိ ခေါင်းလေးညိတ်ပြရင်း ပြန်ဖို့ပြင်ဆင်လိုက်သည်။

ရပ်ထားသည့်ကားတွေဆီရောက်တော့ သူ ထိပ်ထားကို ကားတံခါးဖွင့်ပေးရင်း ...

''ကိုယ်လည်း တစ်ရက်မှာ ထိပ်ထားအစ်ကို ကိုဇော်ထူးမော်နဲ့ ဆုံချင်သေးတယ်''

''အင်း ... တစ်ရက်တော့ ဆုံဖြစ်ကြတာပေါ့၊ သွားပြီနော် ခန့်''

ကားလေး စက်နှိုးကာ ထိပ်ထား မောင်းထွက်သွားတော့မှ သူ ကားတံခါးကို ဖွင့်ကာ တက်လိုက်သည်။

သူနှင့်ထိပ်ထားကြားမှာ တစ်ခုခုတော့ ပွင့်လင်းသင့်ပြီထင်ပါသည်။ တကယ်ဆို သံယောဇဉ်နှင့် တွယ်ခဲ့သော ကာလတွေက ကြာခဲ့ပြီ။ ထိပ်ထားကို သူ လက်ထပ်မည်ဆိုလျှင် မေမေ ဘာပြောမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတွေးမိတော့ ရင်ထဲမှာ စိုးရိမ်မိတာအမှန်။ လိုအပ်နေတာ မေမေနှင့်ထိပ်ထားကြားမှ အဆင်ပြေမှုတစ်ခုသာ ဖြစ်ပါသည်။

☀



## အခန်း (၅)

"ဟား ... ဟား ... သမီးကတော့ ဖြစ်ရမယ်၊ ဒယ်ဒီပြောသားပဲ သမီးတစ်ယောက်တည်းနဲ့ ဒီကလေးအုပ်စုကို မနိုင်ပါဘူးလို့"

ပြီးခဲ့သော ဆန်းဒေးရက်က လမ်းထဲက ကလေးအုပ်စုကိုခေါ်ကာ ပျော်ပွဲစားထွက်ရင်း ကြုံခဲ့သမျှ ဒယ်ဒီကို စွဲမက်ပြန်ပြောပြနေတာပဲဖြစ်သည်။ ဒယ်ဒီက စွဲမက်ပြောပြတာတွေနားထောင်ရင်း သဘောကျနေ၏။

"ပြောစမ်းပါဦး သမီးရဲ့၊ ရော်ဘာမြွေရုပ်ကြောင့် ပန်းခြံထဲကလူတွေ တော်တော်မှ ချောက်ချောက်ချားချားဖြစ်ကုန်ရဲ့လား"

"ဒယ်ဒီကလည်း အဲဒီလောက် အုတ်အော်သောင်းနင်း မဖြစ်ပါဘူး၊ မြွေရုပ်မြင်ပြီး လန့်သွားတဲ့မိန်းမကြီးနဲ့ လူကြီး ... အဲ လူရွယ်တစ်ယောက်ပဲ ရှိတာပါ၊ ပန်းနုခိုင်က ပါဆယ်ထုပ်ထဲက မြွေကိုမြင်တော့ ကြောက်ပြီး လွှင့်ပစ်လိုက်တာလေ ...



www.burmeseclassic.com

www.burmeseclassic.com



အဟင်း . . . ဟင်း ရယ်ရတယ်"

"ကြည့်လည်းလုပ်ပါ သမီးရယ်၊ ကလေးတစ်အုပ်တမကြီးနဲ့ ဒယ်ဒီ့သမီးတော့ ချာလည်နေပြီ တွေးထားတာ"

"ချာလည်တာတော့ ပြောမနေနဲ့ ဒယ်ဒီရေ၊ ပန်းခြံထဲမှာတင် ပြဿနာရှာတာမဟုတ်ဘူး၊ ရင်ပြင်ထဲမှာလည်း တကယ်မျောက်ရှုံးအောင်ဆော့ကြတာ၊ တာတူးဆိုတဲ့ကောင်လေ ပျောက်နေလို့ လိုက်ရှာရတာ လုံခြုံရေးတွေတောင် လျှာထွက်ကရောပဲ . . . ဟင်း ဟင်း"

"အင်း . . . အားလုံး ချောချောမောမောပြန်ရောက်လာတာပဲ တော်သေးတာပေါ့ကွယ်၊ ငါ့သမီးကတော့ တကယ်လေးစားလောက်တယ်၊ ကလေးတွေကို ဒါနပြုကျွေးမွေးချင်တယ်ဆိုလည်း ခြံထဲမှာပဲ ကျွေးမွေးလို့ရရက်နဲ့ကွာ"

"ဟင် . . . ဘယ်တူမှာလဲ ဒယ်ဒီရဲ့၊ သမီးက သူတို့လေးတွေ စိတ်လွတ်ကိုယ်လွတ် ပျော်စေချင်တာလေ၊ ဒါကြောင့် တကယ့်ပျော်ပွဲစားခရီးဖြစ်အောင် စီစဉ်ပေးလိုက်တာပါ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ဒယ်ဒီ့သမီးရဲ့စိတ်ထားလေးက ကောင်းပါတယ်၊ ကဲ . . . ဒယ်ဒီ ဒီနေ့တော့ ဂေါက်ကွင်းသွားမယ် . . . သမီး လိုက်မှာလား"

"ဟင့်အင်း မလိုက်ချင်ပါဘူး၊ ဒယ်ဒီတို့ ကစားတာကြည့်ရင်း ပျင်းလာလွန်းလို့"

စွဲမက် နှာခေါင်းလေးရှုံ့ ခေါင်းလေးခါရင်း ပြောတော့





ဒယ်ဒီ ခေါင်းတညိတ်ညိတ်နှင့် ကြည့်ရင်း . . .

"သမီးက ဝါသနာမပါတော့ ပျင်းမှာပေါ့၊ ကဲပါလေ မလိုက်ချင်လည်း နေခဲ့ပေါ့ . . . ဟုတ်လား"

"အိမ်မှာတစ်ယောက်တည်းနေတာလည်း ပျင်းစရာကြီး ဒယ်ဒီရာ၊ နေရီတို့အိမ်မှာ တင်းနစ် သွားကစားမယ်"

"သွားလေ သမီး၊ သမီးသူငယ်ချင်းတွေနဲ့ ကစားမလို့လား"

"ဟုတ်တယ် ဒယ်ဒီ၊ ဒယ်ဒီ လိုက်ပို့ပေးပေါ့၊ ပြီးမှ ဂေါက်ကွင်းသွားပေါ့"

"ဟင် . . . သမီးကားရှိတာပဲ၊ သမီးကားသာ မောင်းသွားပါလားကွဲ့"

စွဲမက် ခေါင်းလေးကို သွက်သွက်ခါယမ်းပစ်လိုက်ရင်း–

"ဟင့်အင်း ဒယ်ဒီပဲ လိုက်ပို့ပေး၊ ညနေအပြန်ကျရင် ဒယ်ဒီ ဝင်ကြိုပေါ့၊ ပြီးရင် ဒင်နာကို ဆိုင်မှာလိုက်ကျွေး၊ အပြင်ထွက်ပြီး မစားရတာကြာပြီ"

"ပြီးခဲ့တဲ့ နှစ်ရက်ကပဲ သမီးသူငယ်ချင်းတွေနဲ့ ထွက်စားတာ ဒယ်ဒီ မသိဘူးမှတ်နေလို့လား၊ ကလေးမနော် . . . ဖအေကို မညာရဘူး"

ဒယ်ဒီက စွဲမက်ခေါင်းလေးကို မနာအောင် ပုတ်ရင်းပြောသည်။ စွဲမက် ဖက်ကလေးပု၊ လျှာကလေးထုတ်ရယ်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . ဟင်း . . . ဒယ်ဒီကလည်း စွဲမက်ပြောတာက ဒယ်ဒီနဲ့အတူ ဒင်နာထွက်မစားဖြစ်တာ ကြာပြီလေ၊ ဒယ်ဒီနဲ့အတူ စားချင်လို့ပေါ့"

စွဲမက် ကလေးဆိုးလေးလို ဒယ်ဒီ့ပခုံးကို မှီနွဲ့ရင်းပြောတော့ ဒယ်ဒီ ပြုံးပြုံးကြီး ခေါင်းညိတ်ပါသည်။

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ကဲ . . . အဝတ်အစားလဲတော့၊ ဒယ်ဒီ လိုက်ပို့ပေးမယ်၊ ညနေလေးနာရီအတိ လာကြိုမယ်၊ ဟုတ်ပြီလား"

"ဟေး . . . ဒါမှ တို့ဒယ်ဒီကွ"

စွဲမက်အော်ပြီး အခန်းဘက်ကို ကခုန်ပေါက်ပြေးခဲ့သည်။ ဒီအဖေနှင့်ဒီသမီး နှစ်ယောက်ပဲရှိတာမို့ ဒယ်ဒီက စွဲမက်ကို တုန်နေအောင် ချစ်သည်။ ဘာမှလိုလေသေးမရှိစေရအောင် ပြည့်စုံခဲ့သည်။

စွဲမက်ကလည်း ဒယ်ဒီ့ကို သိပ်ချစ်ပါသည်။ မာမီမရှိတော့ကတည်းက ဒယ်ဒီ့ကိုပဲ စွဲမက် အချစ်ပိုခဲ့ရသည်။

ဒယ်ဒီကလည်း သားအဖနှစ်ယောက်ကြားမှာ သူစိမ်းမဖက်ရအောင် နောက်အိမ်ထောင်သစ်တောင် မတည်ခဲ့ပါ။ ဒယ်ဒီ့ရဲ့အချစ်အားလုံးက စွဲမက်အတွက်ပဲ ရှိစေခဲ့သည်။

အခုလည်း ကုမ္ပဏီနားရက်လေးမှာ ဒယ်ဒီ ဂေါက်ကွင်းသွားတိုင်း စွဲမက် လိုက်နေကျမို့ ခေါ်တာဖြစ်၏။ ဒါပေမဲ့ ဂေါက်ရိုက်ကစားတာကို စွဲမက် ဝါသနာမပါတော့ ပျင်းသည်။





ဒါကြောင့် ဒယ်ဒီ ဂေါက်ကစားနေချိန်မှာ စွဲမက် နေရီ့အိမ်မှာ တင်းနစ်ကစားဖို့ လိုက်ပို့ခိုင်းတာဖြစ်၏။

ကျောပိုးအိတ်ငယ်လေးထဲ အားကစားဝတ်စုံတစ်စုံထည့်၊ ညနေ ဒယ်ဒီနှင့် ဒင်နာစားလျှင်ဝတ်ဖို့ အဝတ်တစ်စုံထည့်ပြီး ပြန်ထွက်ခဲ့သည်။

ဧည့်ခန်းထဲမှာ ငုတ်တုတ်ထိုင်စောင့်နေသည့် ဒယ်ဒီကတော့ စိတ်ရှည်လက်ရှည် ပြုံးပြုံးလေး ရှိနေ၏။

"ဒယ်ဒီ . . . လစ်ကြမယ်လေ"

စွဲမက်ပြောတော့ ဒယ်ဒီ ခေါင်းညိတ်ကာ ထရပ်သည်။ ဆင်ဝင်အောက်မှာ ရပ်ထားသော ဒယ်ဒီ့ရဲ့လင်ခရူဆာကားကြီးဆီ စွဲမက် အရင်ဆုံးရောက်နေပြီ။

"ဒယ်ဒီ . . . ဟိုရောက်ရင် သူငယ်ချင်းတွေကို ကျွေးဖို့ ကြက်သားကင်တွေ ဝယ်သွားချင်လို့"

"ကောင်းပါပြီဗျာ၊ သမီးတို့တွေစားဖို့ ဒယ်ဒီ အများကြီးဝယ်ပေးလိုက်ပါ့မယ်၊ ဟုတ်ပြီလား"

ဒယ်ဒီသည် စွဲမက်နှင့်ပတ်သက်လျှင် ဘယ်တုန်းကမှ ခေါင်းမခါခဲ့ဘဲ စွဲမက်စိတ်တိုင်းကျ စီမံပေးတာပဲဖြစ်၏။

ဒယ်ဒီ့ရဲ့တစ်ဦးတည်းသောသမီးတစ်ယောက် ဖြစ်ခွင့်ရတာ စွဲမက် သိပ်ကိုကံကောင်းပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ရွှေတောင်ခေါက်ဆွဲ ဟုတ်လား၊ သားစားချင်တယ်ဆို မေမေ စီစဉ်ပေးမယ်လေ"

ထိပ်ထားကို ဖိတ်ထားသည့် နားရက်မှာ သူ ရွှေတောင်ခေါက်ဆွဲ စီစဉ်နိုင်းတော့ မေမေကတော့ လိုလိုလားလား ခေါင်းညိတ်သည်။

"မေမေ ရှယ်စီစဉ်ပေးနော်၊ အထူးဧည့်သည်တော်တစ်ယောက် လာမှာနော်"

ပြုံးပြုံးလေးပြောသော သူ့စကားကြောင့် မေမေ မျက်မှောင်ကုတ်ကြည့်၏။ သူ ဘယ်သူ့ကို ရည်ညွှန်းသည်ဆိုတာ မေမေ ချက်ချင်းသိမှာ သေချာသည်။

"ဘာလဲ သား ... စုထိပ်ထားကို ခေါ်ထားလို့လား"

"ဟုတ်တယ် မေမေ၊ အဲဒီနေ့ကျ ထိပ်ထားလည်း နားရက်လေ၊ မေမေ့ရဲ့လက်ရာ ရွှေတောင်ခေါက်ဆွဲကို ထိပ်ထားက အရမ်းကြိုက်တာ"





"ခု ... ထိပ်ထားကကြိုက်လို့ သားက မေမေ့ကို ချက်နိုင်းနေတာလား"

"အာ ... မဟုတ်ပါဘူး မေမေရဲ့၊ စုထိပ်ထားက မေမေ ကျွေးတာတွေစားဖူးတာပဲ၊ သူ အရမ်းကြိုက်တဲ့အကြောင်း အမြဲပြောပါတယ်"

သူ ကသောကမျောလေး ဖြေရှင်းပြောတော့ မေမေ ခေါင်းတညိတ်ညိတ်ပြုံးသည်။ မေမေ့ရဲ့အပြုံးတွေကို သူ ခန့်မှန်းရခက်တာ အမှန်ပဲဖြစ်၏။

"သား ... သားကို မေမေ မေးချင်တယ်"

"ဘာမေးမလို့လဲ မေမေ၊ မေးပါ"

"သားနဲ့စုထိပ်ထားအခြေအနေက ဘယ်လိုလဲ၊ မေမေ သိချင်တယ်"

မေမေ့နှုတ်က မေးလာတော့ သူ ဖြေရခက်ခက် ဖြစ်ရပြန်သည်။ တကယ်ဆို ထိပ်ထားနှင့်သူက ပွင့်လင်းသော အခြေအနေမရောက်သေးပါ။ မေမေ့ကိုလည်း မညာချင်တာမို့ ...

"သားနဲ့ထိပ်ထားက သူငယ်ချင်းမိတ်ဆွေတွေအဆင့်ပဲ ရှိပါသေးတယ် မေမေ၊ ဒါပေမဲ့"

သူ့စကားကို ထပ်မဆက်ဘဲ မေမေ့မျက်နှာကို အကဲခတ်ကြည့်မိသည်။ မေမေ့ရဲ့မျက်ဝန်းတွေက သူ့ကို စူးစိုက်ကြည့်ကာ အလေးအနက် နားစွင့်နေကြသည်။

"သား ... ထိပ်ထားကို လက်ထပ်ဖို့ ရည်ရွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ် မေမေ''

မေမေ့မျက်နှာ ထူးထူးခြားခြားတော့ ပြောင်းလဲမသွားပါ။ သူ့စိတ်ထဲကို မေမေ ကြိုမြင်သိနေခဲ့မှာ သေချာ၏။

''အင်း . . . သားကို မေမေ သတိပေးချင်တယ်၊ အိမ်ထောင်တစ်ခုကို သား အလွယ်တကူ ဆုံးဖြတ်မရွေးချယ်ပါနဲ့၊ သားရွေးချယ်တဲ့သူက သားရဲ့အိမ်ထောင်ရှင်တစ်ယောက်ပီသဖို့ပဲလိုတယ်၊ သား တစ်သက်လုံးလက်တွဲသွားရမယ့်သူဆိုတော့ အလေးအနက်စဉ်းစားဆုံးဖြတ်ပေါ့၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုးတဲ့၊ ပြင်ရခက်တဲ့အရာဆိုတာတော့ သား သိမှာပါ''

မေမေ့စကားအဓိပ္ပာယ်တွေကို သူ နားလည်ပါသည်။ ထိပ်ထားနှင့်ပတ်သက်ပြီး မေမေ အလုံးစုံနှစ်သက်မှုမရှိသေးတာကိုလည်း သူသိပါသည်။

''မေမေပြောတာ သားနားလည်ပါတယ်မေမေ၊ အမှန်ပြောရရင် ထိပ်ထားကို သား မကြာခဏ အိမ်ခေါ်တာ မေမေလည်း အကဲခတ်စေချင်လို့ပါ၊ ပြီးတော့ ထိပ်ထားကိုယ်တိုင်လည်း မေမေနဲ့ ရင်းနှီးကျွမ်းဝင်ပြီး မေမေ့ရဲ့စိတ်ရင်းကို သိစေချင်လို့လေ''

''ဩော် . . . သားက စုထိပ်ထားကို မေမေနဲ့ ရင်းနှီးစေချင်တာလား၊ ဒါဆိုရင်တော့ မေမေ လိုချင်တဲ့ပုံစံတော့ မေမေသွင်းရလိမ့်မယ်နော် သား''





''ဟုတ်ကဲ့ပါ မေမေ၊ သားကလည်း မေမေနဲ့ထိပ်ထား အဆင်ပြေပြေ ချစ်ချစ်ခင်ခင်အခြေအနေမျိုးပဲ လိုချင်တာပါ''

''ကောင်းပြီသား၊ မေမေကလည်း မေမေ့ရဲ့သား ချစ်ခင်စုံမက်တဲ့သူကို သမီးရင်းချာလိုချစ်မှာပါ၊ မေမေ့ရဲ့ချွေးမသမီးကိုတော့ မိန်းကလေး ပီသစေချင်တယ်၊ စိတ်ထားလေး သိမ်မွေ့ပြီး နူးညံ့စေချင်တယ်၊ သားရဲ့စုထိပ်ထားလေးက ထက်မြက်ပြီး အရည်အချင်းရှိတာတော့ မေမေ သိပြီးသားပါ၊ အဲ . . . အားလုံးပြည့်စုံတဲ့သူ ဖြစ်စေချင်တာပါကွယ်''

မေမေကိုယ်တိုင်က ထိပ်ထားနှင့်ပတ်သက်ပြီး ခါးခါးသီးသီး ငြင်းဆိုတာမျိုးမရှိတာတော့ သူ ဝမ်းသာမိပါသည်။

''ကျေးဇူးတင်ပါတယ် မေမေ၊ ထိပ်ထားကလည်း မေမေ့စကားကို နားထောင်မယ့် မိန်းကလေးဖြစ်အောင် ကြိုးစားမှာ သား ယုံပါတယ်''

မေမေ ကျေကျေနပ်နပ်ကလေး ပြုံးသည်။ မေမေ့နှုတ်က သည်လိုစကားတွေ ကြားရခြင်းအတွက်တော့ သူ ဝမ်းသာကျေနပ်မိပါသည်။

ဘာပဲဖြစ်ဖြစ် ထိပ်ထားကလည်း မေမေနှင့်အဆင်ပြေလိုက်လျောညီထွေစွာ ဆက်ဆံနိုင်မည်ဟု သူ ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ပလာဇာထဲမှာ တစ်ယောက်တည်း လျှောက်ရတာ နည်းနည်းတော့ ကြောင်တောင်တောင်ကြီး ဖြစ်နေသည်။ ခါတိုင်းဆို စွဲမက် သူငယ်ချင်းတွေနဲ့ တစ်စုတဝေးတည်း လာတတ်တာ ဖြစ်သည်။

လိုချင်တာမှန်သမျှ သူငယ်ချင်းတွေ ဝိုင်းကြည့်၊ ဝိုင်းဝေဖန်နှင့် ဝယ်ရတာ ပျော်စရာကောင်းသည်။ အခုတော့ စွဲမက် တစ်ယောက်တည်း ဟိုကြည့်ဒီကြည့် ဟုတ်တိပတ်တိ ဘာမှ မဝယ်ဖြစ်သေးပါ။

တကယ်ဆိုတော့ ရှော့ပင်န်းထွက်ဖို့ ချိန်းထားတာ နေရီရော မိနော်ပါ ပါသည်။ သုံးယောက်အတူသွားဖို့ အသေအချာ ချိန်းထားပြီးမှ သင်းတို့ဘက်က အစီအစဉ်ပျက်ခြင်းဖြစ်၏။

ကိုယ့်မှာတော့ ပြင်ဆင်ဝတ်စားပြီးသွားဖို့ အသင့်ဖြစ်ကာမှ မိနော်ဆီက ဖုန်းဝင်လာသည်။

"စွဲမက် ... ငါပါ မိနော်ပါ"





"အေး ... ဘာလဲ မိနော်၊ နင်တို့ ငါ့ကိုစောင့်နေကြတာလား၊ ပြီးပါပြီဟ၊ ငါ အခုထွက်ခဲ့မလို့"

"မဟုတ်ဘူး စွဲမက်၊ ငါ လိုက်ဖြစ်မှာမဟုတ်တော့ဘူး၊ ဒီမှာ မေမေက သူနဲ့ညှော်ခံပွဲလိုက်ဖို့ ဖွတ်ခေါ်နေလို့ဟ၊ အဲဒါ နင့်ကို ဖုန်းဆက်ပြောတာ"

"နင်ကတော့ နီးမှ ကပ်လုပ်ပြီ"

"စိတ်မဆိုးပါနဲ့ဟာ၊ မေမေက ဖွတ်ခေါ်နေလို့၊ ဖေဖေလည်း မလိုက်ဖြစ်တော့ ငါ မဖြစ်မနေ လိုက်သွားရမှာမို့နော် စွဲမက်"

"ပြီးရော ... ပြီးရော၊ နင်မလိုက်ဖြစ်လည်း နေရီနဲ့ငါပဲ သွားရတော့မှာပေါ့"

မိနော် မလိုက်ဖြစ်တော့သည့်အကြောင်း နေရီ့ဆီ ဖုန်းဆက်ပြောတော့မှပဲ စွဲမက် ပိုလို့ဒေါသဖြစ်သွားရ၏။

"ဒါဆိုလည်း ငါတို့အစီအစဉ် ဖျက်လိုက်တော့ စွဲမက်ရယ်၊ ငါ ဒီမှာ ဝမ်းတွေလျှောနေလို့"

"ဟာ ... လုပ်ပြန်ပြီတစ်ယောက်"

"တကယ် ... တကယ်ပြောတာပါဟယ်၊ ညက ချဉ်ရည်ဟင်းတွေရော၊ သဘော်သီးတွေပါ စားလိုက်မိတာ၊ မိုးလင်းကတည်းက ဝမ်းတွေ ရစ်ပြီးခံနေရတာ"

"ဝမ်းလျှောနေရင် ဝမ်းပိတ်ဆေးသောက်လိုက်ဟာ၊ မိနော်လည်း မလိုက်ဘူး၊ နင်လည်း မလိုက်ဘူးဆိုတော့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ၊ ဒီမှာ ငါက ပြင်ဆင်ပြီးနေပြီ''

''ဆေးသောက်တာလည်း မသက်သာလို့ပါဟယ်၊ အဲ ... အဲ ... အခုတောင် ဝမ်းထဲက ရစ်နာလာပြီ၊ စွဲမက် ... နောက်တစ်ပတ်ကျမှ အတူသွားကြမယ်၊ ဒါပဲနော်''

ကသောကမျောပြောပြီး ဖုန်းကိုချသွားသော နေရီကိုလည်း စိတ်က ကျိန်ဆဲမိသည်။ အားလုံး စီစဉ်ပြင်ဆင်ပြီးကာမှ ပျက်သွားရတာကိုလည်း ဒေါသတွေ ဖြစ်မိသည်။

''ရတယ်၊ ကောင်မတွေ နင်တို့ မလိုက်ချင်လည်း ငါ့ဘာသာ တစ်ယောက်တည်း သွားမယ်ဟာ၊ ဘာဖြစ်လဲ''

မကြည်မလင်စိတ်တွေနှင့် စွဲမက် တစ်ယောက်တည်းပဲ ထွက်ခဲ့တာဖြစ်သည်။ အခု ပလာဇာထဲရောက်မှ နောင်တတွေ ရနေမိသည်။ မလာခဲ့လျှင် အကောင်းသား။ အခုတော့ တစ်ယောက်တည်း အူတူတူနိုင်လှသည်။

ရယ်ဒီမိတ်အင်္ကျီနှစ်ထည်ပဲ ဝယ်ဖြစ်ကာ စွဲမက် ပလာဇာထဲက ပြန်ထွက်ခဲ့သည်။ ရပ်ထားခဲ့သော ကားစတင်းဘက်ဆီ စွဲမက် ထွက်လာခဲ့စဉ်မှာပဲ မထင်မှတ်ဘဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် ခြေလှမ်းလေးတွေ တုံ့သွား၏။

အမျိုးသမီးကြီးတစ်ယောက် မျက်ဝန်းတွေစုံမှိတ်ကာ မူးဝေသွားသည့်အလား လက်ထဲက ဆွဲအိတ်တွေ ပစ်ချကာ နားထင်ကို လက်နှစ်ဖက်နှင့် ဖိနှိပ်နေ၏။

စွဲမက်ခြေလှမ်းတွေက အမျိုးသမီးကြီးအနား ချက်ချင်း





အပြေးလေးရောက်သွားခဲ့ကာ ...

''အန်တီ ... အန်တီ ဘာဖြစ်တာလဲဟင်''

''အင်း ... အင်း ... ခေါင်းထဲက မူး ... မူးသွားလို့ကွယ်''

''ဟင် ... ဟုတ်လား၊ သမီးကို တွဲလိုက်အန်တီ၊ လာ ... ဟောဟိုခုံတန်းလေးမှာ ခဏထိုင်နေလိုက်နော်''

''အင်း ... အင်း ... ကျေးဇူးပါပဲ သမီးရယ်''

အမျိုးသမီးကြီးကို စွဲမက်လက်မောင်းက ဖေးမတွဲခေါ်ကာ ခုံတန်းလေးဆီ ခေါ်ခဲ့သည်။ ကျောမှီခုံတန်းလေးမှာ အမျိုးသမီးကြီးထိုင်နေတော့မှ ကျန်ရစ်ခဲ့သော လက်ဆွဲအိတ်တွေကို စွဲမက် တစ်ခေါက်ပြန်သယ်ယူလိုက်ရ၏။

''အန်တီ သက်သာလား၊ ခဏထိုင်နားနော်၊ ဒီမှာ အန်တီ့အိတ်တွေ သမီး ယူပေးထားတယ်၊ အဲ ... နေဦး သမီးမှာ ရှူဆေးဘူးပါတယ်''

စွဲမက် သတိရကာ လက်ကိုင်အိတ်လေးထဲက ရှူဆေးဘူးလေးကို အမျိုးသမီးကြီးဆီ ကမ်းပေးလိုက်သည်။ ရှူဆေးဘူးကို ဖွင့်ကာ ရှူရှိုက်နေသော အမျိုးသမီးကြီးကို စွဲမက် ငေးငေးလေး ကြည့်နေမိ၏။

အသားအရေက ဖြူဖြူနှင့် ခံ့ညားချောမောသော အမျိုးသမီးကြီးပါပဲ။ စွဲမက်မာမီသာ ရှိနေဦးမည်ဆိုလျှင် အန်တီကြီးအသက်လောက်ပဲ ရှိဦးမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော အဝတ်အစားတွေက သစ်သစ်လွင်လွင်ကြီး မဟုတ်ပေမယ့် သပ်ရပ်သန့်ရှင်းပါသည်။ နားမှာတော့ နားကပ်တစ်ရံပဲ ပန်ဆင်ထားသည်။ ကျန်သောလက်ဝတ်လက်စားတွေ ဆင်ယင်ထားတာမရှိ။

တဒင်္ဂလေးမှာပဲ အန်တီကြီးကို စွဲမက် အကဲခတ်လေ့လာပြီး စာနာသနားစိတ်လေးတွေလည်း ဖြစ်လာမိ၏။

''အင်း ... ရပြီသမီး၊ ကျေးဇူးပါပဲကွယ်၊ ဒီမှာ သမီး ရှူဆေးဘူး''

အမူးပြေပျောက်ကင်းသွားပုံရသော အန်တီကြီးက ရှူဆေးဘူးကို ပြန်ကမ်းပေးနေရင်း စွဲမက်ကို ကျေးဇူးတင်စကားတွေ ဆိုနေ၏။

''အန်တီ သက်သာရဲ့လားဟင်၊ ဆေးခန်းသွားမလား၊ သမီး လိုက်ပို့ပေးမယ်''

စွဲမက် စိုးရိမ်စိတ်လေးနှင့်ဆိုမိတော့ အမျိုးသမီးကြီး ခေါင်းလေးခါကာ စွဲမက်ကို ပြုံးကြည့်သည်။

''မသွားတော့ပါဘူး သမီးရယ်၊ အန်တီ တကယ်သက်သာသွားပါပြီ၊ ပလာဇာထဲမှာကတည်းက ခေါင်းတွေနောက်ပြီး ချွေးတွေပြန်လာတာ၊ အခု သက်သာသွားပါပြီ''

လေသံက သိမ်သိမ်မွေ့မွေ့လေးနှင့် ခင်မင်လေးစားစရာကောင်းသော အန်တီကြီးကို စွဲမက်စိတ်က အလိုလိုသနားနေမိ၏။ ကြည့်ရတာ စွဲမက်တို့လို ပြည့်စုံချမ်းသာမည့်ပုံ မရှိပါ။





''ကဲ ... ကျေးဇူးတင်တယ် သမီး၊ သမီးသွားစရာရှိတာ သွားပါ၊ အန်တီလည်း တက္ကစီငှားပြီး ပြန်တော့မယ်နော်''

''အန်တီ တက္ကစီနဲ့ မပြန်ပါနဲ့၊ စွဲမက် လိုက်ပို့ပေးပါ့မယ်၊ စွဲမက် ဘယ်မှသွားစရာမရှိပါဘူး၊ အားမနာပါနဲ့၊ စွဲမက် ကားပါ, ပါတယ်နော်''

စွဲမက်ရင်ထဲက စိတ်စေတနာအတိုင်း ပြောမိသည်။ ဒီအန်တီကြီးကို မြင်လိုက်ကတည်းက စွဲမက် ခင်မင်စာနာနေမိ၏။ စွဲမက်ဘဝမှာ မေမေဆိုတာက လူမှန်းမသိခင်အရွယ်ကတည်းက ကင်းမဲ့ခဲ့တာမို့ မိခင်အရွယ် အမျိုးသမီးကြီးတွေ မြင်တွေ့တိုင်း စိတ်က အလိုလိုနှောင်တွယ်နေမိတာပဲဖြစ်၏။

''အန်တီ့အတွက် ဒုက္ခမရှာပါနဲ့ကွယ်၊ တက္ကစီနဲ့ ပြန်ရင်လည်း အဆင်ပြေပါတယ် သမီးရဲ့''

''စွဲမက် လိုက်ပို့ပေးခွင့်ပေးပါ အန်တီရယ်၊ စွဲမက်ကို တစ်မျိုးမထင်ပါနဲ့၊ အန်တီ့ကို လိုက်ပို့ခွင့်ရတာ စွဲမက် ကုသိုလ်ရတာပေါ့နော်''

''အင်း ... သမီးလေးနာမည်က စွဲမက်တဲ့လား''

''စွဲမက်သျှင်ပါ အန်တီ''

''အင်း ... နာမည်လေးက လှသလို သမီးရဲ့စိတ်ထားလေးကလည်း မြင့်မြတ်လှပပါတယ်ကွယ်၊ သမီးလေး ဘယ်မှသွားစရာမရှိဘူးဆိုလည်း လိုက်ပို့ပါ၊ အန်တီ လက်ခံပါတယ်ကွယ်''



www.burmeseclassic.com

www.burmeseclassic.com



စွံမက် ဝမ်းသာအားရ ခေါင်းလေးညိတ်ကာ အန်တီကြီး၏အထုပ်တွေပါ ကူညီသယ်ပေးမိသည်။ ကားစတင်းမှာရပ်ထားသော စွံမက်၏ MARK II ကားကြီးပေါ် အထုပ်အပိုးတွေ တင်ပေးမိ၏။

"အန်တီ ... ရှေ့ကပဲ ထိုင်စီးနော်၊ သမီးနဲ့ စကားပြောရင်းပေါ့"

ရှေ့ခန်းတံခါးကို ဖွင့်ပေးရင်း စွံမက်ပြောတော့ အန်တီကြီး ခေါင်းလေးညိတ်ကာ တက်ထိုင်သည်။

စွံမက် မောင်းရမည့်နေရာကိုမေးတော့ အန်တီကြီးနှုတ်က ပြောသည့်နေရာက လူကုံထံတွေနေသော ရပ်ကွက်တစ်ခု ဖြစ်နေ၏။ စွံမက် ဘာမှမမေးတော့ဘဲ ကားကို ဦးတည်မောင်းခဲ့၏။

"သမီးလေးက ခင်မင်စရာကောင်းလိုက်တာ၊ သမီးမိဘတွေကရော ဘယ်သူတွေလဲကွဲ့"

"ဦးမြတ်သူ၊ ဒေါ်သဇ္ဇာလှိုင်ပါ အန်တီ၊ မေမေကတော့ စွံမက် ငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့တာပါ၊ အခု စွံမက်က ဒယ်ဒီနဲ့ပဲ နေတာလေ"

"ဩော် ... ဟုတ်လား၊ အဖေတစ်ခု သမီးတစ်ခုပေါ့၊ ကောင်းပါတယ်ကွယ်၊ အန်တီကလည်း သားတစ်ယောက်ပဲရှိတာ၊ ခင်ပွန်းက ဆုံးသွားတာ ကြာပြီကွဲ့"

"ဟုတ်လား၊ ဒါဆို သမီးတို့နဲ့ အန်တီက ဘဝတူတွေ





ပေါ့၊ တိုက်ဆိုင်လိုက်တာ ... ဟင်း ဟင်း"

တစ်လမ်းလုံး စွံမက်နှင့် အန်တီကြီး စကားတွေဖောင်ဖွဲ့ရင်း ကားလေးက ဆိတ်ငြိမ်ရပ်ကွက်လေးထဲ ရောက်လာ၏။

"ရှေ့ညာဘက်ကလမ်းကိုကွေ့လိုက် သမီး၊ ခြံအမှတ်က သုံးဆယ့်နှစ်"

စွံမက် ခေါင်းလေးညိတ်ကာ အန်တီကြီး စေခိုင်းသည့် လမ်းကွေ့ထဲ ချိုးဝင်လိုက်သည်။ ခြံအမှတ် သုံးဆယ့်နှစ်ဆိုသော ခြံကြီးထဲမှ ထည်ဝါခမ်းနားလှသော သုံးထပ်တိုက်ကြီးကို စွံမက် ခြံဝက လှမ်းမြင်လိုက်ရ၏။

"အိမ်ထဲ ခဏဝင်လည်ဦးနော် သမီး"

စွံမက် ခေါင်းလေးညိတ်ပြမိသည်။ ခြံစောင့်ကြီးက တံခါးလာဖွင့်ပေးတာမို့ ကားလေးကို ဆင်ဝင်အောက်အထိ မောင်းဝင်ခဲ့သည်။ ဆင်ဝင်အောက်မှာ ရပ်ထားသော ဖိတ်ဖိတ်တောက်နေသော CYGNUS ကားကြီးနံဘေးမှာပဲ စွံမက်ကားကို ထိုးရပ်လိုက်ပါသည်။

"ဆင်းလေ သမီး၊ ကော်ဖီဖြစ်ဖြစ် အအေးပဲဖြစ်ဖြစ် တစ်ခုခုတော့ သောက်သွားပါဦး"

အန်တီကြီးက ကားတံခါးဖွင့်ဆင်းရင်း ဖိတ်ခေါ်နေ၏။ စွံမက် နည်းနည်းတော့ အံ့သြခြင်းဖြစ်မိ၏။ ဒီအိမ်ကြီးမှာ အန်တီကြီး နေတာတဲ့လား။

အန်တီကြီးရဲ့ဥပဓိရုပ်နှင့်အသွင်ကတော့ အိမ်ဖော်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တော့ မဟုတ်နိုင်ပါ။ ဆွေမျိုးအသိုင်းအဝိုင်းအိမ်မှာ နို နေတာလားဟု တွေးမိသေး၏။

"ဟော ... မမနှင်း ပြန်လာပြီလား"

ညှော်ခန်းတံခါးဖွင့်ကာ အမျိုးသမီးကြီးတစ်ဦး ထွက်လာ၏။ အန်တီကြီးလက်ထဲက ဆွဲအိတ်တွေကို လှမ်းယူကာ စွဲမက်ကိုလည်း အကဲခတ်သလိုကြည့်နေ၏။

"ပလာဇာကအထွက်မှာ ခေါင်းမူးနေလို့ ဒေါ်မိရဲ့၊ ဟောဒီ သမီးလေးက ကူညီပေးပြီး အိမ်ပြန်ပို့ပေးတာလေ"

"ဟင် ... ဟုတ်လား၊ တော်သေးတာပေါ့ မမနှင်းရယ်၊ အခုရော သက်သာသွားပြီလားဟင်၊ ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်လိုက်ရမလား မမနှင်း"

"နေ ... မခေါ်နဲ့ ဒေါ်မိ၊ ဒီမှာ သမီးလေးကို ညှော်ခံဖို့ စီစဉ်ပါဦး၊ သမီးလေး ဘာသုံးဆောင်မလဲဟင်"

"ရ ... ရတယ် အန်တီ၊ စွဲမက်က ဘာမှမစားတော့ပါဘူး"

"အို ... မဟုတ်တာ၊ လိမ္မော်ရည်လေးတော့ သောက်ပါ၊ ဒေါ်မိ နှစ်ခွက်ဖျော်ခဲ့ပါ"

"ဟုတ်ကဲ့ မမနှင်း"

စွဲမက် ငိုင်ငိုင်လေး ရပ်နေမိဆဲ။ ညှော်ခန်းကြီးထဲက အိစက်ညက်ညောသော ဆိုဖာထိုင်ခုံကြီးတွေနှင့် အီတလီကြွေပြားတွေ ခင်ကျင်းထားသည့် အခန်းကျယ်ကြီးက ထည်ဝါလွန်း





သည်။

ရှိုးကေ့စ်တွေ၊ အလှပန်းအိုးတွေနှင့် နံရံထက်က မီးဆိုင်းပန်းကြီးကလည်း လှပခံ့ညားး၏။

"ထိုင်လေ ... သမီး၊ အချိန်ရတယ် မဟုတ်လား"

"ဟုတ်ကဲ့ အန်တီ၊ စွဲမက် ဘယ်မှသွားစရာမရှိပါဘူး၊ စွဲမက် အံ့သြနေတာ၊ အမှန်ပြောရရင် အန်တီ ဒီလောက်ချမ်းသာမယ်လို့ စွဲမက်မထင်ဘူး၊ ဟို ... စိတ်မဆိုးပါနဲ့နော်၊ စွဲမက်ပြောမိတာ"

"အဟင်း ... မဆိုးပါဘူး သမီးလေးရဲ့၊ သမီးလေး ဖြူစင်ရိုးသားတာ အန်တီ သိထားပြီးပြီလေ၊ သမီးဖေဖေ ဦးမြတ်သျှင်ဆိုတာလည်း အန်တီ သိပါတယ်၊ Two Borthers ကုမ္ပဏီ ပိုင်ရှင်ကြီး မဟုတ်လား"

"ဟုတ်ပါတယ် အန်တီ၊ ဒယ်ဒီနဲ့ရင်းနှီးလို့လားဟင်"

"အရင်းနှီးကြီး မဟုတ်ပေမယ့် ကုမ္ပဏီညှော်ခံပွဲတွေမှာ ဆုံဖူးပါတယ်၊ အန်တီ့နာမည် ဒေါ်နှင်းနှင်းမြိုင်လေ၊ သမီးဖေဖေ သိမှာပါ"

စွဲမက် မျက်ဝန်းလေးတွေ ဝိုင်းသွားသည်။ ဒီနာမည်ကို စွဲမက် ကြားဖူးသည်။ စီးပွားရေးဂျာနယ်မဂ္ဂဇင်းတွေထဲမှာ အန်တီကြီးအကြောင်း စွဲမက် ဖတ်ဖူး၏။

"ဟို ... အန်တီက ခန့်စိန်ရွှေရတနာ တိုက်ပိုင်ရှင် ဒေါ်နှင်းနှင်းမြိုင်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... သမီးလေးက အန်တီ့ကို သိနေတာကိုး"

"ဟာ ... သိတာပေါ့၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ အန်တီတို့လို အောင်မြင်ထင်ပေါ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ အကြောင်း ပါတယ်လေ၊ စွဲမက် ဖတ်ဖူးတယ်၊ အန်တီက အရမ်း ထက်မြက်ပြီး တော်တယ်"

စွဲမက် ချီးကျူးစကားဆိုတော့ အန်တီကြီး ပြုံးရင်း–

"အဟင်း ... သမီးက မြှောက်နေပြန်ပြီ၊ ကဲ .. လိမ္မော်ရည်လေး သောက်လိုက်ဦးကွယ်၊ အမောပြေသွားအောင်"

ဒေါ်မိလာချပေးသော ဗန်းလေးထဲက လိမ္မော်ရည်ခွက်လေးကို အန်တီကြီး ကမ်းပေးတော့ စွဲမက် ခေါင်းလေးငုံ့ ခါးလေးညွတ်ကာ တရိုတသေ လှမ်းယူလိုက်ပါသည်။

စွဲမက်ရှေ့မှာ မြင်တွေ့နေရသော အန်တီကြီးက စွဲမက် စိတ်က ထင်ခဲ့သလို သနားစရာ အမျိုးသမီးကြီးတစ်ဦးမဟုတ်ပါ။ စီးပွားရေးလောကမှာ အောင်မြင်ကျော်ကြားသော အမျိုးသမီးကြီး တစ်ဦးမို့ စွဲမက် ပိုလို့လေးစားခင်မင်သွားမိသည်။

"အန်တီ့ကို စွဲမက် ခင်မင်လေးစားသွားပြီသိလား၊ စွဲမက်က အန်တီတို့လိုအရွယ် မိန်းမကြီးတွေတွေ့ရင် မေမေ့ကို သတိရတယ်၊ ဒါကြောင့် ကြုံရင် လိုအပ်တာ ကူညီပေးမိတာ"

"ကောင်းတဲ့စိတ်ထားကလေးပေါ့ သမီးရယ်၊ သမီးလေး စိတ်ထားကို အန်တီလည်း သဘောကျပါတယ်၊ နောက်ဆို သမီး လေး အားရင် အန်တီ့ဆီ လာလည်နော်"





"ဟုတ်ကဲ့ အန်တီ၊ ဟို ... အန်တီတို့က သမီးနဲ့ဒယ်ဒီ လိုပဲ သားအမိနှစ်ယောက်ပဲ ရှိတာဆို"

"အင်း ... ဟုတ်တယ်၊ အန်တီ့သားက မောင်ခန့်တည် ငြိမ်တဲ့၊ သူက မြန်မာ့လေကြောင်းမှာလုပ်တယ်၊ လေယာဉ်မှူး တစ်ယောက်ပဲပေါ့"

အန်တီကြီးဆိုတော့ စွဲမက် ခေါင်းလေးညိတ်ပြမိ၏။ အန်တီကြီးသားကလည်း မအေတူဆို ချောမောရှင်းသန့်ပြီး ထက် မြက်လွန်းသူပဲဖြစ်မှာ တွေးမိသည်။

"ဟိုမှာလေ ... နံရံပေါ်က ဓာတ်ပုံထဲက အန်တီ့သား ခန့်ပေါ့"

စွဲမက် ခေါင်းလေးလှည့်ကာ အန်တီပြသော ဓာတ်ပုံကို လှည့်ကြည့်မိ၏။ လေယာဉ်မှူးဝတ်စုံနှင့် ခန့်ခန့်လေးရှိနေသော ယောကျ်ားတစ်ယောက်အသွင်၊ အရပ်က မြင့်မြင့်မားမားနှင့် ရှင်းသန့်ချောမောသော ရုပ်သွင်ကို စွဲမက် ငေးငေးလေး ကြည့်မိ သည်။

မျက်ခုံးစိမ်းစိမ်းတန်းတန်းတွေအောက်က မျက်ဝန်းတွေ ကို မြင်တော့ စွဲမက် မျက်မှောင်လေး ကုတ်သွားမိ၏။

ဘုရားရေ ... သူ့ကို စွဲမက် မြင်ဖူးတာသေချာ၏။ ရှင်းသန့်နေသောမျက်နှာက အစက်အပြောက်တစ်ချက်မထင် အောင် ချောမောလွန်းသူ၊ စိုလဲ့နီမြန်းသော နှုတ်ခမ်းတွေအထက် က စိမ်းမြနေသော မွေးညှင်းရာတွေက မမှတ်မိစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စွဲမက် မှတ်မိစရာကောင်းသော အဖြစ်အပျက်တွေလည်း ရှိသေးသည်။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်တောင် တိုက်တိုက်ဆိုင်ဆိုင် ဆုံခဲ့တာ။

"သမီးလေးက သားကို သိလို့လား"

အန်တီမေးတော့မှ စွဲမက် ကသောကမျောလေး ခေါင်းခါပြလိုက်ရသည်။

"ဟင့်အင်း . . . မသိပါဘူး အန်တီ၊ အန်တီနဲ့ တူတယ်နော်"

"အင်း . . . သားက သူ့ဝါသနာနဲ့ အလုပ်ကို ရွေးချယ်တာလေ၊ ဂျူတီရက်မို့ အိမ်မှာမရှိတာ၊ သမီးနဲ့ နောက်တော့ ဆုံဦးမှာပေါ့"

စွဲမက် ခေါင်းလေးညိတ်ပြလိုက်ရပေမယ့် စိတ်ထဲကတော့ ခပ်ရွံ့ရွံ့လေးဖြစ်သွားမိသည်။ စွဲမက်မှတ်မိသလို သူလည်း စွဲမက်ကို မှတ်မိနေမည် ထင်ပါသည်။

မမှတ်မိဘဲနေမည်လား။ နေရီ့မွေးနေ့တုန်းက Hot Pot ဆိုင်လေးထဲမှာ တစ်ခါ၊ ကလေးအုပ်နဲ့ ပန်းခြံထဲမှာတုန်းက တစ်ခါကို ဆုံဖူးခဲ့ကြတာဖြစ်သည်။

ပါဆယ်ထုပ်ထဲက မြွေရုပ်လေးကို လန့်ပြီး သူ ခုန်လိုက်တာ စွဲမက် မှတ်မိနေဆဲ။ အဲဒီတုန်းက စွဲမက်တောင်းပန်ချင်ပေမယ့် တောင်းပန်ခွင့်မရလိုက်ဘဲ သူ့ရဲ့ရှုတည်တည်ဒေါသအကြည့်တွေကိုပဲ ပိုင်ဆိုင်ခဲ့ရ၏။





စွဲမက် အန်တီကြီးကို နှုတ်ဆက်ပြန်ခဲ့ချိန်အထိ သူ ပြန်ရောက်မလာသေးတာမို့ မဆုံခဲ့ရပါ။

ဒေါ်နှင်းနှင်းမြိုင်ကတော့ စွဲမက်ကို မကြာခဏ လာလည်ဖို့ ဖိတ်ခေါ်ပါသည်။ စွဲမက် ခေါင်းလေးညိတ်ခဲ့ရပေမယ့် သူနှင့်ထိပ်တိုက်ဆုံမှာတော့ စိတ်ထဲမှာ ခပ်လန့်လန့်။

ပန်းခြံထဲမှာတုန်းက စွဲမက်ကို ကြည့်သွားသော မျက်ဝန်းတွေကို မမေ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မနက်ကတည်းက မေမေနှင့်ဒေါ်မိ မီးဖိုထဲဝင်ကာ ချက်ပြုတ်စီစဉ်နေတာမို့ ရွှေတောင်ခေါက်ဆွဲကြော်က အသင့်ဖြစ်နေပြီ။

စောစောလေးလာခဲ့ပါဟု မှာထားသည့်ကြားထဲက ထိပ်ထား ဆယ်နာရီထိုးလုအထိ ရောက်မလာတော့ သူ့စိတ်က ဂနာမငြိမ်ဖြစ်နေသည်။ ညေ့ခန်းထဲမှာထိုင်ပြီး စောင့်နေတာတောင် နာရီဝက်ရှိပြီ။

အသေအချာ ချိန်းဆိုထားသည့်ကြားက ထိပ်ထားမလာဖြစ်ခဲ့လျှင်တော့ ခက်ပြီ။ သူတွေးရင်း ထိုင်ခုံက ထရပ်မိသည်။ ထိုအခိုက်မှာပဲ မေမေ ညေ့ခန်းထဲ ထွက်လာသည်။

"စုထိပ်ထား မလာသေးဘူးလား သား"

"ဟုတ်ကဲ့ ...မလာသေးဘူး မေမေ၊ အဲ ...လာ ...လာပြီမေမေ"

သူပြောနေတုန်းမှာ ထိပ်ထားရဲ့ပရာဒိုကားဖြူလေး ခြံထဲ





မောင်းဝင်လာတာမို့ သူ့မျက်ဝန်းတွေ တောက်ပသွားသည်။ ခြေလှမ်းတွေက ဆင်ဝင်အောက်အထိ လှမ်းထွက်ပြီး ဖြစ်နေသည်။

ကားလေးက ဆင်ဝင်အောက်မှာ ညင်ညင်သာသာလေး ထိုးရပ်သည်။ ထိပ်ထားကိုယ်တိုင်မောင်းလာတာဖြစ်သည်။ သူ့ကို မြင်တော့ အပြုံးလှလှလေးနှင့် ထိပ်ထား ကားထဲက လှမ်းပြုံးပြသည်။

"ဆောရီး ခန့်ရယ်၊ ထိပ်ထား နည်းနည်းနောက်ကျသွားတယ်"

ထုံးစံအတိုင်း ထိပ်ထား တောင်းပန်စကားလေးဆိုသည်။ သူ ကားတံခါးကို ဖွင့်ပေးတော့ ထိပ်ထားဆင်းသည်။ အနက်ရောင်ဇာပေါက်အင်္ကျီလေးအောက်မှာ အသားရောင်ရင်ဖုံးကိုယ်ကျပ်ခါးတိုလေး ခံဝတ်ထားသော ထိပ်ထား ဝင်းမွတ်မွတ်လေးလှပနေသည်။

ပလက်တီနမ်နှင့် စိန်ပွင့်နားစွဲလေးကို စိန်လော့ကတ်သီးတပ် ကြိုးလေးနှင့် တွဲဝတ်ဆင်ထားသလို လက်စွပ်၊ လက်ကောက်တွေကလည်း စိန်ထည်တွေပဲဖြစ်၏။ ထိပ်ထား ပြင်ဆင်ခြယ်သထားပုံက ငေးမောလောက်အောင်လှပါသည်။

"မေမေတို့က အစောကြီးကတည်းက ထ,ပြင်ဆင်နေတာ ထိပ်ထားရဲ့၊ အားလုံး အသင့်ဖြစ်နေပြီ"

ထိပ်ထားကို သူပြောတော့ ထိပ်ထား ညေ့ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသော မေမေ့ကို အပြုံးလေးနှင့် နှုတ်ဆက်ရင်း ...

"အန်တီ နေကောင်းတယ်နော်"

"အင်း ... ကောင်းပါတယ် သမီး၊ အန်တီက သမီးကို မနက်ကတည်းက မျှော်နေတာ"

"အဟင်း ... ဂျူတီနားရက်ဆို ထိပ်ထားက နေမြင့်အောင် အိပ်တတ်တာ အကျင့်ဖြစ်နေပြီ အန်တီရဲ့၊ ရေမိုးချိုး ပြင်ဆင်တာနဲ့ဆိုတော့ ကိုးနာရီခွဲသွားပြီလေ"

ထိပ်ထားက ဆိုဖာဆက်တီခုံပေါ်မှာ ငြိမ့်ငြိမ့်လေးထိုင်ရင်း ပြောသည်။ မေမေ့မျက်ဝန်းတွေက ထိပ်ထားတစ်ကိုယ်လုံးကို အကဲခတ်ကြည့်နေတာ သူ သတိထားမိပါသည်။

ထိပ်ထား ပြင်ဆင်ဝတ်စားထားပုံက မေမေ အလိုမကျစရာဖြစ်နေမှာတော့ သူ နားလည်သည်။ မေမေသည် စိန်ရွှေရတနာဆိုင်ပိုင်ရှင်ကြီးတစ်ယောက်ဖြစ်ပေမယ့် လက်ဝတ်ရတနာတွေကို မက်မက်မောမော မဝတ်ဆင်တတ်ပါ။

အရေးတကြီး ညှိခံပွဲတွေသွားလျှင်တောင် အနည်းအကျဉ်းမျှပဲ ဝတ်ဆင်သွားတတ်တာဖြစ်သည်။ အခုတော့ ထိပ်ထား ဝတ်စားပြင်ဆင်ထားပုံတွေက မေမေ့အမြင်မှာ တစ်မျိုးတော့ ဖြစ်နေလောက်၏။

"ထိပ်ထား ... ဗိုက်ဆာပြီလား၊ ခေါက်ဆွဲစားတော့မလားဟင်"

"စားကြမယ်လေ ခန့်ရဲ့၊ အန်တီ့လက်ရာကို စားချင်





လို့ ဘာမှမစားဘဲ ထွက်လာတာ၊ အဟင်း ... ဆာနေပြီ"

"ဒါဆို စားကြတာပေါ့ သမီး၊ လာ ... လာကြ ဒေါ်မိ အားလုံး ပြင်ဆင်ပြီး ဖြစ်နေပြီ"

သုံးယောက်သား စားသောက်ခန်းဘက် ထွက်ခဲ့တော့ စားပွဲပေါ်မှာ ဒေါ်မိက အားလုံးပြင်ဆင်ပြီးနေပြီဖြစ်သည်။

"ထိုင်နော် ထိပ်ထား၊ ပူပူနွေးနွေးလေးစားလိုက်၊ မေမေ့လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ထိပ်ထား သိပါတယ်"

"အဟင်း ... သိတာပေါ့ ခန့်ရယ်၊ အန်တီ့လက်ရာကို ထိပ်ထား မကြာခဏ စားဖူးတယ်၊ အန်တီက တကယ်တော်တယ်နော်၊ အားလုံးချက်တတ် ပြုတ်တတ်တယ်နော်"

"ဒါပေါ့ သမီးရဲ့၊ ချက်တတ်ပြုတ်တတ်အောင် သင်ထားရတာပေါ့ကွယ်၊ မိန်းကလေးဆိုတာ အချက်အပြုတ်တော့ တတ်မှဖြစ်မှာပေါ့"

"ဟင့်အင်း ... သမီးကတော့ ဝါသနာကိုမပါတာ၊ အိမ်မှာဆို မေမေကလည်း မီးဖိုထဲမဝင်ပါဘူး"

"အင်း ... သမီးမေမေက အလုပ်တွေနဲ့ ရှုပ်နေလို့နေမှာပေါ့၊ သမီးက ချက်တတ်ပြုတ်တတ်အောင် သင်ထားသင့်တယ်၊ အချက်အပြုတ်ဆိုတာ မြန်မာမိန်းကလေးတိုင်း တတ်သင့်တဲ့ ပညာရပ်ပဲ"

မေမေ ရွှေတောင်ခေါက်ဆွဲတွေ ပန်းကန်တွေထဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ခပ်ထည့်ပေးရင်း လေသံငြိမ်ငြိမ်လေးနှင့် ထိပ်ထားကို ပြော နေသည်။ ထိပ်ထားက နှာခေါင်းလေးရှုံ့ကာ သူ့ကို မေမေ မမြင်အောင် မဲ့ပြ၏။

"ကိုယ်တိုင်ကျွမ်းကျင်ထားတော့ ပိုမကောင်းဘူးလား သမီးရဲ့"

"ဟင့်အင်း ... ထိပ်ထားတော့ မီးဖိုရှေ့မှာ ချွေးတလုံး လုံးနဲ့ မနေတတ်ပါဘူး အန်တီရယ်၊ ကိုယ်တိုင်မချက်တတ်လည်း ဘာခက်တာမှိလဲ၊ အချက်အပြုတ်ကောင်းတဲ့ ထမင်းချက်ငှားထား မှာပေါ့ ... နော် ခန့်"

မေမေ့စကားကို ပြန်ရှင်းပြနေရင်း ထိပ်ထားက သူ့ဘက် လှည့် မေးလေးဆတ်ကာ ထောက်ခံချက် တောင်းနေပြန်သည်။ သူ ခေါင်းလည်းမညိတ်မခါဖြစ်ဘဲ မေမေနှင့်ထိပ်ထားကို တစ် လှည့်စီ ကြည့်နေမိသည်။

"အင်း ... သမီးကိုယ်တိုင်က ဝါသနာမပါတော့ အန် တီ မပြောတော့ပါဘူး။ ဒါပေမဲ့ အန်တီတို့ မြန်မာမိန်းကလေးတွေ ဆိုတာ အိမ်ထောင်ပြုလိုက်ပြီးရင် အိမ်ထောင်ရှင်မဆိုတဲ့ ဂုဏ်ပုဒ် တစ်ခု ပိုင်ဆိုင်သွားပြီလေ၊ ကိုယ့်ခင်ပွန်း သားသမီးမိသားစုကို ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးနိုင်ရမယ်၊ အိမ်မှုကိစ္စတွေကို ကျွမ်း ကျင်ထားရမယ်၊ ကိုယ်တိုင်မလုပ်နိုင်ရင်တောင် တတ်ကျွမ်းသိ နားလည်ထားတော့ ပိုမကောင်းဘူးလား"

"ဟင့်အင်း မကောင်းပါဘူး၊ တတ်ထားတော့ ပင်ပန်း





မှာပေါ့ အန်တီရဲ့၊ အဟင်း ဟင်း ... ဆောရီးနော်၊ ထိပ်ထားက အပျော်သဘောပြောတာပါ"

မေမေ့စကားကို လှောင်သလိုပြောရင်း ထိပ်ထား ရယ် နေတော့ မေမေ့မျက်နှာ တင်းခနဲဖြစ်သွားတာ သူ မြင်လိုက် သည်။ ထိပ်ထားကတော့ ခက်ရင်းနှင့်ဇွန်းလေးကို လှလှပပလေး ကိုင်ကာ ခေါက်ဆွဲတွေ စားနေခဲ့သည်။

မေမေ့နှုတ်က ဘာစကားမဆိုတော့ဘဲ တိတ်ဆိတ်သွား ခဲ့တာ ကောင်းသောအခြေအနေတစ်ခုမဟုတ်ဟု သူသိသည်။

မေမေ့မျက်နှာကိုတောင် သူ ရဲရဲမကြည့်ရဲတော့ပါ။ နှုတ် ခမ်းလှလှလေးမှာ ဆိုးထားသော နှုတ်ခမ်းနီတွေ မထိ မပေအောင် စားနေသော ထိပ်ထားကိုပဲ ငေးကြည့်နေမိသည်။

လက်သည်းရှည်ရှည်ချွန်ချွန်လေးတွေမှာ ဆေးဆိုးရောင် စုံလေးဆိုးကာ ပုံဖော်ထားသော ထိပ်ထားအလှအပကို မက်မော ဂရုစိုက်တာတော့ သူ သိထားပြီး ဖြစ်ပါသည်။

ဒါပေမဲ့ ... မေမေနှင့်ထိပ်ထားကြားမှာတော့ လိုအပ် ချက်တစ်ခုတော့ ရှိနေတာ သိပ်ကိုသေချာသည်။

ဒါကို ထိပ်ထား သိနားလည်အောင် သူ ဘယ်လိုပြော ရမည်လဲ။ မေမေ့လက်ရာ ရွှေတောင်ခေါက်ဆွဲသည်ပင် သူ့လျှာ ဖျားမှာ အရသာကင်းမဲ့သလို ဖြစ်နေခဲ့သည်။

တကယ်မလွယ်ပါလား ထိပ်ထားရယ်။

*



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မလွယ်တာတော့ သေချာတယ်သား"

ထိပ်ထား နှုတ်ဆက်ပြန်သွားတော့ မေမေ့နှုတ်က ပြတ်သားသော ဝေဖန်ချက်ကို သူ ကြားရသည်။ သူ မေမေ့မျက်နှာကို မဝံ့မရဲမော့ကြည့်ရင်း ...

"ဟို ...မေမေ ဘာကိုဆိုလိုတာလဲဟင်"

"သားအမြင်ပဲလေ၊ စုထိပ်ထားဆိုတဲ့ မင်းမျှော်လင့်ထားတဲ့မိန်းကလေးက မင်းရဲ့ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်သင့်သလား"

"ဟင်"

သူ ဘာမှမဆိုနိုင်ဘဲ မေမေ့ကို ငေးကြည့်နေမိသည်။ မေမေ့ရဲ့အကြည့်တွေကလည်း သူ့မျက်နှာမှာ စူးစိုက်နေ၏။ ဒီမျက်ဝန်းတွေကို ရင်မဆိုင်ရဲဘဲ အရင်ဆုံး အကြည့်လွှဲမိတာလည်း သူပဲ ဖြစ်သည်။

"သား ...အိမ်ထောင်ရှင်မတစ်ယောက်ဆိုတာ မိန်းမပီသပြီး အိမ်ထောင်မှုကို နိုင်နင်းကျွမ်းကျင်ဖို့ လိုတယ်"

"ဟို ...ထိပ်ထားက ငယ်ငယ်ကတည်းက တစ်ဦးတည်းသော သမီးဆိုတော့ ဘာမှပူပန်စရာမရှိ နေခဲ့ရတာမို့ပါ မေမေ"

"မဆိုင်ဘူး သား၊ သားကိုယ်တိုင်လည်း ဖေဖေမရှိဘဲ မေမေ့ရဲ့အရိပ်အောက်မှာ ရှင်သန်ခဲ့ရတာပဲလေ၊ တကယ်လို့





သားက မိန်းကလေးဆိုရင်လည်း မေမေက မိန်းကလေးပီသအောင် ပုံသွင်းကြီးပြင်းစေမှာပဲလေ၊ သားကို မေမေ သိပ်ချစ်တာ သားသိတယ်၊ သားဘဝ လိုလေသေးမရှိ မေမေ ပုံပိုးခဲ့တာ ပဲ၊ ဒါပေမဲ့ ...မေမေ့သားက လိမ္မာတဲ့သားတစ်ယောက်အဖြစ်ပဲ ရှိခဲ့တာပဲလေ"

မေမေ ဘာကိုဆိုလိုချင်သည်လဲ သူ နားလည်နေသည်။ တကယ်လည်း မေမေသည် သူ့ကို အလိုလိုက်ချစ်ခင်သလို လိမ္မာယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမပေးခဲ့သူဖြစ်သည်။

"စုထိပ်ထားဘဝက ဘယ်လောက်ချမ်းသာပြည့်စုံပါစေ သူက မိန်းကလေးလေ၊ တစ်ချိန်ကျရင် အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်ရမှာပဲ၊ အိမ်မှုကိစ္စတွေကို မတတ်ကျွမ်းတဲ့၊ ဝါသနာမပါတဲ့ မိန်းမတစ်ယောက်ကို သားက ဘဝတစ်ခုလုံးအတွက် လက်တွဲဖော်အဖြစ် ရွေးမှာလား"

မေမေ့မေးခွန်းကို သူ မဖြေနိုင်အောင် နှုတ်တွေ ဆွံ့အလို့နေခဲ့သည်။ မေမေ့စကားတွေ မမှားတာတော့ သူ ဝန်ခံပါသည်။

"စုထိပ်ထားကို မေမေ သဘောမကျတဲ့အချက်တွေ အများကြီးပဲသား၊ သူချောတာ,လှတာ မေမေ လက်ခံပါတယ်၊ အလှအပကို လိုတာထက် ပိုမက်မောခုံမင်တာတော့ မကောင်းဘူးသား၊ အခုပဲကြည့်၊ သားဆီ ခဏတစ်ဖြုတ် အလည်လာတဲ့ မိန်းကလေးက မင်းသမီးရှုံးလောက်အောင် ပြင်ဆင်ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ပြီးတော့ . . . မေမေ ဆုံးမတာကိုလည်း သူ နာခံမှာ မဟုတ်ဘူးဆိုတာ သူ့စကား အပြုအမူတွေက သက်သေပဲလေ''

''မေမေရယ် . . . ထိပ်ထားက သူ ရှင်သန်ခဲ့ရတဲ့ဘဝမှာ ခေါက်ရိုးကြေနေလို့ပါ၊ သား မေမေလိုချင်တဲ့ပုံစံဖြစ်အောင် ထိပ်ထားကို ပုံစံသွင်းကြည့်ချင်တယ်''

မေမေ နှုတ်ခမ်းလေး လှုပ်ရုံပြုံးသည်။ ပြီးမှ တည်တည်ငြိမ်ငြိမ်လေးပဲ ခေါင်းညိတ်ပြရင်း . . .

''အင်း . . . မေမေ့သား ကြိုးစားကြည့်ရင် ကြည့်လေ၊ မေမေ ပြောချင်တာက တစ်ခုပဲ၊ သားလက်ထပ်မယ့်မိန်းကလေးက အိမ်ထောင်ရှင်မပီသမှ သားဘဝ စိတ်ချမ်းမြေ့မှာ၊ မေမေ့သားဘက်က တာဝန်ကျေတဲ့ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်မှာ မေမေ ယုံတယ်''

မေမေက သူ့ကို အကြွင်းမဲ့ ယုံကြည်ထားသလို သူ လက်ထပ်မည့် မိန်းကလေးတစ်ယောက်ကိုလည်း အရည်အချင်း ပြည့်ဝစေချင်တာ သူ နားလည်မိပါသည်။

တကယ်ဆို မေမေဆိုသလိုသာ ထိပ်ထားဘက်က အရာရာပြည့်စုံနေခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ။

ထိပ်ထား နားလည်အောင်တော့ သူ တိုင်ပင်ဆွေးနွေးချင်ပါသေးသည်။



## အခန်း (၉)

''ဘယ်သူ့ သမီး၊ ဒေါ်နှင်းနှင်းမြိုင် ဟုတ်လား''

''ဟုတ်တယ်လေ ဒယ်ဒီရဲ့၊ 'ခန့်ရတနာ' စိန်တိုက်ပိုင်ရှင်လေ''

''ဩော် . . အင်း . . . သိပြီ၊ ဒယ်ဒီ သိပြီ၊ သူ့ယောကျ်ားရှိကတည်းက ဒယ်ဒီနဲ့စီးပွားဘက် ပါတနာတွေပဲ၊ လက်ရှိလည်း ဒယ်ဒီ့ကုမ္ပဏီမှာတောင် ဒေါ်နှင်းနှင်းမြိုင်ရဲ့ရှယ်ယာတွေ ပါနေတုန်းပဲ၊ ကုမ္ပဏီလုပ်ငန်း အတော်များများမှာ သူ့ရဲ့ရှယ်ယာတွေ ပါတယ်၊ ကိုယ်တိုင်လည်း စိန်တိုက်တည်ထောင်အောင်မြင်နေတာ၊ အရမ်းထက်မြက်တဲ့မိန်းမကြီးနဲ့ သမီးက ဘယ်လိုဘယ်ပုံ သိကျွမ်းသွားရတာလဲ၊ ဒယ်ဒီ့ကို ပြောပါဦး''

ဒယ်ဒီ စိတ်ဝင်တစားမေးနေတော့ စွဲမက် ဒေါ်နှင်းနှင်းမြိုင်နှင့် ဆုံတွေ့ခင်မင်ခဲ့ရပုံကို ပြောပြမိသည်။ ဒယ်ဒီက စွဲမက်စကားတွေကို ခေါင်းတညိတ်ညိတ် နားထောင်နေခဲ့၏။

''အဟင်း . . . သမီးက အဲဒီအန်တီကြီး တက္ကစီနဲ့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရမှာ သနားလို့ လိုက်ပို့ပေးတာ၊ ဟိုရောက်မှ ထိတ်ထိတ်ကြဲ သူဌေးကြီးမှန်း သိရတာ''

''ဟား ... ဟား ... ငါ့သမီးကတော့ ဖြစ်ရမယ်၊ တော်သေးတာပေါ့ ထောက်ပံ့ငွေတွေ, ဘာတွေ သွားမပေးမိတာ ... ဟား ဟား''

''အာ ... ဒယ်ဒီကလည်း ဘယ်သိမှာလဲ၊ အန်တီကြီး က သူဌေးမကြီးဆိုပေမယ့် ဘာမှဝတ်စားပြင်ဆင်ထားတာမရှိဘူးလေ၊ ဖြစ်ချင်တော့ အဲဒီနေ့က သူ့ဒရိုင်ဘာက နေမကောင်းလို့ တမင် တက္ကစီနဲ့ လာတာလေ''

''အင်း ... ဟုတ်ပါပြီ၊ တကယ်ထက်မြက်တဲ့မိန်းမကြီးနဲ့ သမီးက တွေ့ခဲ့တာကိုး၊ သမီးတို့ချင်း ခင်မင်သွားကြတာပေါ့''

''ဟုတ်တယ် ဒယ်ဒီ၊ အန်တီကြီးက သမီးအားတဲ့ရက် လာလည်ဖို့ မှာထားတယ်၊ ဒါကြောင့် ဒီနေ့ အန်တီကြီးအိမ် သွားလည်မလို့လေ''

ဒယ်ဒီက စွဲမက်စကားကို ထောက်ခံသလို ခေါင်းညိတ်ပြရင်း ...

''သမီး သွားလည်မယ်ဆိုရင် သွားလေ၊ ဒေါ်နှင်းနှင်းမြိုင်ကလည်း ဒယ်ဒီ့ကို သိမှာပါ''

''အင်း ... သိတာပေါ့ ဒယ်ဒီရဲ့၊ သူပြောတယ်''

''အေး အေး ... သမီးသွားလည်ရင် စောစောပြန်နော်၊ ဒယ်ဒီသွားတော့မယ်၊ စကားကောင်းနေတာနဲ့ နောက်ကျတော့





မယ်''

ဒယ်ဒီ့နံဘေးမှာ ချထားသော သားရေအိတ်နက်ကိုဆွဲယူကာ ကသောကမျောလေး ထွက်သွား၏။ ကားပေါ်ကနေ ဒယ်ဒီ လက်ပြနှုတ်ဆက်တော့ စွဲမက်လည်း လက်ပြနှုတ်ဆက်လိုက်မိသည်။

မနက်တိုင်း ကော်ဖီဝိုင်းမှာဆုံ။ ဒယ်ဒီ ကုမ္ပဏီသွားလျှင် စွဲမက် လက်ပြနှုတ်ဆက်။ ညနေ ဒယ်ဒီ မပြန်မချင်း အိမ်မှာ နေနေရတာ စွဲမက် သိပ်ပျင်းစရာကောင်းသည်။

စွဲမက်ရထားသည့်ဘွဲ့က စီးပွားရေးဘွဲ့ဆိုပေမယ့် ဒယ်ဒီ့ကိုလည်း မကူညီဖြစ်ပါ။ ဘွဲ့ရပြီး ကွန်ပျူတာသင်တန်းတွေ၊ စကားပြောသင်တန်းတွေ တက်ဖြစ်သည်။

''ဒယ်ဒီ့သမီး ငယ်ပါသေးတယ်၊ အလုပ်ခွင်ထဲမဝင်ဘဲ တစ်နှစ်လောက် အနားယူပါဦး၊ ဒယ်ဒီ အဆင်ပြေပါတယ်၊ မောင်ချိန်းကလည်း ဒယ်ဒီ့ကို အများကြီး ကူညီနိုင်နေတာပဲကွယ်''

ဒယ်ဒီကိုယ်တိုင်က စွဲမက်ကို အလုပ်မလုပ်စေချင်သေးတာမို့ စွဲမက် လွတ်လပ်ခွင့်အပြည့်အဝရနေ၏။ ကုမ္ပဏီလုပ်ငန်းအားလုံးကို ဒယ်ဒီနှင့်ဒယ်ဒီ့ညီတစ်ဝမ်းကွဲ ဦးအောင်ချိန်းတို့က တာဝန်ယူနေတာမို့ အဆင်ပြေသည်။

စွဲမက် သီချင်းလေးတညည်းညည်းနှင့် ရေချိုးလိုက်သည်။ ပြီးတော့ အဝတ်အစားလဲလှယ်ပြီး ကိုယ်လုံးပေါ်မှန်ရှေး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ကြည့်မိသည်။

လက်ဖောင်းခါးရှည်အဝါနုရောင် အင်္ကျီလေးကို ဂျင်းဖျော့အနက်ရောင်အကျပ်လေးနှင့်ပဲ တွဲဝတ်ဆင်ထားတာဖြစ်သည်။ စားပွဲပေါ်မှာ အလှပြင်ပစ္စည်းတွေ စုံလင်စွာရှိပေမယ့် စွဲမက်က လိမ်းချယ်ဖို့ စိတ်မဝင်စားပါ။

သူငယ်ချင်းတွေနှင့်ဈေးဝယ်ထွက်တိုင်း အလှပြင်ပစ္စည်းတွေ ဝယ်ပေမယ့် စွဲမက် မသုံးဖြစ်တာက များသည်။ ဒါကြောင့်လည်း သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။

"စွဲမက် ... နင် ဝယ်လိုက်တဲ့ အလှပြင်ပစ္စည်းတွေ အများကြီးနော်၊ ဒါပေမဲ့ ... နင့်မျက်နှာက ဘယ်တော့မှ ပြင်ဆင်ထားတာမရှိဘူး"

"မပြင်ချင်ပါဘူး။ ငါမှ မနေတတ်တာ"

"ဟင် ... ဒါဆို နင်က ဝယ်ထားပြီး ဘာလုပ်ဖို့ သိမ်းထားတာလဲ"

"နင်တို့တွေ မင်္ဂလာဆောင်ကျမှ ပြင်ဖို့ဆင်ဖို့ ဝယ်ထားတာပေါ့၊ ကဲ ... ရှင်းပြီလား"

"ကြည့်စမ်း စွဲမက်၊ အကြံက ကြီးလိုက်တာ၊ အင်းလေ ... နင့်မျက်နှာလေးက ဘာမှမလိမ်းခြယ်ဘဲ လှနေတာကိုး"

"အေးနော် ... စွဲမက် နင်က ကုသိုလ်ထူးတယ်၊ ဘာအစက်အပြောက်မှ မရှိဘဲနဲ့ ဝင်းမွတ်မွတ်လေးလှတာဟဲ့"

"ဟေ့ ... အချင်းချင်း လာမြှောက်မနေကြနဲ့၊ ဘာမှ





မကျွေးဘူး"

"ရတယ် ... နင့်မင်္ဂလာဆောင်မှ အတိုးချပြီး တနင့်တပိုးကို စားပြမှာပေါ့ ... အဟင်း ဟင်း"

သူငယ်ချင်းတွေနှင့် ရယ်မောနောက်ပြောင်ရင်း ရှင်သန်ခဲ့ရသောရက်တွေက ကုန်ဆုံးခဲ့ပြီ။ ကျောင်းပြီးတော့ နေရီနှင့်မိနော်တို့ကတော့ မကြာခဏ ဆုံကြပါသည်။

ဒါပေမဲ့ အခုတော့ မိနော်က မိခင်ဖြစ်သူနှင့် စတိုးဆိုင်မှာ ဝင်ကူထိုင်ပေးနေပြီ။ နေရီကလည်း အစ်မဖြစ်သူရဲ့ကုမ္ပဏီမှာ အလုပ်ဝင်တော့မည်မို့ စွဲမက် အဖော်မဲ့သွားရ၏။

ဒီအချိန်မှာ အန်တီဒေါ်နှင်းနှင်းမြိုင်နှင့် ခင်မင်ခွင့်ရခဲ့ခြင်းက စွဲမက်အတွက် ကံကောင်းသည်ဟု ဆိုရမည်။

အခုလည်း မနေ့ညက အန်တီ့ဆီ ဖုန်းဆက်ကြည့်တော့ အန်တီဒေါ်နှင်းနှင်းမြိုင် အိမ်မှာရှိသည်ဆိုတာကြောင့် စွဲမက်လာလည်မည်ဟု ပြောဖြစ်ခဲ့၏၏။

"သမီးလာရင် စောစောလာခဲ့လေကွယ်၊ စားသောက်ပြီးမှ ပြန်ပေါ့၊ အန်တီ ချက်ကျွေးမယ် ဟုတ်လား"

အန်တီကြီးကလည်း လိုလားစွာ ဖိတ်ခေါ်နေတာမို့ စွဲမက် ဒယ်ဒီ့ကို ခွင့်တောင်းခဲ့ခြင်းဖြစ်၏။ ဒယ်ဒီကလည်း စွဲမက်ကို လိုလားစွာ ခွင့်ပြုခဲ့၏။

"ဟော ... သမီး ဒါက ဘယ်လဲ"

"အလည်သွားစရာရှိလို့ ဘွားအုန်းရေ၊ ဒီမနက်စာ



www.burmeseclassic.com

www.burmeseclassic.com



တခြားမှာ စားမှာနော်၊ စွဲမက်ကို မစောင့်နဲ့တော့''

''ကောင်းပါပြီတော်၊ ကောင်းပါပြီ''

ဘွားအုန်းကိုပြောပြီး စွဲမက် ညှော်ခန်းထဲက ခပ်သုတ်သုတ်လေး ထွက်ခဲ့သည်။ ကားကို ကိုယ်တိုင်မောင်းပြီး မိနီမားကတ်ဆိုင်လေးရှေ့မှာ ရပ်သည်။ အန်တီကြီးအတွက် မုန့်ဘူးနှင့် စားစရာတချို့ ဝယ်လိုက်သည်။

ပြီးတော့မှပဲ ကားလေးကို အန်တီကြီးတို့ခြံဘက်သို့ မောင်းထွက်ခဲ့တော့၏။

ခြံတံခါးကို ခြံစောင့်ကြီးက အသင့်ဖွင့်ပေးသည်။ စွဲမက် ကားကို ဆင်ဝင်အောက်အထိ မောင်းလာရင်း ရပ်ထားသော ကားကို မြင်လိုက်ရတာကြောင့် မျက်ဝန်းလေးတွေ ဝိုင်းသွားသည်။

''ဘုရားရေ ... ဒါ ... ဟိုကိုလူချောရဲ့ကားကြီးပဲ''

စွဲမက် တွန့်ခနဲဖြစ်ကာ စက်ရှိန်ကို လျှော့ချလိုက်မိတဲ့ အထိပါပဲ။ အန်တီကြီးဆီ ဖုန်းဆက်တုန်းကတော့ စွဲမက် သေချာအောင် မေးကြည့်သေး၏။ အန်တီကြီးက သူတစ်ယောက်ပဲ ရှိသည်။ သူ့သားကိုခန့် မရှိဟု ပြောခဲ့၏။

ကိုလူချောရဲ့ကားကို စွဲမက် မမှတ်မိစရာမရှိပါ။ နက်ပြောင်နေသော CYGNUS ကားကြီးကို စွဲမက် ကောင်းကောင်း မှတ်မိ၏။

အခုမှတော့ မထူးတော့ပြီမို့ စွဲမက် ကားကို ထိုကား





ကြီးအနားမှာပဲ ထိုးရပ်လိုက်ရ၏။

''ဟော ... သမီးလေး စောလှချည်လား၊ လာကွယ် ... လာ လာ''

ညှော်ခန်းတံခါးကို ဆွဲဖွင့်ရင်း အန်တီကြီးက စွဲမက်ကို ပြုံးပြုံးရွှင်ရွှင်ပဲ ဆီးကြိုသည်။ စွဲမက်မျက်ဝန်းလေးတွေ ညှော်ခန်းထဲကို အကဲခတ်ကြည့်သည်။ ဘယ်သူ့ကိုမှ မတွေ့ပါ။

''လာ ... လာ သမီး၊ အန်တီတောင် စောစောကမှ ဒေါ်မိကို ဈေးလွှတ်ထားတာ၊ သမီးကို အထူးညှော်သည်တော် အဖြစ် ချက်ပြုတ်ကျွေးမွေးချင်လို့လေ၊ ဒါနဲ့ သမီး ဝက်သားစားသလား''

''စွဲမက်လား ... ဝက်မြင်ရင် ခေါင်းကိုက်တတ်တယ် ... အဟင်း''

''ဟင် ... ဟုတ်လား၊ သမီးမကြိုက်ရင် ပြဿနာမရှိပါဘူး၊ အန်တီ ကြက်သားရော၊ ပုစွန်တွေပါ မှာထားတာပါ၊ ဟုတ်ပြီလား''

''ဟင်း ... ဟင်း အန်တီကလည်း ဝက်မြင်ရင် ခေါင်းကိုက်တတ်တယ်ဆိုတာ ကြိုက်လွန်းလို့ ဝက်ခေါင်းတောင် ပြေးကိုက်တာလို့ ပြောတာပါ၊ ကန်တော့နော်၊ သမီးချစ်လို့ စ,တာ၊ ဝက်ခေါင်းသုပ်ဆို သမီးက အသေကြိုက်တာ''

စွဲမက်ရှင်းပြမှ ဒေါ်နှင်းနှင်းမြိုင် သဘောပေါက်သွားကာ ရယ်မောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း … ဟင်း … သမီးက နောက်တတ်သားပဲ၊ ကဲ … လာ သမီး ဝက်သားစားတယ်ဆိုရင် အန်တီက ဝက်သား ပုန်းရည်ကြီးဟင်း ချက်ကျွေးမလို့၊ ကြက်သားကိုတော့ သီးနှံနဲ့ အစိမ်းကြော်မယ်၊ ပုစွန်ထုပ်က ဆီပြန်ချက်မယ်လေ"

"ဟား … အန်တီပြောတာနဲ့တင် စွဲမက် သွားရည်တွေ ကျချင်လာပြီ … အဟင်း ဟင်း"

"မီးဖိုထဲမှာ ဒေါ်မိကို ပြင်ဆင်ဆေးကြောခိုင်းထားပါ တယ် သမီးရဲ့၊ ပြီးမှ အန်တီကိုယ်တိုင်ချက်မှာ"

"ဟင် … အန်တီက ကိုယ်တိုင်ချက်တတ်တယ်"

"ဟုတ်တယ်လေ သမီးရဲ့၊ အလုပ်နားရက်ဆို အန်တီ ကိုယ်တိုင်ချက်တာပဲ၊ အဲ … သား နားရက်တွေဆို အန်တီ အမြဲချက်ကျွေးတာ"

စွဲမက် တအံ့တသြလေးဖြစ်မိသည်။ အန်တီကြီးက စွဲ မက်ထင်တာတက်တောင် လေးစားစရာကောင်းနေပြီ။ တကယ့် ကို ဘက်စုံတော်သည့် အန်တီကြီးပါလား။

"ထိုင်သမီး … ကော်ဖီသောက်မလား"

"စွဲမက် သောက်ခဲ့ပြီးပြီ အန်တီ၊ မနက်တိုင်း ဒယ်ဒီနဲ့ အလုပ်မသွားခင် ကော်ဖီဝိုင်းလေးမှာပဲ ဆုံရတာလေ"

"အင်း … သမီးတို့က အဖေတစ်ခု သမီးတစ်ခုကိုး၊ ကဲ … သမီးပျင်းရင် အခွေထိုင်ကြည့်ချင်ကြည့်၊ ဂိမ်းကစားချင် ကစားနော်၊ အန်တီ မီးဖိုထဲ ခဏဝင်ဦးမယ်"





"ဟို … သမီး လိုက်ခဲ့လို့ ရမလားဟင်၊ အန်တီ့ကို ဝိုင်းကူရင်း အန်တီချက်တာ ကြည့်ထားချင်လို့"

စွဲမက်စကားကြောင့် အန်တီကြီး ကျေနပ်သွားသလို မျက်ခုံးနှစ်ဖက်ပင့်ပြီး ပြုံးသည်။

"သမီးကြည့်ချင်ရင် လိုက်ခဲ့လေ၊ ဝါသနာပါရင် အန်တီ သင်ပေးမှာပေါ့"

စွဲမက် ခေါင်းလေးညိတ်ကာ အန်တီကြီးနှင့် မီးဖိုခန်းထဲ လိုက်ခဲ့သည်။ ဒေါ်မိက ဂေါ်ဖီတွေ လှီးနေရာက စွဲမက်ကို လှမ်း မော့ကြည့်၏။

"ဒေါ်မိရေ … သမီးလေးက နှင်းတို့ကို ဝိုင်းကူရင်း ချက်ပြုတ်တာ သင်ချင်လို့တဲ့လေ၊ ဒီနေ့တော့ ဒေါ်မိပါ သက်သာ သွားပြီ အဟင်း ဟင်း"

စွဲမက်ကို အန်တီဒေါ်နှင်းနှင်းမြိုင်က ချက်ပြုတ်သည့် ဘောစင်လေးနားအထိ ခေါ်သွားကာ အားလုံးသင်ကြားပေးတော့ သည်။

"ဝက်သားကို ဒီလိုအနေတော် အတုံးလေးတွေတုံးပြီး ရေနဲ့ စင်ကြယ်အောင် ဆေးရတယ်၊ ဒါ ပထမအဆင့်နော်၊ ပြီးရင် ဆား, နနွင်းနဲ့နယ်၊ အန်တီတို့က အချိုမှုန့်မသုံးတော့ သကြားနဲ့ချက်တာ သမီးရဲ့"

နှုတ်ကလည်း ရှင်းပြရင်း အန်တီကြီးက လက်အိတ်စွပ် ထားသောလက်တွေနှင့် သွက်လက်စွာ လက်တွေ့လုပ်ပြနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စွဲမက် အသေအချာလေးကြည့်ရှုနားထောင်နေမိသည်။

"အစပ်ချက်ဆိုရင် ငရုတ်သီးမှုန့်လေး သုံးရမှာပေါ့၊ အခု အန်တီတို့က ပုန်းရည်ကြီးနဲ့ အချိုချက်လေးချက်မှာဆိုတော့ ပဲငံပြာရည်နဲ့ လုံးရမယ်နော် သမီး"

စွဲမက် ခေါင်းလေးတညိတ်ညိတ်နှင့် အန်တီကြီးသင်ပေးတာ နားထောင်၊ လိုအပ်တာတွေကို ယူပေးနှင့် အချိန်တို့ ကုန်မှန်းမသိ။

အစိမ်းကြော်အတွက် ပြုတ်ထားသော ကြက်သားတွေကို အသားနွှင်တော့ စွဲမက်လည်း လက်အိတ်လေးကောက်စွပ်ကာ ဒေါ်နှင်းနှင်းမြိုင်နှင့် ဝင်ကူညီပေးသည်။

"ပြီးရင် ပုစွန်ထုပ်ဆီပြန်ဟင်းချက်တတ်အောင် သင်ပေးမယ်၊ ဘာမှမခက်ဘူး သမီးရဲ့နော်"

"ဟုတ်ကဲ့ အန်တီ၊ စွဲမက်က အန်တီချက်သလို ချက်တတ်ပြုတ်တတ်ချင်တာသိလား၊ ဒယ်ဒီ့ကို စွဲမက်ကိုယ်တိုင် ချက်ကျွေးချင်လို့လေ"

"ဟုတ်လား၊ အခု သမီးတို့အိမ်မှာ ဘယ်သူချက်ကျွေးတာလဲ"

"ဘွားအုန်းလေ၊ ဘွားအုန်းဆိုတာ ဒယ်ဒီ့ရဲ့အဒေါ်ဝမ်းကွဲပါ၊ ဒါပေမဲ့ ဘွားအုန်းကလည်း အသက်ကြီးပြီဆိုတော့ တစ်ခါတလေမှပဲ ချက်နိုင်းတော့တာ၊ အများစုကတော့ အပြင်က ဟိုတယ်တွေပဲ ဝယ်စားဖြစ်ကြတာ များတယ်"





"ကောင်းတာပေါ့ သမီးရဲ့၊ မပင်ပန်းဘဲ စားသောက်ရတာပေါ့ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး အန်တီရယ်၊ စွဲမက်က ကိုယ်တိုင်ပဲ ချက်စားချင်တာ၊ ဒယ်ဒီ့ကို ကျွေးချင်လို့ ဟင်းချက်နည်းစာအုပ်တွေဖတ်ပြီး ချက်ကြည့်သေးတယ်၊ မဖြစ်ပါဘူး၊ ဟင်းတွေက ငန်သွားလိုက်၊ ပေါ့သွားလိုက်နဲ့မို့ ဒယ်ဒီက မချက်ပါနဲ့ တောင်းပန်ရတယ် ... အဟင်း ဟင်း"

စွဲမက်စကားတွေ နားထောင်ပြီး ဒေါ်နှင်းနှင်းမြိုင်ရောဒေါ်မိပါ သဘောကျနေသည်။ စွဲမက်ကတော့ စကားတွေ ရေပက်မဝင်ပြော၊ လုပ်စရာတွေကိုလည်း လူငယ်ပီပီ သွက်သွက်ကလေး ကူလုပ်ပေးနေမိ၏။

"ကဲ ... အားလုံးကျက်ပြီ၊ သမီးလေးလည်း ပင်ပန်းသွားပြီလား"

"ဟင့်အင်း မပင်ပန်းပါဘူး အန်တီရဲ့၊ ပျော်စရာကြီးနော်၊ စွဲမက် ဒီချက်နည်းအတိုင်း အိမ်ရောက်ရင် ဒယ်ဒီ့ကို ပြန်ချက်ပြရမယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ နောက်ရက်တွေ သမီးလာလည်ရင် အန်တီ နောက်ထပ်ဟင်းချက်နည်းတွေ ထပ်သင်ပေးဦးမှာပေါ့"

"ဟာ ... ဒါဆို အဆင်ပြေတာပေါ့၊ ဒယ်ဒီသိသွားရင်တော့ စွဲမက်ကို လုံးဝအထင်ကြီးသွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သမီးလေးရေ အန်တီတို့သုံးယောက် မနက်စာ စားလိုက်ရအောင်"

"ဟုတ်ကဲ့ အန်တီ"

စွဲမက် ထမင်းတွေခူး၊ ဟင်းတွေခပ်နှင့် ဝိုင်းဝန်းပြင်ဆင်ပေးလိုက်သည်။ ထမင်းစားကြတော့လည်း ဒေါ်မိနှင့်အန်တီ့ ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ဦးချပေးသည်။

အိမ်မှာဆိုလည်း စွဲမက်က ဒယ်ဒီနှင့်ဘွားအုန်းကို ဒီလိုဦးချပေးနေကြမို့ မဆန်းပါ။ ဒေါ်နှင်းနှင်းမြိုင်ကတော့ စွဲမက်လုပ်တာတွေကိုကြည့်ရင်း တပြုံးပြုံးနှင့် ခေါင်းလေးညိတ် ကျေနပ်နေရှာ၏။

"အန်တီ . . . အဲဒီပန်းသီးတွေက ဘာလုပ်မလို့လဲဟင်"

"အချိုပွဲအတွက်လေ၊ သမီးနဲ့ အန်တီ စကားပြောရင်းစားကြရအောင်"

"စွဲမက်လုပ်တတ်တယ် အန်တီ၊ ဟင်းချက်တာ မကျွမ်းကျင်ပေမယ့် စွဲမက် သစ်သီးပွဲတွေ ပြင်ဆင်တတ်ပါတယ်၊ အန်တီ ဘာမှမလုပ်နဲ့၊ သမီး လုပ်ပြမယ်"

ပြောပြီး စွဲမက် ပန်းသီးတွေကို အခွံနွှာသည်။ ပြီးတော့ အစိပ်လေးတွေကို လှလှပပလေး လှီးပြသည်။ စားချင့်စဖွယ်ဖြစ်အောင် ပန်းပွင့်လေးလို စွဲမက် ပုံဖော်လှီးပြလိုက်၏။

"ဟင် . . . သမီးက တော်ပါလား၊ ဒါ ဘယ်က သင်ထားတာလဲ"





"စာအုပ်ထဲကဖတ်ပြီး လက်တွေ့လုပ်ကြည့်ရင်း စွဲမက်တတ်သွားတာ၊ ဒယ်ဒီတောင် စွဲမက်လုပ်ပြတော့ အံ့သြနေတာ အန်တီရဲ့"

"အင်း . . . သမီးက တော်သားပဲ၊ မိန်းကလေးဆိုတာ အိမ်မှုကိစ္စတွေတော့ ကျွမ်းကျင်လိမ္မာရမှာပေါ့၊ သမီးက ဝါသနာပါပြီးသားဆိုတော့ ခဏလေးနဲ့ တတ်သွားမှာပါ"

စွဲမက် ခေါင်းလေးညိတ်ပြမိ၏။ အန်တီကြီးက ပြုံးပြုံးလေးကြည့်ကာ ခေါင်းတညိတ်ညိတ်ရှိသည်။ အမြဲတမ်း ပြုံးပြုံးလေးနေတတ်သော အန်တီကြီးနှင့် စွဲမက်ဆုံဖူးသော ခန့်တည်ငြိမ်ဆိုသော အန်တီကြီးသားကို ချိန်ထိုးကြည့်မိ၏။

အန်တီကြီးက ခင်မင်ဖော်ရွေသလောက် ကိုလူချောကတော့ နာမည်နှင့်လိုက်အောင် တည်ငြိမ်လွန်းသည်ထင်၏။

စွဲမက်ကိုတွေ့လျှင် ကိုလူချော အံ့သြသွားမည်လား သိချင်မိတာတော့ အမှန်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တကယ်တော်တဲ့သမီးလေးပဲ သားရယ်၊ မေမေ ချက်ပြုတ်နေတာကို အနားကကြည့်ပြီး အတတ်သင်သွားတာ၊ သူ့ဒယ်ဒီကို ပြန်ချက်ပြုတ်ကျွေးချင်လို့တဲ့လေ၊ သူ့ဘဝလေးက လည်း သားနဲ့ အတူတူပဲ၊ ဖအေတစ်ခု သမီးတစ်ခုကွဲ့"

မေမေ့စကားတွေကြောင့် သူ ခေါင်းတညိတ်ညိတ်နား ထောင်နေရာမှ မော့ကြည့်မိသည်။ မေမေကတော့ သူ့ကို မကြည့် ဘဲ ပေါင်မုန့်ချပ်တွေကို ထောပတ်သုတ်နေသည်။

မေမေ့မျက်ဝန်းတွေမှာတော့ ကြည်နူးရိပ်တွေ လက်ဖြာ ကာ သူ မမြင်ဖူး,မသိသေးသော မိန်းကလေးကို ချီးကျူးမဆုံး ဖြစ်နေ၏။

သူပြန်လာကတည်းက ဒီကောင်မလေး အိမ်ရောက်လာ ကြောင်း မေမေ ပြောပြ၏။ သူ စိတ်မဝင်စားလှပေမယ့် တစ်ခါ က ပလာဇာရှေ့မှာ မေမေမူးနေတုန်း ကူညီခဲ့သော မိန်းကလေး ဟု သိထားတာမို့ ခေါင်းညိတ်နားထောင်နေခဲ့တာဖြစ်၏။





"ကောင်မလေးက စီးပွားရေးဘွဲ့ရထားပြီးသား သားရဲ့ သူ့အဖေ ဦးမြတ်သျှင်ဆိုတာလည်း Two Borther ကုမ္ပဏီပိုင် ရှင်ကြီးလေ၊ မေမေနဲ့ အရင်းနှီးကြီးမဟုတ်ပေမယ့် သိကျွမ်းပါ တယ်၊ ကလေးမလေးက အမေမရှိတော့ မေမေ့ကို ခင်တွယ်နေ တာ၊ စိတ်ရင်းဖြူပြီး ချစ်စရာကောင်းတာကွဲ့"

"အင်း ... ဟုတ်မှာပါ၊ မေမေ့ကိုတောင် ဘယ်သူဘယ် ဝါမသိဘဲ ကူညီခဲ့တာပဲ"

မေမေ့ကို အလိုက်အထိုက်ပြောရင်း မေမေသုပ်ပေးသော ပေါင်မုန့်ထောပတ်သုပ်ကို အားပါးတရ ယူစားလိုက်သည်။

"မေမေကတော့ ဒီကလေးမလေးကို မြင်မြင်ချင်း ချစ် ခင်သွားတာအမှန်ပဲ၊ နောင်ကြုံမှ သားနဲ့ မိတ်ဆက်ပေးချင်သေး တယ်"

"ဟုတ်ကဲ့ မေမေ၊ သားနားရက်လာရင်တော့ ဆုံဖြစ်မှာ ပါ"

"အေး ... အေး ... သားနားရက်တစ်ရက်ကျမှ သမီး လေးကို ထမင်းဖိတ်ကျွေးဦးမယ်"

"ဟုတ်ကဲ့ မေမေ၊ တစ်ရက်တော့ ဆုံဖြစ်မှာပါ"

သူပြောရင်း ကော်ဖီခွက်ကို မော့သောက်နေတုန်းမှာ အခန်းထဲဝင်လာသော ဒေါ်မိကပါ စကားဝိုင်းထဲ ဝင်လာ၏။

"ဒီနေ့ ငါးသလောက်နှပ်နဲ့ သရက်ချဉ်သုပ် သုပ်မှာဆို တော့ ကျွန်မဖြင့် သမီးလေးကို သတိရလိုက်တာ မနှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီတစ်ယောက်။ ဒီမိန်းကလေးအကြောင်းတွေကိုပဲ သူ့ရှေ့မှာ လာပြောနေတာ နားတွေတောင် ပူချင်လာ၏။

"အင်းနော် ... သမီးလေးက ငါးသလောက်နှပ်နည်း မသိသေးဘူး၊ သင်ပေးချင်လိုက်တာ"

ခက်တော့ ခက်နေပါပြီ။ ဒေါ်မိက တစ်စခန်းထလာတော့ မေမေက ချက်ချင်းတောင် ပြေးခေါ်တော့မည့်အတိုင်း ဖြစ်နေကြပုံတွေက အရင်ကဆို သူပြန်လာသည့် နားရက်တွေမှာ မေမေ သူ့အတွက်ပဲ ဂရုတစိုက် ရှိနေတတ်တာ။

အခုတော့ မဆီမဆိုင် သွေးမတော် သားမစပ်သည့် မိန်းကလေးကိုမှ အာရုံရောက်နေပြန်၏။

"ဒီနေ့ မောင်ခန့်လည်း ရှိမှာမဟုတ်လား၊ မနှင်း သမီးလေးကို ဖုန်းဆက်ခေါ်ကြည့်ပါလား"

"အင်း .. ဒေါ်မိပြောတာ ဟုတ်တယ်၊ ဖုန်းဆက်ကြည့်ရအောင်"

မေမေ သောက်လက်စ ကော်ဖီခွက်ကိုတောင် ထားရစ်ခဲ့ပြီး ဖုန်းဆက်ဖို့ ထွက်သွားသည်။ သူ ပခုံးတွန့်ပြုံးမိရင်း ...

"မေမေတို့ ဒေါ်မိတို့ ဘာတွေဖြစ်နေကြတာလဲ၊ ဒီကောင်မလေးက ဘာဆေးတွေ ကျွေးထားလို့ တမ်းတမ်းစွဲဖြစ်နေကြတာလဲဟင်"

"ဟင် ... ဘာဆေးမှ မကျွေးပါဘူး မောင်ခန့်ရဲ့"

ဒေါ်မိ အူတူတူနှင့်ဖြေတော့ သူရယ်မိသည်။ သူ ရယ်





တော့ ဒေါ်မိလည်း လိုက်ရယ်ရင်း ...

"အဲဒီကောင်မလေးက ခင်စရာကောင်းတယ် မောင်ခန့်ရဲ့၊ ရုပ်ကလေးကလည်း ဘာချောသလဲမမေးနဲ့၊ အရုပ်မလေး ကျနေတာပဲ၊ မင်းမေမေဆို သမီး, သမီးနဲ့ တစ်မီးတည်း မီးနေတာ"

ဒေါ်မိပြောမှပဲ ပိုဆိုးတော့သည်။ သူ နှုတ်ပိတ်ကာ ကော်ဖီဝိုင်းက ထထွက်ခဲ့သည်။ ညှော်ခန်းဝမှာ မေမေနှင့် ထပ်ဆုံသည်။

"ဟော ... သား ကော်ဖီသောက်ပြီးပြီလား"

"ပြီးပြီ မေမေ၊ သားရေမိုးချိုးပြီး အပြင်ခဏသွားမလို့"

"ဟင် ... သားက ဘယ်သွားမလို့လဲ"

"သားအထက်က အရာရှိတစ်ယောက်အိမ်ပါ မေမေ၊ သားကို ခဏခေါ်ထားလို့"

မညာချင်ပေမယ့် သူ ညာလိုက်မိသည်။ တကယ်ဆို ထိပ်ထားတို့အိမ်ကို သွားဖို့ဖြစ်သည်။ ဒီတစ်ပတ်လုံး ခွင့်ယူထားသည့် ဝန်ထမ်းတစ်ဦးအစား သူ တာဝန်ယူလိုက်ရတာမို့ ဂျူတီနားရက်မရှိခဲ့။

ထိပ်ထားနှင့်လည်း မဆုံဖြစ်တာ သုံးရက်ရှိပြီမို့ သွားဖို့ ဆုံးဖြတ်ထားတာဖြစ်၏။

"မေမေက သား ဒီနေ့ နားရက်ထင်လို့၊ အခုတောင် သမီးလေးကို လှမ်းခေါ်လိုက်တာ၊ သားနဲ့ မိတ်ဆက်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ ပြောနေပြန်ပြီ။ မေမေတို့ တွေ့စေချင်နေသော ထိုမိန်းကလေးကိုလည်း သူ မြင်ဖူးဆုံဖူးချင်ပါသည်။ ဒါပေမဲ့ ထိပ်ထားဆီသွားဖို့က ပိုအရေးဘကြီးတာမို့ ...

"သားကလည်း မသွားမဖြစ် ဖြစ်နေလို့ပါ မေမေ၊ မေမေ့ကို ကူညီခဲ့တဲ့သူနဲ့ သား ဆုံချင်ပါတယ်၊ နောက်တော့ ဆုံဖြစ်ဦးမှာပေါ့ မေမေ"

"အင်း ... သားကိစ္စရှိနေတာပဲလေ၊ သွားပါ၊ စောစောပြန်လို့ ရရင်တော့ ပြန်ခဲ့ပေါ့ကွယ်၊ ငါးသလောက်ပေါင်းက သားကို စားစေချင်လို့ စီစဉ်တာ၊ မေမေတို့နဲ့ သိပ်တည့်တာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ကို ခေါင်းလေးညိတ်ပြပြီး ရေမိုးချိုးအဝတ်အစားလဲ လိုက်သည်။ ထိပ်ထားဆီ ဖုန်းဆက်ဖို့ စိတ်ကူးမိသေးသည်။ ဒါပေမဲ့ မဆက်ဖြစ်တော့ဘဲ တန်းထွက်ခဲ့၏။

ဒီနေ့ ထိပ်ထားနှင့်သူ အေးအေးဆေးဆေး တွေ့ချင်သည်။ ထိပ်ထားနှင့်ဆွေးနွေးစရာတွေ အများကြီးရှိသည်။

ဒါတွေကို သူ အချိန်ကြာမြင့်စွာ မစောင့်နိုင်တော့ပါ။ ထိပ်ထားကို သူ ချစ်သည်။ ထိုချစ်ခြင်းက သံယောဇဉ်များစွာနှင့် နှောင်ဖွဲ့ခဲ့တာဖြစ်သည်။ ထိပ်ထားရင်ထဲမှာလည်း ထိုသို့ပဲ ရှိမှာ သူ ယုံသည်။

ခက်သည်က မေမေနှင့်ထိပ်ထားကြားမှ နားလည်နိုင်မှု





နှင့်လိုအပ်ချက်တွေပဲဖြစ်သည်။ ဒါကို ထိပ်ထား နားဝင်အောင် သူ ပြောပြရမည်။

အတွေးတွေက ထိပ်ထားတို့ ခြံဝင်းရှေ့ရောက်မှပဲ ပြတ်တောက်သွားခဲ့ရပါသည်။ ခြံတံခါးကို ဦးဘိုးဆောင်က လာဖွင့်ပေးရင်း သူ့ကိုပါ နှုတ်ဆက်ပြုံးပြသည်။

"ဟေး ... မောင်ခန့် မရောက်တာ ကြာပြီနော်"

"ဟုတ်ကဲ့ ... ဦးဘိုးဆောင် နေကောင်းတယ်နော်"

"အေး ... ကောင်းပါတယ်ကွာ၊ ထိပ်ထားလေး ရှိတယ်၊ အင်း ... ဧည့်သည်လည်း ရောက်နေတယ် ထင်တယ်"

ဦးဘိုးဆောင်စကားကြောင့် သူ နည်းနည်းတော့ စိတ်ကသိကအောက်ဖြစ်သွားရ၏။ ဘယ်ကဧည့်သည် ရောက်နေပြန်ပြီလဲ။ ဆင်ဝင်အောက်အထိ ကားလေးကို မောင်းခဲ့ရင်း မြင်လိုက်တာ လင်ခရူဆာကားနက်ကြီးတစ်စီး။

ဒါ ... ထိပ်ထားတို့အိမ်က ကားမဟုတ်တာတော့ သေချာပါသည်။

သူ့ကားလေး ဆင်ဝင်အောက်မှာ ထိုးရပ်မိတော့ ဧည့်ခန်းထဲမှာ ထိပ်ထားရှိနေ၏။ တစ်ယောက်တည်းမဟုတ်ပါဘဲ လူရွယ်တစ်ယောက်ပါ ရှိနေသည်။ ထိပ်ထားက သူ့ကိုမြင်တော့ တံခါးဝအထိလျှောက်လာရင်း ...

"ခန့် ဘယ်ကလှည့်လာတာလဲဟင်"

"ထိပ်ထားဆီပဲ တမင်လာခဲ့တာလေ၊ ကိုယ်က ဒီနေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဂျူတီနားရက်ရတာလေ''

''အင်း သိတယ်၊ ပိုင်းလော့ ကိုနေမောင် ခွင့်ယူထားလို့ သူ့ဂျူတီဖလိုက်ကို ကိုခန့် တာဝန်ယူပေးနေရတယ်ဆို''

''ဟုတ်တယ် ထိပ်ထား၊ မနေ့ညနေကမှ ထွက်ရတာလေ''

နှစ်ယောက်သား စကားပြောဆိုလှမ်းဝင်လာတာကို ညှော့ခန်းဆိုဖာထိုင်ခုံမှ အကဲခတ်ကြည့်နေသော လူရွယ်ကို သူလည်း ပြန်အကဲခတ်ကြည့်မိသည်။

ပခုံးထိဝဲကျနေသော ဆံပင်တွေက ရွှေရောင်သမ်းနေသည်။ နဖူးပြင်နောက်ဘက်ကို သေသေသပ်သပ်လှန်ဖီးသင်ထားတာမို့ ယောက်ျားပီသသောမျက်နှာကို ပေါ်လွင်စေ၏။

မရိတ်သင်ဘဲ တမင်ထားပုံရသော နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေက အကြည့်ရဆိုးမသွားဘဲ မေးရိုးကားကား မျက်နှာကြောင့် အဆင်ပြေသွားစေတာတော့အမှန်။

''ဪ . . ခန့်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ . . . ကိုမော်လေ၊ ထိပ်ထားပြောတဲ့ ကိုဇော်ထူးမော်လေ''

အမေရိကားကရောက်နေသည်ဆိုသော ထိပ်ထား အစ်ကိုဝမ်းကွဲ ကိုဇော်ထူးမော်ဆိုတာကြောင့် သူ ပြုံးပြရင်း လက်ကမ်းပေးလိုက်၏။ ကိုဇော်ထူးမော် မတ်တတ်ရပ်ပြုံးပြရင်း လက်ဆွဲနှုတ်ဆက်သည်။

''ကိုမော် . . . ခန့်က ထိပ်ထားသူငယ်ချင်းလေ၊ အခု





လည်း အလုပ်မှာ အတူတူပဲ၊ ခန့်တည်ငြိမ်တဲ့''

''ကွန်ကရက်ကျူလေးရှင်း ကိုခန့်တည်ငြိမ်၊ တွေ့ရတာ ဂုဏ်ယူဝမ်းသာပါတယ်ဗျာ''

''ဟုတ်ကဲ့၊ ကျွန်တော်လည်း ဝမ်းသာပါတယ် ကိုဇော်ထူးမော်၊ ထိပ်ထား ပြောပြကတည်းက နာမည်ကြားဖူးနေတာ''

နှစ်ဦးသား ရင်းနှီးခင်မင်စွာ အသိအမှတ်ပြုဖြစ်ကြသည်။ ထိပ်ထားက သူ့ကိုလှမ်းကြည့်ရင်း . . .

''ခန့် . . . ဘယ်သွားစရာရှိသေးလဲ၊ ထိပ်ထားဆီပဲ လာတာလား''

''ဟုတ်တယ်၊ ထိပ်ထားဆီ တမင်ထွက်လာတာ၊ အပြင်ထွက်ပြီး တစ်ခုခုစားကြမလားလို့''

ထိပ်ထားမျက်ဝန်းတွေ လက်ခနဲတောက်ပသွားကာ ကိုဇော်ထူးမော်ကို ပြုံးကြည့်တာ မြင်သည်။ ဘာကြောင့်လဲတော့ မသိ။

''ဒါဆို အတော်ပဲ ထိပ်ထား ပလာဇာသွားချင်လို့၊ ခန့်လိုက်ပို့ပေးမလားဟင်၊ ဒီနေ့တော့ ထိပ်ထားအတွက် ခန့်တစ်နေ့လုံး အချိန်တွေပေးနိုင်မလား''

''ဖြစ်ပါတယ် ထိပ်ထားရယ်''

ထိပ်ထားအလိုကျ သူ ခေါင်းလေးညိတ်ပြမိသည်။ ကိုဇော်ထူးမော်က သူတို့နှစ်ယောက်လုံးကို ပြုံးကြည့်ရင်း . . .

''ကဲ . . . ဒါဆိုလည်း ဒီကောင်မလေးကို လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါ ခန့်ရာ၊ ဒီမှာ ကိုယ်မအားတာကို ဖွတ်လိုက်ပို့နိုင်းနေလို့''

''တော်ပါ ကိုမော်ကို ဘယ်တော့မှ လိုက်မပို့နိုင်းတော့ဘူး၊ ခန့် ခဏလေးစောင့်နော်၊ အလွန်ဆုံး နာရီဝက်ပေါ့''

သူ ခေါင်းညိတ်ပြလိုက်တော့ ထိပ်ထား အိမ်ထဲလှမ်းဝင်သွား၏။ ထိပ်ထားအလှပြင်တာ ဒီလောက်ကြာတတ်မှန်း သူ သဘောပေါက်ပြီးသားဖြစ်သည်။

''ခန့်ရေ ... တစ်ရေးအိပ်ပြီးစောင့်လိုက်၊ သင်းလေး အလှပြင်ရင် ဘယ်လောက်ကြာသလဲသိလား''

ကိုဇော်ထူးမော်က ရယ်မောရင်းပြောတော့ သူ ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း ...

''ထိပ်ထားအကြောင်း ကျွန်တော် အသိဆုံးပါ ကိုမော်၊ ကျောင်းသားဘဝကတည်းက ခင်မင်လာကြတာလေ ... အဟွန်း''

''ဩော် ... ခန့်တို့က ရင်းနှီးပြီးသားပေါ့၊ ကောင်းပါတယ်၊ ကိုယ်တော့ ဒီကောင်မလေးဒဏ်မခံနိုင်ဘူးကွ ... ဟားဟား''

ကိုမော် ရယ်နေတော့ သူ ပြုံးပြုံးလေးနှင့်ပဲ ငြိမ်သက်နေလိုက်ပါသည်။ စကားပြောကြည့်မှ ကိုဇော်ထူးမော်သည် ခင်မင်စရာကောင်းမှန်း သူ နားလည်သိလိုက်မိသည်။

''ကဲ ... စကားပြောလည်း ကောင်းတယ် ခန့်၊ ကိုယ်





ချိန်းထားတာလေးရှိလို့ လစ်ဦးမယ်၊ ခန့်နဲ့ကိုယ် နောက်မှဆုံတာပေါ့၊ ဟိုသာလိကာမလေးကိုတော့ ကိုယ်ပြန်သွားပြီပဲ ပြောလိုက်ကွာ ... နော်''

သူ့ကို နှုတ်ဆက်ကာ ကိုဇော်ထူးမော် ပြန်သွားသည်။ ထိပ်ထားကိုတောင် ကိုယ်တိုင်နှုတ်ဆက်မသွားခဲ့ပါ။

ထိပ်ထားထွက်လာတော့ မှုန်မှုန်လေး ခြယ်သပြင်ဆင်ထားတာမို့ ထုံးစံအတိုင်းလှပြီးရင်း လှနေ၏။

''ကိုမော်ရော ခန့်''

''ပြန်သွားတာ ဆယ်မိနစ်လောက်ရှိပြီ၊ ကိစ္စလေးရှိလို့တဲ့၊ ထိပ်ထားကို နှုတ်ဆက်သွားတယ်''

''အလကား အကြောင်းပြသွားတာ ... ဟွန်း၊ သူ့ကိစ္စတွေတော့ ထိပ်ထားက အလုပ်ပျက်ပြီးတောင် ကူညီရတယ်၊ ထိပ်ထားအလှည့်ကျ တမင်ညစ်သွားတာ''

ထိပ်ထား မကျေမနပ်လေး ပြောနေပုံက တကယ့်ကလေးလေးအတိုင်းပါပဲ။ အစ်ကိုဆိုတော့လည်း ထိပ်ထားကလေးလို ဆိုးနွဲ့ချင်မည်ပေါ့။

''ကဲပါ ထိပ်ထားရယ် ... ကိုယ် ထိပ်ထားနဲ့ စကားတွေအများကြီး ပြောချင်တယ်''

သူ့စကားကြောင့် ထိပ်ထား စူးစူးလေးစိုက်ကြည့်သည်။ ပြီးမှ ခေါင်းလေးညိတ်ရင်း ...

''ဒါဆိုလည်း သွားကြမယ်လေ၊ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလို့ရတဲ့နေရာ သွားတာပေါ့ ခန့်ရယ်''

''ထိပ်ထား ပလာဇာသွားမလို့ဆို''

''ဟင့်အင်း ... ကိုမော်ကို အမြင်ကတ်လို့ တမင်ပြောတာပါ၊ ခန့်နဲ့ပဲ ဒီနေ့လျှောက်သွားတာပေါ့''

ထိပ်ထားဆန္ဒအတိုင်းပဲ သူ ခေါင်းလေးညိတ်လိုက်ပါသည်။ ရင်ထဲမှာပြောချင်သော စကားတွေက အများကြီး။

ဒီတစ်ခါတော့ မင်းနဲ့ကိုယ် ပွင့်လင်းလိုက်ကြရအောင် ထိပ်ထားရယ်။

*

လည်ပင်းဟိုက်အင်္ကျီ ကြက်သွေးရောင်လေးနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် ထဘီလေးကလည်း အရောင်တူမို့ ထိပ်ထားနှင့် လိုက်ဖက်လွန်းနေ၏။

လွယ်ထားသော ဆလင်းဘက်လေးက အဖြူရောင်၊ ဒေါက်မြင့်ဖိနပ်လေးက အဖြူရောင်၊ ဝတ်ဆင်ထားသောရတနာတွေကလည်း ပလက်တီနမ်၊ ထိပ်ထားကတော့ လိုက်ဖက်ညီအောင် ဝတ်ဆင်တတ်လွန်းသည်။

''ဘာတွေ တွေးကြည့်နေတာလဲ ခန့်ရဲ့''

ဆိုင်လေးထဲမှာ မျက်နှာချင်းဆိုင်ထိုင်မိသည်အထိ သူဘာစကားမှမဆိုတော့။ ထိပ်ထားမေးသည်။





''ဆောရီး ... ထိပ်ထား သိပ်လှနေလို့''

သူ့စကားကြောင့် ထိပ်ထား ကျေနပ်ပြုံးလေးနှင့် ဟက်ခနဲရယ်သည်။ ပြီးတော့ သူ့ကို မျက်စောင်းလေးထိုးကြည့်ရင်း–

''အခုမှ တွေ့မြင်ဖူးတဲ့သူတွေ မဟုတ်ဘူးနော် ခန့်၊ မြှောက်မနေနဲ့၊ ဒီဝိုင်းကို ရှင်းဆို ထိပ်ထား ရှင်းမှာပါ ... အဟင်းဟင်း''

လွင်လွင်ကလေး ရယ်နေသော ထိပ်ထားကို သူ စိုက်ကြည့်ရင်း ရင်ထဲမှာ ကာလရှည်ကြီး မျိုသိပ်ထားသော စကားတစ်ခွန်း လွှတ်ခနဲထွက်သွားမိသည်။

''ထိပ်ထား ... မင်းကို ကိုယ်ချစ်တယ်''

''ဟင် ... ဘာရယ် ခန့်''

''ဟုတ်တယ် ထိပ်ထား၊ ကိုယ် ထိပ်ထားကိုချစ်တယ်၊ ဒါ အခုမှမဟုတ်ဘူးဆိုတာ ထိပ်ထား သိမှာပါ''

သူ့နှုတ်က ဒီလိုစကားမျိုးထွက်လာမည်ဟု ထင်မှတ်ထားပုံမရသော ထိပ်ထား မှင်တက်တက်လေးငေးနေသည်။ ပြီးမှ ရှက်ပြုံးလေးနှင့် မျက်လွှာလေးချပြုံးရင်း ...

''ထိပ်ထား သိထားပြီးပြီဆိုရင် ခန့်ယုံမလား၊ တကယ်ဆို ရင်ခုန်ရမယ့်အချိန်တွေကိုတောင် လွန်ခဲ့ပါပြီ''

''မဟုတ်ဘူး ထိပ်ထား၊ ဒါ အလေးအနက်စကားတွေပါ၊ ကိုယ်ရည်ရွယ်ထားတာ ထိပ်ထားကို ကိုယ့်ဘဝရဲ့အဖော်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ်လေ''

''ခန့် ထိပ်ထားဘဝအတွက် ခန့်က ငြင်းစရာလူတစ်ယောက်မဟုတ်တာ၊ ထိပ်ထား လက်ခံပါတယ်၊ ဒါပေမဲ့ . . . ခန့် မေမေက ထိပ်ထားအပေါ်မှာ ကြည်ဖြူမှုရှိရဲ့လားဟင်''

ထိပ်ထားစကားကြောင့် သူ ခေါင်းခါဖြေရှင်းမိသည်။

''ထိပ်ထားကို ကိုယ့်ဘဝရဲ့အဖော်အဖြစ် ရည်ရွယ်ထားပြီးသားဆိုတာ ကိုယ် မေမေ့ကို အရင်ဆုံးဖွင့်ပြောတိုင်ပင်ခဲ့တာပါ''

''ဘယ်လိုခန့်၊ ဒါဆို ဒီကိစ္စကို ခန့်မေမေက အရင်ကြို သိထားတာပေါ့''

''ဟုတ်ပါတယ် ထိပ်ထား၊ မေမေက မငြင်းခဲ့ပါဘူး၊ ဒါပေမဲ့ မေမေက ကိုယ်ရွေးချယ်တဲ့ မိန်းကလေးကို အိမ်ထောင်ရှင်မကောင်းတစ်ယောက်တော့ ဖြစ်စေချင်တယ်''

သူ့စကားကြောင့် ထိပ်ထား အလိုမကျသလို ချက်ချင်းမျက်မှောင်ကုတ်သွား၏။ တစ်ချိန်တည်းမှာပဲ မေးခွန်းတွေ နှုတ်က တရစပ်ထွက်ကျလာ၏။

''အိမ်ထောင်ရှင်မ,ကောင်းတစ်ယောက် မဟုတ်လား ခန့်၊ ခန့်ဆိုလိုတာ ဘာလဲ၊ ထိပ်ထားက ခန့်နဲ့ မထိုက်တန်,မသင့်တော်တဲ့သူလို့ ခန့်မေမေက ပြောချင်တာလား''

''ဟာ . . . မဟုတ်ဘူး ထိပ်ထား၊ ကိုယ်ဆိုလိုတာ ဒီသဘောမဟုတ်ပါဘူး''





သူ ကသောကမျော ဖြေရှင်းငြင်းဆိုမိသည်။ မေမေ့စကားတွေက သူ အရှင်မတတ်လျှင် ထိပ်ထား နားလည်မှုလွဲသွားနိုင်တာ သိထားပြီဖြစ်၏။

''မေမေက ထိပ်ထားရဲ့အရည်အချင်းတွေကို သိပါတယ်၊ ထိပ်ထား ထက်မြက်တာလည်း သိတယ်၊ အဲ . . . ဒါပေမဲ့ မေမေက ထိပ်ထားကို မိန်းကလေးပီသစေချင်တာပါ၊ အိမ်မှုကိစ္စတွေကို နိုင်နင်းကျွမ်းကျင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်စေချင်တာပါ''

သူ့စကားမဆုံးခင်မှာပဲ ထိပ်ထား ပြုံးသည်။ လှပသော နှုတ်ခမ်းလေး တစ်ဖက်တည်းတွန့်ကာ ပြုံးသောအပြုံးမှာ အလိုမကျမှုတွေ အရိပ်ထင်နေတာကို သူသိသည်။

''အဟင်း . . . ဘာလဲခန့်၊ ထိပ်ထားက ခန့်ရဲ့ဇနီးဖြစ်ဖို့အတွက် အချက်အပြုတ်၊ အလျှော်အဖွပ်နဲ့ အိမ်ရဲ့ဗာဟီရကိစ္စတွေ ကျွမ်းကျင်တတ်မြောက်ထားရမယ်ဆိုတဲ့သဘောလား''

''ထိပ်ထားရယ် . . . ဟိုလေ မေမေက နည်းနည်းရှေးဆန်တယ်လေ၊ မေမေကိုယ်တိုင်လည်း အိမ်မှာ အကူတွေရှိပေမယ့် မိသားစုကိစ္စတွေကို ကိုယ်တိုင်ဝင်လုပ်ရမှ ကျေနပ်တတ်တာ ထိပ်ထားသိပါတယ်၊ အခုထိ ကိုယ်နားရက်ဆို မေမေက ကိုယ်တိုင်ချက်ကျွေးရမှ ကျေနပ်တာလေ''

''ဆောရီးပဲ ခန့်၊ ထိပ်ထားကတော့ အဲဒီအလုပ်တွေကို ဝါသနာမပါဘူး၊ ငယ်ငယ်ကတည်းက အခုချိန်အထိ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း မလုပ်ဖူးခဲ့တာ ခန့်သိပါတယ်၊ ပြီးတော့ ယောက်ျားနဲ့မိန်းမ အိမ်ထောင်ပြုပြီးရင် အဲဒီမိန်းမက မီးဖိုထဲဝင် လင်ယောက်ျားကို ကျွန်မတစ်ယောက်လို ပြုစုကျိုးနွံရမယ်ဆိုတဲ့အတွေးတွေက ဟိုးအဝေးကြီးမှာ ကျန်ရစ်ခဲ့ပါပြီ ခန့်ရဲ့၊ အဟင်း ...ခန့်လည်း ခေတ်လူငယ်ပဲ သဘောပေါက်မှာပါ''

ထိပ်ထားစကားလုံးတိုင်းမှာ မာနနှင့်နွယ်သောဒေါသ ရိပ်တွေ ပါဝင်နေတာ အထင်အရှား။ သူ့ဆိုလိုတာ ဒီသဘော မဟုတ်ဘူးဆိုတာ ထိပ်ထားနားလည်အောင် ရှင်းပြဖို့ တော်တော် ခက်ပါသည်။

''ထိပ်ထားရယ် ...ကိုယ်ဆိုလိုတာက ဒီသဘော မဟုတ်ပါဘူး၊ ကိုယ်တို့က မြန်မာလူမျိုးတွေလေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးအစဉ်အလာတော့ ရှိရမှာပေါ့၊ ပြောရရင် မေမေက လည်း ထိပ်ထားပြောသလို မီးဖိုထဲမှာ အချိန်ကုန်နေတဲ့သူ မဟုတ်ပါဘူး၊ ယောက်ျားတွေနဲ့ ဒိုးတူပေါင်ဖက်စီးပွားရှာနေတဲ့ မိန်းမပဲ''

''ဟုတ်ပါတယ်၊ ခန့်မေမေ တော်တယ်၊ အရမ်းတော် ပါတယ်၊ သားတစ်ယောက်ကို ပုံသွင်းနိုင်ရုံမကဘူး၊ ချွေးမလောင်းတစ်ယောက်ကိုပါ စံတွေ့နှုန်းတွေနဲ့ ရည်မှန်းထားတာနော်''

လှောင်သံစွက်နေသော ထိပ်ထားစကားတွေက မေမေ့ကိုပါ ထိခိုက်စေတာအမှန်။ ထိပ်ထားဒေါသတွေ ဒီလောက်အထိ





မဆူဝေသင့်ဟု ထင်၏။

''ထိပ်ထား ဒေါသတွေ လျှော့ကွာ၊ ကိုယ်နဲ့ထိပ်ထား ကြားမှာ ဒါ ပြဿနာတစ်ခု မဖြစ်စေချင်ဘူး၊ ကိုယ်တို့ ပြေလည်အောင် ဆွေးနွေးညှိနှိုင်းကြတာပေါ့နော်''

သူ လေသံတည်တည်ငြိမ်ငြိမ်လေးနှင့်ပြောတော့မှ ထိပ်ထား စိတ်ကို ဖြေလျှော့ချလိုက်သလို ပင့်သက်လေးရှိုက်သည်။ ဒေါသရိပ်လေးတွေနှင့် နီမြန်းနေသောမျက်နှာလေးက ချက်ချင်းတော့ ပြေကျမသွားပါ။

''ခန့် ...ခန့်ဘဝအတွက် ရွေးချယ်တာဆိုရင် ခန့်ကိုယ်တိုင်ပဲ ဆုံးဖြတ်ပါ၊ ထိပ်ထားအကြောင်းကို ခန့်အသိဆုံးလေ၊ လူတစ်ယောက်မှာ သူ့ရဲ့မာနတရားနဲ့သူပါ၊ ထိပ်ထားရဲ့မာနကိုလည်း ထိပ်ထား တန်ဖိုးထားတယ်''

သူ ပင့်သက်မောလေး ရှိုက်မိသည်။ မာနတဲ့လား ထိပ်ထားရယ်။ တကယ်ဆို ထိပ်ထား တန်ဖိုးထားတဲ့မာနတွေက ရှိသင့်ပါရဲ့လား။

ဒီလိုမာနတွေကို မေမေကလည်း လုံးဝမကြိုက်တာ သေချာသည်။ ဒီအတိုင်းဆို မေမေနှင့်ထိပ်ထားကြားမှာ နားလည် အဆင်ပြေနိုင်မှုဆိုတာကတော့ ဝေးနေဦးမှာ အသေအချာ။

ဖြစ်ပျက်သောကိစ္စတွေကိုမေ့ကာ ထိပ်ထားကို အရင်လိုပဲ အိပ်အရောက် သူပြန်ပို့ပေးဖြစ်သည်။ ထိပ်ထားကလည်း ဟန်မပျက် နှုတ်ဆက်ပေမယ့် သူ့စိတ်တွေ ညစ်ညူးလေးပင်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

အိမ်ကိုတန်းမပြန်ဖြစ်ဘဲ သူငယ်ချင်းတစ်ယောက်အိမ်ကို ဝင်ဖြစ်သည်။ နှစ်ယောက်သား စကားတွေပြောရင်း စစ်တုရင်ကစားဖြစ်သည်။

သူအိမ်ပြန်ခဲ့တော့ ညနေစောင်းနေပြီ။

"သား စောစောပြန်လာမယ်ထင်တာ"

မေမေက သူ့ကို ဆီးကြိုပြောသည်။ သူ မေမေ့ကို ပြုံးပြရင်း လိမ်ညာရပြန်ပါသည်။

"စကားပြောရင်း မိတ်ဆွေတွေ ထပ်ရောက်လာလို့ ပြန်ရခက်သွားတာ မေမေ"

"အင်း ... စောစောကပဲ သမီးလေး ပြန်သွားတယ်၊ မေမေက သားနဲ့ မိတ်ဆက်ပေးချင်လို့ စောင့်ခိုင်းထားတာ၊ တော်ကြာ အပြန်နောက်ကျမှာစိုးတာနဲ့ ပြန်ခိုင်းလိုက်ရတာ"

မေမေပြောမှ မေမေ့ရဲ့ကျေးဇူးရှင်ကောင်မလေးနှင့် မိတ်ဆက်ပေးဖို့ ပြောထားတာကို ပြန်အမှတ်ရသည်။

"ဆောရီး မေမေရယ် ... နောက်တစ်ခါ သားနားရက်တော့ တွေ့ဖြစ်မှာပါ၊ သား ရေချိုးလိုက်ချင်လို့နော် ... မေမေ"

"ဪ ... အင်း၊ မြန်မြန်လေးချိုးနော် သား၊ ဖျားနာနေဦးမယ်၊ ညနေစာအတွက် ငါးသလောက်ပေါင်းတွေ မေမေ ပြန်နွှေးခိုင်းလိုက်ဦးမယ်၊ သားဆာတော့ စားကြတာပေါ့"

မေမေက သူစားချင်တာတွေ ဂရုတစိုက် စီစဉ်ပေးတတ်





လျက်နဲ့ သူက မေမေ့ကို လိမ်ညာပြီး ထွက်ခဲ့တာအတွက် စိတ်တော့မကောင်းပါ။ မေမေ့ရဲ့ဆန္ဒတွေကို လွန်ဆန်ပြီး ထိပ်ထားကို သူ မျက်စိမှိတ်ရွေးချယ်ဖို့ဆိုတာတော့ ...

တွေးကြည့်ရုံနှင့် သူ့ရင်ထဲ မောသွားသည့်အဖြစ်မှာ။

☼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ခန့် . . . ခဏလေးစောင့်ကွာ အလွန်ဆုံး ငါးမိနစ်လောက်ပဲ"

"ရတယ် . . . မိုးဟိန်း၊ သွားပါ ငါစောင့်နိုင်ပါတယ်"

သူ့ကားနှင့် လမ်းကြုံလိုက်လာသော မိုးဟိန်းဝယ်စရာရှိသည်ဆိုကာ ကားကို ရပ်ခိုင်းတာလို့ စတိုးဆိုင်လေးရှေ့ ပလက်ဖောင်းနံဘေးမှာ သူ့ကားကို အသာထိုးရပ်လိုက်ရသည်။

မိုးဟိန်းဆိုင်ထဲ ဝင်ဝယ်နေတာစောင့်ရင်း သူ့မျက်ဝန်းအကြည့်တွေ ပလက်ဖောင်းမှာ လျှောက်နေသော လူတွေဆီ ဘာရယ်မဟုတ် ဝေ့ကြည့်မိသည်။

ပလက်ဖောင်းပေါ်မှာ လူအများကြီး ရှိမနေပါ။ ဆယ်ကျော်သက်အရွယ် ချာတိတ်နှစ်ယောက် အတူစကားပြောရင်း လျှောက်လာသည်။ သူကြည့်နေတုန်းမှာ လျှောက်နေသော ချာတိတ်ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကြ၏။

တီရှပ်လက်တိုနှင့် သရီးကွာတားဘောင်းဘီတို ဝတ်ထား





သော ပန်းနုရောင်ကောင်လေးက ပလက်ဖောင်းပေါ်မှာကျနေသော တစ်စုံတစ်ရာကို လှမ်းကောက်သည်။

ဒါပေမဲ့ . . . ကောင်လေးခါးကိုင်းကာ လက်လှမ်းတုန်းမှာပဲ ထိုစက္ကူရွက်လေးက လေထဲကို ဝဲပျံလွင့်စဉ်သွား၏။

"ဟာ . . . သူ့ရ လိုက် . . . လိုက်ရောပါဟ"

ကောင်လေး မတ်တတ်ရပ်လေး မှင်တက်နေတော့ ချာတိတ်က လှမ်းအော်ပြောသည်။ ပြောရင်လည်း လွင့်သွားသောစက္ကူလေးကို သူပါလိုက်ကောက်သည်။ သူလည်း စိတ်ဝင်စားသွားတာမို့ မြေပြင်နှင့် လေဟာနယ်ထဲ တလွင့်လွင့်ခုန်နေသော စက္ကူလေးကို မသေမချာကြည့်မိသည်။

သည်တော့မှ သူထင်မိသလို စက္ကူရွက်မဟုတ်ဘဲ ငါးထောင်ကျပ်တန် ငွေစက္ကူတစ်ရွက်ဟု သိလိုက်ရသည်။

"ဟာ . . . လေကလည်း တိုက်နေသေးတယ်"

ကောက်မိတော့မလို လက်ရွယ်လိုက်မှ စက္ကူလေးက မြေပြင်မှာ ရှပ်တိုက်ပြေးလိုက်၊ ခုန်ဆွခုန်ဆွ လုပ်လိုက်ဖြစ်နေတော့ ချာတိတ်နှစ်ကောင် အားမလို အားမရဖြစ်ကာ အသည်းအသန်လိုက်ကောက်ဖို့ ကြိုးစားသည်။

တကယ်ဆို လေက ဒီလောက်တိုက်တာ မဟုတ်ပါဘဲ ငွေစက္ကူငါးထောင်တန်လေး လွင့်လိုက်ခုန်လိုက်ဖြစ်နေတာကို သူ မယုံချင်တော့ပါ။

သံသယတွေနှင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲရှာဖွေကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ...

ဗုဒ္ဓေါ ... ဟိုဗရုတ်သုတ်ခမလေးပါလား။ သူ့လိုပဲ ကားကို ပလက်ဖောင်းဘေးမှာ ထိုးရပ်ပြီး မှန်တံခါးလေး တစ်ဝက်နီးပါး ဖွင့်ထားတာမို့ သင်းလေးကို မြင်လိုက်ရတာဖြစ်သည်။

ပြီးတော့ သူမလက်တွေက ငြိမ်သက်နေတာမဟုတ်။ ရယ်ကျဲကျဲမျက်နှာအမူအရာကိုမြင်ရုံနှင့် သူ့အဖြစ်မှန်ကို သဘောပေါက်လိုက်မိသည်။

ငါးထောင်တန်ငွေစက္ကူထိပ်မှာ ရုတ်တရက်မြင်ဖို့ ခက်ခဲလွန်းသော အပ်ချည်ကြိုးအနက်လေးတပ်ထားကာ ချာတိတ်နှစ်ယောက်ကို နောက်ပြောင်နေတာပဲဖြစ်သည်။

"ဟယ်တော့ ... ငါးထောင်တန်ကြီး"

ဝမ်းသာအားရ အော်သံနှင့်အတူ အကြော်ဗန်းကို ရွက်ထားသောမိန်းမကြီး သူမခြေထောက်ရှေ့နားရောက်လာသော ငါးထောင်တန်ကို ငုံ့ကောက်သည်။ လူရွယ်နှစ်ယောက်ကလည်း မိန်းမကြီးထက် ဦးအောင်ပြေးကောက်ဖို့ ကြိုးစားသည်။

ဗရုတ်သုတ်ခမလေး လက်ထဲက ကြိုးကို ဆောင့်ဆွဲလိုက်ပုံရပါသည်။ ငါးထောင်တန်လေးက ကောက်သည့်သုံးယောက်ကြားက ခုန်ပျံလွင့်ထွက်သွား၏။

"အောင်မယ်လေးတော့ ကျုပ်အကြော်တွေ ကုန်ပါပြီတော်"

"ဟာဗျာ ... အဒေါ်ကြီး အချဉ်ရည်တွေ ပေကုန်ပြီ၊





နဲလိုက်တာ ... ထွီ"

"ဘာ ... နင်တို့နဲ့ ဝင်တိုက်မိတာလေ၊ နင်တို့လျော်ပေး ... ဒါပဲ"

"ဟာ ... ဘာဆိုင်လို့လဲဗျ၊ ပိုက်ဆံက ကျွန်တော်တို့ပိုက်ဆံ ... အဲ အဲ"

ကောင်လေးနှစ်ယောက်နှင့် အကြော်သည်မိန်းမကြီး ပြဿနာတွေတက်ကုန်ပြီ။ MARK II ကားနက်ကြီးထဲမှ ကောင်မလေးကတော့ ကြိုးတန်းလန်းနှင့် ပိုက်ဆံကို ပြန်ဆွဲယူနေသည်။

အရယ်မပြယ်သေးသောမျက်နှာနှင့် မျက်ဝန်းလေးတွေ ဟိုကြည့်ဒီကြည့်လုပ်တော့ သူ့မျက်ဝန်းတွေနှင့် ထိပ်တိုက်ဆုံ၏။

"အယ်"

မျက်ဝန်းတွေလိုပဲ သူမပါးစပ်လေးပါ အဟောင်းသားဖြစ်သွားသည်။ ဒီကောင်မလေးကို သူမှတ်မိသလို သူမကလည်း မှတ်မိနေတာတော့ မျက်ဝန်းလေးတွေက သက်သေတည်နေ၏။

"အိုခေ ... ရပြီ ခန့်ရေ ... သွားကြရအောင်"

ကားတံခါးဖွင့်ကာ မိုးဟိန်းဝင်ထိုင်မှ သူ့ကားလေးကို ညင်သာစွာ မောင်းထွက်ခဲ့မိတော့သည်။ ကားနောက်ကြည့်မှန်ထဲမှာ ဗရုတ်သုတ်ခမလေး ပေးလိုက်သောပြဿနာတွေ ကျန်ရစ်ခဲ့သော သုံးယောက်ကိုတော့ မြင်နေရသေးသည်။

တော်တော့်ကို ဆိုးရွားလွန်းသည့် ကောင်မလေးပါပဲ။ သူများ ဒုက္ခရောက်မှ စားဝင်အိပ်ပျော်သည်ထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်းကြည့် သင်းကလေး လုပ်လိုက်သည့်ကိစ္စလေးကြောင့် အကြော်သည်မကြီးခမျာ အကြော်ဗန်း မှောက်သွားခဲ့သလို ချာတိတ်လေးမှာလည်း အချဉ်ရည်တွေ ရွှဲရွှဲစိုကုန်သည့် အဖြစ်။

ရုပ်ကလေးလှသလောက် စိတ်ပုပ်လိုက်တဲ့ ကောင်မလေးပါလား။

☼

တကယ်ပါပဲ။ စွဲမက်စိတ်ညစ်သွားတာမှ သေချင်စော်နံရော။ ကံကြမ္မာကလည်း ဆိုးလွန်းလိုက်တာ စွဲမက်နဲ့ ဒီကိုလူချောကိုမှ အမြဲတမ်း မကြုံချင်တဲ့အဖြစ်မျိုးနဲ့ ဆုံတွေ့ပေးတတ်တာ။

စွဲမက်မှာတော့ ကိုယ့်အကြံနဲ့ကိုယ် သူ့ကားကြီး ရပ်ထားတာကိုလည်း သတိမထားမိခဲ့။ သူ့ကိုလည်း လုံးဝမမြင်ခဲ့။

စွဲမက်စိတ်က ဟိုမျောက်ရှုံးညီအစ်ကို,ကို လှောင်ပြောင်အရက်ခွဲဖို့ပဲ အာရုံရှိနေခဲ့သည်။

သူရနဲ့သီဟဆိုတဲ့ ဒီညီအစ်ကိုကလည်း စွဲမက်ကို ဒုက္ခပေးပေါင်းများပြီ။ တစ်လမ်းတည်းသားချင်းမို့ စွဲမက် သည်းခံပေးယယ့် ဒီနှစ်ကောင်က ပိုကဲလာသည်။





တကယ်ဆို သင်းတို့ထက် စွဲမက် လေးနှစ်ကျော်လောက်တောင် အသက်ကြီးပါသေးသည်။ ဂါရဝတရားလည်းမရှိသော ဂျစ်ပစီလေးတွေက လမ်းမှာ မကြုံလိုက်နဲ့ မခန့်လေးစား စတတ်သည်။

စွဲမက် တစ်ယောက်တည်း လျှောက်လာရင်း ဒေါသထွက် ခြေလှမ်းတွေပျက်အောင် ဘယ်ညာ၊ ဘယ်ညာ နှုတ်ကပိုင်းအော်ပြီး နောက်ပြောင်သည်။ တစ်ခါလည်း စွဲမက် စွန်လွှတ်နေတုန်း အယုတ်တမာစိတ်နဲ့ အလယ်က ပိုင်းဖြတ်ပစ်လို့ ဒေါသထွက်ခဲ့ရ၏။

ဒါတင်မကသေးပါ။ ဒီညီအစ်ကိုနှစ်ယောက် ခြံရှေ့က စွဲမက် တစ်ခါဖြတ်လျှောက်တုန်း ခြံထဲက ရေပိုက်နဲ့ လှမ်းပက်သည်။

ဒေါသတွေ အလျှားလိုက်ထွက်ကာ စွဲမက် သူတို့မိဘတွေတိုင်တော့ မတော်တဆဖြစ်သလို လူကိုမမြင်သလိုဘဲဖြစ်သလို ပြောသေးသည်။ ဆရာမနိုင် မိဘမနိုင် ဒီညီအစ်ကိုနှစ်ယောက်ကို ပညာပေးဖို့ စွဲမက် အချိန်ကောင်းကို စောင့်နေခဲ့မိသည်။

မျောက်ရှုံးညီအစ်ကိုနှစ်ယောက် လမ်းထွက်သွားတာမြင်တော့ စွဲမက် ကားနှင့်လိုက်ခဲ့ကာ ဒီပလက်ဖောင်းက ကြိုစောင့်နေခဲ့သည်။

သင်လေးတို့လာမည့်လမ်းက ငါးထောင်တန်ငွေတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွက်ကို ချည်ကြိုးနဲ့ ချိတ်ချထားခဲ့၏။

ထင်သည့်အတိုင်းပါပဲ။ ပိုက်ဆံကိုမြင်တော့ သူတို့နှစ်ယောက် ဟန်မဆောင်နိုင်ဘဲ ငမ်းငမ်းတက်လုကောက်ကြသည်။ စွဲမက် ကြိုးလေးကို အလိုက်သင့်ဆွဲရင်း လှုပ်ပေးရင်း ကျိတ်ရယ်နေရတဲ့အဖြစ်။

မထင်မှတ်ဘဲ ပြဿနာထဲ ဝင်လာတာ အကြော်သည် မိန်းမကြီးဖြစ်သည်။ မိန်းမကြီးပါ ပိုက်ဆံကိုလုကောက်တော့ ပြဿနာတွေက ရှုပ်ထွေးကုန်၏။ ဒါပေမဲ့ ဒါက စွဲမက်အတွက် ပြဿနာမဟုတ်ပါ။

အကြော်သည် မိန်းမကြီးကို ကျေနပ်အောင် တောင်းပန်ကာ ထိုက်ထိုက်တန်တန် လျော်ကြေးပေးလိုက်တော့ အဆင်ပြေသွားသည်။ ဟိုညီအစ်ကိုနှစ်ယောက်လည်း မျက်နှာကြီးတွေ နီရဲလျက် စွဲမက်ကိုတောင် မော့မကြည့်ရဲဘဲ လစ်သွားကြသည်။

ဒါပေမဲ့ စွဲမက် ပြည့်ပြည့်ဝဝ မပျော်နိုင်ပါ။ ဒါက ခန့်တည်ငြိမ်ဆိုသော ကိုလူချောကို မထင်မှတ်ဘဲ မြင်တွေ့လိုက်ရတာကြောင့်ဖြစ်၏။

သူ့မျက်စိရှေ့မှောက်ကျမှ စွဲမက်မှာ သူ အထင်လွဲစရာတွေနဲ့ပဲ ကြုံနေရတာ ဆိုးပါသည်။

အခုလည်း သူ့အကြည့်တွေက စွဲမက်ကို အထင်သေး ရှုံ့ချသလို ကြည့်သွားခဲ့တာ အထင်အရှား။

စွဲမက်သျှင်ဆိုတဲ့ ကောင်မလေးကို သူ ဘယ်လိုသတ်





မှတ်သွားခဲ့သည်လဲ။ စွဲမက်အကြောင်းတွေ အနိဋ္ဌကြီးကို ပြန်ပြောလျှင်တော့ ခက်ပါပြီ။

အထင်မလွဲလိုက်ပါနဲ့ ကိုလူချောရယ်။

စွဲမက် စိတ်ထားက ရှင်အထင်လွဲနေသလို ဗရုတ်ကျကျ ကောင်မလေးမဟုတ်ပါဘူး။ ပြဿနာအိုးလေး မဟုတ်ပါဘူး။

ဒါကို ယုံပါရှင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

စားပွဲပေါ်မှ ဟင်းခွက်တွေကိုကြည့်ရင်း ဒယ်ဒီ အံ့သြနေတာ စွဲမက် သိပါသည်။ ဒီနေ့ ဒယ်ဒီ့ပိတ်ရက်မို့ စွဲမက် လက်စွမ်းပြချက်ပြုတ်ထားသော ဟင်းလျာတွေက စုံလင်ပါသည်။

"ဒယ်ဒီ စားလေ၊ ဒီမှာက ဝက်သားပုန်းရည်ကြီးချက်၊ ဒါက ကြက်သားဆီပြန်၊ ဒီမှာ ငါးဖယ်ငါးဆုပ်၊ ဒါက အစိမ်းကြော်၊ ဒီမှာ အရည်သောက် ဗုံလုံသီးအချိုချက်၊ ပုစွန်ခြောက် ငါးပိကြော်ကလည်း ရှယ်နော်၊ ဒယ်ဒီ တစ်ဇွန်းလောက်တော့ မြည်းဖြစ်အောင် မြည်းကြည့်၊ လျှာလည်သွားမယ် သိလား"

စွဲမက် မမောစတမ်း ပြောနေတာကို နားထောင်ရင်း ဒယ်ဒီ ဟင်းတွေကိုကြည့်လို့နေသည်။ ဘွားအုန်းကတော့ စွဲမက်တို့သားအဖနှစ်ယောက်ကို ပြုံးပြုံးကြီးကြည့်ကျေနပ်နေ၏။

"ဟင်းတွေကတော့ မြင်ရတာနဲ့ သွားရည်ယိုချင်စရာပဲ ဟေ့၊ စားလိုက်မှ ငန်မလား၊ ပေါ့မလား မသိဘူး"

ဒယ်ဒီပြောတော့ စွဲမက် မကျေမနပ် မျက်မှောင်လေး





ကုတ်ကြည့်ရင်း ...

"ဒယ်ဒီက အထင်သေးတာလား၊ ကြိုက်တဲ့ဟင်းကို မြည်းလိုက်စမ်းပါ၊ အရသာမရှိရင် သမီးကို ကြိုက်သလိုပြော"

စွဲမက်ပြောရင်း ဘွားအုန်း ပန်းကန်ထဲကို ဝက်သားဟင်း တစ်ဖတ် ဦးချသည်။ ပြီးတော့ ဒယ်ဒီ့ပန်းကန်ထဲ ဦးချပေးသည်။ ဒယ်ဒီက ဝက်သားတုံးအိအိနူးနူးကို ဇွန်းခက်ရင်းနှင့် ဖဲ့ယူကာ စားသည်။

ဒယ်ဒီ့မျက်နှာပေါ်က အမူအရာကိုစောင့်ကြည့်ရင်း စွဲမက် အကဲခတ်ကြည့်၏။ စွဲမက်ချက်သော ဟင်းလျာ၏အရသာကို ဒယ်ဒီ အရသာတွေ့သွားတာ သေချာ၏။ ဒယ်ဒီရဲ့မျက်ခုံးနှစ်ဖက် ပင့်တက်သွားတာက သက်သေဖြစ်သည်။

"ဘယ်နှယ့်လဲ ဒယ်ဒီ ... အရသာမှရှိရဲ့လား"

ဒယ်ဒီ ခေါင်းညိတ်ကာ ပန်းကန်ထဲက ဝက်သားတုံးကို ခပ်စားသည်။ ပြီးမှ ပလုတ်ပလောင်းနှင့် ...

"သိပ်ကောင်းတယ် သမီး၊ သမီးချက်တာမှ ဟုတ်ရဲ့လားတောင် ဒယ်ဒီ သံသယဖြစ်တဲ့အထိပဲ"

"မင်း,သမီးပဲ ချက်နေတာ မောင်မြတ်သျှင်ရေ၊ မနက်ကတည်းက မီးဖိုထဲ ဝင်ချက်နေတာလေ၊ သူ့ခြေ သူ့လက်ချည်းပဲ၊ ကျုပ်တောင် ဘာမှမကူရပါဘူးတော်"

ဘွားအုန်းက ပြောရင်း ကြက်သားဟင်းတစ်တုံးကို ခပ်ထည့်စားနေ၏။ စွဲမက်ကလည်း ဒယ်ဒီ့ပန်းကန်ထဲ ဟင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ထည့်ပေးလိုက်သည်။

"ဟား ... ငါ့သမီးလက်ရာက တကယ့်ဟိုတယ်ကြီးတွေကထက် သာတယ်၊ နေပါဦး သမီး ဘယ်လိုချက်ထားတာလဲ၊ ဘာလဲ ဟင်းချက်နည်းစာအုပ်တွေဖတ်ပြီး စပါယ်ရှယ်လေ့ကျင့်ထားတာလားကွ"

"လုံးဝမဟုတ်ဘူး ဒယ်ဒီ၊ လက်တွေ့သင်ထားတာပါ"

"ဘယ်လို ... သမီးက ဘယ်ကအချက်အပြုတ်သင်တန်းတွေ တက်နေတာလဲ၊ ဒယ်ဒီတောင် မသိလိုက်ဘူး"

"ဘယ်သင်တန်းမှ မဟုတ်ပါဘူး ဒယ်ဒီရဲ့၊ အန်တီကြီးသင်ပေးတာလေ၊ အန်တီဒေါ်နှင်းနှင်းမြိုင်လေ"

ဒယ်ဒီ စွဲမက်ရဲ့ဟင်းလျာတွေကို နှစ်ခြိုက်သွားကာ အားပါးတရ စားနေရင်း အံ့ဩသွားသလို မျက်လုံးကြီး ပြူးကြည့်သည်။ ပြီးမှ ပါးစပ်ထဲက ထမင်း,ဟင်းတွေကို ကသောကမျောမျိုချသည်။

"ဒီမှာ ဒယ်ဒီ၊ ပုံလုံသီးဟင်းချိုလေး သောက်လိုက်နော်"

ဟင်းချိုတစ်ဇွန်းကို ဒယ်ဒီ ယူသောက်ပြီးမှ ...

"ဒေါ်နှင်းနှင်းမြိုင်က သမီးကို ဟင်းချက်နည်းတွေ သင်ပေးတယ်ဟုတ်လား"

"ဒါပေါ့ ဒယ်ဒီရဲ့၊ အန်တီကြီးက ကိုယ်တိုင်ချက်တတ်ပြုတ်တတ်တာ၊ သူ့လက်ရာကို သမီး စားဖူးတယ်၊ အရမ်းကောင်းတာ၊ ဒါကြောင့် အတတ်သင်ပြီး ဒယ်ဒီ့ကို ပြန်ချက်ကျွေး





တာလေ"

ဒယ်ဒီ သဘောကျစွာ ခေါင်းတညိတ်ညိတ်ကျေနပ်နေ၏။ ဘွားအုန်းနှင့်ဒယ်ဒီ စွဲမက်ကိုယ်တိုင်ချက်သော ထမင်းဟင်းတွေကို အားပါးတရစားနေတာမြင်တော့ စွဲမက် ကျေနပ်နေမိတာ အမှန်။

"အန်တီကြီးက သမီးကို အသေအချာ သင်ပေးတာ၊ ပြီးတော့ ပြောသေးတယ်၊ မိန်းကလေးဆိုတာ အချက်အပြုတ်ပညာတော့ တတ်ရမယ်တဲ့ သိလား၊ စွဲမက် ဝါသနာပါတော့ အန်တီကြီးက သဘောကျချီးကျူးနေတာ ဒယ်ဒီရဲ့"

စွဲမက် ပြောနေတာတွေ နားထောင်ရင်း ဒယ်ဒီ ငါးဖယ်ငါးဆုပ်လေးဝါးကာ ပြုံးနေသည်။ ဘွားအုန်းကလည်း ချီးကျူးမဆုံး။

"သမီးလေးလက်ရာက ကောင်းလွန်းလို့ ဘွားအုန်းတောင် ထမင်းနှစ်ပွဲတောင် ကုန်တယ်ဟေ့၊ ဝက်သားတွေ စားကောင်းကောင်းနဲ့စားလိုက်တာ၊ ပြီးရင် ဆေးတော့သောက်မှဖြစ်မယ် ... ဟင်း ဟင်း"

"စွဲမက်လက်ရာ နေ့တိုင်းစားရင်း ဘွားအုန်းခန္ဓာကိုယ်ကြီး စည်ပိုင်းကြီးဖြစ်လာမှာ သေချာတယ် ... ဟင်း ဟင်း"

"ဟုတ်ပါ့တော် ... ဟုတ်ပါ့၊ ငါ့သမီးလေးကတော့ တကယ်အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်မှာသေချာတယ်"

ဘွားအုန်းဆိုတော့ ဒယ်ဒီက စွဲမက်ကို ပြုံးကြည့်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



မေးပြန်သည်။

"သမီးကို မေးရဦးမယ်၊ မနှင်းနှင်းမြိုင်မှာ သားသမီးတွေ ရှိသလား"

"ရှိတယ် ဒယ်ဒီ၊ သားတစ်ယောက်ရှိတယ်၊ သမီးထက် နှစ်နှစ်လောက် ကြီးမယ်ထင်တယ်၊ ခန့်တည်ငြိမ်တဲ့၊ သူက လေယာဉ်မှူးတစ်ယောက်လေ"

"အင်း ... ဒါဆိုရင်တော့ မနှင်းနှင်းမြိုင် သိပ်မရိုးဘူး ထင်တယ်"

"ဟင် ... ဒယ်ဒီ ဘာကိုပြောတာလဲ"

စွဲမက် မျက်လုံးလေးဝိုင်းမေးတော့ ဒယ်ဒီ ပြုံးပြီး ခေါင်း တညိတ်ညိတ်နှင့် ကြည့်နေရာမှ ...

"ဒယ်ဒီ့သမီးကို သူ ချွေးမတော်ချင်နေပြီထင်တယ်"

ဒယ်ဒီ့စကားကြောင့် စွဲမက်မျက်နှာလေး ရဲသွားသည် အထိ ရှက်သွေးဖြန်းသွား၏။

"ဟုတ်တယ်မဟုတ်လား သမီး"

"အာ ... ဒယ်ဒီကလဲ"

စွဲမက် ခေါင်းလေးငုံ့ကာ ထူပူသွားသည်။ ဘာကြောင့် မှန်းမသိ ရင်ခုန်သံတွေက တဒိန်းဒိန်းခုန်နေသည်။

"ဟုတ်လား သမီး၊ ဘွားအုန်းသမီးလေးကိုတော့ တော်ရုံ လူနဲ့ သဘောမတူဘူးနော်"

"ဟာ ... ဘွားအုန်းကလည်း ဘာတွေပြောမှန်းမသိ





ဘူး"

စွဲမက် ရှက်ကိုးရှက်ကန်းဖြစ်နေတာကိုကြည့်ကာ ဒယ်ဒီ နှင့်ဘွားအုန်းကတော့ ပြုံးစိစိဖြစ်နေကြသည်။

ကိုလူချောပုံရိပ်ကို စွဲမက်အာရုံထဲမှာ ပြေးမြင်မိသည်။ ရှင်းသန့်နေအောင် ချောမောသောမျက်နှာက သေသေသပ်သပ် ဆံပင်တိုတိုကြောင့် ပိုလို့ကြည့်ကောင်းပါသည်။

မြင့်မြင့်မားမားအရပ်အမောင်းနှင့်ခံ့ထည်သော လေ ယာဉ်မှူးဝတ်စုံကလည်း လိုက်ဖက်လွန်းသည်။ အပြင်မှာ စွဲမက် နှင့်သူ ဆုံမိတိုင်း တည်ကြည်လွန်းသောမျက်နှာအမူအရာတွေနှင့် ပဲ ဖြစ်သည်။

ပိုဆိုးသည်က ဆုံတိုင်းလည်း စွဲမက်ရဲ့အပြုအမူတွေကို သူ အထင်လွဲစရာတွေပဲ ဖြစ်နေတာက ခက်ပါသည်။

အန်တီကြီးက စွဲမက်နှင့်သူ့ကို တွေ့ဆုံပေးချင်နေတာ စွဲမက် သိ၏။ ပြီးခဲ့သည့်တစ်ပတ်ကပဲ ဖုန်းဆက်ခေါ်တာကြောင့် စွဲမက် သွားရသေး၏။ ဒါပေမဲ့ ဟိုရောက်တော့ သူ မရှိပါ။

အပြင်ထွက်သွားတာမို့ မတွေ့ခဲ့ရ။ အန်တီကြီးချက်ပြုတ် ပြသော ငါးသလောက်ပေါင်းနည်းကိုပဲ စွဲမက် ကြည့်ခဲ့သင်ခဲ့ရ သည်။ ခန့်တည်ငြိမ်ဆိုသောသူနှင့် ဆုံတွေ့ခွင့်က လွယ်မယောင် နှင့် ခက်ခဲနေ၏။

ဒါပေမဲ့လည်း မျောက်ရှုံးညီအစ်ကို့ကို စွဲမက် ပညာပေး သည့်နေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စွဲမက်လုပ်ရပ်တွေကြောင့် သူကတော့ ခပ်ချဉ်ချဉ်ဖြစ်နေမှာ သေချာ၏။ ဒါကြောင့်လည်း သူနှင့်ဆုံမှာကို စွဲမက် စိုးထိတ်နေခဲ့တာပဲဖြစ်သည်။ ကိုယ်မှန်တယ်ထင်လျှင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သော စွဲမက်ရဲ့ဉာဉ်ကလေး ဘာကြောင့်ပြောင်းလဲချင်နေတာလဲ မသိပါ။

တကယ်ဆို စွဲမက်ဘဝမှာ ဘယ်ယောက်ျားကိုမှ ရင်ခုန်လှုပ်ခတ်တာမျိုး မရှိခဲ့ဖူးပါ။

ကျောင်းမှာတုန်းက အားလုံးသော ယောက်ျားလေးတွေကို စွဲမက် ဥပေက္ခာပြုထားခဲ့သည်။ စွဲမက်ဘဝမှာ ဒယ်ဒီနှင့်ဘွား အုန်းပဲ ရှိသည်။ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေမည်။

ဘာအပူအပင်အကြောင့်အကြမှမရှိသည့် ဘဝလေးမှာပဲ ရှင်သန်ချင်သည်။ ချစ်သူရည်းစားထားခြင်းက အပူတွေကို ဝယ်ယူတာဟု ကြွေးကြော်ခဲ့ဖူးသော စွဲမက်။

အခုတော့ ကိုလူချောကြောင့် ခက်ရပြီ ထင်ပါရဲ့။

☀



## အခန်း (၁၃)

"ဒယ်ဒီတော့ လိုက်ဖြစ်မှာ မဟုတ်ဘူးသမီး၊ အဲဒီ နေ့ကျ ဒယ်ဒီတို့ကုမ္ပဏီရဲ့ လပတ်အစည်းအဝေးရှိတယ်၊ သမီးပဲ သွားလိုက်ပါကွယ်၊ မနှင်းမြိုင်ကိုလည်း သမီးပဲ ပြောပြလိုက်ပါ"

အန်တီဒေါ်နှင်းနှင်းမြိုင်အိမ်မှာပြုလုပ်သည့် အလှူပွဲကို ကုမ္ပဏီရဲ့အစည်းအဝေးကြောင့် ဒယ်ဒီ မလိုက်နိုင်ဘူးဆိုတော့ စွဲမက်တစ်ယောက်တည်းပဲသွားဖို့ အကြောင်းဖြစ်လာသည်။

စွဲမက် နည်းနည်းတော့ စိတ်က တွန့်ဆုတ်ဆုတ်ဖြစ်မိကာ အန်တီဒေါ်နှင်းနှင်းမြိုင် ဖုန်းဆက်စဉ်က ပြောခဲ့သောစကားကြောင့်ပဲဖြစ်သည်။

"သမီးလေး လာဖြစ်အောင်လာနော်၊ အဲဒီနေ့ကျရင် သားလည်း အိမ်မှာ ကျိန်းသေရှိနေမှာ၊ ဒီတစ်ခါတော့ ခန့်နဲ့သမီး မလွဲမသွေ လူချင်း ဆုံတွေ့ကြပြီပေါ့ကွယ်"

အန်တီကတော့ သူမသားတော်မောင်ကိုလူချောကို



www.burmeseclassic.com

www.burmeseclassic.com



စွဲမက် အပြင်မှာလည်း မြင်ဖူးထားတာ လုံးဝမသိတာမို့ ဆုံတွေ့ပေးချင်နေသည်။

"သားကလည်း သမီးလေးကို မြင်ချင်, တွေ့ချင်နေတာကွဲ့၊ အန်တီက သမီးလေးရဲ့အကြောင်းတွေ ပြောပြထားတာလေ . . . အဟင်း ဟင်း"

အန်တီကြီးပြောတော့ စွဲမက်ရင်လေး လှုပ်ခတ်ခုန်မိသလို သူနဲ့ဆုံရမှာလည်း ကြောက်လန့်နေမိသည်။ အစကတော့ ဒယ်ဒီပါ လိုက်တာမို့ စွဲမက် ကြောက်စိတ်လေး ပျောက်ကာအားရှိမိသေး၏။

အခုတော့ ဒယ်ဒီက မလိုက်ဖြစ်ဘူးဆိုတော့ ခပ်ရှုံ့ရှုံ့ဖြစ်ရ၏။

"သမီး သွားလိုက်ပေါ့ကွယ်၊ စောစောစီးစီးသွားပြီး ကူညီပေးလိုက်ပေါ့၊ မနှင်းမြိုင်က သူစိမ်းမှမဟုတ်ဘဲ၊ သမီးကို မျှော်နေမှာပေါ့"

ဒယ်ဒီက စွဲမက်ကိုတောင် စ,နောက်နေသေးသည်။ စွဲမက် သူနဲ့ ရင်ဆိုင်ရမှာ စိုးရိမ်နေတာ ဒယ်ဒီမှမသိဘဲ။

"မအေတူဆိုရင်တော့ ဒီကောင်လေး ခပ်ချောချောပဲဖြစ်မှာပါ၊ သမီး အသေအချာကြည့်ပြီး အကဲခတ်ခဲ့ပေါ့ ဟုတ်လား"

"ဟာ . . . ဒယ်ဒီကလည်း လာနောက်နေပြန်ပါပြီ"

"နောက်တာ မဟုတ်ဘူးလေကွာ၊ ဒယ်ဒီ ခက်ခက်ခဲခဲ





ရှာဖွေစရာမလိုဘဲ သမီးဘာသာ ရှာထားတဲ့သူကိုး . . . ဟားဟား"

ဒယ်ဒီရယ်မောနေတော့ စွဲမက် မျက်နှာလေးပူကာ အခန်းထဲ ပြေးဝင်ခဲ့မိ၏။ တကယ်ဆို ဒယ်ဒီ ပြောလည်း ပြောစရာပါပဲ။ စွဲမက်ကိုယ်တိုင်ကိုက အန်တီကြီးကို မြင်မြင်ချင်းချစ်ခင်သွားခဲ့မိတာ ဖြစ်သည်။

ဓာတ်ပုံထဲမှာ အန်တီကြီးသားပုံရိပ်ကိုမြင်တော့ စွဲမက် အံ့ဩခြင်းတွေနှင့် ရင်လေးလှုပ်ခတ်တုန်ခါခဲ့တာအမှန်။ ဒါ . . . သူ့ရဲ့ချောမောရှင်းသန့်သော ရုပ်သွင်ပြင်တစ်ခုတည်းကြောင့် မဟုတ်တာသေချာ၏။

စွဲမက်သျှင်ဆိုသော သူမအချစ်ကို ပိုင်ဆိုင်ဖို့ ခခယယ ကြိုးစားခဲ့သူတွေထဲမှာ နုညက်အောင်ချောသူတွေ, ဥစ္စာဓနပြည့်စုံသူတွေ အများကြီးပါခဲ့တာပဲလေ။

သူ့ဓာတ်ပုံကိုမြင်တော့ စွဲမက် သူနဲ့ဆုံခဲ့ဖူးတာတွေကို ပြန်အမှတ်ရမိသည်။ ပြီးတော့ ရင်မှာ ဝမ်းသာခြင်းတွေ၊ လှိုက်ဖိုခြင်းတွေ ဖြစ်ခဲ့ရ၏။ အချစ်ကို မခံစား,မပိုင်ဆိုင်ခဲ့ဖူးသော စွဲမက်ကို ဖူးစာရေးနတ်က သူနှင့်ဆုံအောင် တွေ့ခွင့်ပေးခဲ့သည်လား။

စွဲမက်ကိုတွေ့လျှင် သူ အံ့ဩသွားမှာတော့ သေချာပါသည်။

ကသောကမျောလေး ရေမိုးချိုးပြီးတော့ စွဲမက် အလှပြင်မှန်တင်ခုံရှေ့မှာထိုင်ကာ စိတ်လိုလက်ရလေး ပြင်ဆင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်ပါးပါးလေးတင်သည်။ နှုတ်ခမ်းဆိုးဆေးကိုလည်း အရောင်ဖျော့ဖျော့လေးပဲ သုံးသည်။ နဂိုပေါ်လွင်ပြီးဖြစ်သော မျက်ခုံးနှင့်မျက်တောင်ကော့ကော့လေးတွေကိုတော့ ဒီအတိုင်းပဲ ထားလိုက်ပါသည်။

နို့ပြာရောင်ထက်အောက်ဝတ်စုံလေးကတော့ စွဲမက်၏ ကိုယ်လုံးလေးနှင့် ချပ်ချပ်ရပ်ရပ်လေးပါပဲ။

အားလုံးပြင်ဆင်ပြီးတော့ ခုနစ်နာရီတောင် မထိုးသေးပါ။ အန်တီကြီးကို ကူညီပေးချင်တာမို့ စွဲမက် စောစောပဲ ထွက်ခဲ့လိုက်သည်။

※

သူ ရေမိုးချိုးပြီး အဝတ်အစားလဲနေတုန်းမှာပဲ မေမေရဲ့ အသံကို ကြားလိုက်ရတာဖြစ်သည်။

"ဟယ် ... သမီးလေး ... လာ လာ၊ စောစောလာတာ အတော်ပဲ"

"တမင်စောစောလာတာ၊ အန်တီတို့ကို ဝိုင်းကူလုပ်ပေးချင်လို့ပါ"

"ကျေးဇူးတင်ပါတယ် သမီး၊ အားလုံးကတော့ အသင့်ဖြစ်နေပါပြီကွယ်၊ သမီးလေး ဘာမှလုပ်စရာ မလိုတော့ဘူး၊





ဧည့်သည်တွေလာရင်ပဲ ဝိုင်းကူညီဧည့်ခံပေးနော်"

"ဟုတ်ကဲ့ အန်တီ၊ ဒယ်ဒီက ကုမ္ပဏီအစည်းအဝေးရှိလို့ မလာနိုင်တာ တောင်းပန်ပါတယ်တဲ့"

"ရတယ် ... ရတယ် သမီး၊ ခဏထိုင်ဦး သမီး၊ သားခန့်နဲ့ မိတ်ဆက်ပေးရဦးမယ်"

အသံတွေကို သူ အခန်းထဲက ကြားနေရသည်။ မေမေ ရောက်လာတော့ သူ အဝတ်အစားလဲပြီးနေခဲ့ပြီ။

"သား ... မေမေနဲ့ ဧည့်ခန်းထဲ လိုက်ခဲ့စမ်းပါ၊ သမီးလေးနဲ့ မိတ်ဆက်ပေးချင်လို့"

"အခုပဲ ဆင်းလာတော့မလို့ပါ မေမေရဲ့"

သူ မေမေနှင့်လိုက်ခဲ့သည်။ မေမေ မိတ်ဆက်တွေ့ဆုံပေးချင်နေသော ကောင်မလေးကို သူလည်း မြင်တွေ့ဖူးချင်ပါသည်။ မေမေ သဘောကျကျေနပ်လောက်အောင် ဘယ်လောက်တော်၊ ဘယ်လောက်ချောမောနေသည်မသိ။

"သမီးလေး လာတဲ့ရက်တွေကျ သားက မရှိတော့ မဆုံဖြစ်ဘူး ဖြစ်နေကြတာ၊ အဟင်း ... ဒီတစ်ခါတော့ ဆုံဖြစ်ကြပြီပေါ့"

မေမေ ကျေနပ်နပ်ပြောရင်း သူ့လက်မောင်းကိုတွဲကာ ဧည့်ခန်းထဲ လှမ်းထွက်သည်။ ဆိုဖာထိုင်ခုံမှာ ထိုင်နေသော မိန်းကလေးကို သူ လှမ်းကြည့်မိတော့ တုန်လှုပ်စွာ မျက်လုံးတွေ ပြူးသွားမိတဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ...ဒီမှာလေ အန်တီ့သားခန့်"

မေမေ့လေသံမှာ ကျေနပ်ဂုဏ်ယူခြင်းတွေအပြည့်။ ကောင်မလေး သူ့ကို ပြုံးကြည့်ရင်း မတ်တတ်ထ,ရပ်သည်။

"သား ...သမီးလေးနာမည်က စွဲမက်သျှင်တဲ့၊ အဟင်း ...အန်တီပြောပြထားလို့ သမီးကို သားက ရင်းနှီးပြီး သားကွဲ့"

"ဟုတ် ...ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ကောင်မလေး နှစ်လိုဖွယ်ပြုံးရင်း ခေါင်းလေးညိတ်ပြသည်။ သူ အလိုက်သင့် ခေါင်းညိတ်ပြလိုက်ရပေမယ့် ကုတ်ထားသော မျက်မှောင်ကြီးကို မဖြေဘဲ စူးစိုက်ကြည့်နေမိ၏။

"သမီးလေးက မေမေနဲ့ မကြာခဏဆုံဖြစ်တယ် သားရဲ့၊ အိမ်ရောက်တိုင်း မေမေချက်ပြုတ်တာတွေ သင်ထားလို့ အတော်တောင် တတ်နေပြီ၊ မေမေ့လက်ရာကိုမီ,မမီ သားနားတဲ့ တစ်ရက်ကျမှဆုံပြီး ချက်ပြုတ်စားကြတာပေါ့နော်"

မေမေကတော့ ဘာမှမသိရှာဘဲ ဒီကောင်မလေးအပေါ်မှာ အထင်တွေကြီးနေတာတော့ စကားတွေက သက်သေပါပဲ။ သူကတော့ ဒီကောင်မလေးကို ကောင်းကောင်းကြီးမှတ်မိနေသလို သင်းလေးအကြောင်းတွေကိုလည်း သိထားပြီးပြီ။

ဒီကောင်မလေးလည်း သူ့ကို မှတ်မိမှာသေချာ၏။ သူ့စိတ်က အလိုမကျတာကို ရိပ်မိနေသည်ထင်ပါရဲ့။ သင်ကလေး မဝံ့မရဲလေးကြည့်ကာ ပြန်ခေါင်းလေး ငုံ့သွားခဲ့သည်။





"ကဲ ...ပြီးမှ အေးအေးဆေးဆေး စကားတွေပြောကြတာပေါ့၊ သမီးရေ ... လာ အန်တီတို့စားပွဲဝိုင်းတွေ သွားပြင်ဆင်ထားရအောင်၊ ခဏနေရင်း ဧည့်သည်တွေ လာကြတော့မှာကွဲ့"

မေမေ့စကားကို ခေါင်းလေးညိတ်ကာ ဒုတိယထပ်ကို ကောင်မလေး လိုက်ပါသွားခဲ့သည်။ နီပြာရောင်ဝတ်စုံလေးနဲ့ နုနုညက်ညက်လေးလှနေတာ မှန်ပေမယ့် သူမအကြောင်းတွေကို သိနေသောသူ နှာခေါင်းရှုံ့မိ၏။

ဒီဗရုတ်သုတ်ခမလေးနှင့်မှ မေမေ ဘယ်လိုလုပ်ရေစက်ဆုံသွားခဲ့တာလဲ မသိတော့ပါ။ ပြီးတော့ မေမေကိုယ်တိုင်က အထင်တွေစွတ်ကြီးနေတာ ဆိုးသည်။ မေမေတော့ ဒီကောင်မလေးရဲ့ အလိမ်အညာတွေ မိနေတာပဲဖြစ်မည်။

"သားရေ ...မေမေတို့ ဒီမှာ အားလုံးပြင်ဆင်ထားတယ်နော်၊ ဧည့်သည်တွေကို သားပဲ ဧည့်ခန်းက စောင့်ကြိုပေး ...ဟုတ်လား"

မေမေ လှေကားထိပ်က လှမ်းအော်သံကြားသည်။ သူ ဧည့်ခန်းကပဲ စောင့်ပြီး ရောက်လာသောဧည့်သည်တွေကို စောင့်ကြိုပြီး ဒုတိယထပ်ကို လိုက်ပို့ပေးသည်။

ရှစ်နာရီခွဲလောက်က တဖွဲဖွဲရောက်လာသော ဧည့်သည်တွေကို စောင့်ကြိုရင်း သူကြိုဆိုနှုတ်ဆက်ရ၏။ မေမေရဲ့မိတ်ဆွေ ဧည့်သည်တွေနှင့် သူ့ရဲ့မိတ်ဆွေအပေါင်းအသင်းက အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြစ်သည်။

ဒုတိယထပ်မှာ ကော်ဖောတွေ ခင်းကျင်းထားကာ စားပွဲဝိုင်းတွေနှင့် ညှိသည်တွေကို ထမင်းညှော်ခံကျွေးမွေးနေတာ မေမေ၊ ဒေါ်မိနှင့် စွဲမက်သျှင်ဆိုသည့် ကောင်မလေးပဲဖြစ်၏။

သူ ကောင်မလေးကို အကဲခတ်ကြည့်မိသည်။ စားပွဲဝိုင်းတွေမှာ လိုအပ်တာမရှိရအောင် ညှိခံပေးနေပုံက သွက်သွက်လက်လက် ချက်ချက်ချာချာရှိသည်။

"သမီးရေ ... ဒီဘက်ဝိုင်းကို ကြက်သားပွဲတွေ ချပေးပါဦး"

"ဟုတ် ... ဟုတ်ကဲ့ အန်တီ ... လာပြီ လာပြီ"

မေမေကတော့ သမီးဆိုတာ နှုတ်ကမချ။ သင်းကလေးကလည်း မေမေကျေနပ်လောက်အောင် ယဉ်ကျေးပျူငှာလို့ မနားတမ်း လုပ်ကိုင်ပြနေသည်။

"သူလေးက ဘယ်သူလဲ မမြိုင်ရဲ့"

"ကျွန်မ သမီးလေးလေ၊ အဟင်း ... ဟင်း စွဲမက်သျှင်တဲ့"

"ဟုတ်လား၊ မမြိုင်မှာ ဒီလောက်လှတဲ့ သမီးလေးရှိမှန်း မသိဘူး။ အတော်ပဲ ဆွေမျိုးတော်ချင်နေတာ ... အဟင်းဟင်း"

"ဒါဆိုရင်တော့ ခေါင်းခါရမယ် မစိုးရေ ဒီသမီးလေးက"

မေမေ အသံတိုးတိုးနှင့် ဘာတွေကပ်ပြောနေသည်မသိ





ပါ။ မေမေ့မိတ်ဆွေ ဒေါ်နိုင်နိုင်စိုးက သူ့ကို လှမ်းကြည့်နေတာမို့ မျက်နှာပူသွားရ၏။ အားလုံးကို မသိကျိုးကျွံပြုကာ အောက်ထပ်ပြေးဆင်းခဲ့ရသည်။

နာရီကိုငုံ့ကြည့်တော့ ဆယ်နာရီတောင် ထိုးတော့မည်။ ဆင်ဝင်အောက်မှာတော့ ခြံတံခါးဝအထိ ရှည်သော ကတ္တရာလမ်းမအထိပါ ကားတွေနှင့် ပြည့်နေ၏။ အခုချိန်အထိ ထိပ်ထားတို့ ရောက်မလာသေးပါ။

ထိပ်ထားမိဘတွေကိုပါ သူ အသေအချာဖိတ်ထားခဲ့တာဖြစ်သည်။ ညက ဖုန်းထပ်ဆက်တော့ ထိပ်ထားဖေဖေ မလာနိုင်ပေမယ့် ထိပ်ထားမေမေပါ လိုက်လာမည်ဟု ကြားထား၏။

သူမျှော်ရင်း ဆင်ဝင်အောက်ထွက်ခဲ့ချိန်မှာပဲ ထိပ်ထားရဲ့ကားလေး မောင်းဝင်လာတာ တွေ့လိုက်ရ၏။ ကားရပ်စရာနေရက ရှားပါးနေသည်မို့ ခြံတံခါးအနားက လွတ်နေသည့်နေရာမှာပဲ ထိုးရပ်သွားခဲ့၏။

သူ ထိပ်ထားတို့ကားလေးဆီ ခပ်သွက်သွက်လေး လျှောက်ခဲ့သည်။ ကားတံခါးဖွင့်ဆင်းလာတာက ထိပ်ထားတစ်ယောက်တည်း။

"ဟင် ... ထိပ်ထား တစ်ယောက်တည်းလား၊ အန်တီ မပါဘူးလား"

"မာမီက လာခါနီးမှ သွေးတွေတက်ပြီး ခေါင်းမူးလို့တဲ့ ခန့်ရေ၊ ဆရာဝန်ပင့်ပြီး ဆေးထိုးလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ်က ထိပ်ထား နောက်ကျနေလို့တောင် ဖုန်းဆက်တော့မလို့၊ လာ ... ထိပ်ထား"

သူ ထိပ်ထားကိုခေါ်ပြီး အိမ်ဘက်လျှောက်လာခဲ့ကြသည်။ အမြဲတမ်းလှပနေသော ထိပ်ထားသည် အခုလည်း ငွေမှင်ရောင်ဝတ်စုံလေးနှင့် လှနေတာပဲဖြစ်သည်။

ဆံပင်နီညိုရောင်တွေကို ကျောပြင်ပေါ် ဖြန့်ကျဲချထားလျက် လည်တိုင်လေးမှာ ပလက်တီနမ်စိန်လော့ကတ်သီးကြိုးလေးနှင့် ဟန်းချိန်းလေးပါ ဆင်ယင်ထားသည်။

ဒုတိယထပ်အထိ ထိပ်ထားကို သူ ခေါ်ခဲ့သည်။ မေမေက သူနှင့်ထိပ်ထားကို လှမ်းမြင်တော့ အပြုံးမပျက်သော မျက်နှာနှင့် လှမ်းနှုတ်ဆက်သည်။

"ဟော ... စုထိပ်ထား လာပြီလား၊ တစ်ယောက်တည်းလား သမီး"

"ဟုတ်ကဲ့ ... အန်တီ၊ မေမေ နေမကောင်းလို့ လိုက်မလာဖြစ်တာ"

"ဟုတ်လား ... ရပါတယ်ကွယ်၊ ကဲ ... ထိုင်, ထိုင်၊ သမီးလေးရေ ဒီမှာ တစ်ပိုင်းလောက် ပြင်ပါဦးကွယ်"

စွဲမက် သူတို့ဆီ လျှောက်လာသည်။ စွဲမက်သျှင့်အကြည့်စူးစူးလေးတွေက ထိပ်ထားကို အကဲခတ်နေတာ သူ သတိထားမိ၏။

"တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်၊ ဒီက သမီးလေး





က စွဲမက်သျှင်တဲ့၊ သမီး ... သူက စုထိပ်ထားတဲ့၊ သားတို့နဲ့ အတူတူပဲ၊ 'လေယာဉ်မယ်တစ်ယောက်လေ"

"ဟုတ်ကဲ့ရှင့် တွေ့ရတာ ဝမ်းသာပါတယ် မမ"

ထိပ်ထားက အပြုံးလေးနှင့်ပဲ အသိအမှတ်ပြုနှုတ်ဆက်တော့ မေမေ အပြုံးတွေတည်သွားတာ သူ သတိထားမိသည်။ သူ မသိကျိုးကျွံပဲပြုရင်း ထိပ်ထားအတွက် ပြင်ဆင်ပေးလိုက်၏။

ထိပ်ထားက အပေါင်းအသင်းမိတ်ဆွေပေါပေါများများ မထားတတ်တာ မေမေ မသိတော့ ခက်သည်။

"သမီးလေး ... ခဏလိုက်ခဲ့နော်၊ အန်တီ့မိတ်ဆွေတွေက သမီးလေးကို မေးနေကြလို့၊ သား ... သားသူငယ်ချင်းကို ဧည့်ခံထားလိုက်ဦးနော်"

"ရတယ် မေမေ ... သွားပါ၊ ထိပ်ထား စားနော်"

မေမေ ဟိုကောင်မလေးကို တမင် ထိပ်ထားအနားက ခေါ်ထုတ်သွားတာ သူ သိပါသည်။ သူ ထိပ်ထားပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးနေပေမယ့် ထိပ်ထားမျက်ဝန်းတွေက မေမေ့နောက်ကို ပါသွားခဲ့၏။

"ခန့် ... သူက ဘယ်သူလဲ"

"ဟင်"

ထိပ်ထားအမေးကြောင့် သူ အူကြောင်ကြောင် မော့ကြည့်မိ၏။ ထိပ်ထားအကြည့်တွေက စွဲမက်သျှင်ထံမှာပဲ စူးစူးနစ်နစ်လေးရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်မေမေ မိတ်ဆက်ပေးတဲ့ ကောင်မလေးကိုမေးတာ"

"ဩော် ... စွဲမက်သျှင်တဲ့၊ ဘာလို့လဲ ထိပ်ထား"

"ဘာမှမဖြစ်ပါဘူး၊ ခန့်တို့နဲ့ အမျိုးတော်သလားလို့"

ထိပ်ထားစကားကြောင့် သူ့မျက်နှာကြီး ရှုံ့မဲ့သွားသည်။ ခေါင်းကိုလည်း သွက်သွက်ခါအောင် ယမ်းပြမိ၏။

"ဘာမှမတော်ပါဘူး ထိပ်ထားရဲ့၊ မေမေနဲ့ မတော်တဆ သိကျွမ်းခင်မင်သွားတာ"

"ဘာရယ်ခန့်၊ မတော်တဆ သိကျွမ်းသွားတာ"

ထိပ်ထား စိတ်ဝင်စားနေတော့လည်း သူ ရှင်းပြရသည်။ ဒီကောင်မလေးနှင့် မေမေ ဆုံတွေ့ခဲ့သည့်အကြောင်းတွေ ဖေဖေ့အကြိုက် ပေါင်းသင်းပြီး အိမ်ကို လာလည်တတ်သော စွဲမက်သျှင် အကြောင်းတွေကို သူပြောပြတော့ ထိပ်ထား ငြိမ်ငြိမ်လေးနား ထောင်နေခဲ့၏။

"မေမေကသာ အထင်တွေကြီးပြီး သမီးတည်း မီးနေတာ၊ ကိုယ်ကတော့ ဒီကောင်မလေးအကြောင်း သိပြီးသား၊ တကယ်ဗရုတ်သုတ်ခမလေး"

"ဟင် ... ခန့်ပြောတော့ ဒီမနက်မှ မြင်ဖူးတာဆို"

"ဟုတ်တယ်၊ အိမ်ကိုလာနေတာ ကြာပြီဆိုပေမယ့် ကိုယ်နဲ့ ဒီမနက်မှ ထိပ်တိုက်ဆုံတာလေ၊ ဒါပေမဲ့ ဒီကောင်မလေး ဗရုတ်ကျတာကို ကိုယ် မျက်မြင်ကိုယ်တွေ့ တွေ့ဖူးတာ သုံးခါ တောင် ရှိတယ်"





ဗရုတ်သုတ်ခမလေးနှင့် ဆုံခဲ့ဖူးတာကို သူ ပြန်ပြောပြနေတော့ ထိပ်ထား ထမင်းစားရင်း ခေါင်းတညိတ်ညိတ်နား ထောင်နေ၏။

"တကယ့်ဗရုတ်မလေးပါ၊ မေမေက ဒါတွေမကြုံဖူး မသိတော့ သဘောတွေကျနေတာလေ၊ သူက မေမေ့အကြိုက် လိုက်ပြီး ပေါင်းနေတာ ထိပ်ထားရဲ့"

ထိပ်ထား နှုတ်ခမ်းလေး လှုပ်ရုံပြုံးသည်။ မေမေရဲ့ စကားတွေကို တစ်ဖက်ပိုင်းဆီက ကြားနေရ၏။

"သမီးလေးက စီးပွားရေးဘွဲ့ရပြီးပြီလေ၊ Two Borthers ကုမ္ပဏီပိုင်ရှင် ဦးမြတ်သျှင်ရဲ့တစ်ဦးတည်းသောသမီး ပေါ့၊ အဆင်းရော, အချင်းပါ ပြည့်စုံပြီးသား ... အဟင်း ဟင်း"

ထိပ်ထားကြားအောင် မေမေ တမင်ပြောနေသလားလို့တောင် သူ ထင်မိသည်။ စွဲမက်သျှင်ကိုပဲ မေမေက သူမ မိတ်ဆွေတွေနှင့် မိတ်ဆက်ပွဲထုတ်ပေးနေ၏။ တကယ်ဆို ဒီကောင်မလေးက မေမေနှင့် ဘာမှသက်ဆိုင်တာမဟုတ်ပါ။

မေမေကြောင့် သူ စိတ်တွေ ညစ်ညူးနေသလို ထိပ်ထားလည်း မျက်စိမျက်နှာပျက်နေစရာ အထင်အရှား။ မေမေက သူတို့ဝိုင်းကို ဥပေက္ခာပြုကာ အခြားသောဝိုင်းတွေကိုပဲ စွဲမက်သျှင်နှင့်အတူ ညွှန်ခံမိတ်ဆက်နေ၏။

ထိပ်ထားကို သူ အားနာနေမိတာ အမှန်။ ထိပ်ထား ဘာစကားမှမဆိုဘဲ ငြိမ်သက်စွာ စားသောက်နေပေမယ့် ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်ထဲကိုတော့ သူ မြင်သိနေသလိုပါပဲ။

"ထိပ်ထား စားလေ ... တော်ပြီလား"

"တော်ပြီ ခန့်၊ သိပ်မစားနိုင်လို့ပါ"

ပြောရင်း လက်က နာရီကို ထိပ်ထား ငုံ့ကြည့်သည်။

"အချိုပွဲတွေ စားဦးလေ ထိပ်ထား"

"မစားနိုင်တော့လို့ ခန့်၊ သွားစရာလေးရှိလို့ ပြန်ဦးမယ်"

"ဟင် ... ပြန်တော့မလို့လား၊ ကိုယ်က ထိပ်ထား အေးအေးဆေးဆေးမှ ပြန်မယ်ထင်နေတာ"

"ဆောရီး ခန့်ရယ်၊ ကိစ္စလေးရှိလို့"

ထိပ်ထား ပြန်ချင်နေတာကို သူ မတားချင်တော့ပါ။ မေမေ့ကြောင့် ထိပ်ထား စိတ်ကသိကအောက်ဖြစ်သွားတာကို သူ သိသည်။

"ဒါဆို ... ကိုယ် ခြံထဲအထိ လိုက်ပို့ပေးမယ်လေ၊ ခဏလေး မေမေ့ကို နှုတ်ဆက်လိုက်ဦးနော်"

သူ မေမေ့ဆီ လျှောက်ခဲ့သည်။ ဧည့်သည်တွေနှင့် စကားပြောနေသော မေမေက သူ့ကို မမြင်ပေမယ့် စွဲမက်သျှင်ဆိုသော ကောင်မလေးကတော့ လှမ်းကြည့်နေသည်။ ဒီကောင်မလေးကို သူ ကြည့်မရတာမို့ တမင်ပဲ ဘုဆတ်ဆတ် မျက်မှောင်ကုတ်ပြန်ကြည့်ပစ်လိုက်၏။

ကောင်မလေး ချက်ချင်းပဲ ခေါင်းငုံ့ကာ အကြည့်လွှဲသွားသည်။ မေမေ့ကိုပဲ မင်းလှည့်စားလို့ရမယ် ကောင်မလေး။ မင်း





အကြောင်းတွေ သိနေတဲ့ ငါကတော့ ဆောရီးပါပဲ။

"မေမေ ... ထိပ်ထားပြန်တော့မလို့တဲ့"

"ဟင် ... ဟုတ်လား သား၊ အေး ... အေး ခဏလေးနော် မမစိမ်း"

မေမေ သူမ မိတ်ဆွေတွေကို နှုတ်ဆက်ပြီး သူနှင့်အတူ ထိပ်ထားဆီ လိုက်လာသည်။

"ပြန်တော့မလို့လား သမီး"

"ဟုတ်ကဲ့ အန်တီ၊ သွားစရာလေး ရှိလို့ပါ"

"အေးကွယ် ... ကျေးဇူးတင်ပါတယ်၊ အေးအေးဆေးဆေး စကားမပြောနိုင်တာ ခွင့်လွှတ်နော် သမီး"

"ရပါတယ် အန်တီ၊ သမီးလည်း နောက်မှ အေးအေးဆေးဆေး လာလည်ပါဦးမယ်နော်"

"လာခဲ့ သမီး၊ သမီး အားတဲ့နေ့ လာမယ်ဆို ကြိုပြောပေါ့၊ အန်တီ့သမီးလေး စွဲမက်သျှင်နဲ့ပါ ဆုံပေးချင်လို့"

ထိပ်ထားမျက်နှာ သိသိသာသာ ပျက်သွားသလို သူ လည်း မျက်နှာပူ အားနာသွားမိ၏။ မေမေကတော့ နှစ်ယောက်စလုံးကို မသိကျိုးကျွံပြုပေကွာပြုထားရင်း ...

"စွဲမက်လေးက အန်တီ့သင်ပေးထားလို့ ချက်ပြုတ်တတ်နေပြီ သမီးရဲ့ ... အဟင်း၊ သမီး စားချင်တာတွေ အန်တီ့ကိုယ်စား ချက်ပြုတ်ပေးမယ် သိလား"

"ဟုတ်ကဲ့ ... တစ်ရက်ဆုံဖြစ်ကြမှာပါ အန်တီ၊ ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ထားကို ခွင့်ပြုပါဦးနော်''

ဟန်ဆောင်အပြုံးလေးနှင့် နှုတ်ဆက်ကာ ထိပ်ထား လှည့်ထွက်တော့ သူ ထိပ်ထားကို ခြံထဲအထိ လိုက်ပို့ပေးမိသည်။

မေမေကတော့ သူ မျက်နှာပူအောင် လုပ်လိုက်တာပါပဲ။ ထိပ်ထားရှေ့မှာ စွံမက်သျှင်ဆိုတဲ့ ကောင်မလေးအကြောင်းတွေ ပြောကာ ချီးကျူးစကားတွေ ရေပက်မဝင်ပြောနေတာ မသင့်ပါ။

''အဟင်း ... ခန့်မေမေက အရမ်းတော်တယ်နော်''

''ဟင် ... ဘာကိုပြောတာလဲ ထိပ်ထားရဲ့''

''ဩော် ... သူ့စိတ်တိုင်းကျ မိန်းကလေးတစ်ယောက်ကို ပုံစံသွင်းထားနိုင်လို့ပေါ့၊ မဆိုးဘူးနော်၊ ခန့်တို့က ရေကန်အသင့် ကြာအသင့်ပဲ ... အဟင်း ဟင်း''

''ထိပ်ထား ဘာကိုပြောတာလဲ ... ကိုယ် နားမရှင်းဘူး''

''ရှင်းနေတာပဲ ခန့်ရယ်၊ စွံမက်သျှင်ဆိုတဲ့ ကောင်မလေးကို ခန့်မေမေ သဘောကျကြည်ဖြူနေတာ အထင်အရှားပဲလေ၊ ခန့်မေမေ စိတ်တိုင်းကျ ချွေးမတော်တစ်ယောက်ပေါ့''

''မေမေ့စကားတွေကြောင့် ထိပ်ထား အထင်လွဲနေတာတော့ ကိုယ် မခံနိုင်ဘူး၊ ကိုယ်ချစ်တာ ထိပ်ထားကိုပါ၊ ဒီကောင်မလေးကို ကိုယ် လုံးဝကြည့်မရတာ ထိပ်ထား သိပါတယ်''

''အဟင်း ... ခန့်မေမေကတော့ ချီးကျူးသဘောကျ မဆုံးဖြစ်နေတာပဲလေ''





''ဒီကောင်မလေးအကြောင်း မေမေ မသိသေးလို့ပါ''

ထိပ်ထားပဲ မဲ့မဲ့လေးပြုံးကာ ကားတံခါးဖွင့်တက်သွားသည်။

''ထိပ်ထား''

''ပြောလေ ခန့်''

''ထိပ်ထားနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောဆွေးနွေးချင်သေးတယ်၊ တစ်ရက်လောက် ဆုံရအောင်ကွာ''

''အင်း ... နောက်တစ်ပတ်ထဲ ဆုံကြတာပေါ့ခန့်၊ ခန့်ရော ထိပ်ထားပါ ဂျူတီနားရက် ဆုံတဲ့ရက်ပေါ့''

''အိုခေ ... ထိပ်ထား''

''သွားပြီ ခန့်''

ထိပ်ထားရဲ့ကားလေး ခြံထဲက မောင်းထွက်သွားတာကို သူ ရပ်ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ အမှန်ဆို ဒီနေ့ ထိပ်ထားနှင့်သူ စကားတွေပြောချင်ခဲ့တာ ဖြစ်သည်။

အခုတော့ အစီအစဉ်တွေက ပျက်ကုန်ရပြီ။ ဒါ ... ဟိုကောင်မလေးကြောင့်ပဲ ဖြစ်သည်။

မေမေ့ကိုတော့ ဒီကောင်မလေးအကြောင်းတွေ သိအောင် ပြောပြဦးမှပါ။ ဒီအမှိုက်မလေးကို မေမေ အထင်တွေ လွှတ်ကြီးနေတာ မဟုတ်သေး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အဲဒါကြောင့် မေမေ့ကို သား သတိပေးတာ၊ ဒီကောင်မလေးကို မေမေ အထင်တွေ စွတ်ကြီးမနေနဲ့ဦး၊ သားက လက်တွေ့ကြုံတာ၊ ကြုံတာမှ သုံးကြိမ်သုံးခါတိတိ မေမေရဲ့"

သူ့စကားဆုံးသည်အထိ မေမေ ပြုံးပြုံးလေး နားထောင်နေသည်။ ပြီးမှ ခေါင်းတညိတ်ညိတ်နှင့် ...

"သားပြောတဲ့အကြောင်းတွေ မေမေ သိနေပြီးသားသား"

"ဘယ်လို ... မေမေ သိနေတယ်"

သူ တအံ့တသြမေးတော့ မေမေ ပြုံးနေလျက်က ကော်ဖီကို တစ်ငုံမော့သောက်သည်။ ပြီးမှ ...

"ဟုတ်တယ် သား၊ မေမေ သိတာပေါ့၊ သမီးလေးကပဲ မေမေ့ကို ဖွင့်ပြောပြသွားခဲ့တာ၊ သူကလည်း သားကို မှတ်မိနေတာပဲကွဲ့၊ သမီးလေးကတောင် သားကို တောင်းပန်ချင်နေတာတဲ့၊ ပန်းခြံထဲမှာတုန်းက သားရှေ့ကိုတောင် မြွေရုပ်လေး ပြုတ်ကျ





သွားခဲ့တာဆို"

"ဟုတ်တယ် မေမေ၊ ဗရုတ်သုတ်ခလုပ်ပြီးမှ တောင်းပန်တာ ဘာလုပ်မှာလဲ"

"သားအထင်လွဲနေတာပါ၊ သမီးလေးက ပျော်ပျော်ပါးပါးနေတတ်တာပါ၊ သူငယ်ချင်းတွေနဲ့က အချင်းချင်းနောက်ပြောင်နေကျပဲလေ၊ သားနဲ့ ပန်းခြံထဲမှာ ဆုံတုန်းကလည်း ရပ်ကွက်ထဲက ကလေးတွေကို ပျော်ပွဲစားလိုက်ပို့တာတဲ့၊ သမီးလေးက ကလေးတွေကိုလည်း ချစ်ခင်တတ်တာကွဲ့"

မေမေကတော့ ခက်နေပြီ၊ ဒီကောင်မလေးရဲ့စကားတွေက မေမေ့အပေါ်မှာ တော်တော့်ကို ထိရောက်နေတာ သေချာသည်။ အခုပဲကြည့် ဒီကောင်မလေးဘက်ကတောင် ဖြေရှင်းချက်တွေ ပေးနေ၏။

"ကျွန်တော်ကတော့ လုံးဝကြည့်မရဘူး မေမေ၊ ဗရုတ်သုတ်ခလေးလို့ပဲ ထင်တယ်"

"လူတစ်ယောက်ကို အမြင်တစ်ခုတည်းနဲ့ မပြောရဘူးသား၊ သား ကြုံခဲ့ဖူးတာ အမှတ်မထင် ကြုံရတဲ့အဖြစ်မျိုးပါ၊ သမီးလေးစိတ်ရင်းကို မေမေ ကောင်းကောင်းသိတာပေါ့၊ မေမေ မူးလဲမလိုဖြစ်တုန်းက တကယ့်စေတနာစိတ်နဲ့ ကူညီပေးတာ၊ အိမ်ကိုလာနေတာ ကြာပြီပဲလေ၊ စွဲမက်သျှင်လေး စိတ်ရင်းကို မေမေသိသလို ဒေါ်မိလည်း သိတယ်"

"ဟုတ်တယ် မောင်ခန့်ရဲ့၊ စွဲမက်လေးက စိတ်ရင်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



စင်ပါတယ်၊ မောင်ခန့်နဲ့ဖြစ်ခဲ့တာတွေအတွက်တောင် သူက မောင်ခန့်အထင်လွဲမှာစိုးနေတာ''

ဒေါ်မိစကားတွေကလည်း ဒီကောင်မလေးဘက်မှာပဲ ရပ်တည်နေတာ အထင်အရှားဖြစ်နေသည်။ ဒီကောင်မလေးက တော့ မေမေနှင့်ဒေါ်မိကို ကောင်းကောင်းကြီး ထိန်းချုပ်ထားနိုင်ပုံ ပါပဲ။

''ဘာလဲ . . . သားက စုထိပ်ထားကြောင့် သမီးလေး စွဲမက်သျှင်ကို အလိုလို မကြည်မလင်ဖြစ်နေတာလား''

မေမေ့စကားကြောင့် သူ လိပ်ပြာမလုံဖြစ်ကာ ကသော ကပျောလေး ခေါင်းခါလိုက်ရပါသည်။

''မဟုတ်ပါဘူး မေမေရယ်၊ ထိပ်ထားနဲ့ ဒီကောင်မလေး ဘာဆိုင်တာမှတ်လို့''

''ဟုတ်တယ် သား၊ ဘာမှမသက်ဆိုင်အောင်ကို ကွာ ခြားပါတယ်၊ မေမေကတော့ စွဲမက်သျှင်ဆိုတဲ့ သမီးလေးကိုပဲ သဘောကျတယ်၊ မိန်းမပီသတယ်လို့မြင်တယ်''

''ဗျာ . . . မေမေဆိုလိုတာ ဘာလဲဟင်''

သူ မေမေ့ကို မျက်လုံးပြူးကာ အထိတ်တလန့် မေးမိ၏။ မေမေ့စကားတွေက သူလက်မခံနိုင်သော လမ်းကြောင်းကို ဦးတည်နေသလို ရှိနေသည်ပဲ။

''သား မြင်တတ်အောင် ယှဉ်ပြနေတာပဲ သား၊ စွဲမက် သျှင်လေးကလည်း စုထိပ်ထားလို ပညာတတ်တယ်၊ မိဘအသိုင်း





အဝိုင်းကလည်း ပြည့်စုံပြီးသား၊ ပြောရရင် ဒါတွေက မေမေ့ အတွက် အဓိကမကျပါဘူးသား၊ ငွေကြေးချမ်းသာတာက လိုအပ် ချက်မဟုတ်ပါဘူး၊ မိန်းကလေးဆိုတာ မိန်းမပီသမှ အိမ်ထောင် ရှင်မကောင်းဖြစ်မှာ''

''ထိပ်ထားကို မေမေ သဘောမကျတာ အချက်အပြုတ် အိမ်မှုကိစ္စပိုင်းမှာမဟုတ်လား မေမေ၊ ဒါကို သား ပုံသွင်းပြုပြင် လို့ရပါတယ် မေမေရယ်''

သူ့စကားကြောင့် မေမေ ပြုံးသည်။ မေမေ့အကြည့်တွေ က သူ့မျက်နှာဆီမှာ စူးစူးစိုက်စိုက် တည်ရှိနေ၏။

''သား အလွယ်တကူ ကတိမပေးနဲ့လေ၊ စုထိပ်ထားကို မေမေ အသေအချာ အကဲခတ်လေ့လာပြီးသားဆိုတာ သားသိ ပါတယ်၊ သူ လှတယ်၊ ပညာတတ်တယ်၊ ဒါကို မေမေ လက်ခံ တယ်၊ အဲ . . . အဲဒီအလှတွေ, ပညာမာန်တွေတော့ သူ့မှာရှိ နေတာ သား လက်ခံရလိမ့်မယ်''

သူ ပင့်သက်ရှိုက်ရင်း မေမေ့အကြည့်တွေကို ရှောင်လွှဲ မိသည်။ မေမေ့စကားတွေကို သူ ငြင်းလို့မရအောင် မှန်ကန် နေတာ သိပါသည်။

''စုထိပ်ထားက လှသလောက် အလှအပကို မက်မော တယ် သား၊ ပြည့်စုံချမ်းသာတဲ့ ဂုဏ်ကိုလည်း တပ်မက်တယ်၊ သူ သားကို ရွေးချယ်ခဲ့တယ်ဆိုတာတောင် ဘာကြောင့်လဲ၊ အဖြေက ရှင်းပြီးသားလေ၊ ခန့်တည်ငြိမ်ဆိုတဲ့ ယောက်ျားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်အရှိန်အဝါနဲ့ ငြင်းစရာမလိုအောင် ပြည့်စုံနေတာကြောင့်ပဲ ပေါ့''

''သားနဲ့ထိပ်ထားက အခုမှ ခင်မင်သိကျွမ်းတာ မဟုတ်ပါဘူး မေမေရယ်''

''မှန်တယ် သား၊ ဒါကြောင့် သူ့အကြောင်းကိုသာ အသိဆုံးဖြစ်မှာပါ၊ မေမေ့ရဲ့ချွေးမဖြစ်လာမယ့် မိန်းကလေးအတွက် မေမေ ဘာမှမတောင်းဆိုပါဘူး သား၊ အိမ်ထောင်ရှင်မပီသတဲ့ မိန်းကလေးကိုပဲ မေမေ အလိုရှိတာပါ''

''သား နားလည်ပါတယ် မေမေ၊ အဲဒီအတွက် သား ထိပ်ထားနဲ့ ဆွေးနွေးဦးမှာပါ''

''ကောင်းပြီသား မေမေ စောင့်ကြည့်တာပေါ့''

စကားအဆုံးမှာ မေမေ ကော်ဖီဝိုင်းက ထထွက်သွားခဲ့သည်။ သူ ပင့်သက်မောတွေနဲ့ပဲ ကျန်ရစ်ခဲ့သည်။

မေမေ့ရဲ့စိတ်ဓာတ်ကို သူ အသိဆုံးဖြစ်သည်။ သူ့ကို ချစ်သော မေမေသည် အခုကိစ္စမှာလည်း သူ့အတွက်ပဲ စံနှုန်းတွေ ထားရှိနေတာဖြစ်သည်။ မေမေပြောသလို ထိပ်ထားကိုလည်း အိမ်ထောင်ရှင်မကောင်းတစ်ယောက်တော့ သူ ပီသစေချင်ပါသည်။

ဒါကို ထိပ်ထား နားလည်အောင် ပြောရမှာတော့ ခက်ခဲမှာ သေချာ၏။ ထိပ်ထားရဲ့မာန်မာနတွေက မေမေဖြစ်စေလိုသောအရာကို လက်မခံနိုင်တာတော့ သေချာလို့နေသည်။





ထိပ်ထားသာ စွဲမက်သျှင်ဆိုသောကောင်မလေးလို မေမေနဲ့အဆင်ပြေအောင်နေတတ်လျှင် ဘယ်လောက်ကောင်းမည်လဲ။

ထိုအတွေးကိုတွေးမိတော့ စွဲမက်သျှင်ဆိုသော ကောင်မလေးမျက်နှာကို အာရုံထဲက မြင်လာရပြန်သည်။

မမြင်မတွေ့ဖူးတုန်းက မေမေ့ကို ကူညီခဲ့သည့် မိန်းကလေးမို့ သူ ကျေးဇူးတင် တွေ့ချင်နေခဲ့၏။ မဆုံဖြစ်ကြတာကြာပေမယ့် ဒီကောင်မလေး အိမ်ကို မကြာခဏရောက်နေတာကြားရသိရ၏။

မေမေတို့ ချီးကျူးစကားတွေကို ကြားနေတာလည်း အကြိမ်ကြိမ် ထိပ်တိုက်ဆုံလိုက်မိတော့မှ သူ တွန့်ခနဲဖြစ်သွားစေခဲ့တာပဲဖြစ်သည်။ ဇရတ်သုတ်ခမလေးကတော့ မထင်မှတ်လောက်အောင် မေမေနှင့်ကျတော့ အဆင်ပြေနေတာ အံ့ဩစရာအကောင်းသား။

ဒါပေမဲ့ သူ့စိတ်ကတော့ ဒီကောင်မလေးကို ဘယ်လိုမှ မယုံကြည်ပါ။ သင်းလေးမျက်နှာကို မြင်ရုံနှင့် သူမ ဇရတ်ကျခဲ့တာတွေကို ပြန်မြင်မိ၏။ ပြီးတော့ မေမေ သဘောကျအောင် နေပြနေတာ ဘာသဘောလဲ။

သူမရဲ့ရိုးသားမှုတွေကြောင့်ဟုပဲ ထင်ပါသည်။

အခုပဲကြည့် မေမေကိုယ်တိုင်က ထိပ်ထားကို ခါးခါးသီးသီးဖြစ်လာတာ ဒီကောင်မလေးကြောင့်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်တွေးကြည့်မိလေလေ စွဲမက်သျှင်ဆိုတဲ့ ကောင်မလေးကို တန့်နှံ့ဒေါသတွေ ထွက်လာမိလေလေ။

တကယ့်ပြဿနာမလေးပါလား။

☼



## အခန်း (၁၅)

အခုထိ ကိုလူချော စွဲမက်မျက်လုံးထဲက မထွက်သေးပါ။ အဲဒီနေ့က သူဝတ်ဆင်ထားသော ရှပ်အဖြူလည်ကတုံးအင်္ကျီ လက်ရှည်နှင့် ချည်ချောရေညှိစိမ်းရောင်ကွက်စိပ်က သိပ်ကိုလိုက်ဖက်ပါသည်။

သူ့မျက်နှာချောချောနှင့် အရပ်အမောင်းရော ကိုယ်ဟန်ကျစ်ကျစ်လျစ်လျစ်ကပါ အရမ်းကို ကြည့်လို့ကောင်းသည်။ ဒါပေမဲ့ စွဲမက်ကို မြင်လိုက်တာနဲ့ ပြောင်းလဲသွားသော ကိုလူချော အမူအရာကြောင့် စွဲမက် စိတ်မကောင်းတော့ဖြစ်ခဲ့ရ၏။

စွဲမက်ကို မှတ်မိနေသော ကိုလူချောမျက်လုံးတွေထဲမှာ အထင်သေးရှုံ့ချတဲ့အကြည့်တွေက အထင်အရှားတွေ့ခဲ့ရ၏။

သူနဲ့ ဆုံတိုင်း စွဲမက်ကလည်း ကံဆိုးစွာ အထင်လွဲအမြင်မကြည်စရာအခြေအနေတွေပဲ ဖြစ်နေခဲ့တာကိုး။ အန်တီက စွဲမက်နှင့်သူ့ကို ကြည်ဖြူလိုလားစွာ မိတ်ဆက်ပေးနေပေမယ့် သူက အသိအမှတ်ပြုပုံမရသော မျက်နှာနှင့်ပဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စွဲမက်ရင်ထဲမှာ စိုးထိတ်စိတ်တွေနဲ့ ဝမ်းနည်းခဲ့ရတာ စုထိပ်ထားဆိုတဲ့ မမကြောင့်ပါပဲ။

နခက်နေအောင်လှပချောမောသည့် အဲဒီမမရဲ့မျက်ဝန်းတွေကလည်း သူမခန္ဓာကိုယ်ပေါ်မှာ ဆင်ယင်ထားသော စိန်ပွင့်တွေလိုပဲ စူးရှတောက်ပလွန်းသည်။

လှပသလောက် မာနကြီးပုံရသော မမအကြောင်းသိချင်လှတာမို့ ဒေါ်မကိုပဲ မနေနိုင်မထိုင်နိုင် စွဲမက် စပ်စုမေးကြည့်မိ၏။

“အဲဒါ မောင်ခန့်နဲ့ ကျောင်းနေဖက် ယယ်သူငယ်ချင်းပဲလေ၊ ဝါသနာပါလို့ လေယာဉ်မယ်ဝန်ထမ်းလုပ်နေပေမယ့် စုထိပ်ထားမိဘတွေက ပြည့်စုံချမ်းသာတယ်၊ မာနကတော့ ဘာကြီးသလဲမမေးနဲ့၊ တော်ရုံလူကို လူမထင်တဲ့မျက်နှာမျိုး”

ဒေါ်မိက ချစ်ခင်နှစ်လိုဖွယ်ပုံမရဘဲ ပွင့်ပွင့်လင်းလင်းပြောပြသမျှ စွဲမက် ခေါင်းလေးညိတ်ကာ နားထောင်ခဲ့ရ၏။

“ဟို ...ကြည့်ရတာ ကိုခန့်ကိုတော့ အရမ်းခင်မင်ပုံပဲနော်”

စွဲမက် အရမ်းသိချင်တာကို အစ်အောက်ကြည့်လိုက်ရုံနှင့် ဒေါ်မိနှုတ်က သိထားသည့်အတိုင်း ထွက်ကျလာတာပဲဖြစ်သည်။

“မခင်ဘဲရှိမလား သမီးရဲ့၊ မောင်ခန့်ကိုကြိုက်နေတာ အထင်အရှားပဲလေ၊ မောင်ခန့်ကလည်း သံယောဇဉ်ရှိပုံပါပဲ၊





ဒါပေမဲ့ မနှင်းကတော့ လုံးဝသဘောမကျဘူး”

အန့်တီက သဘောမတူပေမယ့် သူကိုယ်တိုင်က စုထိပ်ထားကို ကျေနပ်ကြည်ဖြူနေတာကိုလည်း စွဲမက် ရိပ်မိပါသည်။ စုထိပ်ထားအနားမှာပဲရှိကာ ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ဂရုစိုက်ပေးနေတာ စွဲမက် မြင်ပါသည်။

ဒါကိုကြည့်ပြီး စွဲမက်ရင်ထဲမှာ မကောင်းပါ။ ဝန်တိုစိတ်လေနှင့် ဝမ်းနည်းမိတာလည်း အမှန်။

အဲဒီနေ့က စွဲမက် ညနေမှ ပြန်တာဖြစ်ပေမယ့် သူ့ကို ထပ်မဆုံခဲ့ရပါ။ တမင်ပဲ စွဲမက်ကို ရှောင်နေတာထင်၏။

“သားက ညအိပ်ရေးပျက်ထားလို့ ဝင်အိပ်နေတာ သမီးရေ၊ မပြန်နဲ့ဦးနော်၊ သမီးတို့စားဖို့ ဟင်းတွေ အန်တီထည့်ပေးလိုက်ချင်လို့နော်”

သူ့မျက်နှာလေးကို စွဲမက် ထပ်မြင်ချင်တာမို့ နေဖြစ်ခဲ့ပေမယ့် စွဲမက်ပြန်တော့မှပဲ နှုတ်ဆက်ခွင့်ရခဲ့သည်။

စွဲမက်က နှုတ်ဆက်တာကို ခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြသည့်အပြုံးက သူ့မေမေရှေ့မှာမို့ ဟန်ဆောင်နေတာဟု စွဲမက် သိပါသည်။

အိမ်ပြန်ရောက်တဲ့အထိ စွဲမက်ရင်ထဲမှာ လစ်ဟာဝမ်းနည်းစိတ်တွေ အုံကျင်းဖွဲ့ပါလာခဲ့သည်။ ညနေစာ ထမင်းဝိုင်းမှာတောင် စွဲမက် အမူအရာကို ဒယ်ဒီအကဲခတ်သွားမိတဲ့အထိပါပဲ။

“ဒယ်ဒီ့သမီးကို ဒေါ်နှင်းမြိုင် ဘာတွေခိုင်းလိုက်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း၊ သမီးကြည့်ရတာ ပင်ပန်းနုံးချိနေသလိုပဲ''

''ဘာမှမခိုင်းပါဘူး ဒယ်ဒီရဲ့ ညှော်သည်တွေကို ညှော်ခံရုံပါ၊ လူတွေများတော့ လူက ငြီးစီစီကြီးဖြစ်နေလို့''

စွဲမက် လိမ်ညာလိုက်ရပါသည်။ ဒယ်ဒီက ယုံကြည်သွားသလို ခေါင်းတညိတ်ညိတ်ပြုံးရင်း ...

''ဒယ်ဒီ့သမီးကတော့ ကံကောင်းတယ်ဟေ့၊ မတော်ရသေးတဲ့ ယောက္ခမကတောင် ချစ်နေတာကိုး''

''ဟုတ်ပါ့တော်၊ ဟင်းတွေပေးလိုက်တာကိုလည်း ဘွားအုန်းတို့က ကျေးဇူးတင်ပါတယ်တော်၊ နောက်လည်း ပေးနိုင်ကျွေးနိုင်ပါစေတော် ... အဟင်း ဟင်း''

ဒယ်ဒီနှင့်ဘွားအုန်းတို့ စကားတွေကြားရတော့ စွဲမက် ငိုတောင်ငိုချင်မိသည်။ စွဲမက်အဖြစ်က မကျွမ်းခင်က လွမ်းရမည့် အဖြစ်ဆိုတာ ဒယ်ဒီတို့ မသိကြပါ။

အခန်းထဲမှာ စွဲမက်တစ်ယောက်တည်း ခံစားနေရသော ဝေဒနာတွေကိုတော့ ဘယ်သူမှ မမြင်နိုင်ပါ။ မှန်ထဲက ကိုယ့်ပုံရိပ်ကို ပြန်ကြည့်ရင်းတောင် စွဲမက် မျက်ရည်ဝဲလာမိသည်။

အချစ်နှင့်ပတ်သက်ရင် စွဲမက် သိပ်ကို ကံဆိုးလွန်းသည် ထင်ပါရဲ့။ နှလုံးသားမှာ ဒါ ပထမဆုံး ခံစားရင်ခုန်တတ်ခဲ့တာပါ။

ဒါပေမဲ့ အဲဒီရင်ခုန်ခံစားရတဲ့အချစ်က ...။

*





''မမလေး''

တံခါးခေါက်သံသဲ့သဲ့နှင့်အတူ အိမ်ဖော်မလေး ခင်ရီ အသံကို ကြားရ၏။ အလိုမကျသောစိတ်နှင့်အတူ မျက်မှောင်ကုတ်သွားမိတာ အမှန်။

''ဘာလဲ ခင်ရီ''

စားပွဲရှေ့က ထိုင်ခုံမှာ ထိုင်နေရင်းက ဘုဆတ်ဆတ် ပြန်မေးလိုက်တော့ ခင်ရီရဲ့မဝံ့မရဲအသံလေးကို အပြင်က ကြားသည်။

''ဟို ... ဟိုလေ ... မမလေး ထမင်းမစားသေးဘူးလား မေးတာပါ''

''ဟာ ... ငါ့ဘာသာ မစားချင်လို့ မလာတာပေါ့၊ သွားစမ်းပါ ... ဒီမှာ စိတ်ညစ်နေရတဲ့အထဲ''

ဒေါသနှင့် ခပ်ဆတ်ဆတ်လေး အော်ပစ်လိုက်တော့ ခင်ရီဆီက တုံ့ပြန်သံမကြားတော့ဘဲ ငြိမ်သွား၏။ သူမဒေါသကို သိနေသော ခင်ရီ ခပ်သုတ်သုတ်လေး ပြန်လှည့်ထွက်သွားမှာ သိနေသည်။

အလိုမကျစိတ်တွေက ခန့်တို့အိမ်က ပြန်လာကတည်းက ရင်ထဲမှာ တလိပ်လိပ်ပါလာခဲ့တာပဲဖြစ်သည်။

ပြန်တွေးကြည့်မိတာနဲ့ ရင်မှာ ခံပြင်းဒေါသတွေ မပြေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ခန့်မေမေရဲ့ဆက်ဆံပုံတွေရော စကားတွေကပါ ကျေနပ်စရာ တစ်ချက်လေးမှ မရှိပါ။ ခန့်ရှေ့မှောက်မှာပဲ ထိပ်ထားကို ဂရုမစိုက်ဟန်ပြနေတာ အထင်အရှား။

ပိုလို့ခံရခက်ခက်ဖြစ်ရတာ စွဲမက်သျှင်ဆိုသော ကောင်မလေးကို တမင်ပွဲထုတ်ပြနေတာကြောင့်ပါပဲ။

ထိပ်ထားနှင့်လာမိတ်ဆက်ပေးတုန်းက သတိမထားမိလိုက်ပေမယ့် စွဲမက်သျှင်ကို အနားမှာခေါ်ထားကာ လာသမျှ ဧည့်သည်တွေရှေ့မှာ သမီးချင်းထပ်နေတာ နားကြားပြင်းကပ်စရာတောင် ကောင်းနေ၏။

ဒီကောင်မလေးရဲ့ဂုဏ်ပုဒ်တွေ၊ အရည်အချင်းတွေကို ကြွားလုံးထုတ်ပြနေတာ ထိပ်ထားကြားအောင် တမင်ပြောနေမှန်း သိသည်။

အဆင်းရော၊ အချင်းပါ ပြည့်စုံသည်ဆိုသောသဘောနှင့် ပြောပြနေတာ ကိုခန့်လည်း ကြားမှာပဲဖြစ်သည်။ Two Borthers ကုမ္ပဏီကြီးပိုင်ဆိုင်သော ဦးမြတ်သျှင်ရဲ့တစ်ဦးတည်းသောသမီးဆိုတော့ ထိပ်ထားနှင့်ဂုဏ်ချင်းယှဉ်ခြင်းမကွာဘူးဆိုသည့်သဘောပေါ့။

ဒေါ်နှင်းနှင်းမြိုင် အလေးထားပြောနေတာက အိမ်မှုကိစ္စ အချက်အပြုတ်ကျွမ်းကျင်သည့်အကြောင်းတွေပဲဖြစ်ကာ ထိပ်ထားပြန်ဖို့ နှုတ်ဆက်တော့တောင် မခံချင်အောင် ပြောလိုက်သေးသည်။

ခန့်ရှေ့မှောက်မှာ ဒီစကားတွေ ပြောနေတာကို ခန့်က





လည်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေသည်။

ဘာမှမထူးပါဘူး။ ခန့်ဆိုသည့် ယောကျ်ားကလည်း ဒီအမေရဲ့အမိန့်ဆန္ဒတွေကို မလွန်ဆန်နိုင်သူပါပဲ။

"ဒေါက် ... ဒေါက်"

အတွေးတွေက တံခါးခေါက်သံကြောင့် ပျက်ရပြန်သည်။ ခင်ရှီပြီးလို့ ဒေါ်သိန်းမြ ထပ်လာခေါ်နေပြန်ပြီလားမသိ။

"သမီး ... မာမီပါ တံခါးဖွင့်ပါဦး"

ဒေါ်သိန်းမြအမှတ်နှင့် အာခေါင်ခြစ်ပြန်အော်ပစ်မိတော့မည့် ပါးစပ်ကို ဘရိတ်အုပ်ပစ်လိုက်ရ၏။ ပိတ်ထားသောတံခါးကို ဖွင့်ပေးလိုက်ရ၏။

မာမီတံခါးဝမှာ ရပ်နေရင်း ထိပ်ထားမျက်နှာကို အကဲခတ်ကြည့်နေသည်။

"သမီး ဘာဖြစ်လို့လဲ ဘာကို အလိုမကျဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး မာမီ"

"ဘာမှမဖြစ်ဘူးသာဆိုတယ် မျက်နှာကြီး သုန်မှုန်နေတာပဲ၊ ဘာလဲ မောင်ဇော်ထူးမော်ကို စိတ်ဆိုးနေတာလား"

မာမီမေးတာကို ပြန်မဖြေဘဲ မျက်နှာကိုမဲ့ပစ်မိသည်။ ကိုမော်ကိုလည်း ဒေါသတွေ ထွက်နေတာပါပဲ။

"မောင်ဇော်ထူးမော်က သူ တကယ်မအားလို့ပါလို့ မာမီ့ဆီ ဖုန်းဆက်ပြောတယ် သမီးရဲ့"

နောက်တစ်ပတ် ထိပ်ထား ဂျူတီနားရက်မှာ ဆုံကြဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ချိန်းတာကို ကိုမော် ငြင်းခဲ့သည်။ ထိပ်ထား စိတ်ဆိုးနေတာသိလို့ မာမီ့ကို ဖုန်းလှမ်းဆက်ထားတာဖြစ်မည်ထင်၏။

"မောင်ဇော်ထူးမော်က အခု ရက်ပိုင်းမှာ တကယ်မအားဘူး သမီး၊ သူ ဒီမှာ လုပ်ငန်းသစ်တစ်ခု တည်မလို့ လုံးပန်းနေတယ်၊ သူ့မိဘတွေကတော့ အရမ်းဝမ်းသာနေကြတယ်၊ မောင်ဇော်ထူးမော်ကို မြန်မာပြည်မှာပဲ အပြီးနေစေချင်နေတာ သမီးအသိပဲ"

"သမီး သိသားပဲ၊ သူ ဘာကြောင့် မြန်မာပြည်မှာနေဖို့ စိတ်အာရုံပြောင်းသွားတာလဲဆိုတာရော မာမီ သိရဲ့လား"

ထိပ်ထားစကားကြောင့် မာမီ မျက်မှောင်ကြီးကုတ်အံ့သြသလိုကြည့်၏။

"ဟင့်အင်း မသိဘူး ... သမီး သိတယ်ပေါ့"

"သိပ်သိတာပေါ့ မာမီ၊ သူသဘောကျနေတဲ့ မိန်းမကြောင့်ပေါ့၊ ကိုမော်မှာ ချစ်သူရှိနေပြီ မာမီရဲ့"

"ဟင် ... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မာမီ၊ ကိုမော်ကိုယ်တိုင် မိတ်ဆက်ပေးလို့ သမီး မြင်ဖူးတယ်၊ နာမည်က ရတနာခိုင်တဲ့၊ သူ့သူငယ်ချင်းရဲ့ညီမတစ်ယောက်ပဲ၊ ကိုမော်က အဲဒီမိန်းမအတွက် အချိန်တွေကုန်နေတာ"

"ဩော် ... ဟုတ်လား၊ အင်း ... ဒါဆိုလည်း ကောင်းပါတယ်ကွယ်၊ သူ့မိဘတွေ ဝမ်းသာကျေနပ်စရာပေါ့"





မာမီ ဟာန်ဆောင်ပြီး နှစ်သိမ့်ပြောတာဟု ထိပ်ထားသိပြီးသားပဲဖြစ်သည်။ တကယ်ဆို ကိုမော်ကို ထိပ်ထားနှင့်နီးစပ်ဖို့ မာမီကိုယ်တိုင် အလိုရှိခဲ့တာ ထိပ်ထားအသိဆုံး။

"မောင်ဇော်ထူးမော်က သမီးနဲ့ တကယ်ဆို ဘာသွေးသားမှမနီးစပ်တဲ့သူစိမ်းတွေနော်၊ ဒါကို သမီးသိထားအောင်လို့ မာမီပြောတာ"

ကိုမော်ကို မာမီ့အစ်ကိုဝမ်းကွဲတော်သော အန်ကယ်ဦးလှိုင်ထူးက မွေးစားခဲ့တာ ထိပ်ထားသိပါသည်။ သားသမီးမထွန်းကားသော အန်ကယ်ဦးလှိုင်ထူးတို့က ကိုမော့်ကို သားအရင်းအချာလို ချစ်ကြသည်။

ကိုမော် ဆယ်တန်းအောင်ပြီးတော့ ဆွေရိပ်မကင်းသော အမေရိကားက ဦးလေးတွေဆီမှာ ပညာဆက်သင်ခဲ့တာဖြစ်၏။

ပညာသင်ကြားပြီး မြန်မာပြည် ပြန်လာပေမယ့် အမေရိကားကို ပြန်ချင်သည်ဆိုသော ကိုမော်ကို သူ့မိဘတွေက ခွင့်မပြုချင်ကြပါ။

"မောင်ဇော်ထူးမော်က ပညာတတ်တစ်ယောက်နော် သမီး၊ ဒီခေတ်ထဲမှာတော့ ရှားပါးတဲ့ယောကျ်ားတစ်ယောက်ပဲ"

မာမီ့စကားတွေမှာ ထိပ်ထားနှင့်ကိုမော်ကို ရည်ရွယ်တာ သိသာလွန်းနေခဲ့သည်။ ဒါပေမဲ့ ခန့် ရှိနေတာမို့ မာမီ ရှင်းရှင်းပြတ်ပြတ် မပြောခဲ့တာပဲဖြစ်၏။

အခုတော့ မာမီ့စိတ်ကူးတွေ ပျက်သွားခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သမီး ထမင်းမစားချင်ရင် တစ်ခုခုတော့စား နော်၊ ဒေါ်သိန်းမြကို စီစဉ်ခိုင်း၊ မာမီတော့ မနက်စောစော ထ,စရာရှိလို့ အိပ်တော့မယ်ကွယ်"

ထိပ်ထားကိုပြောပြီး မာမီ အခန်းထဲက ပြန်ထွက်သွား၏။ ကိုမော့်သတင်းက မာမီ့ကိုတော့ စိတ်ကသိကအောက် ဖြစ်စေမှာပဲဖြစ်၏။

ဒါပေမဲ့ မာမီအတွက်က ထိုမျှပဲဖြစ်ကာ ထိပ်ထားအတွက်တော့ ခံပြင်းနာကြည်းစရာဖြစ်ခဲ့၏။

ကိုမော့်ဘက်က ငြိတွယ်လာအောင် ထိပ်ထားဘက်က အစွမ်းကုန်ကြိုးစားပြီး အရိပ်အယောင်တွေပြခဲ့သည်။ ခန့်ထက် ဂုဏ်ဒြပ်မြင့်မားသော ကိုမော်ကို ထိပ်ထား ရွေးချယ်ခဲ့တာပါပဲ။

ကိုမော်ကိုယ်တိုင် ထိပ်ထားအပေါ် ညီမလေးလိုပဲ ခင်မင်သံယောဇဉ်ရှိနေတော့ ထိပ်ထား ရည်ရွယ်ချက်တွေ ပျက်ခဲ့ရ၏။

သို့ပေမယ့် ထိပ်ထား ကြေကွဲရလောက်အောင်မဖြစ်ခဲ့တာ အနားမှာ ခန့် ရှိနေသေးတာကြောင့်ဖြစ်သည်။

အခုတော့ ခန့်သည်လည်း မိခင်ကိုမလွန်ဆန်နိုင်သူဖြစ်နေတော့ ထိပ်ထား မျှော်လင့်ဆန္ဒတွေ ပျက်ရတော့မည်လား။

အားလုံးထဲမှာ စွဲမက်သျှင်ဆိုသော အမည်လေးနှင့် လိုက်ဖက်အောင် ချစ်စရာကောင်းသည်။ ပြီးတော့ ခန့်မေမေကိုယ်တိုင် နှစ်ဖက်ကြည်ဖြူနေတာကလည်း ထိပ်ထားအတွက် ခံရခက်စရာပါပဲ။





ဒါပေမဲ့ ခန့်အချစ်တွေနဲ့ သံယောဇဉ်က ထိပ်ထားဆီမှာပဲဆိုတာ ထိပ်ထား ယုံသည်။

ဒီတစ်ယောက်ကိုတော့ ထိပ်ထား လက်လွှတ်မခံနိုင်ပါ။ ကိုမော့်ကို လက်လွှတ်ခဲ့ရပြီးပြီ။ ဒါက ဖြေသိမ့်ကျေနပ်လို့ ရပေမယ့် ခန့်ကိုသာ ဆုံးရှုံးရလျှင်တော့ ...

စုထိပ်ထားရဲ့ ရာဇဝင်က ရိုင်းသွားလိမ့်မည်။

ဟင့်အင်း ... ခန့်ကို ငါ့အနားက မင်းဆွဲခေါ်မသွားနိုင်စေရဘူး စွဲမက်သျှင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟဲလို ခန့်လား"

တာဝန်ချိန်ပြီးဆုံးချိန် သူ ယူနီဖောင်းလဲကာ အိမ်ပြန်ဖို့ ပြင်ဆင်နေခိုက် ထိပ်ထားဆီက ဖုန်းဝင်လာတာဖြစ်သည်။

"ဪ ... ထိပ်ထား ကိုယ်ပါ၊ ဘာပြောစရာရှိလို့လဲ ပြောလေ"

"အခု ... ခန့် ဂျူတီချိန်ပြီးသွားပြီလား"

"အင်း ... အခုပဲ ယူနီဖောင်းလဲပြီးလို့ အိမ်ပြန်တော့မလို့လေ"

"ထိပ်ထားတို့ တစ်ခုခုစားရင်း စကားပြောကြရအောင် ခန့်၊ အချိန်ရတယ်မဟုတ်လား"

"ရပါတယ် ထိပ်ထားရဲ့၊ ထိပ်ထား ထွက်လာခဲ့လေ၊ ကိုယ်တို့ ဘယ်မှာဆုံကြမလဲ"

"ဒီကပဲ အတူသွားကြမှာလေ၊ အခု ထိပ်ထားကား စတင်းက ခန့်ကားနားမှာရှိတယ်"





"ဟင်"

သူ အံ့သြသွားမိတာ အမှန်ပဲဖြစ်သည်။ ထိပ်ထား ဒီမှာ ရောက်နေမည်ဟု သူ လုံးဝထင်မထားတာအမှန်။ ဒီနေ့ ထိပ်ထား ဂျူတီနားရက်မို့ အိမ်မှာပဲ ရှိနေမည်ထင်ခဲ့၏။

"ကဲ ... ခန့် ထွက်လာခဲ့လိုက်တော့နော်"

"အို ... အိုခေ ထိပ်ထား၊ ခုချက်ချင်း ကိုယ်ထွက်လာပြီ"

သူ ဖုန်းကို ကသောကမျောလေးပိတ်ကာ ထွက်ခဲ့လိုက်သည်။ သူတို့ဝန်ထမ်းတွေရဲ့ သီးသန့်ကားစတင်းလေးမှာ ရပ်စောင့်နေသော ထိပ်ထားကို အဝေးကတည်းက လှမ်းမြင်နေရသည်။

အနီရဲရဲဝတ်စုံလေးနှင့် ထိပ်ထား ပြုံးပြုံးလေး သူ့ကို ဆီးကြိုနေ၏။

"ထိပ်ထား ... ကားရော"

"မပါဘူး၊ တမင် တက္ကစီနဲ့ လာခဲ့တာ၊ ခန့်ကားနဲ့ သွားကြမယ်လေ"

"ဟင် ... ထိပ်ထား ဒီကို တက္ကစီနဲ့လာတာ"

"ဟုတ်တယ်၊ နေ့လယ်ကတည်းက ရောက်နေတာ၊ မြတ်တို့အခန်းထဲမှာ စကားပြောရင်း ခန့်ကို စောင့်နေတာ"

သူ အံ့သြပြီးရင် အံ့သြနေမိသည်။ ကိုယ်ပိုင်ကားကိုပဲ အမြဲစီးတတ်သောထိပ်ထား၊ တက္ကစီနဲ့လာတာကိုလည်း အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ သူ ဂျူတီထွက်တာကို တမင်လာစောင့်နေတာ ထူးဆန်းသည်။

အရင်ကဆို သူ့ထက် ဂျူတီတစ်နာရီလောက် စောထွက်ရင်တောင် ထိပ်ထား မစောင့်နိုင်ဘဲ ပြန်တတ်တာဖြစ်၏။

"ကဲ ... သွားစို့ခန့်၊ ဘူဖေးဟော့ပေါ့ပဲ စားရအောင် နော်"

သူ ခေါင်းလေးညိတ်ကာ ကားဆီ လျှောက်ခဲ့ကြသည်။ ထိပ်ထားကို ကားတံခါးဖွင့်ပေးပြီး သူ့ရှေ့က ပတ်လျှောက်ကာ မောင်းသူနေရာမှာ ဝင်ထိုင်သည်။

နောက်ကြည့်မှန်လေးထဲက ထိပ်ထားမျက်နှာလေးကို သူ အကဲခတ်ကြည့်မိသည်။ မိတ်ကပ်ပြေပြေလေးနှင့် ထိပ်ထား ဝင်းမွတ်မွတ်လေးလှပါသည်။

ပြီးတော့ ထိပ်ထားမျက်နှာလေးက ကြည်ကြည်လင်လင်ပဲ ပြုံးနေ၏။

"ထိပ်ထား"

"ဟင် ... ဘာလဲခန့်"

"ကိုယ် အံ့ဩနေလို့၊ လေဆိပ်အထိ လိုက်လာတယ်ဆိုတော့ ပြောစရာအရေးကြီးကိစ္စ ရှိလို့လားဟင်"

ထိပ်ထား သူ့ကို ပြုံးကြည့်သည်။

အပြုံးရိပ်တွေက မျက်ဝန်းတွေထဲအထိတောင် တောက်ပနေသည်ထင်မိ၏။





"အရေးကြီးကိစ္စရှိမှ လာရမှာလား ခန့်ရဲ့၊ ခန့်ကို တွေ့ချင်တယ်၊ စကားတွေပြောချင်လို့ ထွက်လာတာလေ"

ထိပ်ထားစကားကြောင့် သူ့ရင်ထဲမှာ ကျေနပ်ကြည်နူးသွားတာတော့ အသေအချာပဲဖြစ်သည်။

"ကိုယ် အရမ်းအံ့ဩဝမ်းသာနေတာ၊ ဂျူတီနားရက် ဒီအထိ ထိပ်ထား လာမယ်မထင်ဘူးလေ"

"အဲဒါက အရင်ကလေ ခန့်ရဲ့၊ အခု ခန့်နဲ့ထိပ်ထားက ချစ်သူတွေဖြစ်သွားပြီပဲ၊ အတူတွေ့ချင် စကားတွေ ပြောချင်တာပေါ့"

"ထိပ်ထားရယ်"

ကားလေးကို ဆိုင်ကလေးရဲ့ကားစတင်းမှာ သူ ညင်ညင်သာသာလေးပဲ ထိုးရပ်လိုက်သည်။ နှစ်ဦးသား ဆိုင်ထဲက စားပွဲဝိုင်းဆီ လှမ်းခဲ့တော့ သူ ထိပ်ထားလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။

ထိပ်ထား ကျေနပ်စွာ ပြုံးလို့ သူ့ပခုံးကို ပြန်တွဲဆုပ်ကိုင်သည်။ ထိပ်ထားက ဘူဖေးဟော့ပေါ့စားမည်ဆိုတာကြောင့် အစားအသောက်တွေ ပြင်ဆင်ထားသော ကောင်တာလေးဆီ လျှောက်ခဲ့သည်။

စတီးလင်ပန်းလေးတွေ ကိုယ်စီယူကာ စားချင်သော အသားငါးအစိမ်းတွေ၊ ပုစွန်တွေကို ညှပ်လေးနှင့် ဗန်းထဲထည့်သည်။ အသီးအနှံတွေကို လိုသလောက်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းလေးဆီ သယ်လာတော့ ဝိတ်တာချာတိတ်လေးက အသားပေါင်းအိုးလေး သယ်ယူလာကာ ချက်ပြုတ်ပြင်ဆင်ပေးသည်။

ပြုတ်ရည်အိုးထဲက အသားတွေကျက်တာစောင့်ရင်း ထိပ်ထားကို သူ ငေးငေးလေးစိုက်ကြည့်နေတော့ …

"ခန့် … ခန့်ဂျူတီနားရက်တော့ ထိပ်ထားအိမ်ကို လာလည်ဦးမယ်"

"တကယ်လား ထိပ်ထား၊ ထိပ်ထား လာမယ်ဆို ကြိုပြောလေ၊ ဘာစားချင်လဲပြော၊ ဖေဖေ့ကို စီစဉ်ခိုင်းလိုက်မယ်"

"ရပါတယ်၊ ခန့် ဘာစားချင်လဲပြော၊ ထိပ်ထား ဝယ်လာမှာ"

"မဟုတ်တာ၊ အမြဲတမ်း မေမေက စီစဉ်ပေးတတ်တာပဲ"

"မဟုတ်ဘူးလေ၊ ဒီတစ်ခါ ခန့်စားချင်တာပြော၊ ထိပ်ထားကိုယ်တိုင်ဝယ်လာပြီး ခန့်မေမေနဲ့အတူ ဝိုင်းချက်ပြုတ်စားကြမယ်လေ"

ထိပ်ထားစကားကြောင့် သူ အံ့ဩရပြန်ပါသည်။ ထိပ်ထား မျက်နှာပြုံးပြုံးလေးက သူ့ကို ငေးစိုက်ကြည့်နေဆဲ။

"အဟင်း … ခန့်က အံ့ဩနေတာလား၊ ထိပ်ထား အစီအစဉ်မကောင်းဘူးလား၊ ဂျူတီနားရက်တိုင်း ထိပ်ထားလာမှာလေ"





"ကိုယ် တကယ်အံ့ဩဝမ်းသာလွန်းနေတာ ထိပ်ထား၊ မေမေနဲ့ထိပ်ထားကြားမှာ အဆင်ပြေစေချင်တယ်"

"ခန့်ရယ် … ထိပ်ထားကလည်း အန်တီနဲ့ အဆင်ပြေချင်ပါတယ်၊ သိပ်မကြာခင် ထိပ်ထားအမေမေ ဖြစ်တော့မှာပဲလေ"

"ထိပ်ထားရယ်"

စားပွဲပေါ်က ထိပ်ထားလက်ဖဝါးလေးကို သူ နွေးထွေးကြင်နာစွာ ဆုပ်ကိုင်ထားလိုက်မိသည်။ ထိပ်ထားအကြည့်နွေးနွေးလေးတွေနှင့် သူ့ကို ပြန်ပြုံးပြသည်။

"ဟင်းတွေ ကျက်နေပြီခန့်ရဲ့၊ ပူပူနွေးနွေး စားလိုက်ရအောင်နော်"

သူ့ရှေ့က ပန်းကန်လေးယူကာ ထိပ်ထား အသားတွေကိုယ်တိုင်ထည့်ပေးသည်။ အသားပြုတ်ရည်နှင့် သီးနှံတွေကို ပန်းကန်လုံးလေးထဲ သီးသန့်ခပ်ထည့်ပေးသည်။

ထိပ်ထားကိုယ်တိုင် စီစဉ်ပေးနေတာကြည့်ရင်း သူ ကျေနပ်နေမိ၏။ ထိပ်ထား ဒီလိုပြောင်းလဲသွားခဲ့တာကိုသာ မေမေမြင်ရင် သူ အံ့ဩသလို အံ့ဩနေမှာ သေချာသည်။

မေမေလိုချင်တာ အိမ်ထောင်ရှင်မ ပီသသော ချွေးမတစ်ယောက်ဆိုတာ သူ သိပါသည်။ ဒါကို ထိပ်ထားလည်း နားလည်သွားခဲ့ပြီထင်ရဲ့။

ထို့အတွက် ထိပ်ထားကို သူ ကျေးဇူးတင်ကျေနပ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



တာ ထိပ်ထားကတော့ သိမည်မဟုတ်။

*

BURMESE CLASSIC .com

သူ့စကားတွေကို မေမေ တည်တည်ငြိမ်ငြိမ်လေးနှင့်ပဲ နားထောင်နေသည်။ သူ မျှော်လင့်ထားတာ မေမေရဲ့အံ့ဩသွားသောမျက်နှာပါပဲ။ ဒါပေမဲ့ မေမေ ဟန်ဆောင်တည်ငြိမ်ထားတာတော့ မကျေနပ်ချင်ပါ။

"မေမေ ... မအံ့ဩဘူးလားဟင်"

"မေမေက ဘာကို အံ့ဩရမှာလဲ သားရဲ့"

"ထိပ်ထားရဲ့ ပြောင်းလဲမှုလေ၊ ထိပ်ထားက ဂျူတီနားရက်တိုင်းမှာ သားစားချင်တဲ့ဟင်းတွေ ဝယ်လာပြီး မေမေနဲ့အတူ ချက်ပြုတ်စားကြမယ်တဲ့"

သူထင်ပြီး ပြန်ပြောပြနေတော့ မေမေ ပြုံးသည်။ မေမေ့အပြုံးတွေနောက်မှာ သံသယတွေ ပျော်ဝင်နေမှန်း သူ နားလည်၏။

"မေမေ ယုံရခက်နေရင် ... အဲဒီနေ့ကျ စောင့်ကြည့်လေ"

"အင်း ... မေမေ အကဲခတ်ကြည့်မှာပါ သား၊ ဒါပေမဲ့ သိပ်တော့မအံ့ဩပါဘူး၊ စုထိပ်ထား ဘာကြောင့် ဒီလိုပြောင်းလဲ





သွားသလဲဆိုတာ မေမေ သိနေတယ်"

မေမေ ဘာကိုဆိုလိုတာလဲ သူ နားမလည်နိုင်သလို မျက်မှောင်ကြီးကုတ်ကြည့်နေတော့ ...

"ရှင်းရှင်းလေးပဲသား။ စုထိပ်ထားထက် မေမေက ဗွိမက်သျှင်လေးကို ဂရုစိုက်အလေးထားပြတော့ သူ ဘယ်ကျေနပ်မှာလဲ"

"ဟာ ... ဒီကောင်မလေးကြောင့် မဟုတ်ပါဘူး မေမေရဲ့၊ ထိပ်ထားက သားချစ်သူလေ၊ မကြာခင် မေမေ့ရဲ့ချွေးမတစ်ယောက် ဖြစ်လာတော့မယ့် ထိပ်ထားကလည်း မေမေ သဘောကျကြည်ဖြူတဲ့ အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တာပါ"

"စုထိပ်ထား တကယ်ဆန္ဒရှိတယ်ဆိုရင် မေမေ ကြိုဆိုပါတယ် သား၊ သူ တကယ်ဆန္ဒရှိ ပြောင်းလဲတာလား မေမေ ကြည့်လေးတာပေါ့"

"ကြည့်ပါ မေမေ၊ ထိပ်ထားက မေမေလိုချင်တဲ့အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်လာရင် မေမေ ချွေးမတစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါနော်"

"အဲဒီစကားကို မေမေ ခေါင်းညိတ်ဖို့ လိုပါသေးတယ် သား၊ သားဆန္ဒတွေ မလောပါနဲ့၊ အိမ်ထောင်ရေးဆိုတာ ပြင်ရခက်တဲ့ကိစ္စကြီးပါ၊ သားအတွက် တကယ်သင့်တော်တဲ့သူဆို မေမေ လက်ခံပေးမှာ သားယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မေမေ့ရဲ့ကတိစကားတစ်ခွန်းအတွက် သူ ကျေနပ်ဝမ်းသာမိပါသည်။

"ဪ . . . သား မနက်ဖြန် မေမေ သမီးလေးစွဲမက်တို့ အိမ် သွားမလို့"

မေမေ့စကားထဲမှာ ဒီကောင်မလေး နာမည်ပါလာတော့ သူ အလိုမကျဖြစ်ရသည်။

"ဘာကိစ္စရှိလို့လဲ မေမေ"

"သမီးလေးက မေမေ့ကို ထမင်းစားဖိတ်လို့သား၊ ပြီး တော့ သမီးလေးအဖေရဲ့ကုမ္ပဏီမှာ မေမေ ရှယ်ယာပါထားတဲ့ ကိစ္စ ထပ်ဆွေးနွေးရင်း အစုရှယ်ယာထပ်တိုးမလို့"

သူ မျက်မှောင်ကုတ်သွားမိ၏။ မေမေက ဒီကောင်မ လေးအဖေရဲ့ကုမ္ပဏီမှာ ဘာကြောင့် ရှယ်ယာတွေ ထပ်တိုးချင် နေတာလဲ စဉ်းစားမရပါ။ ဖြစ်နိုင်လျှင် ဒီကောင်မလေး အိမ်ကို လာနေတာကိုတောင် သူ မနှစ်မြို့ချင်ပါ။

"မေမေကလည်း စီးပွားရေးလောဘကြီးလိုက်တာ၊ ဘာလို့ ရှယ်ယာတွေ ထပ်တိုးဦးမှာလဲဗျာ"

"သား မသိပါဘူး။ မေမေ စီးပွားရေးကို နားလည်တယ်၊ ဒါပေမဲ့ ငွေကြေးအကျိုးအမြတ်က တစ်ခါတစ်ရံမှာ မလိုအပ်ဘူး၊ ဒါတွေ သား နားမလည်ပါဘူး"

တကယ်လည်း မေမေ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို သူ နားမလည်ပါ။ မေမေ့ရဲ့စီးပွားရေးတွေကို သူ ဒါကြောင့်လည်း





ဘာမှမဝေဖန်ခဲ့ပါ။ အခု သူစိုးရိမ်နေတာ ဟိုကောင်မလေး ကြောင့်ပဲဖြစ်သည်။

စွဲမက်သျှင်ဆိုသည့် ဒီကောင်မလေးကြောင့် သူနှင့်ထိပ် ထားကြားမှာ နားလည်မှုတွေ မပြိုကွဲချင်ပါ။ ဒီကောင်မလေးက တကယ့်ပြဿနာမလေးမို့လည်း သူ စိုးရိမ်သည်။

ဒါပေမဲ့ မေမေ့ကို မလွန်ဆန်နိုင်သောသူ ရင်ငုံနှုတ်ပိတ် နေလိုက်တာက အကောင်းဆုံး။

*

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဆင်ဝင်အောက်ဆီက ကားဟွန်းသံတစ်ချက် ကြားတော့ သူ ရေချိုးပြီး အဝတ်အစားလဲနေတုန်းပဲ ရှိသေးသည်။

စာကြည့်စားပွဲပေါ်က နာရီလေးကိုလှမ်းကြည့်တော့ ခုနစ်နာရီခွဲပဲ ရှိသေးသည်။ ထိပ်ထားရောက်လာတာ စောလွန်းနေသည်ဟု တွေးမိပြီးမှ ဒီနေ့ ဟင်းချက်စရာတွေ ဝယ်လာမှာ သူ သိနေ၏။

ဒါကြောင့် ထိပ်ထား စောစောလာတာဖြစ်မည်။ ဗီရိုထဲက တီရှပ်တစ်ထည်နှင့် အပြာကွက်ပုဆိုးတစ်ထည်ကို ကသောကမျောလေး လဲလိုက်သည်။ အခုလောက်ဆို မေမေနှင့်ထိပ်ထား ညှိခန်းထဲမှာ ဆုံနေလောက်ပြီ။

ထိပ်ထားရဲ့ပြောင်းလဲမှုကို မေမေတော့ ဒီနေ့ကစပြီး အံ့ဩရတော့မှာ သေချာ၏။

အဝတ်အစားလဲပြီး ညှိခန်းဆီ ခပ်သုတ်သုတ်လေး လှမ်းခဲ့သည်။





"သမီးလေးက ဗီရိုယူကောင်းလိုက်တာ၊ အဟင်း ... ဟင်း ... လာ ... လာ အန်တီတို့တောင် စောစောကမှ နိုးကြတာ"

"သမီး တမင်စောစောထွက်လာတာပါ အန်တီ၊ ညှိ့သည်ထက် အရင်ကြိုရောက်တာ ပိုကောင်းတာပေါ့"

ကြားလိုက်ရသောအသံတွေကြောင့် သူ ခြေလှမ်းတွေ တုံ့သွားသလို မျက်မှောင်ကြီးကုတ်သွားရ၏။

ဗရုတ်မလေး ဘာလာလုပ်ပြန်တာလဲ။

"သမီးလေးကို ဒုက္ခပေးသလိုဖြစ်နေပြီလားမသိဘူး၊ ညက အန်တီ ခေါင်းတွေမူးပြီး သွေးတိုချင်သလိုဖြစ်နေလို့ သမီးကို ခေါ်လိုက်တာ"

"အားနာစရာ မရှိပါဘူး အန်တီရဲ့၊ စွဲမက် အိမ်မှာ ဘာမှလုပ်စရာမှမရှိတာ၊ အန်တီ အခုရော သက်သာရဲ့လားဟင်၊ စွဲမက် ဘာလုပ်ပေးရမလဲ"

"ရတယ် သမီး၊ ဆရာဝန်ကြီးပေးတဲ့ဆေး သောက်ထားတယ်၊ သက်သာနေပါပြီ၊ လာ ... ကော်ဖီသောက်ရင်း တစ်ခုခု စားရအောင်"

မေမေနှင့် ဒီကောင်မလေးကတော့ အပေးအယူ အတော့်ကို တည့်နေသည်။ ဒီကောင်မလေး မေမေ့အကြိုက်တွေ ပြောဆိုဆက်ဆံနေတာ သူ နည်းနည်းလေးမှ ကြည့်လို့မရပါ။

"ဟော ... သား ... လာ ... လာ၊ ဒီမှာ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ပါ ရောက်နေတယ်၊ မေမေတို့အတူ ကော်ဖီသောက်ရအောင်''

''မေမေတို့ သွားနှင့်ပါ၊ သားပြီးမှ လာခဲ့မယ်လေ''

''လာပါ သားရဲ့၊ စုထိပ်ထားက ဒီအချိန် မလာသေးပါဘူး''

မေမေ ထပ်ခေါ်နေတော့ သူ ငြင်းလို့မကောင်းတာမို့ ခေါင်းညိတ်လိုက်ခဲ့ရသည်။

လက်ပြတ်ခါးရှည်အင်္ကျီ အဝါရောင်အကျပ်လေးကို အနက်ရောင်ထမိန်စကတ်လေးနှင့် တွဲဝတ်ထားသော စွဲမက်သျှင် မေမေ လက်မောင်းကိုဖက်ကာ ရှေ့က လိုက်သွားသည်။

ပန်းဝဲ ဆံညိုညိုလေးနှင့် ဒီကောင်မလေးပုံစံက သူဆုံခဲ့တွေ့ခဲ့ဖူးသော ကောင်မလေးနှင့် ဘာမှမဆိုင်သလို ရှိနေ၏။

ကော်ဖီဝိုင်းရောက်တော့လည်း ဒီကောင်မလေးက အလိုက်တသိနှင့် ဒေါ်မိကို ဝိုင်းကူပြင်ဆင်ပေးနေ၏။

''အန်တီ ထိုင်နော်၊ သမီး ကူလုပ်ပေးလိုက်မယ်''

မေမေကတော့ သူမ စကားတွေကို ခေါင်းတညိတ်ညိတ်နှင့် ပြုံးရယ်ကာ သဘောကျနေတာ အထင်အရှား။ စွဲမက်သျှင်က ဒေါ်မိနှင့်အတူ ဖယ်ဆက်သလို ကူညီကာ ကော်ဖီဝိုင်းကို ပြင်ဆင်နေ၏။

''ဒေါ်မိ ... ကျွန်တော့်ကို ကြက်ဥပေါင်မုန့်ကြော်လေး စီစဉ်ပေးပါ''

ဒေါ်မိကို သူလှမ်းပြောတော့ စွဲမက်ဆိုသည့်ကောင်မ





လေး ခေါင်းမော့ကြည့်ရင်း ...

''ဒေါ်မိ ... နေ ... နေ၊ စွဲမက် စီစဉ်ပေးလိုက်မယ်''

သူ တကယ်ပဲ မကျေမနပ်ဖြစ်သွားမိသည်။ ဒီကောင်မလေး ဝင်ရှုပ်နေတာတော့ လွန်လွန်းပြီထင်သည်။ အခုပဲကြည့် ဒေါ်မိကို စေခိုင်းနေတာကို သင်းကလေးက ဝင်အမှတ်ယူနေပြန်၏။

''ကောင်းတယ် သမီး၊ အန်တီ့အတွက်ပါ တစ်ပွဲကြော်ပေးနော်''

မေမေကိုယ်တိုင်ကပါ ဝင်ပြောလိုက်တာမို့ သူ တားမြစ်မိတော့မည့်ပါးစပ်ကို ဘရိတ်အုပ်လိုက်ရသည်။ သင်းလေးကတော့ ခက်တော့နေပြီ။

''တီ ... တီ''

ဆင်ဝင်အောက်က ကားဟွန်းသံနှစ်ချက် ကြားလိုက်ရတော့ သူ ထရပ်ပြီဖြစ်နေသည်။

''ထိပ်ထား ရောက်လာပြီထင်တယ် မေမေ''

''အင်း ... သား သွားခေါ်ခဲ့လေ ကော်ဖီသောက်ရအောင်''

သူ ခေါင်းညိတ်ပြီး ကော်ဖီဝိုင်းက ထွက်ခဲ့သည်။ ကောင်မလေး ကြက်ဥကြော်နေရင်း လှမ်းကြည့်တာ သူ သတိတောင် မထားလိုက်မိပါ။

''ဟော ထိပ်ထား ... လာ, လာ၊ ဘာတွေ ဝယ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

"**ကြက်သား၊ ပုစွန်ထုပ်၊ ပြီးတော့ ငါးဖယ်ခြစ်တွေလေ၊** ထိပ်ထားကိုယ်တိုင် ဈေးထဲဝင်ဝယ်နေလို့ နောက်ကျသွားတာ ခန့်ရဲ့''

''ဟင် ... ထိပ်ထားကိုယ်တိုင် ဈေးသွားဝယ်တာ''

သူ တအံ့တသြလေးမေးတော့ ထိပ်ထား ပြုံးပြုံးလေး ခေါင်းညိတ်သည်။ မှန်ညက်နေအောင် ပြင်ဆင်ထားသော ထိပ်ထား အဖြူရောင်ဝမ်းဆက်လေးနှင့် မင်းသမီးလေး ရှုံးလောက်သည်။

''အင်းပေါ့၊ ဘာလဲ ... ခန့် မယုံလို့လား''

''ယုံပါတယ်ကွာ၊ ထိပ်ထားက မင်းသမီးလေးလို လှနေတော့ ဈေးထဲမှာ လူတွေဝိုင်းကြည့်ကြမှာ တွေးမိလို့ပါ''

''အဟင်း ... ဟင်း ... ခန့်ကလည်း ပြောရော့မယ်''

''နောက်တာပါ ထိပ်ထားရယ်၊ လာ ... မေမေတို့ ကော်ဖီဝိုင်းမှာ၊ အဲ ... ဟို ဗရုတ်သုတ်ခမလေးပါ ရောက်နေတယ်''

ထိပ်ထားမျက်နှာပေါ်က အပြုံးတွေ ချက်ချင်းပျောက်သွား၏။ မျက်ခုံးတန်းတန်းလေး စုကြုတ်သွားရင်း ...

''သူက ဘာလာလုပ်တာလဲ ခန့်''

''မေမေ ခေါ်လိုက်လို့တဲ့လေ၊ ညက မေမေ သွေးတိုးပြီး ခေါင်းတွေမူးနေတော့ ဒီနေ့ ထိပ်ထားနဲ့ ချက်ပြုတ်နိုင်မှာ





မဟုတ်ဘူး၊ ဒါကြောင့် ဒီကောင်မလေးကို **ခေါ်ပြီး အကူအညီ** တောင်းတာတဲ့''

''ဟင် ... ထိပ်ထားကို ဒီကောင်မလေးက သင်ပြမှာလား၊ ဒါဆိုရင်တော့ မဖြစ်ဘူး ခန့်''

ထိပ်ထား လက်မခံနိုင်တာ သူ နားလည်ပေးနိုင်သည်။ ထို့အတွက်လည်း သူ ကြိုတွေးထားပြီးပြီ။

''ထိပ်ထား သူနဲ့ စကားမပြောချင်နေပေါ့၊ ဒေါ်မိရှိတာပဲလေ၊ ဒီကောင်မလေးကို လိုတာပဲ ခိုင်းပေါ့၊ ထိပ်ထားနဲ့ ဒေါ်မိပဲ ချက်လေ''

ထိပ်ထား စိတ်ညစ်ညူးသလို ပင့်သက်လေးရှိုက်သည်။ သူ ထိပ်ထားပခုံးလေးကို နှစ်သိမ့်သလို ဆုပ်ကိုင်လိုက်ရင်း–

''ဘာမှခေါင်းထဲ ထည့်မနေစမ်းပါနဲ့ ထိပ်ထားရယ်၊ ကိုယ်လည်း ရှိနေတာပဲ၊ ဒီကောင်မလေးကို လုံးဝကြည့်ရတာ မဟုတ်ဘူး၊ အခုတောင် ဒေါ်မိကို ကြက်ဥပေါင်မုန့်ကြော်ခိုင်းတာ သင်းလေးက ဝင်ကြော်နေလို့ အတော်စိတ်ညစ်နေတာ''

သူ့စကားကြောင့် ထိပ်ထား နှုတ်ခမ်းလေးတွန့်ကာ ပြုံးသည်။

''သူကြော်တာကို ခန့် မစားနဲ့လေ ထိပ်ထားကြော်ပေးမယ်''

''ဟင် ... ထိပ်ထား ကြော်တတ်လို့လား''

''ကြက်ဥကြော်တာများ ခန့်ရယ် မခက်လောက်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ခန့် စားမယ်ဆို ထိပ်ထားကိုယ်တိုင် ကြော်ပေးမယ်''

သူ ခေါင်းညိတ်ပြတော့ ထိပ်ထား ကျေနပ်သွားရင်း ထိပ်ထားလက်ကိုဆွဲကာ ကော်ဖီခန်းထဲ သူခေါ်ခဲ့သည်။

ကော်ဖီခန်းထဲ ဝင်ခါနီးကျမှ ထိပ်ထား သူ့ဘယ်လက်မောင်းကို ဆုပ်ကိုင်ခိုတွဲလိုက်တာ သူ သတိထားမိ၏။ စွဲမက်ဆိုသည့် ကောင်မလေးမျက်နက်ဝန်းလေးတွေနှင့် မော့ကြည့်၏။

မေမေကလည်း ထိပ်ထားအပြုအမူကို မနှစ်သက်သလို တည်တည်ကြီး မော့ကြည့်နေ၏။

''အန်တီ နေမကောင်းဘူးဆို''

''ဩော် ... ညတုန်းက သွေးတက်လို့ ခေါင်းမူးတာပါ သမီးရဲ့''

''အဟင်း ... ထိပ်ထားက ဟင်းချက်စရာတွေ အစုံအလင်ဝယ်လာတာ၊ တပျော်တပါး ချက်စားကြမလားလို့''

''သားပြောလို့ အန်တီ စီစဉ်ထားတယ်၊ ဒီမှာလေ သမီးလေး စွဲမက်ပါ ဝိုင်းကူချက်ပေးမှာပေါ့၊ သမီးကိုလည်း ချက်တတ်အောင် သင်ပေးကြမလို့''

ထိပ်ထား စွဲမက်ကိုတောင်မကြည့်ဘဲ သူ့နံဘေးက ထိုင်ခုံမှာ ဝင်ထိုင်၏။ စွဲမက်က ထိပ်ထားအတွက် ကော်ဖီငှဲ့ထည့်ပေးဖို့ပြင်တော့ သူ လက်ကာတားရင်း ...

''ရတယ် စွဲမက်သျှင်၊ ကိုယ်ထည့်ပေးလိုက်မယ် ခရား





ဒီကိုပေး''

သူ့စကားကို အလိုမကျသလို မေမေ လှမ်းကြည့်နေတာကို သူ မသိကျိုးကျွံပြုပြီး ထိပ်ထားပန်းကန်ထဲ ကော်ဖီထည့်ပေးလိုက်၏။ မေမေ့ကို ဂရုမစိုက်တာ မဟုတ်ပေမယ့် ထိပ်ထားနှင့်စွဲမက်သျှင်ကြားမှာ ပြဿနာတွေ မဖြစ်စေချင်ပါ။

''သား ... အဲဒီမှာ ပေါင်မုန့်ကြက်ဥကြော်လေ၊ စားလိုက်ဦး''

''ခန့်ကြိုက်လို့လား၊ ထိပ်ထားကိုယ်တိုင် ကြော်ပေးမယ်လေ၊ ပေါင်မုန့်ကြက်ဥကြော်က ပူပူနွေးနွေးမှ စားလို့ကောင်းတာ''

ထိပ်ထား သူ့ရှေ့က ပေါင်မုန့်ကြက်ဥကြော်ပန်းကန်ကို ဆွဲယူသွားကာ ဘေစင်လေးဘေးက အမှိုက်ပုံးထဲ သွန်ပစ်လိုက်၏။

ထိပ်ထားအပြုအမူကြောင့် စွဲမက်သျှင်မျက်နှာလေး ပျက်သွားသလို မေမေလည်း မျက်မှောင်ကြီးကုတ်ကြည့်နေ၏။ မေမေ့နှုတ်က ဘာစကားသံမှ ထွက်မလာပေမယ့် မေမေ့ဒေါသတွေကို သူ နားလည်နေ၏။

''ခန့် ... လာပါဦး၊ ကြက်ဥက ဘယ်မှာလဲ ပြပါဦး''

ထိပ်ထား သူ့ကို လှမ်းမေးနေတာကို သူ ထိုင်ခုံကထ,ကာ ထိပ်ထားကို သွားကူပေးလိုက်ရသည်။ အမှန်ဆို ကြက်ဥခြင်းက နံရံကပ်လေးပေါ်မှာ အထင်အရှားရှိနေတာပဲ ဖြစ်၏။

''ခန့် ... ဘယ်လိုကြော်ရမှာလဲ၊ ကြက်ဥကို အရင်



www.burmeseclassic.com

www.burmeseclassic.com



ကြော်ရမှာလား။ ပေါင်မုန့်ကိုလား"

သူ့အနားရောက်မှ ထိပ်ထား တိုးတိုးလေးမေး၏။ ထိပ်ထား မကြော်တတ်တာတော့ သေချာနေပြီ။

"ကြက်ဥကိုဖောက်ပြီး ပန်းကန်ထဲမှာ ခလောက်၊ ပြီးမှ ပေါင်မုန့်ကို ကြက်ဥနှစ်ရည်နှစ်ပြီး ကြော်ရတယ် ထိပ်ထားရဲ့"

သူ ထိပ်ထားကို တိုးတိုးလေးရှင်းပြရ၏။ တကယ်ဆို သူလည်း ကိုယ်တိုင် တစ်ခါမှကြော်ဖူးတာမဟုတ်။ ဒါပေမဲ့ ... မေမေနှင့်ဒေါ်မိတို့ လုပ်နေတာကို မြင်ဖူးထား၍ တော်ပါသေးသည်။

ထိပ်ထား သူ့စကားအတိုင်း ကြက်ဥတစ်လုံး လှမ်းယူကာ ပန်းကန်နှုတ်ခမ်းနှင့် ရိုက်ခွဲသည်။

"အိုး ...အမေ့"

လက်ချော်သွားသော ကြက်ဥက ကြေမွကွဲကြေကာ ပန်းကန်ထဲမှာတစ်ဝက်၊ ဘေစင်လေးပေါ်တစ်ဝက် ဖိတ်စင်ကျကုန်၏။

ထိပ်ထား မျက်စိမျက်နှာပျက်နေတော့ သူ နောက်တစ်လုံးထပ်ယူကာ ပန်းကန်ထဲ ကိုယ်တိုင်ဖောက်ထည့်ပေးလိုက်သည်။

"ခဏနည်းနည်းထည့် ထိပ်ထား"

သူ တိုးတိုးပြောသည့်အတိုင်း ထိပ်ထား ဆားထည့်ကာမွှေသည်။ ပေါင်မုန့်လှီးပြီးသားအချပ်တွေ သူယူပေးတော့ ထိပ်





ထား လှမ်းယူကာ ပန်းကန်ထဲ ပစ်ထည့်သည်။

"မီးဖိုလေ့ချတ်မှုပြီး အိုးတင်လိုက်ဦး ထိပ်ထား။ ဆီထည့်ဖို့ မမေ့နဲ့ဦး"

ထိပ်ထားအနားက သူ တိုးတိုးသင်ပေးနေရ၏။ မေမေတို့တွေကတော့ သူနှင့်ထိပ်ထား လုပ်နေသမျှ ငိုင်းကြည့်နေကြမှာ သိနေ၏။

ဒယ်အိုးတင်ပြီး ဘူးထဲက ဆီတွေကို ထိပ်ထား ပေါခနဲ လောင်းထည့်သည်။ ကြက်ဥပေါင်မုန့်ကြော် ကြော်မည့်ဆီတွေက ဒယ်အိုးပြည့်လုနီးပါးပါလား။ သူ ထိပ်ထားကိုကြည့်ကာ စိတ်တွေ ရှုပ်ချင်နေပြီ။

"ဆီကျက်အောင် စောင့်ပြီးမှ ပေါင်မုန့်ထည့်နော်"

ထိပ်ထား ခေါင်းလေးညိတ်ရင်း နှုတ်ကလည်း မေမေတို့ ကြားအောင် စကားတွေ ဖောင်ဖွဲ့ပြောနေ၏။

"မာမီတို့ ထိပ်ထားကြော်တဲ့ ကြက်ဥပေါင်မုန့်ကြော်ကို သိပ်ကြိုက်တာ ခုနှဲ့ ကျန်တာတွေ မတတ်သေးပေမယ့် ဒါလောက်တော့ ထိပ်ထား ကြော်တတ်ပါတယ် ခုနဲ့ ... အဟင်းဟင်း"

ထိပ်ထားလုပ်ကိုင်နေတာတွေကြည့်ကာ သူခေါင်းညိတ်ဖို့ ခက်ခဲပေမယ့် မေမေတို့ရှေ့မှာဖို့ အလိုက်သင့်ခေါင်းညိတ်နေရ၏။

"ရပြီထင်တယ် ...ထည့်တော့ ထိပ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား ပန်းကန်ထဲက ပေါင်မုန့်ကို ဇွန်းခွက်ကြီးနှင့် ခပ်ယူပြီး ဒယ်အိုးထဲထည့်ဖို့ ကြိုးစား၏။

အခန့်မသင့်တော့ ဇွန်းထဲက ပေါင်မုန့်ချပ်က ကြက်ဥနှစ်တွေထဲ ပြန်ပြုတ်ကျသည်။ ကြက်ဥနှစ်ရည်တွေက ထိပ်ထား အင်္ကျီလေးမှာရော သူ့တီရှပ်တွေအထိပါ လာစဉ်ကုန်၏။

"ဗုဒ္ဓေါ ... ညစ်ပတ်ကုန်ပြီ"

ထိပ်ထားပြောရင်း ဘေစင်ပေါ်က အဝတ်စနှင့် ကြက်ဥနှစ်ရည်တွေကို သုတ်သည်။ ဒီတော့မှ ပိုဆိုးကုန်ကာ ထိပ်ထား ဇာအင်္ကျီဖြူလေးက ပိုလို့ညစ်ထေးသွားရ၏။

ထိပ်ထားမျက်နှာလေးရှုံ့ကာ သူ့ကိုမော့ကြည့်တော့ သူလည်း မျက်နှာပျက်နေရပြီ။

"ဆီညှော်နံ့တွေ ဆိုးနေပြီ ထိပ်ထား"

"ဟင် ... အင်း ... အင်း"

ထိပ်ထား ပန်းကန်ထဲက ပေါင်မုန့်ကို ဇွန်းနှင့်ပြန်ခပ်ယူကာ ဒယ်အိုးထဲ ထည့်သည်။ ဒီတစ်ခါတော့ ကံကောင်းသည်ဟုပဲ ဆိုရမည်။ ဒယ်အိုးထဲကို ပေါင်မုန့်ချပ်လေး ရှဲခနဲ ချောချောမောမော ရောက်သွားပါသည်။

မီးဖိုဆောင်ပေါ်မှာ ကျကျန်ခဲ့သော ကြက်ဥနှစ်ရည်တွေကိုတော့ လက်နှီးစနှင့် သူ ပွတ်သုတ်လိုက်ရပါသည်။

"အဆင်ပြေရဲ့လား သား"

မေမေလှမ်းမေးတော့ ထိပ်ထားက သူ့အရင် ခေါင်း





လေးလှမ်းကြည့်ကာ ခေါင်းလေးညိတ်ပြ၏။

"ပြေ ... ပြေပါတယ် အန်တီ၊ အဟင်း ... ဟင်း ခန့်အတွက် ရှယ်ကြော်ပေးမလို့ပါ"

ထိပ်ထားလက်မောင်းကိုတို့ကာ ဆီပူထဲက နီရဲနေသော ပေါင်မုန့်ကို သူ မျက်စပစ်ပြရ၏။

"ဆယ်လိုက်တော့ ထိပ်ထား"

"ဟင် ... အင်း ... အင်း"

ထိပ်ထား ဇွန်းခွက်ကြီးလှမ်းဆွဲကာ ဆယ်ယူဖို့ ကြိုးစားသည်။ နီရဲနေသော ကြက်ဥပေါင်မုန့်ကြော်က ဇွန်းခွက်ထဲ မရောက်နိုင်ဘဲ ဆီပူထဲမှာပဲ ချာလည်နေတော့ ထိပ်ထား ချွေးတွေပြန်လာ၏။

"ဒုက္ခပဲ ... မ ... မရဘူး ခန့်"

အိုးထဲမှာ ချာလည်နေသော ပေါင်မုန့်ချပ်လေးကို သူကိုယ်တိုင်ပဲ အသင့်တွေ့သော ဂေါ်ပြားလေးနှင့် ဆယ်ယူလိုက်ရပါသည်။

"ရပြီ ... ရပြီ ခန့်၊ ထည့် ... ဒီပန်းကန်ထဲထည့်"

ထိပ်ထား ပန်းကန်ပြားတစ်ချပ်ဆွဲယူကာ ပြောတော့ သူ ပန်းကန်ထဲကို လှမ်းထည့်လိုက်ရ၏။

ညှော်နံ့သင်းနေသော ပေါင်မုန့်ကြက်ဥကြော်က ပန်းကန်ထဲမှာ ညိုညစ်မည်းတူးနေလေပြီ။

"ဒေါ်မိ ... မီးဖိုခလုတ်ပိတ်ပြီး အိုးကို ပြန်ချထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး''

မေမေ မနေနိုင်တော့ဘဲ ပြောမှ ဒေါ်မိ မီးဖိုပေါ်က ဆီပူဒယ်အိုးကြီးကို လာကူညီသိမ်းပေးသည်။ ဆီညှော်နံ့တွေက တစ်ခန်းလုံး မွှန်ထူနေသလို ပန်းကန်ထဲက ပေါင်မုန့်မည်းမည်းလေးကိုကြည့်ကာ ထိပ်ထား မျက်နှာလည်း ဆီးရွက်လောက်ပဲ ရှိတော့၏။

''ကဲ ... သားတို့ ကော်ဖီလာသောက်ကြလေ၊ ယူခဲ့ပါဦး သမီးကြော်ထားတဲ့ ရှယ်ပေါင်မုန့် ကြက်ဥကြော်''

မေမေ လှမ်းခေါ်နေတာ သူနှင့်ထိပ်ထား လေးပင်သော ခြေလှမ်းတွေနှင့် ကော်ဖီဝိုင်းမှာ ပြန်ထိုင်လိုက်ကြရ၏။

မေမေ့မျက်ဝန်းတွေက ပန်းကန်ထဲက ပေါင်မုန့်ကြက်ဥကြော်ကိုကြည့်ကာ ပါးစပ်အဟောင်းသား အံ့သြနေသည်။

''ဘုရား ... ဘုရား ... ဒီလောက်မည်းတူးနေမှတော့ ဘယ်လိုလုပ်စားမလဲ သားရယ်''

''ဟို ... ဟို ... လေ ထိပ်ထားဆယ်တာ နောက်ကျသွားလို့ အန်တီ''

ထိပ်ထား တွန့်တွန့်ဆုတ်ဆုတ်အသံလေးနှင့်ပြောတော့ မေမေ သဘောကျသလို ရယ်မောနေသလို စွဲမက်သျှင်မျက်နှာလေးကလည်း ပြုံးစိစိ။

''အဟင်း ... ဟင်း ကြက်ဥပေါင်မုန့်ကြော်တစ်ချပ်ကလည်း အလွယ်လေးလို့ သမီးက ထင်နေတာကိုး၊ အဲဒါပဲ သမီး၊





မိန်းကလေးဆိုတာ အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်လာဖို့ ယောက်ျားယူလိုက်မှ အလိုလိုဖြစ်သွားတာမဟုတ်ဘူး၊ အိမ်ထောင်ရှင်မတစ်ယောက် တတ်သင့်တဲ့ အတတ်ပညာဆိုတာ လိုအပ်တယ်၊ ဒါကို သမီးစုထိပ်ထား နားလည်ဖို့လိုတယ်''

ထိပ်ထားမျက်နှာလေး ရဲရဲနီကာ ခေါင်းမဖော်နိုင်တော့ပါ။ မေမေ့ရှေ့မှောက်မှာ ဒီလိုအခြေအနေတွေ ကြုံဆုံလိုက်ရတာမို့ ထိပ်ထားအတွက် သူလည်း မျက်နှာပူနေမိ၏။

ထိုနေ့က ထိပ်ထား မီးဖိုထဲမဝင်တော့ဘဲ ခြံထဲမှာ သူနှင့် စိတ်ပျက်လက်ပျက် အတူရှိနေခဲ့သည်။

''ထိပ်ထားရယ် ... ဘာမှ စိတ်ထဲမထားပါနဲ့ကွာ''

''မထားလို့ရမလား ခန့်၊ ဟိုကောင်မလေးရှေ့မှာ အရှက်ကွဲရတာ ထိပ်ထား သိပ်ရှက်တယ်၊ ခန့်မေမေ စကားတွေကလည်း ထိပ်ထားကို အရှက်ခွဲလိုက်တာပဲ''

ပြောရင်း ထိပ်ထား မျက်ရည်လေးတွေ ဝဲလို့နေသည်။ မေမေတို့ ချက်ပြုတ်ပြီး ထမင်းစားကြတော့ ထိပ်ထားကို သူ မနည်းခေါ်ခဲ့ရ၏။

''ကဲ ... သားတို့ စားကြည့်ကြစမ်း၊ ဒါ ... သမီးလေး စွဲမက် ချက်ပြုတ်ထားတာ၊ မေမေကတော့ မိန်းကလေးပီသတဲ့ သူကိုပဲ သဘောကျတယ်''

''အန်တီ့စကားကို ထိပ်ထား လက်မခံနိုင်ဘူး အန်တီ၊ အချက်အပြုတ်တတ်မှ မိန်းမပီသတယ်ဆိုရင် အိမ်ဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်တွေပဲ မိန်းမပီသသူတွေလား၊ ထိပ်ထားကတော့ အထင်မကြီးပါဘူး''

ထိပ်ထားနှုတ်က ဒီလိုစကားမျိုး ကြားရမည်ဟု သူ မျှော်လင့်မထားခဲ့မိပါ။ အခုတော့ မေမေ့ကို ထိပ်ထား ခွန်းတုံ့မခံ ပြန်ပြောနေသည့် မျက်ဝန်းမှာ မာနတွေက ဖိတ်ဖိတ်တောက်လျက်။

''အဲဒါ . . . မင်းရဲ့ခံယူချက်ပဲ ဖြစ်လိမ့်မယ် စုထိပ်ထား၊ အန်တီကတော့ မိန်းမတစ်ယောက်ရဲ့အရည်အချင်းမှာ မိန်းမပီသဖို့လည်း အဓိကလိုအပ်ချက်လို့ ယုံတယ်၊ အန်တီသားရဲ့အိမ်ထောင်ဘက်တစ်ယောက်ကို အန်တီက ဒီစံနှုန်းတွေနဲ့ပဲ ရွေးချယ်မှာကွဲ့''

ထိပ်ထား အံကို တင်းခနဲကြိတ်လိုက်တာ သူမြင်သည်။ တစ်ဖွန်းမှမစားရသေးသော ပန်းကန်ကို ထိပ်ထား ဥပေက္ခာပြုရင်း . . .

''ခန့် . . . ထိပ်ထား ပြန်တော့မယ်''

''ဟင် . . . ထိပ်ထား စားပါဦး . . . ဟို . . . ဟို''

''ဆောရီးပဲ ခန့်၊ ထိပ်ထားကို အိမ်ဖိတ်ခေါ်ပြီး နှိပ်ကွပ်စော်ကားတာတော့ လုံးဝသည်းမခံနိုင်ဘူး''

''နေဦး စုထိပ်ထား၊ အန်တီက မင်းကို စော်ကားတာ မဟုတ်ဘူးနော်၊ လူကြီးတစ်ယောက်အနေနဲ့ သင်ကြားဆုံးမတာပါ၊ ဒါကို မင်း လက်မခံတာ အန်တီ စိတ်မကောင်းပါဘူး''





''အဟင်း . . စုထိပ်ထားဆိုတာ ယောကျ်ားတစ်ယောက်ရဖို့အတွက် ကိုယ့်ရဲ့မာနတွေကို လွှင့်ပစ်လိုက်မယ့် မိန်းတစ်ယောက်တော့ မဟုတ်ဘူး အန်တီ''

စကားအဆုံးမှာ ထိပ်ထား ချာခနဲလှည့်ထွက်သွားခဲ့သည်။ စားပွဲဝိုင်းမှာရှိနေသော စွဲမက်သျှင် ခေါင်းလေးငုံ့ကာ ငြိမ်သက်နေ၏။

သူကတော့ ထိုင်ခုံက ဝေါက်ခနဲထရပ်ကာ ထိပ်ထားနောက်လိုက်ဖို့ ပြင်မိတော့ မေမေ မျက်ဝန်းစူးစူးတွေနှင့် မော့ကြည့်ရင်း . . .

''မေမေ မှားလား သား၊ မေမေ့ရဲ့ချွေးမတစ်ယောက်ကို သား ခေါ်လာတာလား၊ မေမေ့ကို အံတုပြီး ရန်တွေ့မယ့် မိန်းမကို ခေါ်လာတာလား''

''မေမေရယ် . . . ဟို . . . ဟို''

''ဘာမှထပ်မပြောနဲ့တော့ သား၊ ဒီကောင်မလေး ရိုင်းစိုင်းတာ မေမေ လုံးဝလက်မခံနိုင်ဘူး၊ ကော်ဖီဝိုင်းမှာ ကြက်ဥပေါင်မုန့်ကြော်ကို အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်ကတည်းက မေမေ မကျေနပ်တာ''

သူ ခေါင်းခါရင်း ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရ၏။ စွဲမက်သျှင်ကတော့ ထမင်းဝိုင်းက အလိုက်တသိ ရှောင်ထွက်ကာ မီးဖိုခန်းထဲ ဝင်သွား၏။

ဘယ်သူမှ မစားမနိုက်ရသေးသော ထမင်းဝိုင်းမှာ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"မေမေ အပြတ်ပြောမယ်သား။ စုထိပ်ထားနဲ့ သားကို မေမေ ဘယ်လိုမှ သဘောမတူနိုင်ဘူး။ အေး . . . မင်း မေမေ့ကို စွန့်ပစ်နိုင်တယ်ဆိုရင် ကြိုက်တာ ဆုံးဖြတ်နိုင်တယ်"

ယတိပြတ် အမိန့်စကားနှင့် မေမေပါ ထမင်းဝိုင်းက ထ,ထွက်သွားခဲ့၏။ သူ ခေါင်းကိုခါယမ်းရင်း ပင့်သက်တွေပဲ အခါခါချနေမိဆဲ။

မေမေနှင့်ထိပ်ထားကြားမှာ ဖြစ်တည်သွားခဲ့သော အစိုင်အခဲကြီးက သိပ်ကိုကြီးမားသွားခဲ့ပြီ။ ဒါ သူ ဘယ်လိုမှမရနိုင်သော ပြဿနာကြီးပဲဖြစ်၏။

တကယ်ဆို ထိပ်ထားရဲ့မာနတွေ ဒီလောက်အထိ မကြီးမားသင့်ခဲ့ပါ။ အခုတော့ . . .

သူ မျှော်လင့်ထားသောအခြေအနေက . . .။

*



## အခန်း (၁၈)

"ဘာဖြစ်ဖြစ် အားလုံးအတွက် ထိပ်ထားကို ကိုယ်တောင်းပန်တယ်"

"ဘာကို တောင်းပန်နေတာလဲ ခန့်၊ ခန့်မေမေကို နားလည်ပေးဖို့အတွက်လား၊ ဆောရီးပဲ ခန့်၊ ထိပ်ထားအတွက် ဒီထက်ပိုပြီး မာနတွေကို ထိပါးမခံနိုင်တော့ဘူး"

ခါးသီးလွန်းနေသော ထိပ်ထားမျက်နှာက မာတင်းနေသည်။ ထိပ်ထားရဲ့အကြည့်တွေထဲမှာ သူ ဘယ်လိုနစ်သိမ့်ပါစေ လက်ခံဖို့ ရည်ရွယ်ချက်ရှိမည့်ပုံမပေါ်။

"တကယ်ဆို အဲဒီနေ့က ထိပ်ထား အားလုံးကို အလျှော့ပေးပြီး ခန့်ဘက်ကို လိုက်လျှောပေးခဲ့တာပါ၊ ဒါပေမဲ့ ခန့်မေမေ အမြင်တွေက ထိပ်ထားအပေါ် သိပ်အထင်သေးလွန်းတယ်"

"မဟုတ်ဘူး ထိပ်ထား"

"ခန့် ဘာမှမပြောနဲ့တော့၊ ခန့်သိပါတယ်၊ စုထိပ်ထားဆိုတဲ့ မိန်းမတစ်ယောက်အတွက် အဲဒီလောက်အထိ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မရှားပါဘူး''

''ထိပ်ထား ဒီလိုမပြောပါနဲ့၊ ကိုယ်နဲ့ထိပ်ထားရဲ့သံယောဇဉ်နဲ့အချစ်မှာ အဲဒါတွေ မဆိုင်ပါဘူး''

သူ့စကားကြောင့် ထိပ်ထား နှုတ်ခမ်းလေးတွေ မဲ့ခနဲ ပြုံးသည်။ လှောင်ရိပ်သမ်းနေသော မျက်ဝန်းတွေက မာနရိပ်တို့နှင့် တောက်ပလွန်းနေ၏။

''ခန့်နဲ့ထိပ်ထားကြားမှာ ကျန်တာတွေက ဘာမှအရေးမပါဘူးဆိုရင် အခု ခန့်မေမေရဲ့ဆန္ဒတွေအတိုင်း ဘာလို့ ထိပ်ထားကို ချုပ်ကိုင်းဖို့ ကြိုးစားနေရတာလဲ ခန့်၊ ထိပ်ထားရဲ့မိဘအသိုင်းအဝိုင်းအခြေအနေက စုတ်ပြတ်နေခဲ့လို့လား''

''မဆိုင်ဘူး ထိပ်ထားရယ်၊ မေမေက ထိပ်ထားကို အိမ်ရှင်မ,ကောင်းတစ်ယောက်အဖြစ် မြင်ချင်တာပါ''

''အဟင်း ...ဟင်း ဆောရီးပဲခန့်၊ ယောက်ျားတစ်ယောက်ကို လက်ထပ်ယူပြီး မီးဖိုထဲမှာ ဘဝကို နှစ်ထားမယ့်သူထဲမှာ ထိပ်ထားမပါဘူး။ အင်း ...ခန့်မေမေသဘောကျတဲ့ မိန်းမကို ခန့်ရွေးချယ်ခဲ့သင့်တာ၊ ပြောရရင် စွဲမက်သျှင်လိုပေါ့''

''ကိုယ် မင်းကိုချစ်တာ ထိပ်ထား''

''ဟင့်အင်း ...မဟုတ်ပါဘူး၊ ရှင့်မေမေကိုချစ်တာပါ၊ ထိပ်ထား ခံယူချက်ကိုပြောမယ် ခန့်ပ၊ ထိပ်ထားကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တယ်၊ ဘယ်သူ့ကိုမှ ကိုယ့်ကိုယ်ကိုယ်ထက် ပိုမချစ်နိုင်ဘူး''





သူ ထိပ်ထားကိုငေးကြည့်နေမိ၏။ စိန်ပွင့်တွေလို လက်ဖြာနေသော ထိပ်ထားမျက်ဝန်းတွေထဲမှာ သူနှင့်ပတ်သက်သော သံယောဇဉ်အရိပ်တွေ ဘာတစ်ခုမှရှိမနေဘူးလား။

''ထိပ်ထား အနာဂတ်ဘဝကိုလည်း ထိပ်ထားအတွက်ပဲ ရွေးချယ်မှာပါ၊ ခန့်အခြေအနေက ထိပ်ထား လက်ခံနိုင်တဲ့သူပါ၊ ဒါပေမဲ့ ခန့်မေမေကတော့ ထိပ်ထား သတ်မှတ်ထားတဲ့ယောက္ခမ မဟုတ်ဘူး''

''ဟင်''

''ဝမ်းနည်းပါတယ် ခန့်၊ သေချာတာတစ်ခုကတော့ ခန့်ကို ပိုင်ဆိုင်ဖို့အတွက် ထိပ်ထားမာနတွေကို ခန့်မေမေ နင်းဖို့ ချခင်းပေးလိုက်မှာ မဟုတ်ဘူး''

''ထိပ်ထား ...နေ ...နေပါဦး''

သူ့ခေါ်သံကို ဥပေက္ခာပြုပြီး ထိပ်ထား လှည့်ထွက်သွားခဲ့သည်။ ရပ်ထားသော ပရာဒိုကားကြီးပေါ် တက်မောင်းထွက်သွားသည်အထိ ထိပ်ထား တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ပါ။

မာနတွေနဲ့ သူ့ကို ထိပ်ထား ဥပေက္ခာပြုရက်နိုင်သည်လား။ ထိပ်ထားနှလုံးသားမှ ချစ်တတ်သောနှလုံးသားမရှိဘူးတဲ့လား။ သူသိချင်သော အဖြေကို ထိပ်ထားနှုတ်က ပြောမသွားခဲ့တာတော့ သေချာသည်။

ထိပ်ထားရဲ့စကားတွေထဲမှာ မာနနှင့်အတူ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမုန်းတီးမှုတွေ ပါဝင်နေတာ အထင်အရှားပါပဲ။

မေမေ့ကို ဆန့်ကျင်ပြီး ထိပ်ထားကို ရပ်တည်ပေးဖို့လည်း သူ့စိတ်က လက်မခံနိုင်ပါ။ တကယ်ဆို မေမေ့မှာ အပြစ်မရှိ။ ထိပ်ထားရဲ့မာနတွေကြောင့် ဒီအခြေအနေတွေ ဖြစ်ကုန်ခဲ့တာ ဖြစ်သည်။

ထိပ်ထားသည်သာ စွဲမက်သျှင်ဆိုသောကောင်မလေးလို မေမေ့သဘောကျနေနိုင်လျှင် ဘယ်လောက်ကောင်းမလဲ။

အခုတော့ ...

သူမျှော်လင့်ထားသော ထိပ်ထားနှင့် မေမေ့ကြားမှာ နားလည်နိုင်မှုတစ်ခု စတောခဲ့ပြီ။

ပင့်သက်မောကြီးထဲမှာ သူ့စိတ်တွေရဲ့မွန်းကျပ်မှုတွေက နည်းနည်းလေးတောင် လျော့ပါးမသွားခဲ့ပါလား။



**အခန်း (၁၉)**

သည့်နောက်ပိုင်းမှာ ထိပ်ထားရဲ့ဆက်ဆံမှုတွေ သူ့အပေါ် ပြောင်းလဲသွားခဲ့တာတော့ အသေအချာပဲဖြစ်သည်။

ဂျူတီနားရက်တွေမှာ ထိပ်ထား သူ့ကို တမင်ရှောင်နေတာ သူ နားလည်သည်။ သူဖုန်းဆက်တိုင်းလည်း ထိပ်ထားစကားတွေက စိမ်းစိမ်းပြတ်ပြတ်။

"တို့ လုံးဝမအားဘူး ခန့်"

ယတိပြတ်စကားဆိုကာ ထိပ်ထား ဖုန်းချသွားခဲ့တာပဲဖြစ်သည်။ သူ့အပေါ် ဒီလောက်အထိ ထိပ်ထား ရက်စက်စိမ်ပြတ်လွန်းတာတော့ သူ စိတ်မကောင်းတာအမှန်။ တကယ်ဆို သူနှင့်ထိပ်ထားကြားမှာ သံယောဇဉ်တွေက ခိုင်ကျည်ခဲ့တာ အသေအချာ။

သူ့ဘက်က ထိပ်ထားကို ဆုံတွေ့နိုင်ဖို့ ကြိုးစားခဲ့သည်။ ဒါပေမဲ့ ...

"ဟို ... စုထိပ်ထားက ဟို ... အဲ ... မအားဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်တည်ငြိမ်''

''သူ ဘာလုပ်နေလို့လဲ သီတာ၊ သူ့တာဝန်ချိန်က လိုသေးတယ် မဟုတ်လား''

''ဟုတ်ကဲ့၊ သူ့တာဝန်ကျတဲ့ ဖလိုက်က နေ့လယ်တစ်နာရီမှ ထွက်မှာပါ၊ ဟိုလေ ... အဲ ... သူ ကိုခန့်တည်ငြိမ်ကို မတွေ့ချင်လို့ ထင်တယ်''

သီတာကိုယ်တိုင်တောင် သူ့ကို အားနာနေသည့်မျက်နှာနှင့် တုံ့ဆိုင်းဆိုင်းလေးပြောသည်။

''ကျွန်တော် နားလည်ပြီ သီတာ၊ ကျေးဇူးပဲဗျာ''

''ဟုတ် ... ဟုတ်ကဲ့၊ ဟိုလေ ... သီတာ စိတ်မကောင်းပါဘူး၊ ကိုခန့်တည်ငြိမ်နဲ့စုထိပ်ထားတို့ ဘာဖြစ်နေကြတာလဲဟင်၊ စုထိပ်ထား စိတ်ကောက်နေတာလား''

''အင်း ... ဟုတ်လိမ့်မယ်ထင်တယ် သီတာ၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုဦးနော်''

ထိပ်ထားတို့ရုံးခန်းရှေ့က သူ လှည့်ပြန်ခဲ့ရသည်။ ထိပ်ထား မတွေ့ချင်လို့ ရှောင်ဖယ်နေတာကို သူ ဝမ်းနည်းပေမယ့် ဘာမှမတတ်နိုင်ခဲ့ပါ။

နောက်ပိုင်းမှာ ဖုန်းဆက်တိုင်းလည်း ထိပ်ထား တမင်ပိတ်ပစ်တာ သူ ကြုံသည်။ ထိပ်ထားနဲ့သူ့ရဲ့ သံယောဇဉ်တွေ သည်မျှအထိ လွယ်ကူစွာ ပြတ်တောက်သွားခဲ့ခြင်းက မေမေ့ကြောင့်လား။





မေမေ့ကို ထိပ်ထား နာကြည်းသွားခဲ့သလို မေမေ့ဘက်ကလည်း ထိပ်ထားနှင့်ပတ်သက်ပြီး သူ စကားစမိတိုင်း ခါးသီးစွာပဲ တုံ့ပြန်တတ်၏။

''တော်တော့သား၊ စုထိပ်ထားအကြောင်း မေမေ ဘာမှ မကြားချင်ဘူး''

''မေမေရယ် သား''

''ထပ်မပြောနဲ့တော့ သား၊ ယောက္ခမဆိုတာ အမေတစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့ရဲ့စိတ်သဘောထားကို သားကိုယ်တိုင် မြင်သိပြီးပြီပဲ၊ မေမေ အရှင်းဆုံးပြောမယ်သား၊ သူ့ကို မင်းဘဝအတွက် ရွေးချယ်ဖို့ ဘယ်တော့မှ စိတ်မကူးနဲ့၊ ဘယ်လိုမှ ဇနီးကောင်းဖြစ်မလာနိုင်တဲ့ မိန်းမတစ်ယောက်ကို သား သံယောဇဉ်ဖြတ်လိုက်တော့''

လူတစ်ယောက်ကို ဘယ်တုန်းကမှ မမုန်းတတ်သော မေမေ ထိပ်ထားကိုတော့ ခါးသီးစွာ မုန်းသွားခဲ့တာ သေချာနေ၏။ ထိပ်ထားရဲ့မာနတွေကြောင့် သူ နားလည်သည်။

ထိပ်ထားရဲ့နာမည်ကိုတောင် မကြားလိုသော မေမေသည် စွဲမက်သျှင်ဆိုသော ကောင်မလေးအိမ်ကို ရောက်လာလျှင်တော့ လိုအားကျေနပ်စွာ ကြိုဆိုတတ်သည်။

''ဟော ... သမီးလေး လာ ... လာ၊ အန်တီက သမီးကို မျှော်နေတာ''

''ထွက်လာခါနီးမှ စွဲမက်ကားက ပျက်နေလို့ အန်တီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက လိုက်ပို့ပေးမယ် ပြောသေးတယ်၊ စွဲမက် တမင် တက္ကစီနဲ့ပဲ လာခဲ့တာ''

''ဟုတ်လား ... အန်တီ့ဆီ ဖုန်းဆက်လိုက်ပေါ့ သမီးရယ်၊ အန်တီ့သားကို လာခေါ်ခိုင်းလိုက်မှာပေါ့''

မေမေ့စကားတွေကို သတင်းစာဖတ်ရင်း သူကြားနေသည်။ ဒီကောင်မလေးကို မေမေ အရေးပေးလွန်းနေသည်။ သူကပဲ ဒီကောင်မလေး အိမ်သွားခေါ်ပေးရမတဲ့။

''ရပါတယ် အန်တီရဲ့၊ တက္ကစီနဲ့လည်း အဆင်ပြေပါတယ် ... အဟင်း''

''လာ ... သမီး ဒီနေ့ ထောပတ်ထမင်းချက်စားမလို့၊ အန်တီကတော့ သိပ်မတည့်ပါဘူး၊ သားစားဖို့ချက်တာ၊ သမီးလည်း ထောပတ်ထမင်းချက်နည်း သိသွားတာပေါ့''

''ကောင်းတယ် အန်တီ၊ သမီးလည်း သင်ထားချင်နေတာ''

မေမေနှင့် စွဲမက်သျှင် မီးဖိုခန်းထဲ အတူတွဲဝင်သွားကြတာ သူ မော့မကြည့်ဘဲ သိနေသည်။ သူ ဂျူတီနားရက်တိုင်း ဒီကောင်မလေး အမြဲမပြတ် ရောက်လာတတ်တာ သတိထားမိသည်။

သူမရှိသည့်ရက်တွေမှာလည်း အိမ်ကို ရက်ခြားလာလည်တာတွေ ဒေါ်မိကို မေးကြည့်လို့ သိခဲ့ရသည်။ မေမေက ဒီကောင်မလေးနှင့်တောင်အတူ ရှော့ပင်းနဲ့တွေ ဘာတွေ ထွက်ကြ





သည်တဲ့။

ဒါတွေကြားသိနေတော့ သူ ဒီကောင်မလေးကို ပိုလို့ကြည့်မရအောင် ဖြစ်နေမိသည်။ အိမ်ကို ချောင်းပေါက်မတတ်လာနေတာ ဘာရည်ရွယ်ချက်လဲ။ ပြီးတော့ မေမေ့အကြိုက်လိုက်ကာ နေပြနေတာတွေက သိသာလွန်းသည်။ မေမေကိုယ်တိုင်ကလည်း စွဲမက်သျှင်အကြောင်း ချီးမွမ်းသည့်စကားတွေကလည်း အပ်ကြောင်းထပ်နေ၏။

''သမီးလေးက တကယ်တော်တာ၊ စိတ်ထားလေးကဖြူစင်သလို ယဉ်ကျေးလိမ္မာတယ်၊ မာန်မာနတွေ ကင်းစင်တာလည်း အရည်အချင်းတစ်ခုပဲ၊ ဒီလိုမိန်းမပီသတဲ့ မိန်းကလေးမျိုးမှ မေမေက သဘောကျတာ''

မေမေ့စကားတွေက ဘာကိုရည်ညွှန်းနေသည်လဲဆိုတာ သူ ကောင်းကောင်းသိပါသည်။ ဒီကောင်မလေးကို မေမေ ချွေးမတော်ချင်နေတာပဲဖြစ်မည်။

ဒါကိုတော့ သူ ဘယ်လိုနည်းနှင့်မှ လက်ခံနိုင်မှာမဟုတ်ပါ။ မေမေ ဘယ်လောက်ပဲ ချီးကျူးဗျိုကာတွေ ဖွင့်နေပါစေ၊ သူ လုံးဝအထင်မကြီးတာ အမှန်။

သင်းကလေး မေမေရှေ့မှာ ဟန်ဆောင်ပြနေတာလို့ပဲ ထင်သည်။

ရုပ်ကလေး ချောမောလှပတာတော့ လက်ခံသည်။ ဒါပေမဲ့ သူမလေး ဇရတ်ကျခဲ့တာတွေကတော့ နှာခေါင်းရှုတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည်။ ပြောရလျှင် သူတောင်မှ ပန်းခြံထဲမှာတုန်းက ခံခဲ့ရသေးသည်။

ဒီလောက်အထိ တစ်ပါးသူကို စိတ်အနှောင့်အယှက်ပေးတတ်လွန်းသည့် ကောင်မလေး။ မေမေ့ရှေ့မှာ အပိုးကျိုးပြနေတာ မေမေ့ကတော့ ယုံမည်ပေါ့။

မေမေကိုယ်တိုင်သာ ဒီကောင်မလေးလုပ်ရပ်တွေကို ထိပ်တိုက်ကြုံတွေ့ခဲ့ရလျှင် ဘယ်လိုမှ လက်ခံမှာမဟုတ်။

သင်းလေးက လည်တော့လည်ပါသည်။ သူ့မအကြောင်းတွေ သူသိနေတာမို့ မေမေနှင့်ဒေါ်မိကို ကြိုပြောထားသည်။ မေမေကလည်း အလွယ်တကူ နားလည်ပေးပုံက လူငယ်ပီပီ ပျော်ပျော်နေတတ်တာ အပြစ်မဟုတ်ပါတဲ့။

သင်းလေး ဘယ်လောက်အထိ ဟန်ဆောင်နိုင်မှာလဲ။

စောင့်ကြည့်လိုက်ချင်သည်။ အခုချိန်အထိတော့ မေမေတို့နှင့် ပဏ္ဍာသင့်လို့နေဆဲ။ မေမေတို့ ဘယ်လောက်ပဲ ချီးကျူးနေပါစေ သူကတော့ စိတ်မဝင်စားသလို တမင်နေပြသည်။

ဒါမှ ဒီကောင်မလေးကို သူ အလိုမရှိဘူးဆိုတာ မေမေသိလိမ့်မည်။ စိတ်ညစ်ရတာက တစ်ခုပါပဲ။ ဂျူတီနားရက်တွေမှာ ဒီကောင်မလေး မျက်နှာကို မမြင်ချင်ပဲမြင်၊ အသံကို မကြားချင်ဘဲ ကြားနေရတာ ဖြစ်သည်။

အခုလည်း မီးဖိုထဲမှာ မေမေနှင့် စကားပြော ရယ်မောနေသည့် ဒီကောင်မလေးအသံတွေကို ကြားနေရသည်။ မမြင်၊





မကြားလိုတော့။ သူ ခြံထဲဆင်းကာ စာဖတ်နေလိုက်သည်။

မေမေ ထမင်းစားခေါ်တော့မှ သူ လာခဲ့သည်။ ထမင်းဝိုင်းမှာ ပြင်ဆင်နေတာ ဒေါ်မိနှင့် စွဲမက်သျှင်ဆိုသော ကောင်မလေး။ ဒီကောင်မလေး ဝတ်ဆင်ထားတာ မေမေ့ရဲ့အင်္ကျီနှင့် လုံချည်ဖြစ်နေတာမို့ သူ ပြုံးမိသည်။

မီးဖိုထဲဝင်ကာ ကူညီချက်ပြုတ်ပေးနေတာမို့ သူ့မအိမ်က ဝတ်လာသောအင်္ကျီတွေကိုလည်း လဲလှယ်ထားပုံရသည်။ မေမေ့ရဲ့ဘလောက်စ်အင်္ကျီခါးရှည်လေးက သူ့မနှင့်ကျတော့ ပွယောင်းယောင်းလေးဖြစ်နေ၏။

လုံချည်က အပွင့်အခက်ကြီးကြီး ပါတိတ်ဆင်မို့ အဘွားအိုလေး ရုပ်ပေါက်နေသည်။ ပခုံးထိဝဲကျနေသော ဆံပင်ညှို့တိုတိုလေးနှင့် ဝင်းမွတ်နုနယ်နေသော မျက်နှာလေးကတော့ ချစ်စရာလေးပါပဲ။

ကြည်လဲ့နေသော မျက်နက်ဝန်းလေးတွေ၊ နှာတံချွန်သွယ်သွယ်လေးနှင့် နဂိုပန်းနုရောင်သမ်းနေသော နှုတ်ခမ်းလေးတွေက ဘာမှပြင်ဆင်ခြယ်သထားတာမဟုတ်ဘဲ လှသည်။

ဘာမှမပြင်မဆင်ဘဲ ဒီကောင်မလေး လှနေတာမြင်တော့ ထိပ်ထားကို သူ သတိရမိ၏။ ထိပ်ထားကတော့ အမြဲတမ်းလှပနေအောင် ပြင်ဆင်နေတတ်သူ။ ဘယ်သောအခါကြည့်ကြည့် နုညက်မှုန်နေအောင် ခြယ်သထားတတ်စမြဲ။ ဒါကြောင့်လည်း မေမေက သဘောမကျတာထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"သား ... ထည့်စားလေ၊ မေမေ ထောပတ်ထမင်းပဲ ချက်တာ၊ ဟင်းတွေအကုန်လုံး သမီးလေး စွဲမက်လက်ရာတွေ ကွဲ့"

ထုံးစံအတိုင်း မေမေကတော့ ကြော်ငြာနေ၏။ သူ နား ရက်အတိုင်း ဒီကောင်မလေး ရှိနေတတ်ကာ ဟင်းတွေချက်ပေး နေတာသိပြီးသားဖြစ်၏။ ပြောရလျှင် မေမေ ချီးကျူးလောက် အောင်လည်း ဒီကောင်မလေး မေမေ့လက်ရာကို မှီသည်။

"ဒါက ကြက်သားဆီပြန် ဒီမှာ ဆိတ်သား၊ ဒါက ငါးပိကြော်၊ အအီပြေအောင် ချဉ်ပေါင်ဟင်းချိုကို ငါးဖယ်လေး စပ်ချက်ထားတာ သား၊ စားနော်"

ပြောရင်း မေမေက သူ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့် ပေးသည်။ သွေးတိုးရှိသော မေမေနှင့် ဒေါ်မိက ထောပတ်ထမင်း မစားဘဲ ထမင်းဖြူတွေပဲ စားသည်။ ထောပတ်ထမင်းတွေက သူနှင့် စွဲမက်သျှင်တို့နှစ်ဦးပဲ စားကြတာဖြစ်သည်။

ဦးမက်သျှင်က မေမေနှင့်ဒေါ်မိပန်းကန်ထဲကို ဟင်းတွေ ဦးချခပ်ထည့်ပေးသည်။ ဒီကောင်မလေးရဲ့ အဲဒီလိုသိတတ်လိမ္မာ မှုတွေကြောင့်လည်း မေမေတို့ချစ်နေတာ ဖြစ်မည်ထင်၏။

မေမေ ချက်ထားသော ထောပတ်ထမင်းက အဆီအစိမ့် တွေ နည်းပါးကာ ထောပတ်ရနံ့သင်းသင်းလေးနှင့်မို့ စားလို့ ကောင်းပါသည်။

ကြက်သားတစ်လှည့် ဆိတ်သားတစ်လှည့်နှင့်စားရင်း





သူ ထမင်းစားလို့ မြိန်နေတာအမှန်။ နှစ်ပွဲတိတိ သူစားဖြစ်သည်။

သူစားပြီးတော့ စွဲမက်သျှင်က ရေသန့်ဘူးထဲက ရေတစ် ခွက်ငှဲ့ထည့်ပေးသည်။ သူမရဲ့အလိုက်သိတတ်မှုအတွက် မေမေ ကျေနပ်စွာ ပြုံးနေသလို ဒေါ်မိကလည်း ပြုံးလို့ကြည့်နေသည်။

သူ ဒီကောင်မလေး ငှဲ့ပေးသောရေကို တမင်မသောက် ဘဲ စားပွဲက ထရပ်လိုက်တော့ ...

"သား တော်တော်အရသာတွေ့သွားပြီထင်တယ်၊ အဟင်း ... ရေတောင်မသောက်နိုင်တော့ဘူးလား"

စွဲမက်သျှင့်ရှေ့မှာ မေမေက ဖာဖာထေးထေး ဝင်ပြော နေတာ သူသိပါသည်။ သူ ဒီကောင်မလေးအပေါ်မှာ တည်တည် ရှင်းရှင်းနေပြနေတာကို မေမေ သဘောကျပုံမရှိ။

"စားလို့ကောင်းပါတယ် မေမေ"

မေမေကျေနပ်အောင်ပြောပြီး သူ ထမင်းဝိုင်းက ထွက် ခဲ့သည်။ စွဲမက်သျှင်ကို ကင်းကင်းပြတ်ပြတ်နေချင်ပေမယ့် မေမေ ကြောင့် သူ အလိုက်အထိုက်တော့ ဆက်ဆံနေရသေးသည်။

"ဘာပဲဖြစ်ဖြစ် သမီးလေးက မေမေ့အပေါ် ကျေးဇူးရှိ တယ်သား၊ မေမေ မူးလဲတုန်းက သူလေးပဲ စေတနာအရင်းခံနဲ့ ကူညီခဲ့တာ"

မေမေပြောထားကတည်းက သူ မပြုံးချင်ဘဲ ပြုံး၊ မခေါ် ချင်ဘဲ ခေါ်ပြောဆက်ဆံနေခဲ့ရ၏။

အခုလည်း ဒီကောင်မလေး ပြန်ဦးမှာ မဟုတ်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



သူ သိနေသည်။ ခြံထဲဆင်းကာ စာဖတ်နေလိုက်သည်။ အိမ်ထဲမှာနေလျှင် မေမေကြောင့် စကားတွေ ဝင်ပြောနေရဦးမှာ သေချာ၏။

ခြံထဲမှာ ဒရင်းဘက်လေးနှင့် စားပွဲဝိုင်းပုလေးချကာ သူ စာထိုင်ဖတ်နေတုန်း ...

"ကိုကို"

သူ တွန့်ခနဲဖြစ်သွားကာ မော့ကြည့်မိတော့ စွဲမက်သျှင် လင်ပန်းလေးကိုင်ကာ သူ့ရှေ့ရောက်နေခဲ့ပြီ။

"ဒီမှာ ကိုကိုစားဖို့ အန်တီ ပို့ခိုင်းလို့"

အချိုပွဲလင်ပန်းလေးကို စားပွဲပုလေးပေါ်တင်ပေးရင်း စွဲမက်သျှင် ပြုံးပြုံးလေးပြောသည်။

"နေပါဦး ... မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ကိုကိုလို့ ခေါ်တာပါ"

"ဟော့ ... ဟော့ ... မခေါ်နဲ့"

သူ မျက်နှာပုပုနှင့် ခါးခါးသီးသီးငြင်းတော့ သူမ မျက်ခုံးတန်းတန်းလေးတွေ စုကြုတ်သွားရင်း ...

"ဘာလို့လဲဟင် ... အန်တီက စွဲမက်ကို အဲဒီလိုခေါ်ခိုင်းလို့ပါ၊ ကိုကိုက စွဲမက်ရဲ့အစ်ကိုအရွယ်ပဲလေ"

တကယ့်ပြဿနာပါပဲ။ မေမေ့နာမည်ကို ခံတုံးလုပ်ကာ ဒီကောင်မလေး ဖြေရှင်းနေတော့ အခက်။ သူမကသာ မေမေခေါ်ခိုင်းတိုင်း နှုတ်ရဲကာ ခေါ်နေပေမယ့် သူကတော့ နားထောင်





ရတာ နားမရဲပါ။

"ဒီ ... ဒီမှာ ... မေမေခေါ်ခိုင်းတာမှန်ပေမယ့် မခေါ်နဲ့"

"ကိုကို ... အဲ ... မကြိုက်ဘူးဆိုရင် မခေါ်ပါဘူး၊ အန်တီ့ကို စွဲမက်ပြောပြလိုက်ပါ့မယ်"

မျက်နှာလေးညှိုးလျော်ကာ စွဲမက်သျှင်ပြောတော့ သူ မျက်လုံးပြူးကာ ထိတ်ခနဲဖြစ်သွားသည်။ မေမေ့ကိုပြောလျှင် သူ နားပူအောင် အဆိုခံရဦးမှာ သေချာသည်။ ပြန်လှည့်ထွက်ဖို့ ပြင်ဆင်နေသော စွဲမက်ကို သူ ကပျာကသီလှမ်းတားရင်း–

"ဟော့ ... နေ ... နေဦး၊ မင်း မေမေ့ကို ဘာမှ သွားပြန်ပြောမနေနဲ့၊ ငါပြောတာ မေမေ့ရှေ့မှာ မင်းခေါ်ချင်ခေါ်၊ မင်းနဲ့ငါ နှစ်ယောက်တည်းရှေ့မှောက်မှာ ခေါ်စရာမလိုဘူး"

သူ့စကားကြောင့် စွဲမက်သျှင် ခေါင်းလေးညိတ်ကာ မျက်ဝန်းနက်နက်လေးတွေနှင့်ကြည့်သည်။ မျက်ရည်စတွေစိုလဲ့နေသော မျက်ဝန်းလေးတွေကို သူမြင်သည်။ ဒီလိုကျတော့လည်း သနားစရာအကောင်းသား။

ဒါပေမဲ့ သင်းကလေးကို မျက်နှာသာပေးလို့မဖြစ်ပါ။ အခုပဲကြည့် ရဲတင်းပြီး ဗရုတ်ကျသော စိတ်ဓာတ်လေးက ပေါ်လွင်နေပြီ။

အိမ်ထဲကို သူမ လျှောက်ဝင်သွားတော့ သူ ဖတ်လက်စ စာအုပ်ကို ပြန်ဖတ်နေလိုက်သည်။ မျက်ဝန်းတွေက မေးစင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကာ အိပ်ချင်လာတာမို့ ဒရင်းဘက်လေးမှာပဲ တစ်မှေးအိပ်ပစ်လိုက်သည်။

အိမ်ထဲမှာ မေမေနှင့် စွဲမက်သျှင်တို့နှစ်ယောက်ကတော့ စကားတွေ ဖောင်ဖွဲ့လို့ကောင်းနေကြမှာ သေချာ၏။

※

သူရေချိုးပြီး အဝတ်အစားလဲနေတုန်းမှာပဲ မေမေ သူ့ဆီ ရောက်လာသည်။

"သား ... သမီးလေးကို အိမ်ပြန်ပို့ပေးလိုက်စမ်းပါ"

"ဟာ ... မေမေကလည်း သူ့ဘာသာ တက္ကစီနဲ့ ပြန်လို့ရတာပဲ"

"ဒီလိုမပြောနဲ့လေ သားရဲ့ မေမေ ညွှန်သည်ဆိုတဲ့အသိ သားစိတ်ထဲမှာ သိထားစမ်းပါ"

သူငြင်းလို့မရနိုင်တာ သိနေတော့လည်း မေမေ့ကို သန့်ကျင်ပြီး မပြောချင်တော့ပါ။ မေမေ သူ့ကို မျက်မှောင်ကြီး ကုတ်ကြည့်ရင်း ...

"သား ... သွားစရာရှိလို့လား၊ ဒါဆို မေမေကိုယ်တိုင်ပဲ လိုက်ပို့လိုက်မယ်"

"မရှိပါဘူး မေမေ၊ မေမေ မပို့ပါနဲ့ သား လိုက်ပို့ပေး





လိုက်မယ်"

မေမေ့ကို ကိုယ်တိုင်ကားမမောင်းစေချင်တာမို့ သူပဲ လိုက်ပို့ပေးဖို့ ကတိပေးလိုက်ရသည်။ စိတ်ထဲမှာတော့ တော်တော့်ကို မကျေမနပ်ဖြစ်နေသည်။

ညွှန်ခန်းထဲကို မေမေနှင့်အတူ ထွက်ခဲ့တော့ ငုတ်တုတ်ကလေးစောင့်နေသော စွဲမက်သျှင်ကို မြင်သည်။

"သမီးကို သား လိုက်ပို့ပေးလိုက်မယ်၊ ဟုတ်လား သမီး"

မေမေ့စကားကို ခေါင်းလေးညိတ်ကာ သူ့ကို မရဲတရဲ မော့ကြည့်နေသေးသည်။ သေချာသည်က သူ့မျက်နှာ မာတင်းနေမှာ မလွဲပါ။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ သူလှမ်းခဲ့တော့ မေမေက သူမကို လက်ကလေးဆွဲကာ ကားနားအထိပို့နေသေးသည်။

"နောက်တစ်ပတ်ဆန်းဒေးကျရင် ပလာဇာသွားဖို့ အန်တီ လာခေါ်မယ်နော် သမီး"

"ဟုတ်ကဲ့ အန်တီ၊ သမီးသွားတော့မယ်နော်"

နောက်ခန်းတံခါးကို မေမေကိုယ်တိုင်ဖွင့်ပေးရင်း စကားစ မပြတ်နိုင်တာကို သူ စိတ်မရှည်သလို နောက်ကြည့်မှန်ထဲက ကြည့်နေမိ၏။

"ကဲ ... သွားတော့သမီး၊ သား အိမ်အထိလိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်နော်''

''စိတ်ချပါ မေမေ၊ အိမ်တိုင်ရွာရောက် သားပို့လိုက်ပါ့မယ်ခင်ဗျာ''

မေမေ့ကို ခပ်ရွှဲရွှဲလေးပြောပြီး သူ ကားကို မောင်းထွက်ခဲ့လိုက်သည်။ ကားနောက်ခန်းထဲမှာ မလှုပ်မယှက် အရုပ်လေးလို ငြိမ်သက်နေသော ကောင်မလေးကို သူ တစ်ချက် အကဲခတ်ကြည့်မိ၏။

ဒီလိုကျတော့လည်း သူ ဆုံခဲ့တွေ့ခဲ့ဖူးသော ကောင်မလေးမှ ဟုတ်ရဲ့လားဟုတောင် တွေးချင်စရာပါပဲ။

''ကဲ . . . အမိ ကိုယ်က မင်းအိမ်ကို သိတာမဟုတ်ဘူးနော်၊ လိပ်စာလေးလည်း ပြောဦး''

သူမေးတော့မှ ကောင်မလေး လိပ်စာကိုပြောသည်။ မေမေသာ မကြာခဏရောက်ဖူးနေတာ။ သူကတော့ တစ်ခါမှ ရောက်ဖူးတာမဟုတ်ပါ။ သူမလေးပြောသည့် ခြံအထိ ကားကို မောင်းခဲ့သည်။

ခြံတံခါးကို ခြံစောင့်ကြီးက လာဖွင့်ပေးနေတာမို့ သူ ကားကို မောင်းဝင်ခဲ့လိုက်သည်။ ခြံကြီးက ကျယ်ဝန်းသလို ရောင်စုံပန်းတွေနှင့် လှလှပပဝေဝေဆာဆာရှိသည်။

နှစ်ထပ်တိုက်ကြီးကလည်း ထည်ဝါပါသည်။ သူမလေးရဲ့ဖခင်က ကုမ္ပဏီပိုင်ရှင်သူဌေးကြီးဟု မေမေပြောတာ သူ ကြားဖူးသည်။





ဆင်ဝင်အောက်မှာ သူ ကားကိုထိုးရပ်တော့ ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေသော လူကြီးတစ်ဦး ထ,ထွက်လာသည်။ စွဲမက်သျှင်ရဲ့ဖခင်ပဲဖြစ်မည်။

''ဟော . . . သမီး ပြန်လာပြီလား''

''ဟုတ်ကဲ့ . . . ဒယ်ဒီ၊ ဒီမှာ ကိုကို . . . အဲ . . . ကိုခန့်တည်ငြိမ် လိုက်ပို့ပေးတာလေ''

''ဟုတ်လား၊ ဒေါ်နှင်းနှင်းမြိုင်သားပေါ့၊ အိမ်ထဲဝင်ဦးလေကွာ''

လူကြီးတစ်ယောက်က ဖိတ်ခေါ်နေတာမို့ သူငြင်းဖို့ ခက်ခက်ဖြစ်ရသည်။ အားနာစွာနှင့်ပဲ ကားတံခါး ဖွင့်ဆင်းလိုက်ရသည်။

''လာ . . . သား ထိုင်ပါဦးကွ၊ မနှင်းမြိုင်နဲ့အန်ကယ်က ရင်းနှီးခင်မင်ပေမယ့် မင်းကို အခုမှ မြင်တွေ့ဖူးတာလေ''

''ဟုတ်ကဲ့ဦး၊ မေမေ ပြောပြလို့ ဦးနာမည်ကိုတော့ ကြားဖူးနေပါတယ်ခင်ဗျာ''

''အေး . . . အေး . . . အိမ်သိနေပြီပဲကွာ ဝင်ထွက်ပေါ့၊ မိသားစုလို သဘောထားပေါ့ကွာ''

ဦးမြတ်သျှင်က ရင်းနှီးဖော်ရွေစွာ မိတ်ဆက်ညှိခံနေတော့ သူလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရသည်။ ငြင်းနေသည့်ကြားက စွဲမက်သျှင် ဧည့်ခံသော ကော်ဖီတစ်ခွက်ကိုပါ သောက်လိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သျှင်ရော ဘွားအုန်းဆိုသည့် စွဲမက်သျှင်ရဲ့ ကြီးကြီးဆိုသူကပါ သူ့ကို စကားတွေ ဖောင်ဖွဲ့အောင်ပြောကာ ညှော်ခံနေတာမို့ မနည်း စကားစဖြတ်ပြီး ပြန်ခဲ့ရသည်။

စွဲမက်သျှင်ရဲ့ဖခင်က သူ့ကို လိုလားစွာ အိမ်ကိုဝင်ထွက်ဖို့ ခွင့်ပြုစကားတွေဆိုနေခဲ့ခြင်းက မေမေ့ကြောင့်ဖြစ်မည်ထင်သည်။

မေမေ ဘာကြောင့် စွဲမက်သျှင်ကို လိုအပ်တာထက် ပိုမိုခင်တွယ်နေခဲ့တာလဲဆိုသော အဖြေကို သူ ရိပ်မိသလို ရှိနေပါသည်။ ဒါပေမဲ့ မေမေ့နှုတ်ကတော့ ပြောမလာသေးပါ။

မေမေ ပြောလာလျှင်တော့ သူ ပြတ်သားစွာ ခေါင်းခါရမည်ပဲဖြစ်သည်။

*



## အခန်း (၂၀)

"မဖြစ်နိုင်ဘူး မေမေ၊ သား လက်မခံနိုင်ဘူး"

သူစိုးရိမ်နေသည့်အတိုင်း သူနှင့်စွဲမက်သျှင်ကိစ္စကို မေမေ နှုတ်က ဖွင့်ပြောလာတော့ သူ ခါးသီးစွာပဲ ငြင်းမိသည်။

"ဘာကို လက်မခံနိုင်တာလဲ သား၊ သမီးလေးက ငြင်းဆိုစရာမလိုအောင် အဘက်ဘက်က ပြည့်စုံနေတာ မဟုတ်လား"

"မေမေ ထင်လို့ပါ၊ ဒီကောင်မလေးက မေမေ အထင်ကြီးအောင် ဟမင်နေပြနေတာပါ၊ သားကတော့ လုံးဝအထင်မကြီးဘူး"

"ဘာကိုအထင်မကြီးတာလဲသား၊ စွဲမက်လေးက မိန်းမပီသတယ်၊ မေမေ အမျိုးမျိုးလေ့လာအကဲခတ်ကြည့်ပြီးပြီ၊ သားနှစ်သက်တယ်ဆိုတဲ့ စုထိပ်ထားနဲ့ အပုံကြီး ကွာခြားတယ်"

စုထိပ်ထားအကြောင်း မေမေပြောလာတော့ သူ ဘာမှ ပြန်မပြောနိုင်အောင်ပဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စုထိပ်ထားက သားကို တကယ်ချစ်ခင်စုံမက်တဲ့ မိန်းကလေးမဟုတ်ဘူးဆိုတာ မေမေ ပြောရဲတယ်၊ အိမ်ထောင်တစ်ခုကိုလည်း နိုင်နင်းအောင် မတည်ဆောက်နိုင်ဘူးဆိုတာ သားအသိပဲ၊ အဆိုးဆုံးက သူ့ရဲ့အတ္တမာနတွေက သိပ်ကြီးလွန်းတယ်သား၊ မေမေ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ဘူး"

မေမေ ဘယ်လိုမှ လက်မခံနိုင်လောက်အောင် ထိပ်ထားဘက်ကလည်း လိုအပ်ချက်တွေ ရှိနေတာကို သူ လက်ခံရမည်ပဲဖြစ်သည်။ ထိပ်ထားအပေါ် မေမေ ခါးသီးသွားခဲ့သလို ထိပ်ထားကလည်း မေမေ့ကို အမြင်မကြည်လင်ခဲ့တာတော့ သေချာပါသည်။

"စုထိပ်ထားနဲ့မေမေ ဘယ်လိုမှ အဆင်မပြေနိုင်ဘူးဆိုတာ သား သိပါတယ်၊ ဒီတော့ သူ့ကို သား မျှော်လင့်နေစရာဘာအကြောင်းမှမရှိဘူးနော်"

ဒါ ...မေမေ့ဘက်က ယတိပြတ်ရာဇသံပေးခြင်းဟုသူ နားလည်ပါသည်။ မေမေ့ဘက်က တင်းမာပြတ်သားသလိုပဲ ထိပ်ထားကလည်း သူ့ကို ပြတ်သားခဲ့ပါသည်။

သူ့ကို တမင်ရှောင်နေတာက အထင်အရှား။

"မေမေ့သားက စဉ်းစားတွေးခေါ်နိုင်တဲ့သူတစ်ယောက်ပါ၊ ကိုယ်တစ်သက်လုံးပေါင်းသင်းရမယ့် အိမ်ထောင်ဖက်ကို သား ရွေးချယ်ရမှာနော်၊ အလွယ်တကူ ပြန်ပြင်ဆင်လို့မရတဲ့ ကိစ္စကြီး၊ စိတ်ဆင်းရဲစရာဖြစ်အောင်တော့ သား မလုပ်စေချင်





ဘူး"

မေမေ လေပြည်လေးနှင့် သူ့ကိုချော့မော့နေပြန်သည်။ မေမေ ကြည်ဖြူနေသော စွဲမက်သျှင်ကို သူ့အာရုံထဲမှာ ပြေးမြင်ကြည့်မိ၏။

အခုချိန်မှာတော့ မေမေ စိတ်တိုင်းကျလောက်အောင် ဒီကောင်မလေး တော်ပါသည်။ မိန်းမပီသသော မိန်းမတစ်ယောက်ဖြစ်အောင် မေမေ့အကြိုက်နေထိုင်ပြနေသည်။

"သမီးလေး စွဲမက်သျှင်ကိုတော့ မေမေ သဘောအကျဆုံးပဲသား၊ တကယ့်ကို မိန်းကလေးပီသတယ်၊ ပညာအရည်အချင်းရော ဂုဏ်အဆင့်အတန်းမှာပါ တစ်ခုမှငြင်းစရာမရှိဘူး၊ ဒါကို သား လက်ခံရလိမ့်မယ်"

နောက်ဆုံးတော့ မေမေ့စကားတွေက စွဲမက်သျှင်ဆိုသော ကော်ငမလေးရဲ့ချီးကျူးမှုကာတွေဆီပဲ ပြန်ရောက်လာသည်။

"သား ...မေမေပြောတာကို အလေးအနက် နားထောင်စမ်းပါ၊ သမီးလေး စွဲမက်သျှင်နဲ့ သားကို မေမေ သဘောတူတယ်၊ သား မငြင်းဘူးမဟုတ်လား"

မေမေ မေးနေတော့ သူ ဘာမှပြန်မဖြေဘဲ နှုတ်ဆိတ်နေမိသည်။ တကယ်ဆို သူ ဘယ်လိုမှ လက်မခံနိုင်သောကိစ္စမို့ ယတိပြတ်ငြင်းလိုက်ချင်သည်။ ဒါပေမဲ့ မေမေ့ရဲ့ဒေါသကို သူ မမြင်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲကဆန္ဒအတိုင်းသာဆိုလျှင် ထိပ်ထားနှင့် တွေ့ချင်သေးသည်။ ထိပ်ထားနှင့်သူ့အနာဂတ်အတွက် ဆွေးနွေးချင်သည်။ မေမေကတော့ ဒါကို ဘယ်လိုမှ လက်မခံနိုင်တာ သူသိသည်။

''ဘာကိုစဉ်းစားနေတာလဲသား၊ စုထိပ်ထားကြောင့် တွေဝေနေတာလား၊ သားက လူငယ်လေးမဟုတ်တော့ဘူးနော်၊ အိမ်ထောင်ရေးကိစ္စဆိုတာ ခံစားမှုနဲ့ ဆုံးဖြတ်ရမှာမဟုတ်ဘူး သား၊ အသိဉီးနှောက်နဲ့ ဆုံးဖြတ်ရမှာ၊ ဒါကို သား မမေ့နဲ့နော်''

''သားနားလည်ပါတယ် မေမေ''

''ဒါဆိုရင် ဖွဲ့မက်သျှင်လေးကို သား ဘာအကြောင်းပြချက်နဲ့ ငြင်းချင်တာလဲ၊ အဘက်ဘက်က ယှဉ်ကြည့်စမ်းပါ၊ စုထိပ်ထားနဲ့ အပုံကြီးကွာခြားတယ် သား၊ မေမေ အာမခံရဲတယ်၊ သားတို့အိမ်ထောင်ရေး အဆင်ပြေမှာပါ''

''အိမ်ထောင်ရေးကိစ္စကို သား အလွယ်တကူ မဆုံးဖြတ်ပါရစေနဲ့ မေမေ၊ ဒီကောင်မလေး အရည်အချင်းရှိတာ သားလက်ခံပါတယ်၊ မေမေနဲ့ အဆင်ပြေတာလည်း သား နားလည်ပြီးသားပါ''

မေမေ ကျေနပ်လက်ခံနိုင်အောင် သူ ရွေးချယ်ပြီး စကားလုံးတွေနှင့် နှစ်သိမ့်သည်။ အရေးကြီးတာ မေမေ စိတ်ချယုံကြည်ဖို့ဖြစ်သည်။

''ဒါဆို သား လက်ခံနိုင်တယ်မဟုတ်လား''





သူ့ဆီက ကတိစကားတစ်ခွန်းကို မေမေ တောင်းဆိုနေပြီ။ သူ့ စိတ်ညစ်ညူးပေမယ့် မေမေ ကျေနပ်အောင် ဟန်ဆောင်ပြုံးရင်း ...

''မေမေကလည်း ဘာလို့ ဒီလောက် အလောတကြီးနိုင်နေရတာလဲ၊ သားနဲ့မေမေ နှစ်ယောက်တည်းဘဝကို မေမေ ကျေနပ်တယ်ဆို''

''မေမေ့သားအသက်က မငယ်တော့ဘူးလေ၊ အခုချိန်မှာ မိသားစုဘဝလေးနဲ့ တည်တည်ငြိမ်ငြိမ် ပျော်ပျော်ရွှင်ရွှင်ရှိနေတာကို မေမေ မြင်ချင်နေတာ မေမေလည်း မသေခင် မြေးလေးတွေ ချီချင်ပြီလေ သားရဲ့''

''မေမေ စိတ်ချမ်းသာစေရမှာပါ၊ အလောတကြီးတော့ မလုပ်ပါနဲ့ဦး၊ ပြောရရင် သားနဲ့ ဒီကောင်မလေးက ရင်းရင်းနှီးနှီးတောင် မရှိသေးဘူးလေ၊ တစ်ဘဝလုံး ပေါင်းသင်းဆက်ဆံရမယ့်သူဆိုတော့ သူနဲ့သားကြားမှာ နားလည်မှုတော့ ရှိချင်သေးတယ်''

သူ့နှစ်သိမ့်စကားတွေကို မေမေ ယုံကြည်သွားပုံတော့ ရပါသည်။ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်စွာပြုံးရင်း ...

''သားက ဘာကိုစိုးရိမ်ပူပန်နေတာလဲ၊ သမီးလောက်ကတော့ သားကို မငြင်းဆိုတာ မေမေသိတယ်''

''ဟာ ... မေမေကလည်း သားနဲ့တောင် ဟုတ်ဟုတ်ဟပ်ဟပ် စကားပြောဖူးသေးတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မေမေသိတာပေါ့ကွယ်၊ သမီးလေးစိတ်ကို မေမေအသိဆုံးပါ၊ သမီးလေးဘက်က စိတ်ချ၊ ခက်နေတာက မေမေ့သားလေးဘက်ကလေ၊ သားကို မေမေမေးမယ်၊ စုထိပ်ထားကို သားမေ့နိုင်တယ်မဟုတ်လား"

မေမေမေးတော့ ချက်ချင်းပြန်မဖြေနိုင်ဘဲ သူ တွေတွေငေးငေးလုပ်နေတော့ အလိုမကျသလို မေမေ ခေါင်းခါသည်။

"ဘာလို့မဖြေတာလဲသား၊ မေမေကိုတောင် မထီလေးစားပုံစံနဲ့ ဆက်ဆံသွားတဲ့မိန်းမကို သားစိတ်က မပြတ်သေးဘူးလား"

"ဟာ ... မဟုတ်ပါဘူး မေမေရဲ့၊ အဲဒီကိစ္စမှာ ထိပ်ထားမှားတာ သားသိပါတယ်"

"ဒါဆို ... သားဆုံးဖြတ်ဖို့ လွယ်ကူနေပြီပဲ၊ ဘာလို့တွေဝေနေမှာလဲ"

မေမေ့အသံမှာ အလိုမကျဒေါသရိပ်တွေ ပါလာတာ သူ ရိပ်မိသည်။ ထိပ်ထားအကြောင်းကိုပြောတိုင်း ဒီလိုပဲ ဖြစ်လာမှာ သူသိသည်။

"သား မတွေဝေပါဘူး မေမေ၊ ထားလိုက်တော့နော်၊ မေမေ့အလိုမကျတာ သား ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူး"

"မေမေ့သား လိမ္မာတယ်ဆိုတာ မေမေ သိပါတယ်ကွယ်၊ ကဲ ... ကဲ မေမေ ကျေနပ်တယ်သား၊ သား အနာဂတ်အတွက် မေမေ စိတ်ချချင်တာကို သား နားလည်ပေးပါနော်"





သူ့ပခုံးကို ဆုပ်ကိုင်ရင်း မေမေဆိုနေတော့ သူ ခေါင်းညိတ်ပြလိုက်ပါသည်။ မေမေ့မျက်နှာပေါ်က အပြုံးတွေ ကြည်လင်သွားခဲ့၏။

"သား အိပ်တော့နော်၊ မနက်ဖြန် ဂျူတီဝင်ရမှာမဟုတ်လား။ ကဲ ... မေမေသွားပြီသား"

သူ့ပခုံးလေးကိုပုတ်ကာ မေမေ အခန်းထဲက ထွက်သွားတော့ သူ ပင့်သက်ရှိုက်မိသည်။ မေမေ့ရဲ့မေတ္တာကို သူ အကြွင်းမဲ့ ယုံကြည်ပါသည်။ ဒါပေမဲ့ မေမေရဲ့ဆန္ဒကြီးအတွက်တော့ မျက်စိမှိတ် ခေါင်းမညိတ်ချင်ပါ။ ,

မေမေ ကျေနပ်စိတ်ချမ်းသာအောင်ပဲ ခေါင်းညိတ်နာခံပြခဲ့တာဖြစ်သည်။ စွဲမက်သျှင်ဆိုသော ကောင်မလေးကို လက်ထပ်ဖို့တော့ ဘယ်လိုမှ အသိစိတ်က လက်မခံနိုင်ပါ။

ဒီကောင်မလေးနှင့် ထိပ်တိုက်ဆုံလျှင်တော့ ဒီကိစ္စကို သူ ပွင့်လင်းစွာပဲ ငြင်းဖို့ ဆုံးဖြတ်ထားသည်။ ထိပ်ထားနှင့်လည်း ဆုံချင်သေးသည်။

တကယ်တမ်းသာ ထိပ်ထား သူ့ကိုချစ်ခဲ့လျှင် မေမေ လက်ခံအောင် မာနလေးတစ်ခုတော့ ခဝါချသင့်သည်။ ထိုအတွက် ထိပ်ထား နားလည်အောင် သူရှင်းပြတောင်းပန်ချင်သည်။

ကိုယ်တို့နှစ်ယောက်အတွက် ထိပ်ထား နားလည်မှုလေး တစ်ခုပဲပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူတို့ဝန်ထမ်းတွေအတွက် သတ်မှတ်ထားသော ကားစတင်းလေးကပဲ ထိပ်ထားကို သူ စောင့်နေလိုက်သည်။

ဖုန်းဆက်တိုင်း ဖုန်းပိတ်ပစ်တတ်သောထိပ်ထားကြောင့် သူ စကားပြောခွင့်လေးတောင် မရခဲ့ပါ။ ဒီနေ့တော့ ထိပ်ထား ဂျူတီပြန်ချိန်ကိုစောင့်ဖို့ သူ ဆုံးဖြတ်ခဲ့တာပဲဖြစ်၏။

ကားစတင်းမှာ ရပ်ထားသော ထိပ်ထားရဲ့ပရာဒိုကား လေးအနားမှ သူ စောင့်နေတုန်း ထိပ်ထားထွက်လာတာ မြင် သည်။ ဒါပေမဲ့ ထိပ်ထားတစ်ယောက်တည်းမဟုတ်ဘဲ နံဘေးမှာ ယောကျ်ားတစ်ယောက်ပါသည်။

ထိပ်ထားတို့ဌာနက အရာရှိ ကိုမြတ်မင်းမောင်ဟု သူ သိသည်။ သူ့ကို ထိပ်ထားလှမ်းမြင်ပေမယ့် ကိုမြတ်မင်းမောင်နှင့် စကားပြောမပျက်ဘဲ အတူယှဉ်တွဲလျှောက်လာကြသည်။

ထိပ်ထားမျက်နှာလေးက ပိုလို့အပြုံးတွေဝေနေသလား ဟုတောင် သူထင်မိသည်။ သူ့ကိုမြင်တော့ မြတ်မင်းမောင်





ပြုံးနှုတ်ဆက်သည်။ ထိပ်ထားက သူ့ကို တမင်မကြည့်ဘဲ ကား ဆီ လျှောက်သွား၏။

"ထိပ်ထား"

သူခေါ်ရင်း ခြေလှမ်းတွေက ထိပ်ထားအနား လျှောက် ခဲ့ပြီး ဖြစ်နေ၏။ သူ့ကိုမော့ကြည့်သော ထိပ်ထားမျက်နှာမှာ အပြုံးရိပ်တို့ ကင်းစင်နေသည်။

"ထိပ်ထားနဲ့တွေ့ချင်လို့ ကိုယ်စောင့်နေတာ"

"ဘာကိစ္စရှိလို့လဲ ခန့်၊ တို့ ဒီမှာ ကိုမြတ်နဲ့ ဒင်နာစားဖို့ ချိန်းထားလို့"

ကိုမြတ်မင်းမောင်ကို မေးလေးဆတ်ပြရင်း ထိပ်ထား ပြောသည်။ သူ မျက်နှာပျက်သွားတာတော့ ထိပ်ထား မြင်မှာပဲ ဖြစ်သည်။

"ကိုယ် ခဏလောက် စကားပြောချင်တယ် ထိပ်ထား"

"ရတယ်လေ၊ ထိပ်ထားတို့ စကားပြောချင် ပြောပါ၊ ကိုယ်စောင့်ပေးနိုင်ပါတယ်၊ အေးဆေးပြောကြပါ"

ကိုမြတ်မင်းမောင် ပြောရင်း ခပ်လှမ်းလှမ်းမှာ ရပ်ထား သော သူ့ကားလေးဆီ လျှောက်သွားကာ တံခါးဖွင့်ဝင်ထိုင် သည်။

"ပြောစရာစကားတွေ ခန့်နဲ့တို့ကြားမှာ မရှိတော့ဘူး ထင်တယ်"

"ထိပ်ထားရယ် ... ကိုယ်နဲ့ထိပ်ထားကြားမှာ သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်တဲ့စကားတွေ မသုံးပါနဲ့နော်"

ထိပ်ထား နှုတ်ခမ်းလေး တွန့်ရုံပြုံးသည်။ မှောင်ရိပ်သန်းသော မျက်ဝန်းတွေနှင့် သူ့ကို စူးစူးနစ်နစ်လေးစိုက်ကြည့်ရင်း–

"ဒီအခြေအနေကို ထိပ်ထား ဖန်တီးခဲ့တာ မဟုတ်ဘူးနော်၊ ခန့်မေမေ ဖန်တီးခဲ့တာပဲလေ"

"မေမေ့ကို အထင်မလွဲပါနဲ့ ထိပ်ထားရယ်၊ မေမေနဲ့ ထိပ်ထားတို့နှစ်ယောက်ကြားမှာ နားလည်မှုလွဲနေတာပါ"

"ဘာလဲ ခန့်၊ တို့ကို ဘာပြောချင်တာလဲ၊ ခန့်မေမေရဲ့ ဩဇာအာဏာတွေကို နာခံဖို့ ပြောမလို့လား၊ ဆောရီးပဲခန့်၊ ခန့်ကို တို့ သံယောဇဉ် ရှိပါတယ်၊ ဒါပေမဲ့ တို့ သဘောမကျတဲ့ အချက်က ခန့်ကိုယ်တိုင် ခန့်မေမေရဲ့ဩဇာတွေအောက်မှာ ရှင်သန်နေတာပဲ"

"မေမေက ကိုယ့်ရဲ့တစ်ဦးတည်းသော မေမေပဲ ထိပ်ထားရယ်"

"အဟင်း ... တို့သိလိုက်ပြီခန့်၊ ခန့်နဲ့တို့ နီးစပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

"မဟုတ်သေးပါဘူး ထိပ်ထားရယ်၊ မေမေဖြစ်ချင်တဲ့ ဆန္ဒလေးတစ်ခုကို ထိပ်ထား လိုက်လျောပေးလိုက်ပါနော်"

"တော်တော့ ခန့်၊ တို့ အခုကတည်းက အပြတ်ပြောလိုက်မယ်၊ ဘယ်တော့မှ စုထိပ်ထားဆိုတဲ့မိန်းမက ယောက္ခမရှေ့မှာ ဒူးမထောက်ဘူး၊ ခန့်လည်း ခန့်မေမေဩဇာအောက်မှာ





ပိပြားနေတဲ့မိန်းမကိုပဲ ရွေးချယ်တာ အဆင်ပြေလိမ့်မယ်"

"ထိပ်ထား"

"စိတ်မကောင်းပါဘူး ခန့်၊ တို့ တစ်ခုအသိပေးရဦးမယ်၊ ကိုမြတ်က တို့အချစ်ကို တောင်းဆိုနေတာကြာပြီ၊ တို့ခေါင်းတစ်ချက်ညိတ်လိုက်တာနဲ့ သူ့မိဘတွေက လာစေ့စပ်ချင်ပြီလေ၊ အဟင်း ... မင်္ဂလာပွဲကျရင် ခန့်ကို ဖိတ်လိုက်မယ် ဟုတ်လား"

"ဟင်"

စကားအဆုံးမှာ ထိပ်ထားကားလေးပေါ်မှာ လှမ်းတက်ပြီး စက်နှိုးသည်။ သူ ဘာစကားမှ မဆိုနိုင်ဘဲ ငူငိုင်ငိုင်လေး ရပ်နေမိသည်။

ငြိမ့်ခနဲမောင်းထွက်သွားသော ထိပ်ထားရဲ့ကားလေး နောက်က ကိုမြတ်မင်းမောင်းရဲ့ MARK II ကားကြီး မောင်းထွက်ပါသွားခဲ့သည်။

အချက်ပြမီးနီလေးတွေက ခန့်ကို လှောင်ပြောင်သွားခဲ့သည်ထင်မိ၏။ ထိပ်ထား သူ့ကို ကျောခိုင်းခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မျာ ... ဘယ်လို မေမေ ဘာတွေလျှောက်လုပ်နေတာလဲ"

သူ အထိတ်တလန့် ဟစ်အော်မေးမိသည်။ မေမေ အကြည့်တွေက တည်ငြိမ်လွန်းနေခဲ့ကာ ...

"မေမေ့ဆန္ဒတွေကို သားကို အရင်အသိပေးပြီးမှ စီစဉ်လိုက်တာပါ သား၊ လာမယ့်အပတ်ထဲမှာ သမီးလေးစွဲမက်နဲ့ သားကို စေ့စပ်ဖို့ မေမေကိုယ်တိုင် ဦးမြတ်သျှင်ဆီ နားဖောက်ခွင့်တောင်းခဲ့တာ"

"မဖြစ်နိုင်ဘူး မေမေ၊ သား လက်မခံဘူး"

သူ ခေါင်းတခါခါနှင့် အထိတ်တလန့် ငြင်းမိတော့ မေမေ့မျက်နှာ ရဲရဲနီသွား၏။

"လက်မခံလို့ မရဘူးသား၊ အားလုံးစီစဉ်ပြီးနေပြီ"

"စီစဉ်ပြီးပေမယ့် သားမှ လက်မခံနိုင်တာပဲ မေမေ၊ ပြီးတော့ ဒီကိစ္စကို မေမေ့ဆန္ဒတစ်ခုတည်းနဲ့ မလုပ်သင့်ဘူး"





"တော်စမ်းသား၊ မေမေ အရင်ကတည်းက မင်းကို အသိပေးပြီးသားပါ၊ အခု မေမေ စီစဉ်လိုက်တာလည်း သားအတွက်ပဲ"

"သား ... ဒီကောင်မလေးကို လက်မထပ်နိုင်ဘူး မေမေ"

"ဟင်"

ယတိပြတ်ငြင်းလိုက်သော သူ့စကားအဆုံးမှာ မေမေ ထိုင်ခုံက ဝုန်းခနဲထရပ်သည်။

"မရဘူးသား၊ မင်းကို စုထိပ်ထားနဲ့ မေမေ လုံးဝ သဘောမတူနိုင်ဘူး၊ သမီးလေး စွဲမက်သျှင်ကိုပဲ သားလက်ထပ်ရလိမ့်မယ်၊ မေမေတို့လူကြီးချင်း ဆွေးနွေးညှိနှိုင်းပြီးသားကိစ္စကို သားမဖျက်ပါနဲ့"

"ထိပ်ထားကို မေမေ သဘောမကျရင် သားလက်မထပ်ပါဘူး၊ စွဲမက်သျှင်ကိုလည်း သား လက်မထပ်နိုင်ဘူး မေမေ"

"ခနဲ့ ... မင်း ... မင်း မေမေပြောဆိုစီစဉ်ပြီးမှ ဘာလို့ ခါးခါးသီးသီး ငြင်းဆိုနေတာလဲ၊ အရင်ကတည်းက မေမေ အသိပေးထားတယ်၊ သမီးလေးက ငြင်းစရာလိုတဲ့သူမဟုတ်ဘူးဆိုတာလည်း မင်း သိပါတယ်"

"မဟုတ်သေးဘူး မေမေ၊ ကျွန်တော် အရင်ကတည်းက သဘောမကျခဲ့တာပါ၊ မေမေ စိတ်ဆင်းရဲမှာစိုးလို့ ရေလိုက်ငါးလိုက် ပြောဆိုနေခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ...မင်း ဘာပြောလိုက်တယ်"

မေမေ့အသံတွေ တုန်ခါလျက် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ မေမေ ဒီလောက်အထိ ဒေါသထွက်နေတာမျိုး သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ သွေးရောင်လွှမ်းနေသော မေမေ့မျက်နှာက ရဲရဲနီနေ၏။

"ငါ ကျေနပ်အောင်, စိတ်မဆင်းရဲရအောင် လိမ်ညာပြောခဲ့တာပေါ့ ဟုတ်လား၊ အခု အားလုံးစီစဉ်ပြီးကာမှ မင်း ငါ့ကို ခါးခါးသီးသီးငြင်းနေတာ၊ မအေ စိတ်ချမ်းသာအောင်ပေါ့၊ ဟုတ်လား ခန့်"

သူ့အပေါ် ဘယ်တုန်းကမှ ပြင်းထန်သောစကားတွေ မသုံးခဲ့သော မေမေ အခုတော့ ဒေါသတွေ ဆူဝေလျက် အော်ဟစ်ပေါက်ကွဲလို့နေသည်။

"သိပ်တော်တဲ့သား၊ လိမ္မာလွန်းတဲ့သားပေါ့ ဟုတ်လား"

အံကြိတ်သံနှင့်ပြောရင်း မေမေ့အသားတွေ တဆတ်ဆတ်တုန်နေသည်။ သူ မယုံနိုင်စွာ ငေးစိုက်ကြည့်နေတုန်းမှာ မေမေ မျက်လုံးတွေ စုံမှိတ်ကာ မျက်နှာက ရှုံ့မဲ့သွား၏။

"မေ ...မေမေ"

သူသာ အချိန်မီ ဆီးကြိုပွေ့မထားခဲ့လျှင် မေမေ ပြိုလဲကျသွားခဲ့မှာ သေချာသည်။

"မနှင်း ...မနှင်း ...လုပ်ပါဦး မောင်ခန့်ရဲ့"

ဒေါ်မိအပြေးတစ်ပိုင်းနှင့်ရောက်လာကာ စိုးရိမ်တကြီး





ပြောသည်။ သူ မေမေ့ခန္ဓာကိုယ်ကို ပွေ့ချီသယ်ခဲ့ရင်း ဒေါ်မိကိုလည်း လှမ်းသတိပေးရ၏။

"ဒေါ်မိ ...ဒေါက်တာဦးလှိုင်ဌေးဆီ ဖုန်းဆက်"

မေမေ့အခန်းထဲက ခုတင်လေးအထိ မေမေ့ကိုသယ်လာကာ အိပ်ရာပေါ် သူ ညင်ညင်သာသာလေး ချပေးလိုက်သည်။ မေမေကတော့ သတိလစ်ပျော့ခွေနေဆဲရှိသည်။

"မေမေ ...မေမေ"

လက်ကောက်ဝတ်က သွေးကြောကို စမ်းကြည့်တော့ သွေးတိုးနှုန်းကို စမ်းမိသည်။ မေမေ့လက်ဖဝါးကို ဆုပ်ကိုင်ထားရင်း သူ နှောင်တတွေ အခါခါရနေမိတာလည်း အမှန်။

မေမေ့ဒေါသတွေ ဆူဝေအောင်လုပ်လိုက်မိတာ သူ သိပ်မှားသွားခဲ့သည်။ မေမေသာ တစ်စုံတစ်ခုဖြစ်သွားခဲ့လျှင်ဟူသော အတွေးက သူ့ကို ထိတ်လန့်ချောက်ချားစေတာအမှန်။

ဆရာဝန်ကြီးရောက်လာတော့ မေမေ သတိပြန်လည်စပြုနေပြီ။ မိသားစုဆရာဝန်ကြီး အန်ကယ်ဦးလှိုင်ဌေးက မေမေ့ကို စစ်ဆေးစမ်းသပ်ပြီး လိုအပ်သောကုသမှုတွေ ဆောင်ရွက်ပေးသည်။

"ဒေါသစိတ်ဆူဝေလာတော့ သွေးခုန်နှုန်း မြန်ဆန်ပြီး ရှော့ခ်ဖြစ်တတ်တာပေါ့ဗျာ၊ ဒါမျိုးက အသက်အန္တရာယ်ကို စိုးရိမ်ရတယ်၊ ဂရုစိုက်ပေါ့၊ ကဲ ...သောက်ရမယ့်ဆေးတွေ ပေးခဲ့မယ် ဟုတ်လား၊ မနှင်းမြိုင် စိတ်လျှော့ပြီး တရေးလောက်အိပ်



www.burmeseclassic.com

www.burmeseclassic.com



. လိုက်ပါ''

ဆရာဝန်ကြီး ပြန်တော့ သူ ဆင်ဝင်အောက်က ကား အနားအထိ လိုက်ပို့ပေးရင်း မေးရ၏။

''မေမေ့အတွက် ဘာတွေလိုအပ်သေးလဲ အန်ကယ်''

''နောက် အားလုံးအားတဲ့, အဆင်ပြေမယ့်တစ်ရက်ကျ စစ်ဆေးကြည့်ကြတာပေါ့၊ အန်ကယ့်အထင်တော့ နှလုံးရောဂါ ဖြစ်ချင်တဲ့လက္ခဏာမျိုး တွေ့နေတယ်၊ စိုးရိမ်စရာတော့ မရှိပါဘူး။ အခုလို စိတ်လှုပ်ရှားလွယ်တဲ့ အဖြစ်မျိုးတော့ ရှောင်ရမယ် မောင်ခန့်''

''ဟုတ်ကဲ့ပါ အန်ကယ်၊ မေမေ့ကို ကျွန်တော် ဂရုစိုက် ပါ့မယ်''

''အေး ... အေး ... မင်းလိမ္မာတာ အန်ကယ် သိပါ တယ်၊ အရေးကြီးရင် ဖုန်းဆက်လိုက် ဟုတ်လား၊ အန်ကယ် သွားမယ် မောင်ခန့်''

ဆရာဝန်ကြီးရဲ့ကားလေး မောင်းထွက်သွားတော့မှ သူ မေမေ့အခန်းဆီ ပြန်ခဲ့သည်။ ခုတင်ပေါ်မှာ မှိန်းနေသော မေမေ သူဝင်လာတာမြင်တော့ မျက်လုံးလေး ဖွင့်ကြည့်သည်။

''မေမေ''

သူခေါ်တော့ မေမေ မထူးဘဲ စိမ်းသက်သက်အကြည့် တွေနှင့်ပဲ စိုက်ကြည့်လို့နေသည်။ သူ ရင်ထဲမှာ မကောင်းတာ အမှန်။





''မေမေ ... သားကို စိတ်ဆိုးနေလားဟင်၊ သား တောင်းပန်ပါတယ် မေမေရယ်''

မေမေ နှုတ်ဆိတ်နေဆဲ။ သူ ခုတင်ဘေးက ခုံလေးမှာ ဝင်ထိုင်တော့ မေမေ ချာခနဲ တစ်ဖက်ကို ခေါင်းလှည့်သွားသည်။

''မေမေ ... သားကို အဲဒီလိုကြီး မဆက်ဆံပါနဲ့နော်၊ သား သိပ်မှားသွားပါတယ်၊ အဲဒီအတွက် ရှိခိုးတောင်းပန်ပါတယ် မေမေရယ်''

''မတောင်းပန်နဲ့တော့ ခန့်၊ မင်းမေမေရဲ့စေတနာ အား လုံးကို စော်ကားလိုက်တာ မေမေ ဝမ်းအနည်းဆုံးပဲ''

ပြောရင်း မေမေ့အသံတွေ တိမ်ဝင်သွားခဲ့သည်။ မေမေ မျက်ရည်ကျအောင် သူ လုပ်ခဲ့မိပြီလား။ မေမေ့ရဲ့ရောဂါဝေဒနာ နှင့် ပတ်သက်ပြီး အန်ကယ်ဦးလှိုင်မြေ့ ပြောခဲ့တာကို ပြန်သတိရ သည်။

မေမေ စိတ်ဆင်းရဲစရာအဖြစ်မျိုးတွေ မကြုံစေချင်ပါ။ သူ မေမေ့လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ရင်း ...

''မေမေ ... သား မေမေစိတ်ဆင်းရဲအောင် ဘယ် တော့မှ မလုပ်တော့ပါဘူး၊ သား စွဲမက်သူကို လက်ထပ်ပါ့မယ် မေမေ''

မေမေ ဖျတ်ခနဲ လှည့်ကြည့်လာသည်။ မေမေ့မျက်ဝန်း ထဲမှာ မျက်ရည်စတွေ စိုစွတ်နေပေမယ့် ကျေနပ်အပြုံးတွေတော့ ဖြာဝေနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဝမ်းသာလိုက်တာ သားရယ်၊ မေမေ အရမ်းဝမ်းသာတယ်၊ သား မေမေ့ကို ယုံပါကွယ်၊ သမီးလေး စွဲမက်သျှင်ဟာ သားအတွက် အကောင်းဆုံး အိမ်ရှင်မလေး ဖြစ်လာမှာပါ"

သူ ခေါင်းညိတ်ပြုံးပြတော့ မေမေ့လက်ဖဝါးတွေက သူ့လက်ဖဝါးကို ပြန်ဆုပ်ကိုင်ထားရင်း ကျေနပ်နှစ်ခြိုက်စွာ ပြုံးနေခဲ့ပါသည်။

သူ့ရင်ထဲမှာတော့ ...

*



## အခန်း (၂၃)

**မေမေ** နေမကောင်းသည့်ရက်တွေမှာ သူ အလုပ်က ခွင့်ယူထားလိုက်၏။ စွဲမက်သျှင်ဆိုသော ကောင်မလေးကတော့ နေ့စဉ်ရက်ဆက် ရောက်လာတတ်ပါသည်။

မေမေ့အတွက် စားစရာမုန့်တွေ အမြဲပါသည်။ မီးဖိုထဲဝင်ကာ မေမေ စားချင်တာကို ကိုယ်တိုင်ချက်ကျွေးစီစဉ်ပေးသည်။

မေမေ စိတ်ချမ်းသာကျေနပ်နေတော့ သူ ဘာမှ ပြောခွင့်မသာသည့်အပြင် မလွှဲသာ မရှောင်သာဘဲ ဆက်ဆံပြောဆိုရတာက အတော်စိတ်ဆင်းရဲဖို့ ကောင်းသည်။

"သမီးရေ ... သမီးကိုကို့ကို ခဏခေါ်လိုက်စမ်းပါကွယ်"

"ဟုတ်ကဲ့ အန်တီ၊ ကိုကိုရေ ... အန်တီက ခဏလောက် လာပါဦးတဲ့"

ဒီကောင်မလေးက လည်သည်။ သူ့အနားကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်ဘဲ အဝေးက လှမ်းခေါ်တတ်သည်။ သူမအသံစာစာလေးနှင့် မေမေ့ရဲ့ရယ်သံတွေကပဲ အိမ်မှာ ဝေစီနေ၏။

"သား ... ဆရာဝန်ကြီးက ဘယ်နေ့ သူ့ဆေးခန်း လာဖို့ ခေါ်ထားတာလဲ"

"သဘက်ခါလေ မေမေ၊ ဘာဖြစ်လို့လဲ"

"အဲဒီနေ့ကျ သမီးလေးကပါ လိုက်ခဲ့မလို့တဲ့"

သူ မျက်မှောင်ကုတ်ပြီး စွဲမက်သျှင်ကို ကြည့်ပစ်လိုက်သည်။ စွဲမက်သျှင်က မမြင်ဟန်ဆောင်ကာ မျက်နှာလွှဲသွား၏။

"သား"

မေမေလှမ်းခေါ်တာမို့ သူ မေမေ့ဘက် ပြန်လှည့်ချိန်မှာ မျက်နှာကို ပြုံးထားလိုက်ရသည်။

"အဲဒီနေ့ကျ မေမေတို့ သမီးလေးအိမ် အရင်သွားပြီးမှ သွားကြမယ်"

"ဟုတ်ကဲ့ မေမေ ... အဆင်ပြေပါတယ်"

"သားကို မေမေ သတိပေးထားရဦးမယ်၊ အင်္ဂါနေ့ကျရင် သမီးလေးတို့အိမ်သွားရမှာနော်၊ သားတို့နားဖောက်ဖို့ကိစ္စကို မေမေတို့ စီစဉ်ထားတယ်"

စွဲမက်သျှင်ရှေ့မှာပဲ မေမေက သူ့ကို ပြောနေသည်။ သူ မျက်နှာပူကာ စွဲမက်သျှင်ကို လှမ်းကြည့်တော့ သူမလည်း မျက်လွှာလေးချကာ ငြိမ်သက်နေသည်။

"သမီးဖေဖေကိုလည်း ပြောလိုက်နော် သမီး၊ အဲဒီနေ့ကျ





အန်တီဘက်က ညှော်သည်လေးယောက်လောက်ပဲပါမယ်၊ စေ့စပ်ပွဲဆိုတော့ အများကြီးလည်း မဖိတ်တော့ပါဘူးကွယ်"

"ဟုတ်ကဲ့ အန်တီ၊ ဒယ်ဒီ့ကို ပြောလိုက်ပါ့မယ်"

စွဲမက်သျှင်က ခေါင်းလေးညိတ်ကာ ပြောသည်။ ပန်းဆီရောင်ကိုယ်ကျပ်အင်္ကျီလေးကို ခြေသလုံးတစ်ဝက်အထိပဲ ရှည်သောဂျင်းပျော့လေးနှင့် တွဲဝတ်ထားသော စွဲမက်သျှင်အသွင်က မေမေ ချစ်မည်ဆိုလည်း ချစ်လောက်အောင် နုပျိုချောမောပါသည်။

မျက်ခုံးလေးတွေက စိမ်းမှောင်သွယ်တန်းနေကာ မျက်နက်ဝန်းမှာ မျက်တောင်ကော့ကြီးတွေက စင်းကော့ပြီးလှသည်။

နှာတံလေး ချွန်မြပေါ်လွင်ကာ သွေးကြောစိမ်းလေးတွေ ယှက်ဖြာနေသော ပါးနုနုလေးတွေက အစက်အပျောက်ဆိုလို့ မြူတစ်မှုန်တောင် မထင်ပါ။ နှုတ်ခမ်းရဲရဲလေးကလည်း စွဲဆောင်နိုင်သည့်အလှတစ်ပါး။

ဒီကောင်မလေး လှတာကိုတော့ သူ လက်ခံရမည်ပဲဖြစ်သည်။ ဒါပေမဲ့ ဒီမျက်နှာလေးကို မြင်တိုင်းလည်း သင်းလေးရဲ့ဇရုတ်သုတ်ခလုပ်ခဲ့တာတွေကို ပြန်သတိရမိသည်။

"ကဲ ... သမီးလေး ပြန်တော့နော်၊ ကားကိုလည်း ဂရုစိုက်မောင်းနော် သမီး"

မေမေ စိုးရိမ်တကြီး မှာနေသည်။ ကောင်မလေးအပေါ်မှာ မေမေ သိပ်ခင်မင်ချစ်သွားတာတော့ သူ့အတွက် အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

"ကိုကို စွဲမက် သွားမယ်နော်"

"ဩော် ... အင်း ... အင်း"

သူ့ကိုနှုတ်ဆက်တော့ မေမေ့ရှေ့မှာမို့ သူ ခေါင်းညိတ် ပြုံးပြလိုက်ရပါသည်။ မေမေက စွဲမက်သျှင်ကို ဆင်ဝင်အောက် အထိ လိုက်ပို့ပေးနေသည်။ ဒါကို လှမ်းကြည့်ရင်း သူ ပင့်သက် မောကြီးရှိုက်မိ၏။

ဘယ်လိုမှ လက်မခံချင်ပေမယ့် သူ့မှာ ခေါင်းညိတ်ခဲ့ ရပြီးပြီ။ သူ ကြည့်မရသော ဒီကောင်မလေးနှင့် ရှေ့ဆက်စခန်း သွားရမည့်အဖြစ်ကိုတွေးမိတိုင်း စိတ်ထဲမှာ ခါးသက်လှသည်။

တကယ်ဆို ထိပ်ထားကိုပဲ တောင့်တခဲ့သော နှလုံးသား ကို မေမေ့အတွက် ခေါင်းညိတ်စတေးခဲ့ရသည့်အဖြစ်မှာ ...။



အခန်း (၂၄)

ဟန်ဆောင်ပြီး ချုပ်ထိန်းထားရသောစိတ်ကို အခန်း ထဲရောက်မှပဲ သူလျော့ချပစ်လိုက်ရသည်။

ဝတ်ထားသော တိုက်ပုံအင်္ကျီကိုချွတ်ပစ်ကာ ခုတင်ပေါ် ပစ်တင်ပစ်လိုက်သည်။ အောက်ခံလည်ကတုံး ရှပ်အင်္ကျီကြယ်သီး တွေကို ဖြုတ်ပစ်လိုက်သည်အထိ ရင်ထဲမှာ မွန်းကျပ်နေမှုတွေက ပြေလျော့မသွားခဲ့ပါ။

"ဟူး"

ပင့်သက်မောကြီးကို အသံထွက်မိသည်အထိ မှုတ်ထုတ် ပစ်ရင်း ခုတင်ပေါ် စိတ်ပျက်စွာ ထိုင်ချပစ်လိုက်မိသည်။ ဘယ် ဘက်လက်သူကြွယ်မှာ ဝတ်ဆင်ထားရသော စိန်ပွင့်လေးမြုပ် ထားသည့် ရွှေလက်စွပ်လေးကို သူ ခါးသီးစွာ ချွတ်ပစ်လိုက်မိ ပြန်သည်။

ဒီမနက်မှာပဲ မေမေ့အလိုကျ စွဲမက်သျှင်နှင့် သူ စေ့စပ် ပွဲ ကျင်းပခဲ့ရသည်။ မေမေရဲ့မိတ်ဆွေတချို့နှင့် ဦးမြတ်သျှင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



က ဂုဏ်သရေရှိလူကြီးတွေ ... ပြီးတော့ ဝတ်လုံတော်ရ ရှေ့နေကြီးကိုယ်တိုင် အသိအမှတ်ပြုစေ့စပ်ပွဲ။

မေမေကိုယ်တိုင် သူနှင့်စွဲမက်တို့နှစ်ဦးကို စေ့စပ်လက်စွပ်တွေ ဆင်မြန်းပေးခဲ့သည်။

သခွားရောင်ဇာဝတ်စုံလေးနှင့် စွဲမက်သျှင်က သူ ဘယ်ဘက်နံဘေးမှာ ယှဉ်ထိုင်နေတော့ တစ်ချိန်လုံး သူ့စိတ်တွေ မွန်းကျပ်နေခဲ့သည်။

လူကြီးတွေက မင်္ဂလာစကားတွေပြောဆိုနေကြတာကို သူ မျက်နှာမပျက်အောင် ဟန်ဆောင်ပြုံးထားခဲ့ရသည်။

မေမေနှင့်ဦးမြတ်သျှင်ကတော့ ကျေနပ်အပြုံးတွေဝေလျက် ရှိနေခဲ့သည်။ သူ့နံဘေးက စွဲမက်သျှင်လည်း ကြည်နူးကျေနပ်နေမှာ သူ လှည့်မကြည့်ပါဘဲ သိနေသည်။

မင်္ဂလာနေ့ရက်ကို နှစ်ပတ်အတွင်းမှာပဲ ရက်ရွေးချယ်သတ်မှတ်လိုက်သော မေမေ့ဆန္ဒကိုလည်း သူ တားမြစ်ခွင့်မရှိခဲ့ပါ။ အားလုံးကို မေမေ့ရဲ့စိတ်တိုင်းကျ သူ ခွင့်ပြုခဲ့ပြီးပြီ။

ထိပ်ထားသာ ဒီသတင်းကိုကြားလျှင် ဘယ်လိုနေမည်မသိပါ။ မာနတွေနှင့်တောင် နှလုံးသားကို စတေးခဲ့သေးသည်ပဲ။ ထိပ်ထား ဒီသတင်းအတွက် ခံစားရပေမယ့် ဟန်ဆောင်ထားဦးမှာ သူသိနေသည်။

တကယ်ဆို ဘယ်လိုမှ ရွေးချယ်ခွင့်မရခဲ့တာက သူ့ဘက်ကပဲ ဖြစ်၏။ မိခင်ဆန္ဒတွေအတိုင်း ခေါင်းညိတ်နာခံခဲ့ရ





သော သူ့ကို ထိပ်ထား နာကြည်းမုန်းတီးသွားမည်ဆိုလျှင်လည်း သူ ခံယူဖို့အသင့်ပဲဖြစ်သည်။

"သား"

တံခါးခေါက်သံနှင့်အတူ မေမေ့ခေါ်သံကိုကြားမှ သူ အတွေးမောတွေ ပြတ်တောက်သွားခဲ့ရ၏။

"ဗျာ ... မေမေ"

"တံခါးခဏလောက် ဖွင့်ပါဦးသား"

သူ ထရပ်ကာ တံခါးဆီ လှမ်းတော့မည်ပြင်ပြီးမှ သတိရကာ အိပ်ရာခင်းပေါ်ပစ်ချထားသောလက်စွပ်လေးကို ပြန်ကောက်တင်ရ၏။ လုံးထွေးပစ်တင်ထားသော တိုက်ပုံအင်္ကျီကိုပါ ကောက်ယူပြီး နံရံက ချိတ်မှာ ပြန်ချိတ်လိုက်သည်။

"လာပြီ ... မေမေ ... လာပြီ"

မေမေ့ကို အသံပေးရင်း အခန်းတံခါးကို အပြေးလေးသွားဖွင့်ပေးလိုက်ရပါသည်။

"ဟင် ... သား အဝတ်အစားတွေတောင် မလဲရသေးဘူးလား"

"လဲမလို့ပါ မေမေ၊ သူငယ်ချင်းတစ်ယောက် ဖုန်းဝင်လာလို့ စကားပြောနေတာ ကြာသွားလို့ပါ"

မေမေ ခေါင်းလေးညိတ်ပြုံးကာ သူ့မျက်နှာကို ကြည့်နေတော့ သူ ဟန်ဆောင်ပြုံးရပြန်သည်။

"မေမေ အရမ်းဝမ်းသာနေတယ် သား၊ မေမေ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဆုံးဆန္ဒ ပြည့်ဝခွင့်ရလို့ သားကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်''

သူ ဘာမှပြန်မပြောဖြစ်ဘဲ ခေါင်းလေးညိတ်ကာ မေမေ့ကို ပြုံးပြဖြစ်သည်။ မေမေက သူ့လက်ကိုဆွဲကာ ကိုင်ထားသည်။ သူ့လက်က လက်စွပ်လေးကို မေမေကိုင်ကြည့်နေတာဟု စိတ်က သိနေ၏။

''ကဲ ...သား ရေမိုးချိုးတော့နော်''

''ဟုတ်ကဲ့ပါ မေမေ''

''ဒါနဲ့ ...မင်္ဂလာပွဲကို မေမေ စီစဉ်တဲ့အခါ လိုတာရှိရင် သာပြောနော်၊ သား ဘာတွေလုပ်ချင်သေးသလဲ''

''ဟင့်အင်း ...အဆင်ပြေပါတယ် မေမေ၊ မေမေတို့ စီစဉ်ထားတာတွေ ကောင်းပါတယ်၊ ဘာမှ လိုအပ်ချက်မှမရှိဘဲ''

''အေး ...အေး၊ သားလည်း မနက်ဖြန်ဆို အလုပ်ပြန်ဆင်းရမှာ မဟုတ်လား။ မေမေနဲ့ သမီးလေးလည်း ဒီရက်တွေမှာ မအားအောင် အလုပ်ရှုပ်မှာ သေချာတယ်၊ သမီးလေးနဲ့ သားအတွက် မင်္ဂလာဝတ်စုံတွေ စီစဉ်ရဦးမယ်လေ''

''မေမေ့ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦး မေမေ၊ စွဲမက်သျှင်ဘာသာ တစ်ယောက်တည်း စီစဉ်လို့မရဘူးလား''

''အဟင်း ...သမီးလေးကလည်း သားလိုပဲ မေမေ့ကို စိုးရိမ်ပြီး ဒီလိုပဲပြောတာပေါ့၊ ဒါပေမဲ့ မေမေက အားလုံးကို စီစဉ်ချင်တာ၊ မေမေ့အတွက် မပူပါနဲ့ကွယ်၊ သမီးလေးလည်း





မေမေ့အနားမှာ ရှိနေတာပဲသားရဲ့''

မေမေ စိတ်ချမ်းသာနေတော့လည်း သူ ဘာမှမတားမြစ်ချင်တော့ပါ။ ဆရာဝန်ကြီးကိုယ်တိုင်က မေမေ စိတ်ချမ်းသာစွာ နေတိုင်ရေးက အရေးကြီးဆုံးဟု ဆိုထားခဲ့သည်ပဲ။

''မေမေ့အတွက် သားက စိုးရိမ်လို့ သတိပေးတာပါ၊ မေမေ နေကောင်းတယ်ဆိုရင် သား ဝမ်းသာပါတယ်၊ ကဲ ...သားရေချိုးလိုက်ဦးမယ်နော်''

''ချိုးလိုက်သား၊ မေမေလည်း သမီးလေးဆီ ဖုန်းဆက်ဦးမယ်''

မေမေ အခန်းထဲက ထွက်သွားတော့ သူ ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့၏။

မလွဲမသွေ ရင်ဆိုင်ရတော့မည့် အနာဂတ်ဘဝအတွက် တွေးမိတိုင်း ရင်မှာ လေးပင်မွန်းကျပ်နေသည်။

သူ့ဘက်က မေမေရဲ့စိတ်ချမ်းသာမှုတစ်ခုအတွက် ခေါင်းညိတ်ခဲ့တာပေမယ့် စွဲမက်သျှင်ဆိုသော ကောင်မလေးက မငြင်းဆန်ဘဲ ခေါင်းညိတ်ခဲ့သည်ဆိုတော့ ရှင်းပါသည်။

ဒီကောင်မလေး သူ့ကို လက်ခံနိုင်သည်ဆိုသောသဘောပဲဖြစ်မည်။ တကယ်ဆို သင်းလေးနှင့် သူ စကားတောင် လုံးစေ့ပတ်စေ့ ပြောဖူးတာမဟုတ်ပါ။ သူမအပေါ် သူ အမြင်မကြည်လင်တာကိုလည်း သိလျက်နှင့် ခေါင်းညိတ်တာ ဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခန့်တည်ငြိမ်ဆိုသော သူ့မှာ စုထိပ်ထားဆိုသော ချစ်သူရှိနေတာကို သူမ သိသည်။

ဒီအခြေအနေအားလုံးကို သိနေလျက်နှင့် စွဲမက်သျှင်မေမေ့ကို အပိုင်ပေါင်းကာ သူ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားလိုက်တာကိုတော့ စိတ်က နာကြည်းမိသည်။

တစိမ့်စိမ့်တွေးမိလေလေ စွဲမက်သျှင်အပေါ် ဒေါသစိတ်တွေ ဆူဝေလာမိလေလေ ဖြစ်နေမိတဲ့အဖြစ်။

ဒီကောင်မလေးကိုတော့ သူ မုန်းပြီးရင်း မုန်းပါသည်။



## အခန်း (၂၅)

ဆီဒိုးနားဟိုတယ်ကြီးမှာ ကျင်းပသော သူနှင့်စွဲမက်သျှင်တို့မင်္ဂလာပွဲကို ကျောင်းတုန်းက သူငယ်ချင်းတွေ အားလုံး ရောက်လာကြသည်။

ရောက်မလာသူက စုထိပ်ထားတစ်ယောက်ပဲဖြစ်သည်။ သူ့လက်မောင်းကို ချိတ်ကိုင်ပြီး နံဘေးမှာ ပြုံးပြုံးလေးရှိနေသော စွဲမက်သျှင်ကြောင့် ကောင်းမြတ်တို့ အောင်ကိုတို့ သူငယ်ချင်းတွေ ဘာမှမေးခွန်းမထုတ်နိုင်ကြပေမယ့် အံ့သြနေသောမျက်ဝန်းတွေနှင့် တကြည့်ကြည့်။

မိုးမိုးနှင့်သီတာကြည်တို့နှစ်ဦးက ပိုဆိုးသည်။ သူတို့စုံတွဲကိုကြည့်ရင်း ကောင်းမြတ်တို့ကို ဟိုမေး ဒီမေးလုပ်နေတာ သူ သတိထားမိ၏။

သူ့ရုံးက ဝန်ထမ်းတွေလည်း ဒီအတိုင်းပဲဖြစ်သည်။ အားလုံးက ထိပ်ထားနှင့်သူ့အကြောင်းကို သိနေခဲ့ကြသူတွေ။ ထိပ်ထားနှင့်လတ်တလော တတွဲတွဲရှိနေသော ကိုမြတ်မင်းမော



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တစ်ယောက်တည်းရောက်လာသည်။

ထိပ်ထားရောက်လာလျှင်လည်း သူ မျက်နှာချင်းဆိုင်ဖို့တောင် မဝံ့ရဲသည့်အခြေအနေဆိုတော့ ရောက်မလာတာပဲကောင်းသေးသည်။

"စွဲမက် … နင့်ကို ငါတို့ မကျေနပ်ဘူးနော်"

"ဟုတ်တယ်၊ တကယ်တင်းတာ၊ ဘယ့်နှယ် ရည်းစားမထားဘူး၊ ယောကျ်ားမယူဘူး ကြွေးကြော်ထားတဲ့မိန်းမ၊ ငါတို့ကို ဒိုင်လျှိုထားတာ မဟုတ်လား"

စွဲမက်သျှင်ရဲ့သူငယ်ချင်းတွေကတော့ တွေ့သည်နှင့်တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့၏။ သာလိကာမလေးတွေကို သူ တစ်ခါမြင်ဖူးပြီးသား။

Hot Pot ဆိုင်လေးထဲမှာ ဆုံဖူးတာ သူတို့မသိပေမယ့်သူက သိနေသည်။

"စွဲမက် … နင့်ချစ်သူက အရမ်းချောလို့ နင်ဝှက်ထားတာလား"

"အာ … နေရီကလည်း ဘယ့်နှယ် စွဲမက်ချစ်သူရမှာလဲ၊ ဒါလင်ဖြစ်နေပြီလေဟာ၊ ချစ်ဒါလင်ကိုလူချောကို တို့ မြင်မှာတွေ့မှာစိုးလို့ အာခံတွင်းထဲ ငုံထားတာဖြစ်မှာပေါ့ … ခစ် ခစ်"

တစ်ယောက်တစ်ပေါက် ဝိုင်းအာနေသော သာလိကာမတွေကြောင့် သူ့မျက်နှာကြီး ထူပူနေသည်။ ခပ်လှမ်းလှမ်းမှာမေမေ ပြုံးပြုံးကြီးရပ်ကြည့်နေတာကြောင့် ဟန်မပျက် ပြုံးရယ်





နေရတာ။ စိတ်ကတော့ တိုနေပြီဖြစ်သည်။

"ကျွန်မတို့ကို စိတ်မဆိုးပါနဲ့ ကိုခန့်တည်ငြိမ်၊ ခင်မင်လို့ စ,တာပါတော် … အဟင်း ဟင်း"

"ဟုတ်တယ်၊ စွဲမက်က လေလုံးထွားထားလို့လေ၊ ရွှေမင်းသားနဲ့တွေ့တော့ သင်းလေး ကြွေသွားပြီပေါ့"

ဝိုင်းအာနေသမျှကို ရှက်ပြုံးလေးနှင့် စွဲမက်သျှင် ငြိမ်ငြိမ်လေးနေနေတာကိုလည်း သူ ဒေါသဖြစ်မိသည်။ မသိတာမှတ်လို့ ဒီအဖွဲ့နဲ့ပေါင်း ဗရုတ်ကျခဲ့တာ မေမေ သိမှာစိုးနေတာပဲဖြစ်သည်။

"သြော် စွဲမက် … ကိုယ် သူငယ်ချင်းတွေဆီ ခဏသွားဦးမယ်၊ ဒီမှာ စကားပြောရင်း နေချင်နေခဲ့နော်"

"ဟုတ်တယ် … နေဦး စွဲမက်၊ ငါတို့ နင့်ကို ပြောစရာတွေ ရှိသေးတယ်"

ဒီတော့မှပဲ စွဲမက် ကျန်ရစ်ခဲ့သည်။ သူ ကောင်းမြတ်တို့ဝိုင်းဆီ လျှောက်ခဲ့သည်။ သူ့ကိုမြင်သည်နှင့် ကောင်းမြတ်မေးတော့၏။

"ဟေ့ကောင် … ဘယ်လိုဖြစ်တာလဲ၊ ငါတို့က မင်းကိုထိပ်ထားနဲ့ပဲ ထင်ထားတာ"

"ဟေ့ကောင် တိုးတိုးပြောပါကွ၊ ပြဿနာပဲ"

အောင်ကို သတိပေးမှ ကောင်းမြတ် ဖက်ကလေးပုငြိမ်သွားသည်။ မိုးမိုးနှင့်သီတာကြည်ကလည်း သူ့အဖြေကို နား



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နေကြ၏။

"ပြောပါဦး ခနဲ့၊ ငါတို့ အရမ်းပဟေဠိဆန်နေလို့"

"ငါ ဘာမှမပြောချင်ဘူးကွာ၊ သေချာတာက မေမေ့ကြောင့် ဒီမိန်းမကို ငါ လက်ထပ်ခဲ့ရတာ"

"ရှူး တော်တော့ ... ဟိုမှာ မင်းမေမေ လာနေတယ်၊ နောက်မှ ဆုံကြတာပေါ့ကွာ"

ကောင်းမြတ် သတိပေးတာမို့ သူ နှုတ်ဆိတ်လိုက်ရ၏။ ရင်ထဲမှာတော့ ပေါက်ကွဲချင်နေသော ခံစားချက်တွေလေးပင် မွန်းကျပ်နေဆဲ။

"အန်တီ နေကောင်းတယ်နော်"

"ကောင်းတယ် မောင်ကောင်းမြတ်၊ စားကြဦးနော်၊ သား ခဏလာဦး၊ မေမေ့မိတ်ဆွေတွေနဲ့ မှတ်တမ်းဓာတ်ပုံလေးတွေ ရိုက်ချင်လို့၊ ခွင့်ပြုကြဦးနော် ... သားတို့ သမီးတို့"

မေမေ တမင် သူငယ်ချင်းတွေအနားက သူ့ကို ခေါ်ထုတ်ခဲ့တာ သူ နားလည်နေပါသည်။ သူ့ရင်ထဲက ထိပ်ထားကို မေမေ လုံးဝဖယ်ထုတ်စေချင်ပုံရပါသည်။

အပြုံးလှလှလေးနှင့် သူ့ကိုစောင့်နေသော စွဲမက်သျှင်ကို မြင်လိုက်ရချိန်မှာ ရင်ထဲက စူးခနဲ နာကျင်သည်။

မင်းနဲ့ငါ ပတ်သက်ခဲ့ပြီဆိုပေမယ့် ငါ့ဆီက မင်းမျှော်လင့်တာတွေ ဘာတစ်ခုမှ မရနိုင်ဘူးဆိုတာ မင်း မကြာခင် သိလာမှာပါ စွဲမက်သျှင်။





မေမေ့အတွက် ငါ့ဘဝကို သက်မဲ့ရုပ်တစ်ရုပ်လို ပေးဆပ်ခဲ့ရပေမယ့် ငါ့နှလုံးသားကတော့ စက်ရုပ်တစ်ရုပ်မဟုတ်ဘူး။

ဒါကို မင်း သိစေရမယ် စွဲမက်သျှင်။

※

စွဲမက်ရင်ထဲမှာ ရင်ခုန်သံငြိမ့်ငြိမ့်လေး စီးမျောနေသည်။ ညည့်ခံပွဲကြီး ပြီးဆုံးသွားတော့ ကိုကိုတို့ရဲ့အိမ်ကိုပဲ အားလုံးရောက်ခဲ့ကြသည်။

ကိုကိုတို့အိမ်မှာ နေထိုင်ကြဖို့ ကိုကို့မေမေက စွဲမက်ကို ပြောပြထားပြီးသား။ ဒယ်ဒီကလည်း ကြည်ဖြူလက်ခံပါသည်။

"သမီးလေးနဲ့သားကို ကျွန်မအိမ်မှာ နေခွင့်ပြုပါ ကိုမြတ်သျှင်၊ အိမ်ထောင်ဦးကာလဆိုတော့ သူတို့ သီးသန့်ခွဲမနေစေချင်လို့ပါ၊ နောက်တော့ သူတို့လေးတွေအတွက် အိမ်နဲ့ခြံ ကျွန်မ စီစဉ်ပေးမှာပါ"

"ရပါတယ် မနှင်းမြိုင်ရယ်၊ သမီးလေးကလည်း ခင်ဗျားကို မိခင်ရင်းလိုချစ်တာပဲဗျာ၊ ခွင့်ပြုပါတယ်၊ ဒယ်ဒီ့အိမ်ကိုလည်း သမီးတို့ မကြာခဏ လာကြဦးနော်၊ မေ့မထားကြနဲ့ဦး"

"လာမှာပေါ့ ဒယ်ဒီရဲ့၊ တစ်လှည့်စီ လာနေမှာပါ"

"အေး .. အေး ... သမီး ဒယ်ဒီ ဝမ်းသာကျေ[illegible]မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

ကိုကိုရဲ့မေမေ အရိပ်အောက်မှာပဲ ခွဲမက် နေချင်ပါသည်။ ကိုကိုသည် ခွဲမက်ခင်ပွန်းတစ်ယောက်ဖြစ်ခဲ့ပြီဆိုပေမယ့် တကယ်ဆို ကိုကိုရဲ့ကြင်နာမှုအရိပ်အယောင်လေးတောင်မှ ခွဲမက် မပိုင်ဆိုင်ခဲ့ရပါ။

ခွဲမက်အပေါ်မှာ ကိုကိုရဲ့ဆက်ဆံမှုတွေက အထင်အရှားပဲဖြစ်သည်။ အန်တီ့ရှေ့မှာတော့ ကိုကိုသည် ခွဲမက်ကို အလိုက်အထိုက် ဆက်ဆံပေးသည်။ နှစ်ယောက်တည်းဆုံလျှင်တော့ ကိုကို့အမူအရာတွေရော စကားတွေကပါ မာတင်းပြတ်သားနေတတ်သည်။

စုထိပ်ထားဆိုသော အမျိုးသမီးအပေါ်မှာပဲ ကိုကိုရဲ့စိတ်က တွယ်ငြိနေတာ ခွဲမက် သိပါသည်။ ဒါပေမဲ့ စုထိပ်ထားကိုတော့ အန်တီက လုံးဝမကြည်ဖြူတာ ခွဲမက်က သိထားသည်။

အန်တီ့နှုတ်က ခွဲမက်ကို သမီးတစ်ယောက်လို ချစ်ခင်ကြောင်း အရိပ်အမြွက်တွေပြလာကာ ကိုကိုနဲ့သဘောတူကြောင်း ဖွင့်ပြောလာတော့ ခွဲမက် ဝမ်းသာကျေနပ်မိသည်။

ခွဲမက်ဘဝမှာ ကိုကိုဆိုတာ ခွဲမက်နှလုံးသားကို လှုပ်ခတ်စေနိုင်သော ယောကျ်ားတစ်ယောက်ဖြစ်ခဲ့သည်။ ဒါပေမဲ့ ကိုကို့မှာ စုထိပ်ထားဆိုသော ချစ်သူရှိနေခြင်းက ခွဲမက်အတွက် မျှော်လင့်ချက်တွေ ကင်းမဲ့ခဲ့ရသလိုဖြစ်ခဲ့၏။

အခုတော့ ကံကြမ္မာက ခွဲမက်ကို ကိုကိုနဲ့အနီးဆုံးနေ





ထိုင်ဖို့ ခွင့်ပြုခဲ့ပြီ။ ခွဲမက် ဘယ်လောက်ကြည်နူးဝမ်းသာနေမည်လဲဆိုတာ ကိုကို သိစေချင်ပါသည်။

ကိုကိုတို့အိမ်ကိုရောက်ခဲ့တော့ ဒေါ်မိကတောင် ဝမ်းသာကျေနပ်မှုတွေ လွှမ်းခြုံနေသော အပြုံးတွေနှင့် ဆီးကြိုရင်း ...

''အမယ်လေးတော် မြင်တွေ့ရတာ လှပကျက်သရေရှိလိုက်တာ၊ နေနဲ့လ ရွှေနဲ့မြပဲကွယ်၊ မင်္ဂလာမောင်နှံကို ဒေါ်မိက ကြိုဆိုနေတာကွဲ့ ... အဟင်း ဟင်း''

''ကဲ ... သားနဲ့သမီးတို့ လာကြ၊ နှစ်ဖက်မိဘတွေကို ကန်တော့ကြဦး''

ကိုကို့မေမေက ညှို့ခန်းက ဆိုဖာထိုင်ခုံကြီးဆီ ခွဲမက်တို့ကို ခေါ်သည်။ ဒယ်ဒီနှင့်ဘွားအုန်းတို့မျက်နှာတွေက ကြည်နူးအပြုံးတွေ ဖြာဝေနေ၏။ ခွဲမက်နှင့်ကိုကို လူကြီးတွေကို ထိုင်ရှိခိုးတော့ ဒယ်ဒီက ဆုတောင်းပေးသည်။

''သာဓု ... သာဓု ... သာဓုပါကွယ်၊ ဒီနေ့လေးကတော့ ဒယ်ဒီ့အတွက် အရမ်းကြည်နူးဝမ်းသာရတဲ့နေ့လေးပဲသမီး၊ သမီးနဲ့သား တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ အိမ်ထောင်ဘဝတစ်ခုကို လျှောက်လှမ်းနိုင်ပါစေကွယ်''

''ဟုတ်တယ် သမီး ... ဘွားအုန်းကလည်း သမီးလေးတို့ ဇနီးမောင်နှံ ရာသက်ပန်ရိုးမြေကျ လက်တွဲနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ကွယ်၊ သမီးလေးကလည်း လိမ်လိမ်မာမာနဲ့ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ်ကဲ့ပါ ဘွားအုန်း"

"မေမေ့သမီးကိုတော့ မေမေ ယုံပြီးသား၊ မေမေ့သား လေးဘက်က သမီးလေးအပေါ် ခင်ပွန်းကောင်းတစ်ယောက်ဖြစ် အောင် ကြိုးစားပါလို့ မေမေ ပြောချင်တယ်နော် သား"

"ဟုတ်ကဲ့ပါ မေမေ"

ကိုကိုနှင့်စွဲမက်တို့ကို နှုတ်ဆက်ကာ ဒယ်ဒီနှင့်ဘွားအုန်း ပြန်သွားတော့ စွဲမက်ရင်ထဲမှာ ဝမ်းနည်းချင်သလိုလို ခံစားရ၏။ စွဲမက် ခံစားချက်ကို နားလည်ဟန်နှင့် အန်တီ အနားရောက်လာ ကာ ပခုံးလေးကို ဆုပ်ကိုင်နှစ်သိမ့်၏။

"သမီးလေး ဘာမှအားမငယ်နဲ့နော်၊ မေမေတစ်ယောက် လုံး ရှိပါတယ်၊ ဒီနေ့ကစပြီး သမီးလေးက မေမေ့ရဲ့သမီးအရင်း အချာ ဖြစ်သွားပြီ သိလား"

"ဟုတ်ကဲ့ပါ မေမေရယ်"

စွဲမက် အန်တီဒေါ်နှင်းနှင်းမြိုင်ရင်ခွင်ထဲတိုးဝင်ကာ ပွေ့ ဖက်ထားလိုက်မိသည်။ ကိုကို့ကို လှမ်းကြည့်တော့ ဆိုဖာထိုင်ခုံ မှာ ငြိမ်သက်စွာထိုင်နေဆဲ။

"ကဲ သား ... သမီးလေးကို ခေါ်သွားလိုက်ဦးလေ၊ ညစ်ခံပွဲမှာ ပင်ပန်းလာတာ နားကြဦး၊ ညနေကျမှ ထမင်းဝိုင်းမှာ ဆုံကြတာပေါ့"

"ဟုတ်ကဲ့ မေမေ၊ စွဲမက် လာလေသွားရအောင်"





စွဲမက် ခေါင်းလေးညိတ်ကာ ကိုကို့အနား လျှောက်ခဲ့ တော့ ကိုကိုက စွဲမက်လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး အပေါ်ထပ် လှေကားအတိုင်း ခေါ်ခဲ့သည်။ အနောက်မှာ မေမေရပ်ကြည့်နေ မှာ စွဲမက် သိပါသည်။

ကိုကိုဆုပ်ကိုင်ထားသော စွဲမက်လက်ဖဝါးလေးတွေ အေးစက်နေတာ အမှန်။ ရင်တွေက တထိတ်ထိတ်ခုန်လို့။ အိပ် မက်ဆန်သောဘဝလေးကို စွဲမက် ပိုင်ဆိုင်ရတော့မှာ မယုံနိုင် စရာ။

စွဲမက်နှင့်ကိုကိုရဲ့မင်္ဂလာအခန်းရှေ့ရောက်တော့ ကိုကို လက်တွဲဖြုတ်ကာ အခန်းတံခါးကို ဖွင့်ဝင်သွားသည်။ စွဲမက် ငူငူလေးရပ်ကာ ခြေဖျားလက်ဖျားတွေ အေးစက်ချင်လာသည်။ အခန်းထဲ လှမ်းဝင်ဖို့ ရှက်စိတ်တွေနှင့် ထူပူတွန့်ဆုတ်နေမိဆဲ။

"မင်း ဘာလာလုပ်နေတာလဲ စွဲမက်သျှင် ... ဝင်ခဲ့ လေ"

ကိုကို့လေသံက အလိုမကျစိတ်မရှည်သံ စွက်နေ၏။ စွဲမက် ဆတ်ခနဲဖြစ်သွားခဲ့ကာ အခန်းထဲလှမ်းဝင်ခဲ့သည်။ အခန်း ကျယ်ကြီးထဲမှာ မင်္ဂလာအိပ်ရာကြီးက ပြာနုနုအရောင်တွေနှင့် ဆင်ယင်ထား၏။

အိပ်ရာခင်း၊ ခေါင်းအုံး၊ ဖက်လုံးတွေနှင့် ခန်းဆီးပဝါတွေ ကအစ အပြာနုနုလေးတွေပဲဖြစ်သည်။ စွဲမက်မျက်နှာလေးက တော့ သိသာလွန်းစွာ ပန်းသွေးရောင်လွှမ်းနေမှာ သေချာ၏



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကိုက မင်္ဂလာခုတင်ကြီးကို ကျောခိုင်းကာ ထိုင်ခုံမှာ ထိုင်နေသည်။ ကိုကို့အကြည့်တွေက စွဲမက်ဆီမှာပဲ စူးစူးနစ်နစ် ရှိနေ၏။

"စွဲမက်သျှင် ... ဒီကိုလာပါဦး၊ မင်းနဲ့ကိုယ် ဆွေးနွေးစရာရှိလို့"

ထိုင်ခုံတစ်လုံးကို ဆွဲယူကာ ကိုကိုက သူနှင့်မျက်နှာချင်းဆိုင်မှာ စွဲမက်ကို ထိုင်ခိုင်းနေ၏။ ကိုကို့မျက်နှာကို မကြည့်ရဲဘဲ စွဲမက်ခေါင်းလေးငုံ့ထားကာ ဝင်ထိုင်မိသည်။

ကိုကိုက ထိုင်ခုံမှထရပ်ကာ အခန်းတံခါးဆီလျှောက်သွားသည်။ ပြီးတော့ တံခါးကို ညင်ညင်သာသာလေး လော့ချ်ပိတ်လိုက်သည်။

တိတ်ဆိတ်သွားသော အခန်းထဲမှာ စွဲမက်ရင်လေးတွေ တထိတ်ထိတ်ခုန်နေကာ လက်ဖဝါးလေးနှစ်ဖက်ကို ပူးယှက်ဆုပ်ကိုင်ပြီး ငြိမ်ငြိမ်လေး ထိုင်နေမိဆဲ။

ကိုကို စွဲမက်ရှေ့ကထိုင်ခုံမှာ ပြန်ဝင်ထိုင်တာလည်း မော့မကြည့်ရဲပါ။ မင်္ဂလာဝတ်စုံကို မလဲရသေးသော ကိုကိုရဲ့ ပိုးပုဆိုးအနားဖျားက ခြေထောက်လေးတွေကိုပဲ စွဲမက်ကြည့်နေမိ၏။

တိတိပပညှပ်ထားသော ခြေသည်းခွံလေးတွေက ပန်းရောင်သမ်းလို့ ရှင်းသန့်နေသည်။





"စွဲမက်သျှင် ... မင်းကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ဒီမင်္ဂလာပွဲက ငါ့ဆန္ဒမပါဘဲဖြစ်လာခဲ့တဲ့ပွဲဆိုတာ မင်းလည်း နားလည်မှာပါ"

"ဟင်"

ကိုကို့စကားကြောင့် စွဲမက် အံ့ဩမျက်ဝန်းလေးတွေနှင့် မော့ကြည့်မိသည်။ စွဲမက်ကို စူးစူးစိုက်စိုက်ကြည့်နေသော မျက်ဝန်းတွေထဲမှာ စိမ်းပြတ်သောရောင်စဉ်တွေပဲ ယှက်သန်းလို့နေသည်။

"ကိုယ့်ဘဝတစ်ခုလုံးကို ,မေမေ စိတ်ချမ်းသာမှုတစ်ခုအတွက် ပေးဆပ်လိုက်ရတာပဲ စွဲမက်သျှင်၊ မင်းက ဘာကြောင့် ခေါင်းညိတ်ခဲ့တာလဲ ငါမသိဘူး၊ ဒါပေမဲ့ မေမေ့သဘောကျကျေနပ်အောင် မင်းနေပြခဲ့တာတော့ ငြင်းလို့မရဘူး၊ ပြောရရင် မင်းလုပ်ရပ်ကြောင့် ဒီအခြေအနေတွေဖြစ်လာခဲ့တာ စွဲမက်သျှင်၊ မင်းကျေနပ်လက်ခံခဲ့တယ် မဟုတ်လား"

"ဟို ... ဟိုလေ စွဲမက် ... စွဲမက်"

စွဲမက် အသံလေးတုန်တုန်ယင်ယင်နှင့် ရှင်းပြဖို့ ကြိုးစားမိပေမယ့် စကားသံတွေက ထွက်မလာပါ။ ကိုကို့ဆီက ဒီလိုစကားတွေ ကြားရမည်ဟု စွဲမက် မျှော်လင့်မထားခဲ့ပါ။ အခုတော့

"နေဦး စွဲမက်သျှင်၊ ငါ ဘာစကားမှ မင်းဆီက မကြားချင်ဘူး၊ ငါပြောချင်တာက အခု မင်းနဲ့ငါ တရားဝင်လင်မယားဖြစ်သွားပြီဆိုပေမယ့် ငါ့ရင်ထဲက ဘယ်လိုမှ လက်ခံလို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မေမေ့ဆန္ဒအရ မင်းကို ငါ တရားဝင်ဇနီးမယားအဖြစ် အသိအမှတ်ပြုပေးမယ် ငါ့ရင်ထဲက ဘာတစ်ခုမှ မင်း မျှော်လင့်မထားပါနဲ့''

''ဟင်''

''မင်းအပေါ်မှာ ငါ ပြောဆိုဆက်ဆံတာတွေကလည်း မေမေကြောင့်ဆိုတာ မင်းသိထားစေချင်တယ်၊ ကဲ ... ဒါပဲ စွဲမက်သျှင်၊ မင်းဘဝကို စိတ်တိုင်းကျလွတ်လွတ်လပ်လပ်နေပါ၊ ကိုယ် ဘာမှမစွက်ဖက် ချုပ်ကိုင်မထားဘူး ... ဟုတ်လား၊ တစ်ခုပဲ မေမေ့ရှေ့မှာတော့ ကိုယ်တို့ ဟန်ဆောင်ဆက်ဆံကြတာပေါ့''

စကားအဆုံးမှာ ကိုကိုကျောခိုင်းကာ ဗီရိုဆီ လျှောက်သွားသည်။ ဗီရိုထဲက အဝတ်အစားတွေထုတ်ယူကာ ဗီရိုတစ်ဖက်အကွာမှာ လဲလှယ်နေသည်။

''ကိုယ် ရေမိုးချိုးလိုက်ဦးမယ်၊ မင်း အဝတ်အစားလဲချင်ရင် လွတ်လွတ်လပ်လပ်လဲပါ စွဲမက်သျှင်''

ပြောပြီး တဘက်တစ်ထည် ပခုံးပေါ်တင်ကာ ကိုကို အခန်းထဲက ထွက်သွား၏။ စွဲမက် မျက်ရည်တွေရစ်ဝဲကာ အခန်းထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ရင်မှာ ဝမ်းနည်းစိတ်တွေနှင့် လှိုက်ဖိုတက်လာ၏။

စွဲမက်မျှော်လင့်ခဲ့တာ ကိုကိုရဲ့အကြင်နာမေတ္တာတွေပါ။ ဒါပေမဲ့ ကိုကို့ဘက်က ရက်စက်စွာ ဥပေက္ခာပြုထားခဲ့ပြီလား။





''သားအပေါ်မှာ သမီးလေးဘက်က သည်းခံစိတ်နဲ့ နားလည်ပေးပါသမီး၊ သမီးတို့ချင်းက ဆုံတွေ့ရင်းနှီးမှု နည်းပါးတော့ နားလည်မှု သံယောဇဉ်တွေ လိုအပ်ဦးမှာ အန်တီသိတယ်၊ ဒါပေမဲ့ သမီးလေးရဲ့ချစ်ခြင်းတွေကို သား လက်ခံနားလည်လာမှာ အန်တီယုံကြည်တယ်''

ကိုကို့မေမေ ပြောခဲ့သောစကားတွေကို ပြန်ကြားယောင်မိတော့ စွဲမက် ဝမ်းနည်းစိတ်ကို ပင့်သက်လေးရှိုက် ဖြေသိမ့်ဖို့ ကြိုးစားရပြန်သည်။

ကိုကို့ကို စွဲမက် သိပ်ချစ်ပါသည်။ ဒါကြောင့်လည်း ကိုကို့ကို အရာရာ ခွင့်လွှတ်နားလည်နိုင်ဖို့ စွဲမက် ဆုံးဖြတ်လိုက်၏။

ထိုင်ခုံလေးက ထ,ရပ်ကာ ရင်ခုန်ချင်စရာကောင်းသော မင်္ဂလာခုတင်ကြီးကို စွဲမက် မဝံ့မရဲကြည့်မိသည်။

ဒီနေ့က ကိုကိုနဲ့စွဲမက်တို့ရဲ့ မင်္ဂလာဦးနေ့တဲ့လား။

ကိုကို့ရယ် ကိုကို့အမုန်းတွေ ပြေသွားတဲ့အချိန်ထိ စွဲမက် စောင့်နေမှာပါ။ ကိုကိုမုန်းပေမယ့် စွဲမက်နှလုံးသားက ကိုကို့ကို မမုန်းနိုင်လို့ပါကွယ်။

☼



www.burmeseclassic.com

www.burmeseclassic.com



ညနေစာ ထမင်းဝိုင်းမှာရော မေမေနှင့်စကားတွေ ပြောဖြစ်ကြသော အချိုဝိုင်းမှာပါ ကိုကို သရုပ်ဆောင်ကောင်းလွန်းစွာ စွဲမက်ကို ပြောဆိုဆက်ဆံခဲ့ပေမယ့် စွဲမက်တို့ အိပ်ခန်းရှိသော အပေါ်ထပ်ပြန်ရောက်သည်နှင့် အမူအရာရော ဆက်ဆံပုံပါ ပြောင်းသွားခဲ့၏။

ခုတင်ပေါ်က ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ကို လှမ်းဆွဲယူကာ အခန်းထောင့်က ဒရင်းဘက်ဆီ ကိုကိုလျှောက်သွား၏။ စွဲမက်ရင်ထဲမှာ ဝမ်းနည်းသွားရ၏။

"ကိုကို ... ကိုကို ခုတင်ပေါ်မှာ အိပ်ပါ၊ စွဲမက် အောက်မှာပဲ အိပ်ပါ့မယ်"

"အဲဒီခုတင်ပေါ်မှာ ငါ တစ်သက်လုံး မအိပ်ဘူး စွဲမက်သျှင်၊ မင်းဘာသာ အိပ်၊ ပြဿနာမရှိဘူး"

စွဲမက်ကို တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ကိုကို ဒရင်းဘက်ပေါ် တက်လှဲသည်။ ချက်ချင်း အိပ်သေးတာမဟုတ်ပါဘဲ ကိုကို စာအုပ်တစ်အုပ် ကောက်ယူဖတ်နေတော့ စွဲမက် မဝံ့မရဲလေး မေးမိ၏။

"ကိုကို ... ကော်ဖီသောက်ဦးမလားဟင်၊ စွဲမက် ဖျော်ပေးရမလား"

"မင်းကို ငါ ပြောထားပြီးပြီပဲ စွဲမက်သျှင်၊ ငါ့အတွက် မင်း ဘာမှ တာဝန်ယူစရာမလိုဘူး၊ မင်း လွတ်လပ်စွာနေ၊ ငါလည်း အေးအေးဆေးဆေးနေပါရစေ"





ပြောပြီး ကိုကို စာအုပ်ကို ဖတ်နေသည်။ စွဲမက် နှုတ်လေးဆိတ်ကာ အခန်းထောင့်က အလှပြင်ခုံရှေ့ကထိုင်ခုံလေးမှာ ဝင်ထိုင်မိ၏။ မင်္ဂလာခုတင်ကြီးပေါ်မှာ အိပ်ဖို့မဆိုထားနှင့် စွဲမက် ရဲရဲတောင် မကြည့်ရဲတာအမှန်။

တစ်ယောက်တည်း ထိုင်နေမိတာ ဘယ်လောက်ကြာသွားသည်မသိပါ။ ကိုကို့ကို မဝံ့မရဲလေးလှည့်ကြည့်တော့ ဒရင်းဘက်ပေါ်မှာ စောင်လေး ပခုံးအထိ ခြုံကာ အိပ်နေသည်။

မျက်နှာကို တစ်ဖက်နံရံဆီပဲ ခပ်စောင်းစောင်းလေး လှည့်ကာ အိပ်နေသော ကိုကို့ကိုကြည့်ရင်း စွဲမက် ဝမ်းနည်းစိတ်တွေ ရင်ထဲလှိုက်ဖိုတက်လာသည်။

မင်္ဂလာခုတင်ကြီးမှာ စွဲမက်တစ်ယောက်တည်း အိပ်ခွင့်ပြုကာ ဒရင်းဘက်လေးပေါ်မှာ ကိုကို ကျဉ်းကျဉ်းကျပ်ကျပ် အိပ်နေတာလည်း သနားသည်။

စွဲမက်လည်း ခုတင်ကြီးပေါ် မအိပ်ရဲပါ။ ခေါင်းအုံးနှင့် ခြုံစောင်လေးပဲယူကာ ခုတင်ခြေရင်းက ကြမ်းပြင်ပေါ်မှာပဲ လှဲလိုက်သည်။ မျက်ဝန်းတွေက ချက်ချင်းအိပ်မပျော်နိုင်ဘဲ ကြောင်တွေနေသလို အတွေးတွေကလည်း ချာလည်ရှုပ်ထွေးနေသည်။

ဒီလိုနေ့ရက်တွေကို စွဲမက် ဘယ်အချိန်ထိ ရင်ဆိုင်ဖြတ်သန်းရမည်လဲ မသိပါ။ ကိုကို့ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာ မှားသွားပြီးလား စိတ်ကတွေးမိတော့ နှလုံးသားက ငြင်းဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို စွဲမက် သိပ်ချစ်ခဲ့တာ တစ်ဘဝမှာ တစ်ခါပဲ ချစ်ဖူးတဲ့အချစ်မျိုးပါ။ စွဲမက်လိုချင်တာ ကိုကို့ရဲ့ကြင်နာယုယမှု။ ဒါပေမဲ့ ကိုကို့ဆီက ပိုင်ဆိုင်ရရှိနေတာတွေက ခါးသီးမှုတွေ။

စွဲမက် ကျေနပ်စွာ ခံယူမှာပါ ကိုကို။ ကိုကို့အနားမှာ ရှိနေတယ်ဆိုတဲ့ အသိနဲ့ပဲ ကျေနပ်စွာ အမုန်းတွေကို ခံယူနိုင်ပါတယ် ကိုကို။

☀



## အခန်း (၂၆)

သူ နိုးနေတာ ခြောက်နာရီကတည်းက ဖြစ်သည်။ စွဲမက်သျှင်ကတော့ နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်လို့နေသည်။ ညနှစ်နာရီလောက် သူတရေးနိုးချိန်ကလည်း ဒီကောင်မလေး ခုတင်ခြေရင်းကြမ်းပြင်မှာ အိပ်နေတာတွေ့သည်။

ပထမတော့ သူနှိုးပြီး ခုတင်ပေါ် တက်အိပ်ခိုင်းဦးမလို့ပါပဲ။ ဒါပေမဲ့ သူမသဘောနှင့်သူမ အိပ်နေတာပဲဟု စဉ်းစားကာ ဥပေက္ခာပြုထားခဲ့၏။ ကြမ်းပြင်အေးစိမ့်စိမ့်မှာ အခင်းမပါ ဘာမပါနဲ့ အိပ်နေတာကို တော်တော်သဘောတွေ့နေသလားမသိ။

နာရီဝက်ကျော်လောက် သူ ငုတ်တုတ်ထိုင်စောင့်နေတာတောင် မနိုးသေးပါ။ အခုလောက်ဆို မေမေ့ကို မီးဖိုထဲမှာ ပြင်ဆင်စီမံနေလောက်ပြီ။ စွဲမက်သျှင်က အိပ်လို့ကောင်းနေတုန်း။

ဒါလား အိမ်ရှင်မကောင်းတစ်ယောက်။ ဒီကောင်မလေးရဲ့စရိုက်မှန်တွေ အခုပဲ ပေါ်ချင်နေပြီထင်သည်။ ကြာကြာဝါးမှ ခါးမှန်းသိကာ မေမေ နားလည်သွားရင်တော့ သူ့အတွက် အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ဒီကောင်မလေးကို ချက်ချင်းကွာရှင်းပစ်လိုက်မည်။

အိပ်နေသော စွဲမက်သျှင်ကို တစိမ့်စိမ့်ကြည့်ကာ သူ တွေးနေတုန်း ကောင်မလေး ဖျတ်ခနဲ မျက်လုံးတွေ ပွင့်နိုးလာကာ ငုတ်ခနဲ ထထိုင်သည်။

အိပ်ချင်မူးတူး မျက်ဝန်းလေးတွေဆီက မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ်ပုတ်ခတ်ကာ သူ့ကိုကြည့်နေရာမှ ကောင်မလေး လူးလဲထသည်။ နီညိုရောင်ညဝတ်ဂါဝန်လေးက ဒူးဖုံးရုံမျှ ပွပွလေး။ ဆံနွယ်ပခုံးဝဲလေးက မျက်နှာပေါ် ဖြန့်ကျဲကျနေသည်။

သူမ ဆံပင်တွေကို သိမ်းဖယ်အကျႌစကို ဆွဲချလုပ်နေတုန်း သူ ထရပ်လိုက်ရင်း ...

"ကိုယ် နိုးနေတာကြာပြီ၊ မင်းကို စောင့်ရတာတင် မိနစ်လေးဆယ်နီးပါး ကြာတယ်"

"ဟို ... ဟို စွဲမက် ညက ချက်ချင်းအိပ်မပျော်လို့၊ ဆောရီး ကိုကို"

"နိုး ... တောင်းပန်စရာမလိုဘူး၊ တစ်ခုတော့ရှိတယ်၊ ငါက ရုံးသွားရတဲ့ရက်တွေကျ စောစောထရတယ်၊ မင်း ဒီပုံစံနဲ့ အိပ်နေရင် ဘယ်လိုလုပ်မလဲ၊ မေမေတွေ့သွားရင် ပြဿနာနော်"

"ဟုတ် ... ဟုတ်ကဲ့၊ စွဲမက် နောက်ရက်တွေကျ စောစောထပါ့မယ်"

"ကဲ ... ငါ ကိုယ်လက်သန့်စင်ချင်နေပြီ၊ မင်းလည်း





မြန်မြန်လုပ်တော့ ကော်ဖီဝိုင်းကို အတူမှမသွားရင် မေမေက ကျေနပ်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့၊ ကိုကိုရေချိုးခန်း အရင်ဝင်ပါ၊ စွဲမက် ဒီမှာ သိမ်းဆည်းစရာတွေ သိမ်းလိုက်မယ်၊ မကြာစေရပါဘူး ကိုကို"

အသံချိုချိုလေးနှင့် တောင်းပန်သလိုဆိုနေပုံလေးက သနားစရာမျက်နှာလေးနှင့်ပါပဲ။ မေမေ့ကို အယုံသွင်းခဲ့သလို သူ့ကိုလည်း အယုံသွင်းဖို့ ကြိုးစားနေတာပဲဖြစ်မည်။

မရဘူး စွဲမက်သျှင်။ မင်းရဲ့ဟန်ဆောင်မှုတွေကို မေမေ မမြင်ခဲ့ပေမယ့် ငါသိနေတယ်။

သူ ရေမိုးချိုးပြီး ထွက်ခဲ့တော့ စွဲမက်သျှင် ရေချိုးခန်း အပြင်ဘက်မှ မတ်တတ်လေးရပ်စောင့်နေသည်။ လုံချည်ရင်လျားလေးနှင့် ခြုံလွှာတဘက်ကို ပခုံးမှာ လွှားတင်ထား၏။

"စွဲမက် မြန်မြန်ချိုးပြီး လာခဲ့မယ် ကိုကို"

သူ ဘာမှပြန်မပြောဘဲ အခန်းထဲ အမြန်ပြန်ခဲ့သည်။ ဗီရိုထဲက အဝတ်အစားတွေ ထုတ်ယူဖို့ ပြင်တော့မှ သူ စားပွဲပေါ်မှာ စွဲမက်သျှင် ထုတ်ပေးခဲ့ဟန်တူသော ချည်ပုဆိုးနှင့် ရှပ်အကျႌလက်တိုတစ်ထည်ကို တွေ့သည်။

ဒီကောင်မလေး ထုတ်ပေးထားတာ မဝတ်ချင်တာကြောင့် ဗီရိုထဲ ပြန်ထည့်ကာ တခြားအဝတ်တစ်စုံ ရွေးဝတ်လိုက်သည်။

အဝတ်အစားလဲပြီးမှ သတိထားမိတာ သူ ဒရင်းဘာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က စောင်နှင့်ခေါင်းအုံးတွေရော သူမ အိပ်ရာလေးပါ သိမ်းဆည်းပြီးလို့ ခုတင်ကြီးပေါ်မှာ နေသားတကျပြန်ရောက်နေကြသည်။

ဒရင်းဘက်လေးတောင် ပြန်ခေါက်သိမ်းကာ နေရာတကျ ရှိနေသည်။ သူ ညက ဖတ်ပြီးချထားသော စာအုပ်တောင် စာကြည့်စားပွဲပေါ် သပ်သပ်ရပ်ရပ်ပြန်တင်ထား၏။

အခန်းတံခါးလေး ခပ်ဟဟဖွင့်လာတာကြောင့် သူ လှည့်ကြည့်တော့ စွဲမက်သျှင် ခြုံစောင်လေးပခုံးပေါ်တင်ပြီး ရေစက်လေးတွေသီးနေသော မျက်နှာလေးက နုမွတ်ဝင်းညက်နေသည်။

သူ ချက်ချင်းမျက်နှာလွှဲကာ မကြည့်မိအောင် ရှောင်တိမ်းရင်း ...

"မင်းဘာသာ လွတ်လွတ်လပ်လပ် ပြင်ဆင်ပါ၊ ကိုယ် အပြင်က စောင့်နေမယ်"

အခန်းအပြင်ကပဲ ကျောခိုင်းရပ်စောင့်ရင်း သူ လေးလေးပင်ပင်လေး ခေါင်းခါမိသည်။ ဒီကောင်မလေးနှင့် တစ်ခန်းတည်းမှာ နှစ်ယောက်အတူနေရတာ ကြာရင်တော့ မလွယ်ပါ။

"ဟင်"

သူတို့အခန်းဘက်လျှောက်လာသော မေမေ့အရိပ်ကို ရိပ်ခနဲမြင်လိုက်တာမို့ သူ လှစ်ခနဲ အခန်းထဲပြန်ဝင်လိုက်ရ၏။ ဗီရိုထဲက အဝတ်အစားတွေကို ထုတ်ယူနေသော စွဲမက်သျှင်က





တော့ သူ ပြန်ဝင်လာတာကို မသိရှာပါ။

ခန္ဓာကိုယ်ပေါ်မှာ ခြုံထားသော တဘက်လေးမရှိတော့တာမို့ ကျောပြင်ဝင်းမွတ်မွတ်လေးနှင့် ပခုံးသားလုံးလုံးလေးတွေကို သူ့ မြင်နေရ၏။ ဒုက္ခပါပဲ။ အသံမပေးဘဲ ဝင်လာမိတာ ကိုယ့်အမှား။

သူမလေးကတော့ လွတ်လွတ်လပ်လပ်နှင့် အတွင်းခံအင်္ကျီလေးကိုဝတ်ဖို့ ပြင်ဆင်နေသည်။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် သူမ ဖျတ်ခနဲလှမ်းကြည့်သည်။ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ ရှက်သွေးလွှမ်းသွားသော မျက်နှာလေးကြောင့် သူလည်း ထူပူသွားကာ မျက်နှာလွှဲပစ်လိုက်ရသည်။

"သား, သမီး ... မနိုးကြသေးဘူးလား"

"နိုး ... နိုးပြီ မေမေ၊ စွဲမက် အဝတ်အစားလဲနေလို့ပါ၊ သားတို့ အခုလာခဲ့မယ်"

"ဩော် ... အေး ... အေး၊ မေမေက ထမင်းကြော်ပူပူနွေးနွေးလေး စားစေချင်လို့ပါ၊ လာခဲ့ကြနော်"

"ဟုတ် ... ဟုတ်ကဲ့ မေမေ"

သူ မေမေ့ကို ပြန်ဖြေနေရင်း နောက်ကိုလှည့်မကြည့်ရဲပါ။ မမြင်အပ် မမြင်သင့်တာတွေကို သူ မတွေ့ချင်။

"ကိုကို ... စွဲမက် ပြီးပါပြီ၊ သွားကြရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



စွဲမက်အသံကြားမှ သူခေါင်းညိတ်ကာ အခန်းတံခါး ဖွင့်ထွက်ခဲ့လိုက်၏။ စွဲမက် သူ့နောက်က ပါလာတာ သိနေ၏။ မီးဖိုခန်းထဲ ဝင်ခါနီးမှ စွဲမက်ကို သူ ရပ်စောင့်ကာ သူမလက်ဖဝါးလေးကို ဆုပ်ကိုင်တွဲလိုက်၏။

သူ့လက်ဖဝါးတွေ အေးစက်နေပေမယ့် စွဲမက်လက်ဖဝါးလေးတွေ နွေးထွေးနေ၏။

"ဟော ... လာ ... လာ ... သားတို့ သမီးတို့ ဒီနေ့တော့ ဒေါ်မိလက်ရာ ထမင်းကြော်နဲ့ကော်ဖီ စားကြရအောင်"

"သမီး ... ဒီနေ့ အိပ်ရာက နောက်ကျသွားတယ် မေမေရာ ... အဟင်း"

"သမီးတင်မဟုတ်ပါဘူး မေမေလည်း ညှော်ခံပွဲမှာ နည်းနည်းပင်ပန်းသွားလို့ စောစောကမှ နိုးတာ၊ ဒေါ်မိက အားလုံး စီစဉ်ပေးထားတယ်လေ"

"ဟုတ်တယ် သမီး၊ ဒီနေ့လည်း သမီး ဘာမှမလုပ်ဘဲ နားပါဦး၊ ဒေါ်မိ ချက်ပြုတ်စီစဉ်ပါ့မယ်"

"ရပါတယ် ဒေါ်မိရဲ့၊ စွဲမက် ဒီအတိုင်းကြီးနေရမှာ ပျင်းလို့ပါ"

"ဒါဆို ... မေမေနဲ့သမီး ဒေါ်မိကို ဝိုင်းကူညီလိုက်တာပေါ့၊ သားအလုပ်က ခွင့်ရက်တွေရထားတုန်း ချက်ပြုတ်စား သောက်ရအောင်ကွယ်"





မေမေကတော့ အပျော်တွေဝေနေသောမျက်နှာနှင့် သူတို့နှစ်ဦးကို ကြည့်ကာ ကျေနပ်နေခဲ့သည်။ သူ့မှာတော့ အလုပ်ခွင့်ရက်တွေ မြန်မြန်ကုန်ဆုံးစေချင်ပြီ။

ကြားလျှင် စိတ်ကျဉ်းကျပ်လွန်းလို့ ခက်ပါသည်။ သူ့မရှိတော့ စွဲမက် လွတ်လပ်စွာနေနိုင်မည်။ မေမေ မသိအောင် ဟန်ဆောင်နေရသည့်ဘဝကြီးနဲ့ သူ ဘယ်အချိန်ထိ စိတ်ဒုက္ခတွေ ဝေနေဦးမည်မသိ။

သူ စိတ်ညစ်သလို စွဲမက်လည်း စိတ်ညစ်ပြီး စိတ်ကုန်သွားလျှင် ကောင်းမည်ဟု တွေးမိသေး၏။

ဒါပေမဲ့ ဒီကောင်မလေးကြည့်ရတာ မေမေတို့နဲ့ ပျော်ရွှင်ကျေနပ်နေပုံပါပဲ။ အခုလည်းကြည့် သူ့ပန်းကန်ထဲကို ကြက်အသည်းအမြစ်လေးတွေ ခပ်ထည့်ယုယပြနေ၏။

မေမေက ဒါကိုပဲ သဘောကျပြုံးနေတော့ သူလည်း စွဲမက်ကို ပြုံးပြလိုက်ရပါသည်။ သူမကလည်း အပြုံးလေးတွေ လှပစွာ ပွင့်ဝေလို့။

တော်တော် ဟန်ဆောင်ကောင်းတဲ့ကောင်မလေး။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

**ဒယ်ဒီ** အိမ်မှာရှိနေသော အလုပ်ပိတ်ရက်မှာ မေမေက ကိုကိုနှင့် စွဲမက်ကို သွားလည်ဖို့ ပြောသည်။ မေမေ့ စကားဆိုတော့ ကိုကို မငြင်းသာဘဲ ပါလာရတာ စွဲမက်သိသည်။

မေမေ့ရှေ့မှောက်မှာ ကြည်လင်နေသော ကိုကို့မျက်နှာက ခြံထဲက ကားထွက်သည်နှင့် မျက်မှောင်ကြီးကုတ် သုန်မှုန်နေသည်။

မထူမပါးမျက်ခုံးတွေ စုကြုတ်ကာ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားတာလည်း ကိုကိုက စွဲမက်မျက်လုံးထဲမှာ ကြည့်ကောင်းနေတာပဲဖြစ်သည်။

အမြဲတမ်း ဆံပင်တိုတိုလေးနှင့် ရှင်းသန့်သန့်လေး နေတတ်သော ကိုကို့သွင်ပြင်လေးကို ဟိုးအရင်ကတည်းက စွဲမက် စုံမက်မြတ်နိုးခဲ့ရတာဖြစ်သည်။

လေယာဉ်မှူးဝတ်စုံနှင့် ခံ့ညားချောမောလွန်းသော ကိုကိုသည် ဘာပဲဝတ်ဝတ် ကြည့်လို့ဆင်ပြေအောင် ချောမော





သည်။ ကျစ်လျစ်သော ကိုယ်ဟန်နှင့် လိုက်ဖက်ညီသော ကိုကို့ ရုပ်သွင်သည် နေရီတို့ မိနော်တို့ ဆိုသလို ရှေ့မင်းသားလေးတစ်ပါးဟု စွဲမက် ဆိုချင်သည်။

ကိုကို့ကို သတိလက်လွတ်ငေးစိုက်ကြည့်နေတုန်း ကိုကို ဖျတ်ခနဲလှည့်ကြည့်တာမို့ စွဲမက် ကပျာကသီ မျက်နှာလွှဲပစ်လိုက်ရ၏။

"စွဲမက်သျှင်"

"ရှင် ... ကိုကို"

"ကိုယ်တစ်ခု ညှိနှိုင်းချင်လို့"

"ဘာလဲဟင် ကိုကို ပြောပါ"

"ဪ ... မင်းကို ကိုယ် ခြံဝအထိပဲ လိုက်ပို့ပေးမယ်၊ ပြီးရင် ကိုယ့်သူငယ်ချင်းတစ်ယောက်အိမ် သွားလိုက်ချင်လို့၊ မင်းပြန်ချိန် လာကြိုမယ်လေ"

ကိုကို့စကားကြောင့် စွဲမက်ရင်ထဲ မကောင်းပါ။ ဒါပေမဲ့ ကိုကိုနှင့်ပတ်သက်ပြီး အရာရာသည်းခံနားလည်ပေးနိုင်စွမ်းက စွဲမက်ရင်မှာရှိနေပြီးသားမို့ ခေါင်းလေးညိတ်ပြမိသည်။

"တစ်ခုတော့ရှိတယ်နော်၊ ဒီကိစ္စ မေမေ မသိစေနဲ့ ဟုတ်လား"

"စိတ်ချပါ ကိုကိုရယ်၊ စွဲမက် ဘယ်သူ့မှ ပြန်မပြောပါဘူး"

"အိုခေ ... ကျေးဇူးတင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ကျေနပ်ပြေလျော့သွားသော ကိုကို့မျက်နှာကြောင့် စွဲမက် ပင့်သက်လေး ရှိုက်မိသည်။ ကိုကို ဘယ်လောက်ပဲ စိမ်းပြတ်ပါစေ စွဲမက်ဘက်ကတော့ အမြဲတမ်း လိုက်လျောပေးနေမှာပါ ကိုကို။

အဲဒါ ကိုကို့ကို စွဲမက် ချစ်မြတ်နိုးလွန်းလို့ပါ။

☀

"သမီးကလည်း ခြံထဲတောင် မခေါ်လိုက်ဘူးလား၊ ခြံဝ ရောက်နေပြီပဲဟာ"

"ကိုကိုနဲ့ချိန်းထားတဲ့ကိစ္စက နောက်ကျနေလို့ ဒယ်ဒီရဲ့၊ ညနေတော့ ကိုကို လာဝင်ကြိုမှာပါ"

စွဲမက် ဒယ်ဒီမရိပ်မိအောင် ဖြေရှင်းချက်တွေ ပေးနေပေမယ့် ဒယ်ဒီကတော့ ကျေနပ်ပုံမရပါ။ ခြံဝထိပ်ပဲ ကားနှင့် လိုက်ပို့ပြန်သွားသော ကိုကို့ကို မကျေနပ်ချင်။

"ဒယ်ဒီ့နားရက်လေးမို့ သမီးတို့လင်မယားကို တွေ့ချင်နေတာ၊ ဒီမှာ မနက်စာ လက်ဆုံစားဖို့တောင် စီစဉ်ထားတာ"

"ကိုကိုကလည်း အရမ်းအရေးကြီးလို့ပါ ဒယ်ဒီရယ်၊ သမီးက လိုက်မပို့နဲ့လို့ ပြောတာတောင် စိတ်မချဘူးဆိုပြီး အတင်းလိုက်ပို့တာလေ"





"ကဲပါ ... မောင်မြတ်သျှင်ရယ်၊ ဟိုမှာက အလုပ်ကိစ္စ အရေးပေါ်ကြုံလာတာပဲကွယ်၊ ထမင်းလက်ဆုံစားချင်ရင်လည်း ညနေကျမှ စားပေါ့၊ သမီးတို့ ညနေစာစားပြီးမှ ပြန်ကြပေါ့"

ဘွားအုန်းဝင်ပြောမှ ဒယ်ဒီ ခေါင်းညိတ်လက်ခံရင်း–

"အင်း ... အခုတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ဒယ်ဒီက ညနေ ဂေါက်ကွင်းလစ်မလို့ သမီးရဲ့၊ ပြဿနာမရှိပါဘူး၊ သမီးတို့နဲ့ပဲ ညနေစာ စားရင်း နားလိုက်တာပေါ့"

ဒယ်ဒီ့ဘက်က ဝါသနာကိုတောင်စွန့်ကာ ကိုကိုနှင့် ဆုံတွေ့ချင်နေတာ သိရတော့ စိတ်တောင်မကောင်းပါ။

ကိုကိုနဲ့စွဲမက်တို့ အခြေအနေမှန်တွေသာ ဒယ်ဒီတို့သိသွားရင်တော့ ခက်ပြီ။ သမီးကိုသိပ်ချစ်သော ဒယ်ဒီ ချက်ချင်း ပြန်မလွှတ်ဘဲ ခေါ်ထားလိုက်မှာ သေချာသည်။

ဟင့်အင်း ဒီလိုတော့ စွဲမက် အဖြစ်မခံနိုင်ပါ။ ကိုကို့ကို စွဲမက် ကိုယ်တိုင်ကမှ မခွဲနိုင်တော့တာ။

စွဲမက်ကို ဒယ်ဒီနှင့်ဘွားအုန်းက မေးကြပြောကြသမျှ စွဲမက် အဆင်ပြေအောင် လိမ်ညာရတာလည်း လိပ်ပြာမလုံချင်ပါ။ ဘယ်တုန်းကမှ လူကြီးတွေကို မလိမ်တတ်၊ မညာတတ်သည့် စွဲမက် ကိုကို့ကို ချစ်လွန်းလို့ လိမ်ညာနေမိပြီ။

"ကိုကိုက စွဲမက်ကို အလိုလိုက် ချစ်ခင်ပါတယ် ဘွားအုန်းရဲ့၊ စွဲမက် ပင်ပန်းမှာစိုးလို့ မီးဖိုထဲတောင် မဝင်ခိုင်းဘူး၊ စွဲမက်က မနေတတ်လို့ ဝင်ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကောင်းတယ်၊ သမီးမိန်းကလေးဆိုတာ မိန်းကလေးပီသမှပေါ့၊ သမီး အိမ်ထောင်ရေး ကံကောင်းပါတယ်ကွယ်"

ဘွားအုန်း ပြုံးပြုံးလေးဆိုနေတော့ စွဲမက် ရှက်ပြုံးလေးနှင့် ခေါင်းလေးညိတ်ပြမိသည်။ ဒယ်ဒီကလည်း စွဲမက်ကို ပြုံးကြည့်နေရင်း ...

"ယောက္ခမနဲ့ယောက်ျားက အလိုလိုက်ချစ်ခင်တယ်ဆိုပြီးတော့ အရမ်းတော့ မဆိုးနဲ့နော်သမီး၊ ဒယ်ဒီကတော့ သမီးလေး စိတ်ချမ်းသာတဲ့ အိမ်ထောင်တစ်ခု တည်ဆောက်နိုင်တာ ဝမ်းသာကျေနပ်ပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

ချိန်းထားသော ညနေလေးနာရီတိတိမှာ ကိုကိုလာကြိုတော့ ဒယ်ဒီက ညစာစားဖို့ခေါ်တာကို စွဲမက် ကားနားထိ ဆင်းကြိုရင်း အသိပေးရသေး၏။

"ဟာ ... မတက်တော့ပါဘူး၊ ခဏစကားပြောပြီး ပြန်မယ်၊ ဟိုမှာ မေမေလည်း စောင့်နေမှာ"

"ဒီတစ်ခါတော့ လိုက်လျောပါ ကိုကိုရယ်၊ ဒယ်ဒီက ဂေါက်ကွင်းမသွားဘဲတောင် စောင့်နေတာမို့ပါ၊ စွဲမက် တောင်းပန်ပါတယ်နော်"

စွဲမက်နှင့်ကိုကိုတို့ ပြောနေတာတွေကို ဧည့်ခန်းထဲက ဒယ်ဒီတို့ မကြားတာပဲ တော်သေးသည်။ ကိုကို မကျေမနပ် မျက်နှာကြီးနှင့် ကားတံခါးဖွင့်ဆင်းလာတော့ စွဲမက် ရင်တထိတ်





ထိတ်ဖြစ်ရသေး၏။

ဒါပေမဲ့ ဧည့်ခန်းထဲရောက်တော့ ကိုကို ဒယ်ဒီကို ရယ်မောစကားတွေပြောကာ အဆင်ပြေဆက်ဆံတာမို့ စွဲမက် ကျေနပ်ရ၏။

"မနက်ကလည်း အန်ကယ်က သားတို့နဲ့ မနက်စာစားချင်တာကွ၊ သားအရေးကြီးချိန်းထားတာရှိလို့ဆို"

"ဟုတ် ... ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် အားနာလိုက်တာ"

"ရပါတယ်ကွာ၊ အားနာစရာ သူစိမ်းတွေမှ မဟုတ်ဘဲ၊ ညနေစာတော့ စားပြီးမှ ပြန်ကွာ၊ အန်ကယ်တို့ မိသားစု လက်ဆုံစားချင်လို့"

"ဟုတ်ကဲ့၊ စွဲမက် အခုပဲ ဆက်လိုက်မယ် ကိုကို"

စွဲမက် တစ်ယောက်တည်းအပေါ်မှာပဲ ကိုကိုရဲ့ဆက်ဆံမှုတွေက ခါးသီးနေခဲ့တာပါ။ ဒယ်ဒီတို့ ဘွားအုန်းတို့နဲ့ကျတော့လည်း အဆင်ပြေလို့ပါပဲ။

ကိုကို ဘယ်လိုကျိန်စာဆိုးတွေ စွဲမက်အပေါ် ကျရောက်နေခဲ့တာလဲဟင်။ အဲဒီကျိန်စာဆိုးကြီး ပြေတဲ့အထိ စွဲမက် ပေးဆပ်မှာပါ ကိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၈)

# "ဒေါက် ... ဒေါက်"

"သား ... မေမေပါ၊ အခန်းတံခါး ခဏလောက်ဖွင့်ပါဦး"

တံခါးခေါက်သံနှင့်အတူ မေမေ့အသံကို ကြားလိုက်တာမို့ ဒရင်းဘက်မှာ လှဲကာ အကျအနသတင်းစာထိုင်ဖတ်နေသောသူ ငေါက်ခနဲ ထထိုင်မိသလို စွဲမက်သျှင်လည်း ထိုင်နေသောခုံလေးဆီက မျက်နက်ဝန်းလေး ဝိုင်းကာ လှည့်ကြည့်၏။

ဘယ်တုန်းကမှ သူတို့အခန်းကို တက်မလာတတ်သော မေမေကြောင့် ပင့်သက်ကြောင်တွေကာ နှစ်ဦးစလုံး ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြ၏။

"သား ... အိပ်ပျော်နေပြီလား၊ သမီးလေး ..."

"ရှင် မေမေ ... မ ... မအိပ်သေးပါဘူး"

စွဲမက်သျှင် ထိုင်ခုံလေးက ထရပ်ကာ အသံပေးသည်။ ပြီးတော့ သူ့ကို လှမ်းကြည့်သောမျက်ဝန်းလေးတွေက ဘာလုပ်





ရမှန်းမသိသော မျက်နှာသွင်ပြင်နှင့် ဖြစ်သည်။

"ဝံမီး ခဏလောက်ကွယ်"

"ဟုတ် ... ဟုတ်ကဲ့ လာပြီမေမေ"

စွဲမက်သျှင် တံခါးဖွင့်ပေးဖို့ လှမ်းနေတော့ သူလက်ကာတားရင်း ခုတင်ခြေရင်းမှာ သူမခင်းထားသော အိပ်ရာကို လက်ညှိုးထိုးသိမ်းခိုင်းရ၏။

စွဲမက် ခေါင်းလေးညိတ်ကာ သူမအိပ်ရာကို ဆွဲသိမ်းကာ ခုတင်ပေါ် ပစ်တင်သည်။ ပြီးတော့ ဒရင်းဘက်ပေါ်က သူ့ခေါင်းအုံးနှင့်စောင်ကိုယူကာ ခုတင်ပေါ် ပြန်ပစ်တင်သည်။

ဒီတော့မှ သူ တံခါးကိုဖွင့်ပေးလိုက်ရသည်။ စွဲမက်ကလည်း ခုတင်ပေါ် ကျုံ့ကျုံ့လေးတက်ထိုင်ကာ စောင်တွေ ခေါင်းအုံးတွေ ဟိုပို့ ဒီရွှေ့လုပ်နေ၏။

"ဟင် ... သားတို့ မအိပ်သေးဘူးမို့လား"

"မ ... မအိပ်သေးပါဘူး မေမေ၊ သားက ဒရင်းဘက်မှာ သတင်းစာဖတ်နေတာ၊ စွဲမက်က အိပ်ရာခင်းနေတာလေ"

မေမေ ခေါင်းလေးညိတ်ရင်း အခန်းထဲဝင်လာသည်။ မေမေ့အကြည့်တွေက ခုတင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ကာ အိပ်ရာခင်းနေသော စွဲမက်ကို လှမ်းကြည့်နေတော့ စွဲမက် ပြုံးတုံ့ပြန်ရင်း ...

"မေမေထိုင်လေ ... ဘာပြောမလို့လဲဟင်"

"ညှို့ခန်းထဲမှာတုန်းကတည်းက မေမေ အသိပေးမလို့



www.burmeseclassic.com

www.burmeseclassic.com



အခု ဘုရားဝတ်ပြုရင်းမှ ပြန်သတိရလို့ကွဲ့၊ တခြားမဟုတ်ပါဘူး၊ မေမေ အထက်မြန်မာပြည် ဘုရားဖူးခရီးထွက်မလို့၊ အဲဒါ သားတို့ကိုပြောဖို့ မေ့နေလို့"

"မေမေက ဘယ်တော့သွားမှာလဲ၊ ဘယ်သူတွေနဲ့ သွားမှာလဲဟင်"

သူလှမ်းမေးတော့ မေမေ ခုတင်စွန်းမှာဝင်ထိုင်ရင်း သူ့ဘက်လှည့်ကြည့်ကာ ...

"မေမေ့စိန်တိုက်က ဝန်ထမ်းတချို့နဲ့ မိဘလူကြီးဆယ်ယောက်လောက် ပါမယ်၊ ဒေါ်မိ လိုက်ချင်လိုက်ဖြစ်မယ်လေ"

"သားတော့ လိုက်လို့မရဘူး မေမေ၊ ဟိုတစ်လကပဲ ခွင့်ရက်တွေ ယူထားတော့ မကောင်းဘူး"

"အင်း ... သားမလိုက်နိုင်တာ မေမေသိပါတယ်၊ သမီးလေးရော လိုက်ချင်တဲ့ဆန္ဒရှိသလားဟင်"

"သမီး မလိုက်တော့ဘူး မေမေ၊ ဒေါ်မိပဲ ခေါ်သွားလိုက်လေ၊ အိမ်ကိစ္စတွေ သမီးရှိမှ ဖြစ်မှာပေါ့"

"စွဲမက် လိုက်ချင်လိုက်သွားပါ၊ ကိုယ့်အတွက် မပူပါနဲ့၊ တစ်ယောက်တည်းပဲဥစ္စာ အဆင်ပြေသလို ရှင်းလို့ရပါတယ်"

"မဟုတ်သေးဘူးလေ သားရဲ့၊ သမီးနဲ့ဒေါ်မိ တစ်ယောက်ယောက်တော့ ရှိရမှာပေါ့"

"သမီး ဒီခရီးတွေ ထွက်ဖူးပြီးသားပါ မေမေ၊ ဒေါ်မိကိုပဲ ခေါ်သွားလိုက်ပါ၊ သမီး နေခဲ့ပါ့မယ်"





စွဲမက်ကတော့ ဖွတ်နေရစ်ခဲ့ဖို့ပဲ အကြောင်းတွေ ပြနေသည်။ မေမေကလည်း ခေါ်သွားချင်ပုံမရတာ သူ အကဲခတ်မိ၏။

"အင်း ... သမီးလေးက ရောက်ဖူးပြီးသားဆိုတော့ ဒေါ်မိပဲ ခေါ်သွားလိုက်မယ်၊ သားနဲ့သမီး အဆင်ပြေမလား၊ လိုအပ်ရင် သမီးလေးတို့အိမ်မှာ သွားနေကြမလား၊ မေမေကိုမြတ်သျှင်ကို ပြောလိုက်မယ်"

"ဟာ ... ပြေပါတယ်မေမေ၊ စွဲမက် ရှိတာပဲ၊ ပြဿနာ မရှိပါဘူး၊ နော် ... စွဲမက် ဖြစ်တယ်မို့လား"

စွဲမက် ခေါင်းလေးညိတ်သည်။ သည်တော့မှ မေမေ ကျေနပ်လက်ခံသွား၏။ ဘာပဲဖြစ်ဖြစ် စွဲမက်တို့အိမ်မှာဆိုရင် သူ့ရဲ့ဟန်ဆောင်မှုတွေ ခက်ခဲကုန်မှာ အသေအချာဖြစ်သည်။

မေမေမရှိတုန်း ရှားရှားပါးပါး လွတ်လပ်ခွင့်လေးကိုတော့ သူ လိုချင်၏။ သင်းလေး ပါသွားလျှင်တော့ အကောင်းဆုံး။

နေခဲ့မည်ဆိုလည်း ရှိစေတော့။ သူမ အိမ်မှာသွားနေဖို့ဆိုတာတော့ မဖြစ်တာအမှန်။

"ကဲ ... ဒါဆိုလည်း သားတို့ လွတ်လွတ်လပ်လပ်နေကြပေါ့၊ သားအလုပ်သွားနေတုန်း သမီးပျင်းရင် သမီးဒယ်ဒီအိမ် သွားလည်ပေါ့၊ မေမေတို့ ခရီးက ဆယ်ရက်ပဲကြာမှာပါ၊ ဟုတ်လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် မေမေ"

မေမေရော စွဲမက်ပါ သူ့ဆန္ဒအတိုင်း လက်ခံတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ပင့်သက်ရှိုက်နိုင်တော့သည်။

ကိုယ့်အိမ်မှာတောင် စိတ်ညစ်မွန်းကျပ်နေရတာ စွဲမက်တို့အိမ်မှာဆို ပိုဆိုးမှာပေါ့။ ပြီးတော့ ဒီကောင်မလေးက သူ့ပိုင်နက်ထဲမှာဆို သူ့ကိုတောင် ပညာတွေပြမှာ စိုးရသေး၏။

အခုတော့ ကံကောင်းလို့။

☼



## အခန်း (၂၉)

ဖျတ်ခနဲ တရေးနိုးလာတော့ သူ့စိတ်က ပထမဆုံး ခံစားသိလိုက်မိတာ နူးညံ့အိညက်သော အိပ်ရာပေါ်မှာ အိပ်စက်နေတာကိုပဲဖြစ်သည်။ မျက်လုံးတွေ ဖွင့်လိုက်တော့ ပြာလဲ့လဲ့ ညအိမ်မီးရောင်က အခန်းထဲမှာ မှိန်မှိန်လေးလင်းနေသည်။

အပြင်ထွက် အပေါ့အပါးသွားချင်လာတာမို့ ခုတင်ပေါ်က လူးလဲထပြီး နံရံလေးဆီက မီးခလုတ်ကို ဖွင့်လိုက်သည်။ ထိန်ထိန်လင်းသွားသော အခန်းလေးထဲမှာ စားပွဲပေါ်က နာရီလေးက ညဥ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ်လိုသေး၏။

ညဝတ်အင်္ကျီက ခါးပတ်ကြိုးကို ဖွဖွလေးပြန်ချည်နှောင်ရင်း သူ ပြုံးလိုက်မိသည်။ ဒီလို လွတ်လပ်ပေါ့ပါးစွာ အိပ်စက်ခွင့်မရတာ မတော်ကြာပြီ။ ဒရင်းဘက်လေးပေါ်မှာပဲ အိပ်ခဲ့ရသော ရက်တွေမှာ သိပ်အဆင်မပြေလှပါ။

မေမေနှင့်ဒေါ်မိတို့ ဘုရားဖူးခရီးထွက်သွားကတည်းက သူ အောက်ထပ်က ဒီအခန်းထဲ ပြောင်းအိပ်မည်ဟု စွဲမက်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သည်။

"ဟင် ... ဒါဆို စွဲမက်တစ်ယောက်တည်း ဒီအခန်းကြီးထဲမှာ အိပ်ရမှာပေါ့၊ ဟုတ်လား ကိုကို"

"မင်းဘာသာ အိပ်ချင်တဲ့နေရာမှာ အိပ်၊ မေမေမရှိတဲ့ရက်လေးတောင် လွတ်လွတ်လပ်လပ်အိပ်မယ်"

သူ မာတင်းတင်းပြောတော့ စွဲမက်သျှင် ဘာမှပြန်မပြောဘဲ တောင်းပန်တိုးလျှိုးသော မျက်ဝန်းလေးတွေနှင့် ကြည့်နေသေးသည်။ မေမေတို့ ခရီးထွက်သွားသည့်နေ့မှာပဲ သူ အိပ်ရာပြောင်းအိပ်ခဲ့တာ သုံးရက်ရှိပြီ။

ဒီကောင်မလေးနှင့် တစ်ခန်းတည်း အတူအိပ်စက်ရတာကို သူ့စိတ်တွေ မွန်းကျပ်နေတာကြာပြီ။ သူ ဒရင်းဘက်မှာ အိပ်တော့ သင်းလေးကလည်း ခုတင်ပေါ်မှာ မအိပ်ဘဲ အောက်ဆင်းအိပ်သည်။

အခန်းထဲမှာ မီးတွေလင်းနေလျှင် သူ မအိပ်တတ်ပေမယ့် ဒီကောင်မလေးပါ ရှိနေတော့ မီးတွေမပိတ်ရဘဲ ထိန်ထိန်လင်းထွန်းပြီး အိပ်ရတာကလည်း စိတ်ပျက်စရာပါပဲ။

အခုတော့ အိပ်ရေးဝဝ အိပ်စက်ခွင့်ရတာ သုံးညရှိပြီ။

ရေအိမ်သွားဖို့ အခန်းတံခါးဖွင့်ထွက်လိုက်တော့မှ သူ မျက်လုံးပြူးသွားသည်။ သူ့အခန်းရှေ့ နံရံကိုမှီကာ ခွေခွေလေး အိပ်ပျော်နေသောကောင်မလေးကို တွေ့လိုက်ရတာကြောင့် ဖြစ်သည်။





ဒီကောင်မလေး ဘာလုပ်တာလဲ။ ဘယ်အချိန်ကတည်းက ဒီနေရာမှာ လာအိပ်နေတာလဲ။ ထောင်းခနဲ ဖြစ်သွားသော ဒေါသနှင့် သူ စွဲမက်အနားထဲလျှောက်သွားကာ ပခုံးကို ခပ်ကြမ်းကြမ်းလေး လှုပ်နိုးလိုက်သည်။

"ဟော့ ... ဟော့ ... ထစမ်း ... ထစမ်း ... မင်း ဒီမှာ ဘာလုပ်နေတာလဲ"

စွဲမက်သျှင် မျက်လုံးလေးတွေ ပွင့်သွားခဲ့ကာ လူးလဲထရပ်သည်။ ဒါပေမဲ့ မျက်ဝန်းလေးတွေ တင်းတင်းလေးမှိတ်ကာ ဒူးညွှတ်ယိုင်လဲကျသွားတာမို့ သူ ကသောကမျောလေး လှမ်းထိန်းလိုက်ရ၏။

"ဟင်"

ကောင်မလေးအသားတွေက ခြစ်ခြစ်တောက်ပူနေတာ သူ ခံစားသိလိုက်ရ၏။ သင်းကလေး ဖျားနေသည်ထင်ရဲ့။

"စွဲ ... စွဲမက် ကြောက်လို့ပါ ကိုကို၊ ညဦးက မီး ... မီးတွေပျက်နေတော့ ... မ ... မအိပ်ရဲလို့"

ညက သူ စောစော အိပ်ရာဝင်ခဲ့တာမို့ မီးတွေပျက်သွားတာ မသိလိုက်ပါ။ သူ့ကို တုန်တုန်ယင်ယင်လေး ရှင်းပြနေသော ကောင်မလေးမျက်ဝန်းလေးတွေ ရီဝေလျက် နှုတ်ခမ်းလေးတွေ ရဲနေတာ အများသွေးကြောင့်ပဲထင်သည်။

"မီးပျက်ရင် အင်ဗာတာ ဖွင့်ပေါ့ကွ၊ ဒီမှာ မင်း တစ်ညလုံး လာအိပ်နေတာ ဖြစ်မလား၊ အခုတော့ ဖျားနေပြီထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဟို ... ဟို ... မနေ့ညနေကတည်းက ဖျားချင်သလို လိုဖြစ်နေတာ၊ ဟို ... ဟိုလေ ကိုကို့ကို မပြောရဲလို့''

''ပြဿနာပဲ ဒီအချိန်ကျမှ အန်ကန်ဦးလှိုင်ဌေးကိုခေါ်ဖို့ ဘယ်ရမှာလဲ၊ လာ ... လာ အိမ်မှာရှိတဲ့ဆေး သောက်ထား လိုက်၊ မနက်မှ အန်ကယ်ဦးလှိုင်ဌေးကို ခေါ်ပေးမယ်''

စွဲမက်သျှင် ခေါင်းလေးညိတ်ပြသည်။ သူ့ခြေလှမ်းရွေ့ ရုံပဲ ရှိသေးသည်။ စွဲမက်သျှင် ခြေတစ်လှမ်းမရွေ့နိုင်ဘဲ ပြိုလဲ ကျသွားခဲ့၏။

''ဟာ ... စွဲမက်သျှင် ... စွဲမက်သျှင်''

သူ တကယ်ပဲ စိုးရိမ်သွားတာအမှန်။ စွဲမက်သျှင်လက် ကလေးကို လှမ်းဆုပ်ကိုင်ကြည့်တော့ ရေခဲတမျှ အေးစက်နေ၏။ မျက်နှာလေးပေါ် အုပ်မိုးကျနေသော ဆံနွယ်လေးသပ်တင်ကာ တို့ထိကြည့်တော့ နဖူးပြင်လေးက မီးခဲလို ပူနေသည်။

သူထင်ထားသည့်အတိုင်း ဒီကောင်မလေးတွေ အဖျားတွေ ကြီးနေတာပါလား။ စွဲမက်ခန္ဓာကိုယ်လေးကို သူ ပွေ့ချီကာ အပေါ်ထပ်က သူ့မအခန်းထဲ ခေါ်ခဲ့သည်။

အခန်းထဲရောက်တော့ ခုတင်ဘေးက ဒရင်းဘက်လေး ပေါ်မှာ ခေါင်းအုံးနှင့်စောင်တစ်ထည် တင်ထားတာတွေ့၏။ မင်္ဂလာအိပ်ရာခင်းကြီးက နဂိုခင်းကျင်းထားသည့်အတိုင်းပဲရှိ၏။

ဒီကောင်မလေး ဒီရက်တွေမှာလည်း ဒရင်းဘက်ပေါ်မှာ





ပဲ အိပ်ခဲ့တာထင်၏။ သူမကိုယ်လေးကို အိပ်ရာလေးပေါ်တင်ပြီး သူ့အပူရှိန်ကို စမ်းကြည့်သည်။ ပူလိုက်တာမှ ခြစ်ခြစ်တောက်။

ဒီလောက် အပူကြီးမှတော့ သတိလစ်တော့မည်ပေါ့။ ဖြစ်မယ့်ဖြစ်တော့လည်း အချိန်မတော်ကြီးမို့ သူစိုးရိမ်နေရတာ အမှန်။

အရေးကြီးတာက အပူရှိန် ပြန်ကျသွားဖို့ပဲဖြစ်သည်။ ချည်စောင်ပါးလေးတစ်ထည် သူမခန္ဓာကိုယ်လေးထက် လွှမ်းပေး ခဲ့ပြီး မီးဖိုခန်းဘက် သူ ခပ်သုတ်သုတ်ထွက်ခဲ့သည်။

ရေခဲသေတ္တာထဲက ရေခဲဘူးနှင့်ဇလားကို သူ ယူခဲ့သည်။ အန်ကယ်ဦးလှိုင်ဌေး ရောက်မလာနိုင်သေးခင် အဖျားကျအောင် တော့ သူ ပြုစုပေးထားမှဖြစ်မည်။

''အင်း ... အင်း ... မေ ... မေမေ''

သူ အခန်းထဲပြန်ရောက်တော့ စွဲမက်သျှင် ယောင်ယမ်း ညည်းညူနေသည်။ သင်းကလေးနှုတ်က တမ်းတနေတာ မေမေ့ ကို ဖြစ်နေ၏။ မေမေ့အပေါ်မှာတော့ သူ သံယောဇဉ် အတော် ကြီးပုံရ၏။

ရေခဲဝတ်အုပ်ကာ သူမျက်နှာလေးကို သူအုပ်ပေးသည်။ အရေးထဲမှာ သူမလေး ဝတ်ဆင်ထားတာက လက်တိုတီရှပ်မို့ ရေခဲဖတ်တိုက်ရတာ ခက်နေ၏။ လည်တိုင်လေးကို သူ ရေဖတ် ဝတ်ဖြင့် အုပ်ကပ်ပေးသည်။

''အင်း .. အဲ ..င်း''



www.burmeseclassic.com

www.burmeseclassic.com



တအင်းအင်း ညည်းညူနေသောမျက်နှာလေးက ရဲရဲနီနေသည်။ သူ စာနားသနားသွားမိတာတော့အမှန်။ ဒီအချိန်မှာသာ မေမေရှိနေလျှင် ပျာယာခတ်လို့နေမှာ သေချာ၏။ သူ့ကိုလည်း ဒေါသတွေထွက်ကာ ဘယ်လောက်ထိ ဆူပူလိုက်မလဲ။

မြန်မြန်အဖျားကျသွားအောင် တစ်ကိုယ်လုံးကို ရေခဲဝတ်သုတ်ပေးမှဖြစ်မှာ သူ နားလည်သည်။ ခြုံစောင်လေးအုပ်ကာ သူမဝတ်ဆင်ထားသော တီရှပ်အင်္ကျီလေးကိုချွတ်ကာ သူပြုစုပေးမိသည်။

ဝင်းမွတ်နူးညံ့သော အသားစိုင်လေးတွေရဲ့အထိအတွေ့က သူမုန်းပါသည်ဆိုသော ကောင်မလေးကြောင့်ပဲ ရင်ခုန်သံတွေ တလှပ်လှပ်ဖြစ်စေ၏။

မျက်လွှာလေးချကာ ငြိမ်သက်နေသော မျက်နှာလေးက အပြစ်ကင်းစင်ပြီး နုနုညက်ညက်လေး လှပနေတာတော့အမှန်။ ရင်ခုန်လှုပ်ခတ်မှုတွေကို သတိအသိနှင့်ထိန်းရင်း စွဲမက်သျှင်ကို သူ စာနာကြင်နာစိတ်လေးနှင့် ပြုစုပေးနေမိတာ ဒါ ပထမဆုံးပဲဖြစ်သည်။

နဖူးပြင်လေးကို စမ်းကြည့်တော့ အပူရှိန်က သိသိသာသာ လျော့ကျသွားတာမို့ သူ စိုးရိမ်စိတ်လေးတွေ လျော့ပါးသွားရသည်။

ရေတွေစိုနေသော အင်္ကျီလေးကိုတော့ သူ လဲပေးလိုက်သည်။





အပူငွေ့ငွေ့လေးနှင့် သူမခန္ဓာကိုယ်လေး၏နုနုညက်ညက် အတွေ့အထိတွေက သူ့ကို ချွေးစေးလေးတွေ စို့လာသည်အထိ တုန်ယင်လှုပ်ခတ်စေပါသည်။

"အင်း ... အင်း ... ကို ... ကိုကို"

သူ ဆတ်ခနဲ တုန်သွားမိသည်။ နှုတ်ခမ်းလေးတွေ လှုပ်ခတ်ကာ သူမ ညည်းညူနေသံလေးက သနားစရာဖြစ်နေ၏။ နာရီကို လှမ်းကြည့်တော့ သုံးနာရီထိုးလုပြီ။

"အင်း ... အင်း ... ချမ်း ... ချမ်းလိုက်တာ ... အင်း ... အင်း"

ခြုံစောင်လေး ခြုံလွှမ်းပေးကာ အေးစက်နေသော သူမလက်ဖဝါးလေးတွေ နွေးထွေးလာသည်အထိ သူ ဆုပ်နယ်ပေးနေမိသည်။ ကယောင်ကတမ်း ညည်းညူသံလေးတွေ ပျောက်သွားကာ မျက်နှာလေး ပန်းရောင်သမ်းလာမှပဲ သူ ပင့်သက်မောလေး ချမိတော့သည်။

ခုတင်စွန်းလေးမှာထိုင်ကာ မိုးလင်းသည်အထိ သူမကို စောင့်ကြည့်ပေးရ၏။

ဆရာဝန်ကြီးရောက်လာတော့ စွဲမက်သျှင် အဖျားသွေးတော့ ကျနေခဲ့ပြီ။ ဆေးတစ်လုံးထိုးပေးရင်း ဆရာဝန်ကြီးက ရယ်ရယ်မောမောနှင့် စနောက်နေသေး၏။

"အဖျားကျအောင် မောင်ခန့်က ကြိုတင်ပြုစုထားတော့ စိုးရိမ်စရာမရှိတော့ပါဘူးကွ။ မပူနဲ့တော့ သမီးရေ ...ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းက စပါယ်ရှယ်နာ့စ်ထက်တောင် တော်ပါတယ်ကွ ... ဟား ဟား''

စွဲမက်မျက်နှာလေး ရဲသွားသလို သူလည်း ထူပူသွားခဲ့၏။ ညတုန်းက ရင်ခုန်လှုပ်ခတ်ခဲ့သော နှလုံးသားက အခုလည်း တုန်ယင်လှုပ်ခတ်ချင်နေတုန်း။

ထိုမနက်က ဆရာဝန်ကြီး ပြန်သွားပေမယ့် သူ ရုံးကို ဖုန်းဆက်ကာ ခွင့်တင်လိုက်ရသည်။ စွဲမက်ကို စိတ်မချနိုင်သေးတာမို့ သူ အိမ်မှာရှိမှဖြစ်မည်။

''စွဲမက် ... သက်သာနေပါပြီ ကိုကို၊ ကိုကို အလုပ်သွားချင်သွားပါ''

''ရတယ် ... ခွင့်ယူလိုက်ပြီ၊ မင်း ဆေးတော့သောက်ဦးနော်၊ မနေ့ညကလို အဖျားတွေတက်ရင်း ခက်မယ်''

''ဟုတ်ကဲ့ပါ ကိုကို၊ ညက တစ်ညလုံး ကိုကို အိပ်ပျက်မှာပဲနော်၊ စွဲမက် ခေါင်းတွေမူးလာပြီး ဘာမှကို မသိလိုက်တော့တာ''

''အေး ... မင်း တစ်ခုခုဖြစ်ရင် မေမေက ကိုယ့်ကိုပဲ ဆူပူမှာ၊ ကဲ ... ခဏအိပ်လိုက်ဦး၊ မင်းအတွက် ဦးဗိုလ်နီကို ကိုယ် တစ်ခုခုဝယ်ခိုင်းလိုက်မယ်''

''ကိုကို့အတွက်ရောဟင်၊ ကိုကိုစားသောက်ဖို့ စွဲမက် စီစဉ်ပေးပါ့မယ်၊ စွဲမက် သက်သာနေပါပြီ''

''မလိုဘူး၊ ကိုယ့်အတွက် ဘာမှမပူနဲ့၊ မင်းသာ နေ





ကောင်းအောင်နေ''

သူ့ စကားဖြတ်ပြီး လှည့်ထွက်ခဲ့သည်။ ဒီကောင်မလေး သံယောဇဉ်တွေ နှောင်ဖွဲ့ဖို့ ကြိုးစားနေတာလား။ ဒါကိုတော့ သူ လက်မခံနိုင်ပါ။ တကယ်ဆို ဒီကောင်မလေးကို လက်ထပ်ခဲ့ရတာ နှလုံးသားက ဆန္ဒကြောင့်မဟုတ်ခဲ့တာ နှစ်ဦးစလုံးအသိ။

ညတုန်းက ရင်ခုန်လှုပ်ခတ်ခဲ့ခြင်းက အချစ်ကြောင့် မဟုတ်သော အထိအတွေ့နှင့် ရှောင်လွှဲမရနိုင်သော အမြင်အာရုံကြောင့်ပဲဖြစ်မည်ထင်သည်။

စွဲမက်သျှင်ဆိုသော မိန်းကလေးသည် နှလုံးသားမှာ ဘယ်တုန်းကမှ မရှိခဲ့တာ သေချာပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ပြန်တွေးကြည့်မိတိုင်း စွဲမက်ရင်တွေ တလှပ်လှပ်ဖြစ်ကာ ထူပူရှက်ရွံ့သွားစမြဲဖြစ်သည်။ စွဲမက် အဲဒီညက အဖြစ်အပျက်တွေကို တကယ့်ကို မမှတ်မိတာ အမှန်။ မီးတွေပျက်တော့ ကြောက်စိတ်နှင့် ကိုကို့ရဲ့အခန်းရှေ့မှာ ငုတ်တုတ်လေး သွားထိုင်မိ၏။

ညနေကတည်းက ဖျားချင်ချင်ဖြစ်နေတာလည်း သိသည်။ ညနေစာအတွက် စီစဉ်ချက်ပြုပြီးတော့ လူက ချွေးတစ်စိုစိုမို့ မနေတတ်ဘဲ ရေချိုးလိုက်မိတာက ပိုလို့ဆိုးသွားခဲ့သည်။

စွဲမက် အဖျားကြီးပြီး သတိလစ်နေတာကို ကိုကိုတစ်ညလုံး ပြုစုခဲ့သည်တဲ့။ စွဲမက်ကို ကိုကို ရေဖတ်တိုက် အဝတ်အစားလဲပေးခဲ့တာတွေလည်း မသိခဲ့ပါ။ တစိမ့်စိမ့်ပြန်တွေးကြည့်တော့ စွဲမက် ထူပူရှက်ရွံ့ကာ ကြည်နူးကျေနပ်စိတ်လေးတွေလည်း ဖြစ်ရသည်။

ကိုကို့ဆီက ကြင်နာယုယမှုလေးတွေကို စွဲမက် ဒါ ပထ





မဆုံး ပိုင်ဆိုင်ခဲ့ဖူးတာလေ။

စွဲမက် ကြည်နူးစိတ်လေးတွေနှင့်တွေးပြီး ကြည်နူးနေတုန်းမှာ အခန်းတံခါးခေါက်သံကိုကြားသည်။ ကိုကိုပဲဖြစ်မည်ထင်သည်။

အခန်းတံခါးကို စွဲမက် အပြေးလေးဖွင့်ပေးလိုက်တော့ ထင်သည့်အတိုင်းပါပဲ။ ကိုကို အခန်းထဲကို မျက်လုံးဝေ့ကြည့်နေတာမို့ ...

"ကိုကို ... ဘာရှာတာလဲဟင်၊ ဘာယူမလို့လဲ"

"ဘာမှမရှာဘူး၊ မင်း ညဘက်ကျ ဘယ်မှာအိပ်တာလဲ စွဲမက်သျှင်"

"ဟို ... ဒရင်းဘက်ပေါ်မှာပါ ကိုကို၊ ဟို ... ကိုကို ပြန်အိပ်ရင် ခုတင်ပေါ်မှာအိပ်ပါ၊ စွဲမက် ဒရင်းဘက်နဲ့ အိပ်ပါ့မယ်"

"ငါ့အတွက် မင်း ဘာမှမပူနဲ့ စွဲမက်သျှင်၊ မင်းဘာသာ ခုတင်မှာပဲ အိပ်စမ်းပါ၊ ကြမ်းပြင်မှာအိပ်၊ ပြီးတော့ ဖျားနာတော့တာပေါ့"

ကိုကို မာန်မဲနေတော့ စွဲမက် စိတ်မဆိုးနိုင်ဘဲ ကျေနပ်နေမိသည်။ ဒါ ကိုကို စိုးရိမ်လို့ပြောတာပဲလေ။

"စွဲမက် ... ဟိုတစ်နေ့က မထင်မှတ်ဘဲ ဖြစ်သွားတာပါ ကိုကိုရဲ့၊ စွဲမက်က ဖျားနာခဲ့ပါတယ်"

"မင်းတော်တော် အပြောရ ကျပ်ပါလား စွဲမက်သျှင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါပြောနေတာ မင်း နားမလည်ပါလား၊ မင်းဖျားနာရင် ငါဒုက္ခရောက် အလုပ်ပျက်တယ်ကွ၊ ဘာလဲ မင်းက တမင်လုပ်ပြနေတာလား၊ ဒီတစ်ခါ ထပ်ဖြစ်ရင်တော့ ဆောရီးပဲ၊ မင်းဘာသာဖြစ်ချင်တာဖြစ် ငါ ဥပေက္ခာပြုထားလိုက်မှာ"

"ဟင်"

ကိုကို့ရဲ့စိမ်းပြတ်လွန်းသောစကားတွေကြောင့် စွဲမက်မျက်ရည်လေးတွေတောင် ချက်ချင်းဝဲလာသည်။ ကိုကို့မျက်ဝန်းတွေမှာ ကြင်နာရိပ်လေးတွေ လုံးဝရှိမနေပါ။

"အေး ... မင်းအကြောင်း ငါသိတယ်၊ မင်းမူရာမာယာများမယ် မစဉ်းစားနဲ့၊ ငါ တစ်ခါတည်း အပြတ်ပြောထားတာ၊ ဟိုတစ်နေ့က မင်းကို ငါ ပြုစုပေးခဲ့တာ စေတနာရှိလို့တော့ မထင်နဲ့၊ မင်းသေသွားရင် ငါ့တာဝန်ဖြစ်မှာစိုးလို့ကွ"

"ကိုကိုရယ်"

"ငါ့ကို မျက်ရည်တွေကျမပြနဲ့ စွဲမက်သျှင်၊ မင်းရဲ့မျက်ရည်တွေကို ငါ ဘယ်တော့မှ သနားတတ်မှာမဟုတ်ဘူး၊ ငါအစောကြီးက အပြတ်ပြောပြီးသား၊ မင်း ငါ့ကို ဒုက္ခမပေးနဲ့ ငါ့အတွက်လည်း မင်း ဘာဒုက္ခမှ မယူစေရဘူး၊ ဟုတ်ပြီလား"

စကားအဆုံးမှာ ကိုကို အခန်းရှေ့က ချာခနဲလှည့်ထွက်သွားခဲ့၏။ ကိုကို့ရဲ့စကားတွေက စွဲမက်နှလုံးသားကို တစ်စိမ့်စိမ့်နာကျင်အောင် ရည်ရွယ်နေခဲ့သည်လား။ ကိုကိုရယ် စွဲမက်ကိုကို့ကို မနာကြည်းရက်ပါဘူး။





စွဲမက်ရင်ထဲက နှလုံးသားက ကိုကို့ကို ချစ်တတ်ဖို့ပဲ ရှင်သန်နေတာပါ။ ဒါကို ကိုကို နားလည်စေချင်လိုက်တာ။

❊

ညက စွဲမက် ဝမ်းနည်းစိတ်တွေနှင့် တနှံ့နှံ့ ခံစားရင်း အိပ်မပျော်နိုင်ခဲ့ပါ။ ဒါပေမဲ့ မနက်စောစောထဲက ကိုကို့အတွက် ပြင်ဆင်စီစဉ်ပေးမိသည်။

ကိုကိုကြိုက်တတ်သော ကြက်ဥပေါင်မုန့်ကြော်နှင့် ကော်ဖီခရားကို အသင့်ပြင်ဆင်ပြီး ကော်ဖီဝိုင်းက စောင့်နေပေမယ့် ကိုကိုရောက်မလာဘဲ ကားသံကြားမှ ထွက်သွားပြီဟု စွဲမက် သိလိုက်ရသည်။

ဧည့်ခန်းဆီကို စွဲမက် ပြေးထွက်ခဲ့တော့ ကိုကို့ရဲ့ကားကို ရိပ်ခနဲပဲ မြင်တွေ့လိုက်ရတော့သည်။

စွဲမက် မျက်ရည်လေးတွေ ချက်ချင်းဝဲတက်လာတဲ့အထိ ဖြစ်ရ၏။ ကိုကို့ရဲ့ကြင်နာယုယမှုလေးတွေကို စွဲမက် ပိုင်ဆိုင်ရတော့မည် ထင်ထားခဲ့သမျှ အခုတော့ ကိုကို့အမုန်းတွေက ပိုလို့ ကြီးမားလာပါလား။

ကိုကိုရယ် ဘယ်တုန်းကမှ ကိုကို့အပေါ် စွဲမက် မာယာတွေနဲ့ မလှည့်စားခဲ့ပါဘူး။ ကိုကို့အနားမှာ နေခွင့်ရတာလေးတင်



www.burmeseclassic.com

www.burmeseclassic.com



ခုနဲ့ပဲ ကျေနပ်စွာ နေတတ်ခဲ့တာပါ။ ကိုကို ဘယ်လောက်ပဲ ခါးသီးပါစေ၊ မုန်းတီးပါစေ ...

ကိုကို့အလိုကျ စွဲမက်နေတတ်ပြခဲ့တာ ကိုကို တစ်ချက်လေးတောင် မမြင်ကြည့်ပေးတော့ဘူးလားဟင်။

ကိုကိုမရှိတော့တဲ့ အိမ်ကြီးမှာ ကျန်ရစ်ခဲ့ရတဲ့ စွဲမက်အတွက်တော့ ပျင်းစရာကောင်းတာ အမှန်ပါပဲ။

အရင်တုန်းကတော့ ကိုကိုမရှိပေမယ့် မေမေနှင့်ဒေါ်မိတို့ ရှိတာမို့ ပျင်းစရာမကောင်းပါ။ တစ်ခါတလေမှာ မေမေနှင့် မေမေ့ရဲ့စိန်တိုက်ကို စွဲမက် လိုက်သွားရတာလည်းရှိသည်။

မေမေကတော့ စွဲမက်အတွက် ချစ်စရာအကောင်းဆုံး မိခင်ရင်းတစ်ယောက်ကို အစားရခဲ့သလိုပါပဲ။

စွဲမက် ကိုကို ခါးသီးဆက်ဆံသမျှ ခံယူနေနိုင်တာ မေမေ့ကြောင့်လည်း ပါပါသည်။ မေမေက စွဲမက်ကို သမီးရင်းလို ချစ်သည်။ ထို့အတွက် စွဲမက်ကလည်း မိဘရင်းလို ချစ်ခဲ့၏။

မေမေနှင့်စွဲမက်ကြားမှာ ချစ်ခြင်းမေတ္တာတွေက ရောင်ပြန်ဟပ်တတ်တာမျိုး ထင်ပါရဲ့။ ဒါပေမဲ့ ကိုကိုကျတော့ ဘာကြောင့် စွဲမက်ကို ခါးသီးမုန်းနေခဲ့တာလဲ။

ခါတိုင်း ဒီအချိန်ဆို ကိုကို အိမ်ပြန်လာတတ်ပေမယ့် နောက်ကျနေတော့ စွဲမက် တမျှော်မျှော်ဖြစ်နေသည်။ ငါးနာရီထိုးလည်း ကိုကိုမရောက်တော့ စိတ်တွေပူလာကာ ကိုကို့ဆီ ဖုန်းဆက်မိသည်။





ဖုန်းက သုံးကြိမ်လောက် ခေါ်မှပဲ ဝင်သွားသည်။

"ပြော ... စွဲမက်သျှင် မင်း ဖုန်းဆက်တာ ဘာကိစ္စလဲ"

ကိုကို့လေသံက မာတင်းနေသည်။ စွဲမက် ဘာမှမပြောရသေးခင်မှာပဲ ဘုဆတ်ဆတ်မေးတာမို့ ...

"ဟို ... ဟို ... ကိုကို ပြန်မလာသေးလို့ ဆက်ကြည့်တာပါ"

"ဒီမှာ ငါ့သူငယ်ချင်းတွေနဲ့ ရှိနေတာ၊ မင်း ပူစရာမလိုဘူး၊ ငါ အပြန်နောက်ကျမယ်၊ ဦးဘိုနီကို ပြောထားပြီးပြီ၊ မင်း ညစ်ခန်းတံခါးဖွင့်ထားပြီး အိပ်တော့"

အမိန့်ပေးပြီး ကိုကို ဖုန်းကို ချက်ချင်းပိတ်သွားသည်။ ကိုကို ပြန်လာမည်ဆိုတာကြောင့်တော့ စွဲမက် စိုးရိမ်စိတ်လေး ပြေသွားခဲ့၏။

ဒါပေမဲ့ ကိုကိုပြန်လာတော့ ညကိုးနာရီတောင် ကျော်နေပြီ။ စွဲမက် ထပ်လည်း ဖုန်းမဆက်ရဲဘဲ တမျှော်မျှော်နှင့် ရှိနေသမျှ ကိုကို့ကားကိုမြင်မှ ပျော်ရွှင်သွားမိ၏။ ခြံထဲကို မောင်းဝင်လာသော ကားက နှစ်စီးတောင်ဖြစ်နေ၏။

ညည့်သည်တွေ ပါလာတာလားဟု စွဲမက် တံခါးလေး ဖွင့်ပြီး အကဲခတ်ကြည့်နေတုန်း တံခါးဖွင့်ပြီး ဆင်းလာသော ကိုကိုက ယိုင်ထိုးနေ၏။

"နေဦး ... ခန့် ... ငါတို့ တွဲပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရဒယ် ...နိုး ...မလိုဘူး အေ့"

"ဒီကောင်ကွာ ခက်နေပြီ၊ ကောင်းမြတ် တွဲပို့ပေးလိုက်ကွာ"

ကိုကို့ကို နှစ်ယောက်တွဲကာ ညှော်ခန်းထဲအထိ ပို့ပေးကြသည်။ စွဲမက် မသိပေမယ့် ညှော်ခံပွဲတုန်းက မြင်ဖူးသော ကိုကို့သူငယ်ချင်းတွေဟု မှတ်မိ၏။

"ဩော် ညီမ ...ခန့် နည်းနည်းများသွားလို့ ကိုယ်တို့ ကားမောင်းပြီး ပြန်ပို့ပေးတာ"

"ဟုတ် ...ဟုတ်ကဲ့ရှင့်"

"အန်တီတို့ ဘုရားဖူးသွားကြတယ်ဆို"

"ဟုတ်ကဲ့"

"တော်သေးတာပေါ့၊ နို့မို့ ပြန်မပို့ရဲဘူး၊ ကဲ ...အစ်ကိုတို့ သွားတော့မယ်၊ ခန့် ...အေးဆေးနော်"

"ရဒယ် ...နိုးပလော်ဘာလမ် ...အိုလေ ...ဘိုင့် ...အေ့"

စွဲမက်ကို နှုတ်ဆက်ကာ ကိုကို့သူငယ်ချင်းတွေ ပြန်သွားသည်။ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ကာ ခေါင်းကြီးငိုက်စိုက်ဖြစ်နေသော ကိုကို့အနား စွဲမက် စိုးရိမ်စိတ်လေးတွေနှင့် လျှောက်ခဲ့မိသည်။

"ကို ...ကိုကို ...စွဲမက် ဘာလုပ်ပေးရမလဲဟင်"

"အင်း ...ဘယ်သူလဲ ...ဘာလဲ ...အေ့"





ကိုကို ခေါင်းတောင်မထူနိုင်ဘဲ ဗလုံးဗထွေး ပြောနေသည်။ ကိုကို့ကိုကြည့်ကာ စွဲမက် သနားလည်း သနားသည်။ စိတ်လည်း ညစ်မိသည်။ ဘယ်တုန်းကမှ ကိုကို ဒီလို အရက်မူးလာတာ စွဲမက် မမြင်ဖူး၊ မကြုံဖူးပါ။

ကိုကို ဘာတွေဖြစ်လာတာလဲမသိ။ ဒီပုံစံနဲ့ ကိုကို့အခန်းထဲအထိ ကိုကို ဘယ်လိုမှ လျှောက်နိုင်မှာမဟုတ်။

"ကိုကို ...ဒီမှာ မအိပ်ပါနဲ့နော်၊ အခန်းထဲ သွားရအောင်နော်"

စွဲမက် ငိုသံလေးနှင့် ပြောရင်း ကိုကို့ကို တွဲထူဖို့ ကြိုးစားသည်။ ကိုကို့ခန္ဓာကိုယ်ကြီးကို စွဲမက် ထူမ,ရတာ တကယ်မလွယ်ပါ။ လူမှန်းမသိအောင် မူးနေသော ကိုကို့ကို အောက်ထပ်က ကိုကို့အိပ်ခန်းဆီသို့ပဲ တွဲထူပို့ပေးရ၏။

အခန်းဝရောက်တော့ စွဲမက် ချွေးလေးစို့ကာ မောဟိုက်နေသည်။ ခုတင်ပေါ်အထိ ကိုကို့ကို တွဲကာခေါ်ခဲ့၏။

"ရပြီ ကိုကို၊ လှဲ ...လှဲလိုက်"

စွဲမက်ပြောတော့ ကိုကို ခုတင်ပေါ် ဝုန်းခနဲ လှဲချသည်။ စွဲမက် ပခုံးပေါ်လေး ဆုပ်ကိုင်ထားသောလက်ကို မလွှတ်သေးတာမို့ စွဲမက်ပါ ကိုကို့ရင်ခွင်ကြီးထဲ ပြုလဲပါသွားခဲ့သည်။

"အိုး ...ကိုကို"

"ချစ်တယ် ...မင်းကို ကိုယ် ချစ်တယ်ကွာ"

ကိုကို့နှုတ်က ဗလုံးဗထွေးပြောနေတာ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိပါ။ စွဲမက်ကတော့ ကိုကို့ရင်ခွင်ကြီးထဲမှာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ခံထားရတာအမှန်။

"ကို ... ကိုကို"

"မငြင်းနဲ့ကွာ၊ ကိုယ် ... ချစ်တာ မင်း ... မင်းကို"

မွှတ်မွှတ်သိပ်သိပ်အနမ်းတွေက စွဲမက်မျက်နှာအနှံ့ ကျရောက်လာ၏။ ကိုကို့လက်တွေက စွဲမက်ကျောပြင်ကို သိုင်းဖက်ထားတာ မလွှတ်။ စွဲမက်ရင်ခုန်သံတွေ ရင်ဘတ်ထဲက ပေါက်ကွဲထွက်သွားမလားထင်ရ၏။

"မိုကောင်မလေးကို လက်ထပ်ခဲ့ရပေမယ့် ကိုယ်ချစ်တာ မင်းပါကွာ"

"ဟင်"

အနမ်းတွေ အားရအောင်ခြွေချပြီးမှ ကိုကို့နှုတ်က ဆိုလာသောစကားကြောင့် စွဲမက် ဆတ်ခနဲ တုန်သွားရသည်။ ကိုကို့စကားအဓိပ္ပာယ်တွေက စွဲမက်ကို ရည်ရွယ်တာ မဟုတ်ဘူးပေါ့။ ဒါဆို ကိုကိုဆိုလိုတာ စုထိပ်ထားကိုလား။

"ချစ်တယ်ကွာ ... အရမ်း ချစ်တယ်"

ယစ်မူးဖွယ် အနမ်းတို့က လည်တိုင်လေးတွေအထိ ကျူးကျော်လာ၏။ စွဲမက်မျက်ရည်တွေဝဲကာ ရုန်းထွက်ဖို့ ကြိုးစားပေမယ့် နိုင်မြဲသော ကိုကို့လက်တွေထဲက ရုန်းထွက်မသာခဲ့ဘဲ..

"ကို ... ကိုကိုရယ်"

ကိုကို့အနမ်းတွေနှင့် ယစ်မူးစရာအထိအတွေ့တွေထဲမှာ





စွဲမက် ကျေနပ်ကြည်နူးစရာကောင်းခဲ့တဲ့ မျက်ဝန်းမှာ မျက်ရည်တွေပဲ ရစ်ဝဲနေခဲ့သည်။

ရင်ခွင်ထဲမှာ တင်းတင်းပွေ့ဖက်ပြီး ကိုကို ယုယကြင်နာခဲ့သော မိန်းကလေးဟာ စွဲမက်ဆိုတာ ကိုကို တကယ်မသိခဲ့ဘူးလားဟင်။

စွဲမက်ကို မုန်းသည်ဆိုသော ကိုကို့ရင်ခွင်ထဲမှာ ရှိနေသူက စွဲမက်ပါပဲ ကိုကိုရယ်။

စွဲမက်ရင်ထဲက စကားတွေနှင့် မျက်ဝန်းအိမ်က မျက်ရည်တွေကိုတော့ ကိုကို မြင်နိုင်ကြားနိုင်မှာမဟုတ်တာ သေချာ၏။ စွဲမက် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရင်း ကိုကို အိပ်ပျော်နေခဲ့ပြီ။

ကိုကို ဆက်မက်နေသော အိပ်မက်ထဲမှာ ဘယ်သူရှိနေဦးမှာလဲ ကိုကိုရယ်။

❋

မနက်နိုးတော့ ခေါင်းတွေအုံခဲနေသည်။ အိပ်ရာပေါ်မှာ မျက်လုံးကြီးပွင့်ပြီး သူ ချက်ချင်းမထနိုင်သေးပါ။ မနေ့ညတုန်းက ဖြစ်ပျက်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်သည်။

ကောင်းမြတ်နှင့်အောင်ကို ဖုန်းဆက်တာ ပြန်ပြီးမှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ သူတို့ ရက်စတော့ရင့်တစ်ခုကို ရောက်ခဲ့ကြသည်။ မသောက်စဖူး ဘီယာတွေ သူသောက်ဖြစ်သည်။ ဒီကောင်တွေ သိချင်သော သူနှင့်ထိပ်ထားအကြောင်းတွေ ပြောရင်း မူးသွားခဲ့တာ သေချာ၏။

အိမ်ကို ဘယ်လိုပြန်ခဲ့သည်လည်း မသိပါ။ အခု သူ ရောက်နေတာကတော့ သူ့အိပ်ခန်းပဲဖြစ်၏။

လူးလဲထရပ်လိုက်တော့မှ သူ့ခန္ဓာကိုယ်မှာ ဝတ်ထားတာ ညဝတ်အင်္ကျီရှည်ကြီးဖြစ်နေမှန်း သိလိုက်သည်။ အဝတ်အစားတောင် လဲနိုင်သေးသည်ဆိုတော့ သိပ်မဆိုးသေးဘူးထင်၏။

တွန့်ကြေနေသော အိပ်ရာခင်းပေါ် လှမ်းကြည့်တော့ သူ့မျက်ခုံးတွေ ပင့်တက်သွားရ၏။ ဘုရားရေ ဒီဆံပင်စည်းကြိုးလေးက သူ့အိပ်ရာပေါ် ဘာလို့ရောက်နေခဲ့တာလဲ။

သူ အထိတ်တလန့် ကောက်ယူကြည့်မိရင်း စွဲမက်သျှင် မျက်နှာကို ပြေးမြင်မိ၏။ ဒီကောင်မလေး သူ့အခန်းထဲ ဝင်သည်လား၊ ရင်ထဲမှာ ထိတ်ခနဲ တုန်လှုပ်စိတ်တွေနှင့် သူ အခန်းထဲက ပြေးထွက်ခဲ့သည်။

ထင်သည့်အတိုင်းပါပဲ။ စွဲမက်သျှင် မီးဖိုထဲမှာ ပြင်ဆင်ချက်ပြုတ်နေ၏။ သူဝင်လာတာမြင်တော့ ဖျတ်ခနဲ လှည့်ကြည့်ရင်း မျက်လွှာချသွားပုံက အမှားတစ်ခု ကျူးလွန်ထားသူလို။

"ကိုကို ... လီမွန်တီ သောက်မလားဟင်"





မေးပုံက သူ ညက အရက်မူးလာတာကို သိနေပုံ။

"မသောက်ဘူး စွဲမက်သျှင်၊ မေးစရာရှိလို့ ဟောဒီမင်းရဲ့ခေါင်းစည်းကြိုးက ငါ့အိပ်ရာပေါ် ဘာလို့ရောက်နေတာလဲ"

သူ့လက်ထဲက ခေါင်းစည်းကြိုးအနီးလေးကို စွဲမက်ငေးငေးလေး စိုက်ကြည့်ရင်း ဘာမှပြန်မဖြေ။

"စွဲမက်သျှင် ... မင်းဖြေလေ၊ ငါ့အခန်းထဲကို မင်းဘယ်တုန်းက ဝင်ခဲ့တာလဲ"

"ညတုန်းက ကိုကို့ကို လိုက်တွဲပို့ခဲ့တာပါ ကိုကို"

"ဟင်"

သူ မျက်မှောင်ကြီးကုတ်ကာ တွန့်ခနဲဖြစ်သွား၏။ သူ့ကိုတောင် ဒီကောင်မလေး လိုက်ပို့ပေးရသည်တဲ့လား။ မျက်မှောင်ကြီးကုတ်ကာ အသေအချာပြန်စဉ်းစားကြည့်တော့ ညတုန်းက အဖြစ်တွေက မှတ်ဉာဏ်ထဲမှာ လုံးဝပျောက်ဆုံးနေ၏။

"ငါ ... ငါ့ကို ငါ့သူငယ်ချင်းတွေ လိုက်ပို့ပေးတာမဟုတ်ဘူးလားဟင်"

"ကိုကို့သူငယ်ချင်းတွေ ကားနဲ့မောင်းပြီး လိုက်ပို့ကြတာပါ၊ စွဲမက်က ညှော်ခန်းထဲက အိပ်ခန်းထဲ လိုက်တွဲပို့ပေးတာပါ ကိုကို"

သူ စွဲမက်သျှင်ကို စူးစူးနစ်နစ်လေး အကဲခတ်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး စွဲမက်သျှင်၊ ငါ ညက နည်းနည်းမူးသွားတယ်၊ မင်းလိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီမှာ မင်းကျန်ရစ်ခဲ့တဲ့ ခေါင်းစည်းကြိုး"

သူကမ်းပေးတော့ စွဲမက် လှမ်းယူသည်။ ပြီးတော့ ဘာမှမဆိုဘဲ မီးဖိုမှာ ချက်ပြုတ်နေသည်။ သူ ငူငူကြီးရပ်ကာနေမိဆဲ။ ရင်ထဲမှာ မတင်မကျဖြစ်နေတာကိုတော့ မေးချင်မိ၏။

"စွဲမက်"

"ပြောပါကိုကို"

"ငါ ... ညက ဟို ... အဲ ... မင်းကို ဘာတွေပြောမိသေးသလဲ၊ ဟိုဆိုလိုတာက ငါ မင်းကို ဒုက္ခပေးမိသလိုဖြစ်မှာစိုးလို့ပါ"

စွဲမက် သူ့ကို စူးစူးလေးစိုက်ကြည့်နေ၏။ ပြီးမှ ပြုံးကာ ခေါင်းလေးခါသည်။

"ကိုကို ဘာဒုက္ခမှ မပေးပါဘူး၊ ကိုကို သိပ်မူးနေလို့ စွဲမက် လိုက်ပို့ပေးရင်း ဒီခေါင်းစည်းကြိုးလေး ကျကျန်ခဲ့တာထင်တယ်"

အခုမှပဲ သူ့ရင်ထဲက စိုးရိမ်မှုကြီး လျော့ကျသွားရ၏။ အမူးရှိန်နှင့်ဆိုတော့ သူ သိပ်မမှတ်မိချင်ပါ။ ဒါပေမဲ့ စွဲမက်သျှင်နှုတ်က စကားတွေကြောင့် စိတ်ချမ်းသာသွားတာတော့အမှန်။

"အိုခေ ... ကျေးဇူးပဲ စွဲမက်သျှင်၊ ကိုယ်အလုပ်မသွားဖြစ်ဘူး။ မင်းအဖေအိမ် မင်းသွားလည်ချင်သွားလေ၊ ကိုယ်





အိမ်မှာရှိနေပေးမယ်"

"ရပါတယ် ကိုကို၊ စွဲမက် ဒီနေ့ အိမ်မှာလုပ်စရာလေးတွေ ရှိနေလို့ ဘယ်မှမသွားတော့ဘူး၊ ကိုကို့ဘာသာ လွတ်လွတ်လပ်လပ်နေပါ"

စွဲမက်သျှင် ငြင်းနေတော့လည်း သူ ဘာမှပြောမနေတော့ပါ။ သင်းကလေး ရှိနေတော့လည်း ခြံထဲဆင်း စာဖတ်နေတာ အကောင်းဆုံး။

မေမေတို့ပြန်မလာခင် ကာလလေးမှာတော့ သူ စိတ်ချမ်းသာစွာ နေချင်သေး၏။ လွတ်လပ်စွာ အိပ်စက်ခွင့်တွေက မေမေ ပြန်ရောက်လာသည်နှင့် ဆုံးရှုံးရဦးမှာ တွေးမိတိုင်း စိတ်က မောချင်ချင်။

အင်း ... မင်းလေးက ငါ့အတွက် ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရသလိုပါပဲလား စွဲမက်သျှင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

**မေမေ**နှင့် ဒေါ်လေးမိတို့ ပြန်ရောက်လာခြင်းက စွဲမက်အတွက် ဝမ်းသာကျေနပ်စရာဖြစ်ပေမယ့် ကိုကို့အတွက်ကတော့ စိတ်ညစ်ညူးစရာဖြစ်နေမည် ထင်ပါသည်။

"ဘယ်လိုလဲ သမီး၊ မေမေ့ကို လွမ်းနေသလား၊ မေမေကတော့ သမီးလေးကို သတိရနေတာကွဲ့"

"မေမေကလည်း ဘုရားဖူးခရီးသွားတာတောင် သံယောဇဉ်က မပြတ်နိုင်ဘူးဖြစ်နေတယ်"

မေမေက စွဲမက်ကိုပြောနေတော့ ကိုကိုက ရယ်မောသလို ဝင်ပြော၏။ မေမေက မျက်စောင်းလေးကို ကိုကို လှမ်းထိုးကြည့်ရင်း ...

"ဒီသား ဒီသမီးတွေကို ဘယ်သံယောဇဉ်ပြတ်နိုင်ဦးမှာလဲကွယ်၊ မေမေ သားကို ပြောဖူးသားပဲ၊ မေမေ မြေးလေးတွေချီချင်သေးတယ်လို့လေ"

မေမေ့စကားကြောင့် ကိုကို့မျက်နှာကြီး နီမြန်းသွားသလို





စွဲမက်လည်း ရှက်သွေးလွှမ်းသွားသည်။ မေမေက စွဲမက်မေးဖျားလေးကို ပင့်ကြည့်ရင်း ...

"ကြည့်စမ်း ... မေမေ့သမီးလေးတောင် နည်းနည်းပိန်သွားသလိုပဲ၊ သား မင်း သမီးလေး စိတ်ဆင်းရဲအောင် ဘာလုပ်သေးလဲ"

"ဟာ ... မေမေကလည်း သား မေမေ့သမီးကို နာကျင်အောင် လုပ်ဖူးသလားမေးကြည့်ပါ"

"ဟုတ်လား သမီး၊ သမီးကို သား စိတ်ဆင်းရဲအောင် လုပ်ရင် မေမေ လုံးဝလက်မခံဘူးနော်၊ မေမေ့ကို ပြန်တိုင်နော် သမီး"

စွဲမက် ဟန်ဆောင်အပြုံးလေးနှင့်ပဲ ခေါင်းလေးညိတ်ပြလိုက်ပါသည်။ စွဲမက်ကို ကိုကို နာကျင်အောင် မလုပ်ခဲ့ဘူးတဲ့လား။ ကိုယ်ထိလက်ရောက် ရိုက်နှက်တာ မဟုတ်ပါဘဲ ရင်ထဲကတဆစ်ဆစ်နာကျင်အောင် ကိုကိုပြုမူနေတာ စွဲမက် ဘယ်တော့မှ ဖွင့်မပြောပါဘူး ကိုကိုရယ်။

"ကဲ ... ကဲ ဒီနေ့ မေမေ့သမီးလေး လက်ရာနဲ့ ထမင်းစားရမှာဆိုတော့ ထမင်းမြိန်မှာ သေချာတယ်"

"ဟုတ်ပ့ါကွယ်၊ ဒေါ်မိလည်း သမီးလေးကို သတိရနေတာ၊ သမီးလေးက မောင်ခန့်နဲ့ ပျော်နေပြီး မေ့များနေသလား အဟင်း ... ဟင်း"

ဒေါ်မိကိုယ်တိုင်ကပါ စွဲမက်နှင့်ကိုကို့ကို ကြယ်စပ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်နေခဲ့သည်။ ကိုကိုကတော့ အားလုံးကို မသိကျိုးကျွံပြုကာ ညှော်ခန်းထဲက မသိမသာရှောင်တိမ်းသွားခဲ့သည်။

ဒေါ်မိ ခရီးဆောင်အိတ်တွေကို သိမ်းဆည်းသယ်ဆောင်သွားတော့ မေမေ စွဲမက်ကို ပြုံးပြုံးလေးကြည့်ရင်း ...

"သမီး ... သားနဲ့သမီးတို့ အဆင်ပြေကြတယ် မဟုတ်လား"

"ဟုတ် ... အဆင်ပြေပါတယ် မေမေ"

"မေမေက သမီးကို တမင်ခေါ်မသွားခဲ့တာကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သားနဲ့သမီးတို့ အရင်ကထက် နီးနီးစပ်စပ် ချစ်ချစ်ခင်ခင် ရှိစေချင်လို့ပဲ သမီး"

မေမေ့စကားတွေကို စွဲမက် ခေါင်းလေးညိတ်နားထောင်နေမိသည်။ မေမေ့မျက်ဝန်းတွေက စွဲမက်ကို အကဲခတ်ကြည့်နေရင်း တုံ့ပြန်မှုတစ်ခုခုလို မျှော်လင့်နေမှန်းလည်း စွဲမက်သိပါသည်။

ဒါပေမဲ့ စွဲမက် ငြိမ်သက်တိတ်ဆိတ်နေတော့ မေမေကပဲ မေးသည်။

"သမီး ... မေမေ ဖြစ်ချင်တဲ့ဆန္ဒတွေကို သမီးလေး သိတယ် မဟုတ်လားဟင်၊ သားနဲ့သမီးကို မေမေက ဒီထက် သံယောဇဉ်တွေနဲ့ ခိုင်မာစေချင်တယ် သမီး၊ သမီးတို့ကြားမှာ နှောင်တွယ်စရာ ရင်သွေးလေးတွေနဲ့ ဘဝမျိုး မေမေ မြင်ချင်ပြီ သမီး"

"အို ... မေမေကလဲ"





စွဲမက်မျက်နှာလေး ရဲရဲနီအောင် ရှက်ရွံ့ထူပူသွားတော့ မေမေက စွဲမက်နဖူးပြင်လေးပေါ်က ဆံနွယ်လေးတွေကို ယုယကြင်နာစွာသပ်တင်ပေးသည်။

"ဒါ ... ရှက်စရာမဟုတ်ပါဘူး သမီးရယ် ... အဟင်းဟင်း"

မေမေ့ရင်ခွင်ထဲ တိုးဝင်ရင်း စွဲမက်ရင်ထဲမှာ ကြည်နူးလှိုက်ဖိုနေခဲ့သည်။ မေမေသည် စွဲမက်အပေါ်မှာတော့ အကောင်းဆုံးသော မိခင်တစ်ဦးလိုပါပဲ။ မေမေ့ရဲ့ဆန္ဒတွေကို စွဲမက် ပြည့်ဝစေချင်ပါသည်။

မေမေတောင့်တသောဘဝလေးကို စွဲမက်လည်း မျှော်လင့်ခဲ့ရတာပါပဲ။ ကိုကိုကတော့ ...

စွဲမက် ပင့်သက်မောလေးနှင့်ပဲ ဖြေသိမ့်နေရသည့်အဖြစ်မှာ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

စွဲမက်အပေါ်မှာ ကိုကို့ရဲ့ဆက်ဆံမှုတွေက မပြောင်းလဲဘဲ ရှိခဲ့ပါသည်။ မေမေတို့ ပြန်ရောက်လာသည့်တိုင် ကိုကိုက ဒရင်းဘက်ပေါ်မှာပဲ ပြန်အိပ်သည်။ မေမေတို့ ရှေ့မှောက်မှာ စွဲမက်ကို အလိုက်အထိုက် ဟန်ဆောင်စကားပြောသည်။

စွဲမက်နှင့် နှစ်ယောက်တည်းဆုံလျှင်တော့ ကိုကို့ဆက်ဆံမှုတွေက စိမ်းကားခါးသက်နေမြဲဖြစ်သည်။

ဒါတွေကို ကြုံဆုံရတာ မဆန်းတော့ပေမယ့် စွဲမက်ရင်ထဲမှာတော့ ဝမ်းနည်းစိတ်တွေနဲ့ ခံစားနေခဲ့ရတာ ကိုကိုသိလျက် ဥပေက္ခာပြုထားသည်ဟုပဲ ထင်ပါသည်။

"သား ... အလုပ်နားရက်တွေမှာ သမီးလေးနဲ့ အပြင်လေး ဘာလေးထွက်လည်ပတ်ပါလားကွယ်"

"မေမေလည်း နားရက်လေးမှာ ဘယ်မှမသွားချင်လို့ပါ၊ စွဲမက်ကလည်း သားလိုပဲ အိမ်မှာပဲ နေချင်တာလေ ... နော် စွဲမက်"





ကိုကိုက အကြောင်းပြပြင်းဆိုတတ်ရုံမက စွဲမက်ကိုတောင် မျက်ရိပ်ပြပြင်းဆိုနိုင်းနေတော့ ...

"ဟုတ်တယ် မေမေရဲ့ စွဲမက်လည်း အပြင်မသွားချင်ပါဘူး၊ ကိုကိုနားတဲ့ရက် အိမ်မှာပဲ မိသားစု စုံစုံညီညီနဲ့ နေရတာ ပျော်စရာကောင်းတယ်"

"အင်း ... သမီးလေး အိမ်ထဲမှာပဲနေရတာ ပျင်းနေမလားလို့ပါကွယ်၊ မသွားချင်လည်း မသွားပါနဲ့၊ ဟုတ်လား"

မေမေကတော့ စွဲမက်ဆန္ဒကို အမြဲတမ်း ဦးစားပေးတတ်သူပဲဖြစ်သည်။ ကိုကိုသည် အမြဲတမ်း မေမေ့ရှေ့မှာတော့ ဟန်ဆောင်ကောင်းတတ်သလို စွဲမက်တို့အခြေအနေတွေကို မေမေ မသိအောင်လည်း နေတတ်သူဖြစ်၏။

"စွဲမက်သျှင် ... အခု မင်းနဲ့ငါ အပြင်သွားရအောင်၊ မင်းကို မင်းတို့အိမ် ကိုယ်လိုက်ပို့ပေးမယ်၊ ပြီးရင် ကိုယ်သွားစရာတစ်ခု ရှိနေတယ်၊ နေ့လယ်လောက် ပြန်လာခေါ်မယ်"

ကိုကို သွားစရာရှိတာမို့ စွဲမက်ကိုခေါ်နေတာ နားလည်သည်။ မေမေကတော့ ဘာမှမသိရှာဘဲ စွဲမက်တို့ကို ကျေနပ်ဝမ်းသာနေခဲ့သည်။

"မေမေ ... မနက်စာစားဖို့ သားတို့ကို မစောင့်နဲ့တော့နော်၊ သားသူငယ်ချင်းအိမ်မှာပဲ စားကြမှာ"

"အေး ... အေးပါကွယ်၊ သားတို့ လွတ်လွတ်လပ်လပ် သွားကြပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရှေ့မှောက်မှာ ကိုကို စွဲမက်လက်ကလေးကို ဖေ ဖေးမမ တွဲကာ ကြင်နာပြန်တော့ မေမေ ကျေနပ်ပြုံးတွေနှ ရှိသည်။ စွဲမက်မှာတော့ ရင်ထဲမှာ ဝမ်းနည်းစိတ်တွေနှင့် ခံစာ ကြေကွဲရသည်။

စွဲမက်ကို ဒယ်ဒီတို့အိမ်ပို့ခဲ့ကာ ကိုကို ဘယ်ကိုထွက်သွာ သည်လဲ။ စွဲမက် မသိသလို ကိုကို့ကိုလည်း မမေးရဲခဲ့ပါ။

စွဲမက်ဘဝကို သက်မဲ့အရုပ်တစ်ရုပ်လို ကိုကို သဘော ထားနေသလိုပါပဲ။ ကိုကို့ရဲ့အချစ်ကို စွဲမက် တစ်ချိန်မှာ ပိုင်ဆိုင် ခွင့်ရလိမ့်မည်ဟု မျှော်လင့်နေသမျှက ရူးသွပ်မိုက်မဲမှုကြီးတစ် လား။

ကိုကိုရယ် ... စွဲမက်ရင်ထဲကို တစ်ချက်လေး မြင်ကြည့် ပေးပါ။

✳

"ခန့်ရင်ထဲကို ထိပ်ထား မြင်နိုင်ပါတယ်ခန့်"

စာနာနားလည်နိုင်သော စကားတစ်ခွန်း ထိပ်ထားနှုတ် က ထွက်လာတော့ သူ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။ သူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ရှိနေသော ထိပ်ထားသည် ဟိုးအရင်ကလိုပဲ လှပနေဆဲဖြစ်သည်။





တကယ်ဆို ဆုံဖြစ်လိမ့်မည်ဟု ထင်မထားခဲ့ပါ။ မိတ်ဆွေ တစ်ယောက်ရဲ့ညှော်ခံပွဲတစ်ခုကိုလာရင်း သူနှင့်ထိပ်ထား ဆုံတော့ သူ နှုတ်တောင်မဆက်ရဲပါ။ ထိပ်ထားကပဲ စတင်နှုတ်ဆက်ကာ သူ့မစားပွဲမှာ ဝင်ထိုင်ဖို့ ဖိတ်ခေါ်ခဲ့တာဖြစ်သည်။

"ကိုယ်ကျေးဇူးတင်ပါတယ် ထိပ်ထား၊ ကိုယ့်ကို နား လည်ပေးတဲ့အတွက်ပါ"

ထိပ်ထား ယဲ့ယဲ့လေးပြုံးနေသည်။ အလုပ်ထဲမှာလည်း သူနှင့်ထိပ်ထား မဆုံဖြစ်တာကြာပြီ။ ထိပ်ထားရဲ့သတင်းတွေကို တော့ သူကြားနေခဲ့၏။ ကိုမြတ်မင်းမောင်နှင့်ထိပ်ထား အရင်လို တတွဲတွဲမရှိတော့တာလည်း ကြားထားသည်။

"တစ်ယောက်တည်း လာတာလား ထိပ်ထား"

"အင်းလေ ... တစ်ယောက်တည်းပဲပေါ့၊ ဘယ်သူပါ ရဦးမှာလဲ ခန့်ရဲ့၊ အဟင်း ... ခန့်ရဲ့မဟေသီလေး မပါဘူးလား ဟင်"

သူ မဲ့မဲ့လေးပြုံးရင်း ခေါင်းခါပြမိသည်။ ထိပ်ထား သူ့ကို ငေးငေးလေးစိုက်ကြည့်ရင်း ပင့်သက်လေးရှိုက်တာ သူ သတိ ထားမိ၏။

"တို့နဲ့ ကိုမြတ်မင်းမောင် ဘာမှမဖြစ်ခဲ့ပါဘူး၊ မိတ်ဆွေ အဆင့်ပဲ ရှိခဲ့တာပါ ခန့်ရယ်"

ထိပ်ထားစကားလေးတွေက သူ့ရင်ထဲထိ စူးစူးရှရှလေး တိုးဝင်စေသည်။ ရင်ထဲမှာ နောင်တတွေနှင့်အတူ ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



အသစ်တို့ ဖြစ်တည်စေ၏။

"အခုချိန်မှာ ထိပ်ထား မှားခဲ့တာအတွက် နောင်တရနေတယ် ခန့်"

"ထိပ်ထား ဘာကိုဆိုလိုတာလဲဟင်"

"မာနတစ်ခုနဲ့ မှားခဲ့တဲ့အမှားတစ်ခုကိုပါ"

"ဘယ် . . . ဘယ်လိုထိပ်ထား"

ထိပ်ထား ပင့်သက်လေးရှိုက်ကာ ခေါင်းလေးခါသည်။ သူ့ကို ကြည့်နေသော အကြည့်တွေကိုလည်း ရှောင်လွှဲပစ်ရင်း

"အားလုံး ပြီးနေပြီပဲ ခန့်ရယ်၊ ဘာမှ ထိပ်ထား အသစ်ပြန်မပြောချင်တော့ဘူး၊ ကဲ . . . ထိပ်ထားကို ခွင့်ပြုဦးနော်"

"ထိပ်ထား . . . ထိပ်ထား မပြောပေမယ့် ကိုယ် နားလည်ပါတယ်၊ ကိုယ်တို့မိတ်ဆွေတွေအဖြစ် ဆက်ခင်မင်ခွင့်ရှိလားဟင်"

"ခန့်ရယ် . . . ခန့်နဲ့တို့ သံယောဇဉ်တွေက အလွယ်တကူ ဖြတ်တောက်နိုင်တာမှမဟုတ်ဘဲ"

"ထိပ်ထားရယ် . . . ကိုယ်ဝမ်းသာလိုက်တာ၊ ကိုယ့်ခံစားချက်တွေ နောင်ကြုံမှ ပြောပြဦးမယ်"

ခေါင်းလေးညိတ်ပြုံးပြကာ ထိပ်ထား ထွက်သွားခဲ့သည်။ သင်းသင်းကလေး လွှင့်ပျံ့ကျန်ရစ်ခဲ့သောရေမွှေးနံ့လေးက ကျန်ရစ်ခဲ့သည်။

ကားလေးမောင်းထွက်သွားတော့ ထိပ်ထား အပြုံလေး





နှင့် လက်ပြနှုတ်ဆက်သွားခဲ့သေးသည်။ ထိပ်ထားနှုတ်က ဆိုခဲ့သော စကားသံလေးကတော့ သူ့ရင်ထဲမှာ ပဲ့တင်နေဆဲ။

မာနတစ်ခုနဲ့ မှားခဲ့တဲ့အမှားတဲ့။ ဒါ . . . မေမေနဲ့ထိပ်ထားကြားက ပြဿနာကို ထိပ်ထား နောင်တရနေခဲ့တာပါ။ ထိပ်ထားရယ် အဲဒီမာနလေးကိုသာ ဟိုးအရင်ကတည်းက လျှော့ခဲ့ရင် ဘယ်လောက်အဆင်ပြေမလဲ။

သွေးအေးခဲပြီဆိုပေမယ့် ထိပ်ထားနှင့် ပြန်ဆုံလိုက်ရခြင်းက သူ့ရင်မှာ အသစ်၊အသစ်သော ခံစားမှုတွေ ဖြစ်တည်ခဲ့တာတော့ အမှန်။

☀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ဘုရားပန်းလဲဖို့ ခြံထဲက ပန်းတွေခူးပြီး အိမ်ထဲဝင်ခဲ့စဉ်မှာပဲ လှူက ယိုင်ခနဲဖြစ်ကာ မူးဝေသွားရ၏။

"ဟင် ... သမီး ... ဘာ ... ဘာဖြစ်တာလဲ"

"မူး ... မူးလို့ မေမေ ... အော့ ... ဝေ့ါ"

စိုးရိမ်တကြီးမေးသံနှင့်အတူ အနားရောက်လာသော မေမေ ပေးမတွဲထားသည့်ကြားက ရင်ထဲမှာ လေတွေ ဝေ့ါခနဲ ပျို့အန်မိ၏။

"ကန် ... ကန်တော့ မေမေ"

"မလိုပါဘူးသမီးရဲ့၊ လာ ... လာ ... မေမေ့ကိုတွဲပြီး အခန်းထဲမှာ ခဏလှဲနေ"

အိပ်ခန်းထဲအထိ မေမေ စွဲမက်ကို တွဲပို့ပေးချိန်ထိ အမူးက မပြေသေးပါ။ အော့အန်ချင်စိတ်က ရင်ထဲမှာ အော်ဂလီဆန်နေဆဲ။ ဆရာဝန်ကြီးဆီ မေမေ ဖုန်းဆက်နေတာ စွဲမက်ကြားနေသည်။





"ခဏလေးလှဲနေ သမီး၊ အခုပဲ ဒေါက်တာ ဦးလှိုင်ဌေး ရောက်လာလိမ့်မယ်၊ ဒီရှူဆေးလေး ရှူထားနော်"

မေမေ့စကားကို ခေါင်းညိတ်ပြရင်း စွဲမက် ရှူးဆေးလေး ရှူနေမိသည်။ မေမေက စွဲမက်လက်ဖဝါးလေးကို ဆုပ်ကိုင်ပွတ်သပ်ရင်း ...

"မေမေထင်တာမလွဲရင်တော့ မေမေ မြေးလေးချီရမယ် ထင်တယ်"

"ရှင် ... ဘယ်လိုမေမေ"

စွဲမက် မျက်နက်ဝန်းလေးဝိုင်းကာ မေးမိသည်။ မေမေက ပြုံးနေရင်း စွဲမက်ကို ကြည်ကြည်နူးနူးလေး ကြည့်နေ၏။ ပြီးတော့ မေမေမေးတာတွေ စွဲမက် ရှက်မျက်နှာလေးနှင့် ဖြေရပြန်သည်။

"ရှက်မနေပါနဲ့ သမီးရဲ့၊ မေမေကတော့ ဝမ်းသာတယ်၊ မေမေ့သမီးလေးဝမ်းထဲမှာ မြေးလေးရှိနေပြီထင်တယ်၊ ဆရာဝန်ကြီး လာရင်တော့ အဖြေပေါ်မှာပဲ"

မေမေ ကျေနပ်ဝမ်းသာစွာဆိုနေတော့ စွဲမက်ရင်လေးတုန်ကာ မယုံမရဲဖြစ်နေမိဆဲ။

ဆရာဝန်ကြီးရောက်လာတော့ လိုအပ်သည့်စမ်းသပ်မှုတွေနှင့် စစ်ဆေးပေးသည်။ ပြီးတော့ ခေါင်းညိတ်ပြုံးရင်း ...

"သေချာတယ် မနှင်းရေ၊ ခင်ဗျားတော့ မြေးချီရတော့မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ဒေါက်တာရယ်၊ သမီးလေးရယ် မေမေ ဝမ်းသာလိုက်တာ"

မေမေ ဟန်မဆောင်နိုင်အောင် ပျော်ရွှင်နေသည်။ စွဲမက်ရင်ထဲမှာတော့ ဝမ်းနည်းဝမ်းသာ ခံစားနေရသည်။ တကယ်ဆို ကိုကို အမူးလွန်လာသောညက စွဲမက် ပိုင်ဆိုင်ခံယူခဲ့ရသော ကိုကို့ရဲ့ကြင်နာယုယမှုတွေက စွဲမက်ကို ရည်ရွယ်တာမဟုတ်ခဲ့ပါ။

ကိုကို့စိတ်က စုထိပ်ထားကိုပဲ တမ်းတနေခဲ့တာ သေချာ၏။ ဒါကို စွဲမက်အသိဆုံး။

"တကယ့်မင်္ဂလာသတင်းပဲ သမီးရယ်၊ သားလေးကို မေမေ ဖုန်းဆက်ပြောလိုက်ချင်တာ"

"ဟုတ်ပ့ါ၊ မောင်ခန့်သိရင် သိပ်ဝမ်းသာသွားမှာ"

မေမေနှင့်ဒေါ်မိတို့ ဝမ်းသာစွာပြောနေကြတော့ စွဲမက်မျက်ဝန်းလေး ပြူးသွားသည်။ ကိုကို မသိစေချင်ပါ။ ထိုညတုန်းက အဖြစ်ကို ကိုကို မမှတ်မိခဲ့တာ စွဲမက် သိထားသည်။

မေမေတို့ကို ရှင်းပြလို့လည်း မဖြစ်သည့်ကိစ္စ။

"ကို ... ကိုကို့ကို အသိမပေးကြပါနဲ့ဦး မေမေ"

"ဟင် ... ဘာလို့လဲ သမီးရဲ့၊ ဘာဖြစ်လို့လဲဟင်"

"ဟို ... ဟိုလေ ကိုကို အရမ်းဝမ်းသာသွားမှာ စွဲမက်သိပါတယ်၊ ဟိုလေ ... ကိုကိုရိပ်မိပြီး မေးလာမှ စွဲမက် ပြောပြလိုက်ရင် ကိုကို အရမ်းဝမ်းသာသွားတာ မြင်ချင်လို့ပါနော်"

စွဲမက် မေမေ ယုံကြည်အောင် ပြောပြနေမိသည်။





ဒီကိစ္စကြီးကို ကိုကို သိသွားခဲ့လျှင် ဘယ်လိုမှ လက်ခံမှာမဟုတ်။ ကိုကို့ကို ဖွင့်ပြောဖို့ စွဲမက် အချိန်ယူချင်သေး၏။

"ဩော် ... သမီးက သားကို ချက်ချင်း မပြောသေးဘဲ သိုဝှက်ထားချင်လို့လား၊ ကောင်းတယ် ... ကောင်းတယ်၊ တစ်ခါတလေ ဒီကောင်လေးကို ညှဉ်းဆဲထားမှ ... အဟင်း ဟင်း"

"စွဲမက်လေးကတော့ လုပ်ပြီကွယ်၊ ဘယ်လောက်ထိ ဖုံးထားနိုင်မှာမို့လဲ၊ အခုပဲ သုံးလထဲဝင်နေပြီ၊ နောက်တစ်လလောက်ဆို ဗိုက်ကလေးပူလာတော့မှာကို"

"ဩော် ... ဒေါ်မိကလည်း အဲဒီကျမှ သမီးလေးက အသိပေးတော့ သား အရမ်းဝမ်းသာသွားမှာပေါ့၊ မေမေတို့ ဘာမှမပြောဘူး သမီး ... ဟုတ်လား၊ ဒေါ်မိလည်း နှုတ်လုံပါစေနော်"

"အင်းပါ ... အင်းပါ၊ ကျွန်မ ဝမ်းသာတဲ့စိတ်ကို ကျိတ်မျိုချထားမယ် ... အဟင်း ... ဟင်း"

စွဲမက်ဆန္ဒကို မေမေ လက်ခံသဘောတူပေးတော့မှပဲ စွဲမက်ရင်ထဲက စိုးရိမ်စိတ်လေး လျော့ကျရ၏။

ကိုကို့ကို ဖွင့်ပြောအသိပေးဖို့အတွက် စွဲမက် ကြိုးစားရပါဦးမည်။ ကိုကို့အတွက် ချစ်စရာရင်သွေးလေး စွဲမက်ဆီမှာ ရှိနေတာသိရင် ကိုကို အံ့ဩသွားမှာတော့ သေချာသည်။

ဒီရင်သွေးလေးကြောင့် ကိုကို့အချစ်တွေ စွဲမက်ဆီ အရောင်လာဟပ်လာခဲ့ရင် စွဲမက်ပျော်မိမှာပါ ကိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



※

အခုတလော မေမေ အရင်ကထက် စွဲမက်ကို ဂရုစိုက်ပိုပြနေတာ သူ သတိထားမိသည်။ ဘာကြောင့်လည်း သူ စဉ်းစားလို့မရပါ။ မေမေ ဘယ်လိုပဲ ကြင်နာနေပါစေ သူကတော့ ပုံမှန်အတိုင်းနေသည်။

ရင်ထဲမှာ စွဲမက်သျှင်အပေါ် အရင်ကထက်တောင် မုန်းတီးမှုတွေ သူ ပိုမိုလာခဲ့တာအမှန်။ ဒါကလည်း သူ့အပေါ် နားလည်မှုတွေနှင့် စာနာပေးတတ်သော ထိပ်ထားကြောင့်ပဲ ဖြစ်သည်။

"ခန့်ရယ် ... ခန့်တို့အိမ်ထောင်ရေးကြီးက စိတ်ညစ်စရာကြီးပါလား"

သူနှင့်စွဲမက်အခြေအနေကို ပွင့်လင်းစွာပဲ ပြောပြတော့ ထိပ်ထား အံ့ဩစွာနှင့်ဆိုသည်။ ထိပ်ထား မသိသေးသော အခြေအနေတွေကို သူ အားလုံးရင်ဖွင့်ပြောပြခဲ့၏။

"သူ့ကို ကိုယ်ချစ်လို့ လက်ထပ်ခဲ့တာမဟုတ်ဘူး၊ မေမေကြောင့်လေ ထိပ်ထားရဲ့၊ မေမေရှေ့မှာပဲ ဟန်ဆောင်ဆက်ဆံတာ၊ ဒီနေ့အထိ သူနဲ့ကိုယ် မပတ်သက်ဘူး၊ ပြောရရင် အမည်ခံသက်သက်ပဲ"





"နေဦး ခန့်၊ အဲဒါကို ဒီကောင်မလေးက လက်ခံတယ်ဆိုတော့ စဉ်းစားစရာပဲ"

"ဘာကိုပြောချင်တာလဲ ထိပ်ထား"

"ခန့် စဉ်းစားကြည့်လေ မိန်းမတစ်ယောက်က ကိုယ့်ကိုခါးသီးနေတဲ့ ယောက်ျားတစ်ယောက်ကို အကြောင်းမဲ့ လက်မထပ်နိုင်ဘူးလေ၊ အပျိုစင်တစ်ယောက်ဆိုတဲ့ ဂုဏ်သိက္ခာကိုတောင် ပေးဆပ်အရယူခဲ့တာဆိုတော့ ခန့်မေမေရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောစိတ်ကြောင့်လား"

ထိပ်ထားမေးမှ သူ တွေဝေသွားခဲ့ရတာဖြစ်သည်။ တကယ်ဆို စွဲမက်သျှင်အပေါ်မှာ သူ ခါးသီးစွာပဲ ဆက်ဆံခဲ့တာဖြစ်သည်။ ဒီဒုက္ခတွေကို စွဲမက်သျှင် အခုချိန်ထိ ခံယူနေခဲ့ခြင်းက

"ထိပ်ထားပြောသလို ဖြစ်နိုင်တယ်၊ စွဲမက်သျှင် ဘာလို့ ကိုယ့်ရဲ့အမုန်းတွေကို ခံယူပြီး သည်းခံနေခဲ့တာလဲ"

"ရှင်းနေတာပဲ ခန့်ရယ်၊ ခန့်မေမေရဲ့စိန်တိုက်ကြီးကမက်မောစရာကိုး၊ မကျေနပ်လို့ ကွာရှင်းကြဦး ခန့်ဆီက ပိုင်ဆိုင်ခွင့်ကို အရယူသွားမှာပဲလေ"

သူ အံကိုကြိတ်ကာ ခံပြင်းမိသည်။ အခုမှပဲ ဒီကောင်မလေးရဲ့စိတ်ကို တဖြည်းဖြည်းသိမြင်လာသည်။ သင်းကလေး မက်မောနေတာ မေမေရဲ့ပိုင်ဆိုင်မှုတွေပဲဖြစ်မှာ အသေအချာ။

မေမေ့ကို အပိုင်ပေါင်းကာ သူ့ကို မရရအောင် လက်ထပ်ခဲ့တာ ဒီရည်ရွယ်ချက်ကလွဲလို့ ဘာမှမဖြစ်နိုင်။ သူ အခိုင်



www.burmeseclassic.com

www.burmeseclassic.com



ယူသမျှ ခေါင်းငုံ့ငြိမ်ခံနေခဲ့တာ မျှော်လင့်ချက်တစ်ခုကြောင့်ပဲပေါ့။

မင်းရဲ့ကောက်ကျစ်တဲ့စိတ်ကို ငါ မြင်လိုက်ပြီ စွဲမက်သျှင်။

စိတ်ချ။ မင်းလိုချင်တဲ့အရာတွေ မင်းယူသွားနိုင်တယ်။ ငါ့ဘဝကိုတော့ မင်း ဘယ်တော့မှ မရဘူး။ ဒါကို မင်း ယုံထားလိုက် စွဲမက်သျှင်။



## အခန်း (၃၄)

ဆင်ဝင်အောက်မှာ သူ့ကားလေးထိုးရပ်တော့ ညည့်ခန်းထဲမှာ ဘယ်သူမှ ရှိမနေပါ။ အရင်ကဆို စွဲမက်သျှင် စောင့်ကြိုကာ သူ့ဆီက အိတ်ကို စောင့်ယူကြိုဆိုတတ်စမြဲ။

"ဟော ... မောင်ခန့် ပြန်လာပြီလား"

"ဟုတ်ကဲ့ ဒေါ်မိ၊ မေမေတို့ စွဲမက်တို့ရော"

"မနှင်းက နေ့လယ်ကတည်းက စိန်တိုက်သွားတယ်၊ စွဲမက်လေးတော့ ခေါင်းမူးလို့တဲ့၊ အခန်းထဲမှာ အိပ်နေတယ်ထင်တယ် ... အဟင်း"

ဒေါ်မိ ရယ်စရာမဟုတ်ဘဲ ရယ်နေတော့ သူ မျက်မှောင်ကုတ်ကာ အပေါ်ထပ်အထိ တက်ခဲ့သည်။ အခန်းတံခါးက ခပ်ဟဟလေး ပွင့်နေသည်။ သူ တွန်းဖွင့်ဝင်လိုက်တော့ စွဲမက်သျှင် ဒရင်းဘက်လေးပေါ်မှာ အိပ်ပျော်လို့နေသည်။

အပြာနုရောင်ဂါဝန်ရှည်လေးနှင့် ဝင်းမွတ်နေသော မျက်နှာလေးက အပြစ်ကင်းစင်နေသလိုရှိပေမယ့် သင်းလေးရဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းကို သူ ထွင်းဖောက်မြင်သိနေသည်။

မာယာကြွယ်လွန်းတဲ့ ကောင်မလေးပါပဲ။ မေမေ့အကြိုက်တွေနဲ့ ဟန်ဆောင်ပြပြီး သူ့ဘဝထဲ ဖွတ်တိုးဝင်ခဲ့သည်။

အခုတော့ သူမလေးရဲ့စိတ်ရင်းမှန်တွေက တရိပ်ရိပ်ပေါ်လာနေတာ သူ သတိထားမိသည်။ အရင်လို မီးဖိုထဲဝင် ချက်ပြုတ်တာမျိုးတောင် မလုပ်တော့ဘဲ အငြိမ့်သားနေနေတာ ကြာပြီ။

"သမီးလေး ...အဲဒါဘာလုပ်တာလဲ၊ အဝတ်တွေ မလျှော်နဲ့၊ ငြိမ်ငြိမ်လေးနေစမ်းပါကွယ်"

"ဟို ...သမီး မနေတတ်လို့ပါ မေမေရဲ့"

"မနေတတ်ဘူး မလုပ်နဲ့၊ ဒီနေ့ကစပြီး သမီး အိမ်အလုပ်တွေ ပင်ပင်ပန်းပန်းမလုပ်နဲ့၊ မေမေ့စကား နားထောင်နော်"

အိမ်မှုကိစ္စတွေ ကျွမ်းကျင်မှ အိမ်ထောင်ရှင်မပီသသည်ဟုဆိုသော မေမေတောင် ဒီကောင်မလေးအပေါ် မစေရက်မနိုင်းရက်ဖြစ်သွားတာ အံ့သြစရာတော့ ကောင်းသည်။

ဘယ်လိုမူရာမာယာတွေနဲ့ မေမေတို့ကို လှည့်စားနေပြန်သည်မိ။ ဒေါ်မိကလည်း သင်းကလေး မီးဖိုထဲဝင်သည်နှင့် နှင်ထုတ်တတ်သည်။

အခုလည်းကြည့် ခေါင်းမူးသည်ဆိုကာ ဒရင်းဘက်ပေါ် အိပ်နေသည်။ ကြည့်ရင်း သူ့ရင်ထဲမှာ ရွံ့ရှာမုန်းတီးစိတ်က တိုးလာသည်။





"ဘုန်း"

လက်ထဲက သားရေအိတ်ကို သူ စားပွဲပေါ် ဝုန်းခနဲ ပစ်တင်တော့ စွဲမက်သျှင် လန့်နိုးသွား၏။

"ဟင် ...ကိုကို ပြန်လာပြီလား၊ စွဲမက် မေးခနဲ အိပ်ပျော်သွားလို့"

"စွဲမက်သျှင် မင်းရဲ့မာယာတွေကိုတော့ ငါ လေးစားတယ်၊ ကဲ ...ပြောစမ်းကွာ မင်း ဘယ်အချိန်ထိ ဟန်ဆောင်ထားမှာလဲ၊ မင်းလိုချင်တာ ဘာလဲ"

သူ မမျိုသိပ်နိုင်ဘဲ ပေါက်ကွဲစွာဆိုမိတော့ စွဲမက်သျှင် မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ ကြည့်နေသည်။

"မင်း ...ငါ့ကို ဟန်ဆောင်မပြနဲ့တော့၊ မင်းလိုချင်တာ မေမေ့ရဲ့ပိုင်ဆိုင်ကြွယ်ဝမှုတွေလား ...ပြော"

"မ ...မဟုတ်ဘူး ကိုကို၊ စွဲမက် ...စွဲမက်"

"တော်စမ်းကွာ၊ မင်းကို ငါ ကွာရှင်းမယ်၊ မင်းလိုချင်တဲ့ပစ္စည်းဥစ္စာ ယူသွား၊ ငါ့ဘဝကြီးနဲ့ ငါလဲယူမယ်"

"ကို ...ကိုကို ဘာတွေပြောနေတာလဲ၊ စွဲမက် အဲဒါတွေ ဘာမှမမက်မောပါဘူး၊ ကိုကို့ကို စွဲမက် ချစ်ခဲ့တာပါ၊ မေမေ့ကိုလည်း စွဲမက် အမေရင်းလို ချစ်ခဲ့တာပါ ကိုကိုရယ်"

မျက်ရည်တွေ အချက်ချင်းဝဲလာကာ ရှိုက်သံတွေနှင့် စွဲမက်သျှင် ဖြေရှင်းနေတာကြည့်ရင်း သူ ပိုလို့ရွံ့ရှာစက်ဆုပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



“အားလုံးဟာ မင်းရဲ့ လှည့်စားမှုတွေပဲ စွဲမက်သျှင်၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာ ငါ သိနေပြီ၊ ဒီတော့ မင်းကို ငါ တရားဝင်ကွာရှင်းမယ်၊ မင်းရသင့်တဲ့ ဝေစုရရင် မင်း ကျေနပ်ပေါ့ ဟုတ်လား”

“ဟင့်အင်း … ကိုကို အထင်လွဲနေပြီ၊ မှားနေပြီ ကိုကို”

“မင်း ငါ့ကိုမထိနဲ့ … သွား”

သူ့လက်ကို လှမ်းရှယ်လာသော စွဲမက်သျှင်ကို သူ ဆောင့်တွန်းပစ်လိုက်တော့ သူမမျက်နှာလေး ရှုံ့မဲ့သွားကာ ကြမ်းပြင်ပေါ် ပုံပုံလေး လဲကျသွား၏။

“မင်းကို ငါ ရွံတယ်၊ သိပ်မုန်းတယ် စွဲမက်သျှင်၊ ငါ မင်းကို ဘာကြောင့် လက်ထပ်ခဲ့တယ်ဆိုတာ”

“သား … မင်း … မင်း … သမီးလေးကို ဘာလုပ်တာလဲ”

အော်သံနှင့်အတူ တံခါးဝမှာ မျက်လုံးကြီးပြူးကာ ရပ်ကြည့်နေသော မေမေ ရောက်လာတာတောင် သူ မမြင်လိုက်ပါ။ စွဲမက်သျှင် ဝမ်းနည်းစွာ ရှိုက်ငိုနေဆဲ …

“သ … သမီးလေး … သမီး”

မေမေ့ခြေလှမ်းတွေ စွဲမက်သျှင်ဆီမရောက်ခင်မှာပဲ ဒူးညွှတ်ခွေကျပြိုလဲသွားခဲ့၏။

“ဟင် … မေ … မေမေ”





“မေမေ”

သူ ထိတ်လန့်ဟစ်အော်ကာ မေမေ့ကို ပွေ့ထူမိသည်။ စွဲမက်သျှင် မျက်ရည်စတွေနှင့် အနားရောက်လာကာ မေမေ့ကို လှမ်းပွေ့ဖို့ ကြိုးစားတော့ …

“မကိုင်နဲ့ ငါ့မေမေကို မင်း လုံးဝမထိနဲ့၊ မိန်းမလည်တောက်”

“ကို … ကိုကို”

သူမခေါ်သံကို ဥပေက္ခာပြုလျက် မေမေ့ကို သူ ပွေ့ချီခေါ်ခဲ့သည်။ လွန်ခဲ့သည့်တစ်ပတ်ကပဲ မိသားစုဆရာဝန်ကြီး ဦးလှိုင်ဌေး အင်္ဂလန်ကို ပညာတော်သင်ထွက်သွားတာမို့ မေမေ့ကို သူ အနီးဆုံးဆေးခန်းသို့ ခေါ်ခဲ့သည်။

“မေ … မေမေ … ကိုကို နေပါဦး၊ စွဲမက်ပါ လိုက်ခဲ့ပါရစေ”

“မောင်ခန့် … မောင်ခန့်”

ခေါ်သံအားလုံးကို သူ ဂရုမစိုက်ဘဲ ကားကိုမောင်းထွက်ခဲ့သည်။ ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်များကြွက တရိပ်ရိပ်တိုးနေသည်။

မေမေသာ တစ်ခုခုဖြစ်သွားခဲ့လျှင် …

စွဲမက်သျှင် မင်းကို ငါဘဝဆက်တိုင်း မုန်းတီးနာကြည်းမိမှာ သေချာတယ်။

※



www.burmeseclassic.com

www.burmeseclassic.com



အံတွေတင်းတင်းကျိတ်ထားမိတာ သွားတွေတောင် နာ ကျင်လာတဲ့အထိ။ ခုတင်လေးပေါ်မှာ ငြိမ်သက်နေသော မေမေ့ မျက်နှာလေးက အိပ်ပျော်နေသည့်အတိုင်းပါပဲ။

မေမေ သူ့ကို တကယ်ပဲ ထားရစ်ခဲ့ပြီတဲ့လား။ ဟင့် အင်း ... သူ မယုံချင်ပါ။ ဒါပေမဲ့ ...

"စိတ်မကောင်းပါဘူးဗျာ၊ ဒီကိုရောက်မလာခင်ကတည်း က သူ ဆုံးသွားတာပါ၊ နှလုံးရောဂါအခံကြောင့် ရှော့ခ်ဖြစ်သွား တာလေ"

မေမေဆုံးပြီဆိုတာ သူလက်မခံချင်ပေမယ့် တတ်ကျွမ်း နားလည်သော ဆရာဝန်ကြီးတွေကတော့ သူ့ကို ဝိုင်းဝန်းနှစ်သိမ့် ပေးနေကြသည်။

မျက်ရည်စတွေနှင့် မေမေ့လက်ဖဝါးလေးကို ဆုပ်ကိုင် ထားရင်း သူ ရှိုက်ငိုနေမိတာ အကြာကြီးပါပဲ။ သူသိပ်ချစ်သော မေမေ သူ့ကို နာကြည်းမုန်းတီးသွားခဲ့သည်လား။

မေမေ့ရဲ့ဒေါသမျက်ဝန်းတွေနှင့် သူ့ကို ဟစ်အော်ခဲ့တာ ပြန်မြင်ယောင်မိတိုင်း ရင်ထဲမှာ ပူလောင်ခံစားရ၏။ စွဲမက်သျှင် ... ဒီမိန်းမကြောင့် မေမေ သူ့ကို အထင်လွဲသွားခဲ့တာ။

တင်းတင်းဆုပ်ထားမိသော လက်သီးတွေထဲမှာ စွဲမက် သျှင်ကို မုန်းတီးသော အမုန်းတရားတွေက ပိုလို့ကြီးမားခိုင်မြဲ





သွားခဲ့တာ အသေအချာ။

*

"ဒေါ်မိတို့ဆေးရုံလိုက်ပို့ခဲ့ဖို့ ပြင်ဆင်နေတုန်းမှာ သမီး လေးအိမ်က ဖုန်းဝင်လာတယ်၊ စွဲမက်လေးအဖေ မူးလဲလို့တဲ့၊ အဲဒါ စွဲမက်လေး ချက်ချင်းလိုက်သွားရတယ် သားရယ်"

"တော်တော့ ဒေါ်မိ၊ ဒီမိန်းမအကြောင်း ဘာမှမပြော နဲ့တော့၊ ကျွန်တော် လုံးဝမကြားချင်တော့ဘူး"

"မဟုတ်သေးဘူးလေ သား၊ သမီးလေးခမျာ"

"ဒေါ်မိ"

သူ ဟစ်အော်လိုက်တော့ ဒေါ်မိ တုန်းခနဲဖြစ်ကာ စကား သံ တိခနဲရပ်သွား၏။ ရင်ထဲက အမုန်းတရားတွေ မီးတဟုန်း ဟုန်းတောက်လောင်နေတာ ဒေါ်မိ မသိပါ။

"စွဲမက်သျှင် ဒီကို လုံးဝပြန်မလာစေနဲ့တော့၊ အခုချိန် မှာ သူနဲ့ဆုံရင်တောင် ကျွန်တော် အသေသတ်မိမှာ သေချာ တယ်၊ မေမေ သေခဲ့ရတာ သူ့ကြောင့်၊ ဒီမိန်းမယုတ်ကြောင့်ဗျ ... တောက်"

ဒေါ်မိ ဘာမှမပြောပေမယ့် သူ့ကိုစိုက်ကြည့်နေသော မျက်ဝန်းတွေမှာတော့ လက်မခံနိုင်သောအရိပ်တွေ ထင်ဟပ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ အခုချိန်မှာ ဒေါ်မိ နားလည်အောင်လည်း သူရှင်းမပြလိုတော့ပါ။

မေမေ့ကို ဆုံးရှုံးလိုက်ရပြီဆိုသော ခံစားချက်ကြီးကရင်ကို ပူလောင်နေတာ ဒေါ်မိ နားလည်နိုင်လိမ့်မည်။

ဆိုဖာထိုင်ခုံမှာ သူ ထိုင်ချရင်း လက်သီးတွေဆုပ်ထားလျက်က မျက်ရည်တွေ စီးကျလာ၏။

"တွီ ... တွီ ... တွီ"

ညှို့ခန်းစားပွဲလေးပေါ်က ဖုန်းမြည်လာတော့ သူ ခေါင်းမော့ကြည့်မိသည်။ ဒေါ်မိလည်း မျက်ရည်တွေနှင့် ငူငူကြီးရှိနေဆဲမို့ သူပဲ သွားကိုင်လိုက်ရ၏။

"ဖေါ် ... ဒေါ်လေးမိ ... ဒယ် ... ဒယ်ဒီ ဆုံးပြီ၊ ဆုံးပြီ ဒေါ်လေးမိရဲ့ ... အဟင့် ဟင့်"

ရှိုက်ငိုသံတွေနှင့် စွဲမက်သျှင်အသံကို သူကြားတော့ အံကြိတ်ထားမိ၏။ ဦးမြတ်သျှင် ဆုံးပြီတဲ့လား။ ဒါ ... ထိုက်တန်တဲ့ ဝဋ်ကြွေးကို မင်း ခံရတာပဲ စွဲမက်သျှင်။ ငါ့မေမေကို ဆုံးရှုံးရသလို မင်းအဖေ့ကိုလည်း မင်း ဆုံးရှုံးရတာ မဆန်းပါဘူး။

"ဒေါ်လေးမိ ... မေ ... မေမေရောဟင်၊ မေမေ သက်သာရဲ့လား၊ ကိုကိုရော ပြန်လာပြီလား"

"စွဲမက်သျှင်"

"ဟင် ... ကို ... ကိုကို"

"မင်းအဖေဆုံးသလို ငါ့မေမေလည်း ဆုံးသွားပြီ"





"ဟင် ... မေမေ ဆုံးပြီ ... အဟင့် ဟင့် ဟင့်"

"တော်ပါတော့ စွဲမက်သျှင်၊ မင်းရဲ့မျက်ရည်တွေနဲ့ ငါ့အမေကို တမလွန်အထိ ဟန်ဆောင်ပြမနေနဲ့တော့၊ ဒီမှာ မင်းငါ့အိမ်ရိပ်ကို ပြန်နင်းစရာအကြောင်းမရှိတော့ဘူး၊ ကွာရှင်းစာချုပ်မင်းဆီ ငါပို့လိုက်မယ်၊ မင်း သိပ်လိုချင်နေတဲ့ ငွေကြေးဥစ္စာတွေအတွက်တော့ ရှေ့နေတွေနဲ့ စီစဉ်ပြီး ငါလွှဲပေးမယ်၊ မင်းမျက်နှာကို ငါလုံးဝမမြင်ချင်အောင် နာကြည်းတယ် စွဲမက်သျှင်"

စကားအဆုံးမှာ သူ ဖုန်းကို ပြန်ချပစ်လိုက်၏။ ဒေါ်မိကို လှမ်းကြည့်တော့ သူ့ကို တစ်စုံတစ်ခုပြောဖို့ ကြိုးစားနေ၏။

"ဘာမှမပြောနဲ့တော့ ဒေါ်မိ၊ အမှန်တရားတွေကို ဒေါ်မိ မသိပါဘူး၊ စွဲမက်သျှင်နဲ့ပတ်သက်တာတွေ ဘာမှ ကျွန်တော် မမြင်မကြားချင်ဘူး၊ ရှင်းစရာကိစ္စတွေကို နားလည်တဲ့ရှေ့နေကြီးတွေနဲ့ ရှင်းမယ်"

စကားအဆုံးမှာ သူ အပေါ်ထပ်လှေကားထစ်တွေအတိုင်း တိတ်ဆိတ်စွာ လှမ်းတက်ခဲ့သည်။

အခန်းရှေ့ရောက်တော့ သူ အံကြိတ်ပြီး ရပ်နေမိတာ အတော်ကြာသည်။ ပြီးမှ ခပ်ဟဟပွင့်နေသော တံခါးကို ဝုန်းခနဲ ဆွဲပိတ်ပစ်လိုက်သည်။

လုံးဝမမြင်ချင်တော့ပါ။ ဒီမိန်းမယုတ်ရဲ့အရိပ်တွေရှိခဲ့ဖူးတဲ့ အခန်းကို ထာဝရသော့ခတ်ထားပစ်လိုက်တာ အကောင်းဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမကြေနိုင်တဲ့ အမုန်းတွေကို မင်း ငါ့ရင်ထဲ ထည့်ပေးခဲ့တာပဲ စွဲမက်သျှင်။

မင်းကိုမုန်းတဲ့ အမုန်းတွေကို ငါ နောင်ဘဝအထိ ရင်ထဲမှာ ထည့်ယူသွားပြမယ်။ နောင်ဘဝ ... ဘဝ အဆက်ဆက်တိုင်းအထိ။

☼



# နောင် (၅) နှစ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"မေမေ ... သမီး အိပ်တော့မယ်"

တနင်္လာနေ့ ကျောင်းပြန်ဖွင့်လျှင် သင်ကြားရမည့် သင်ခန်းစာတွေကို စွဲမက် မှတ်စုလေးထုတ်ရေးနေတုန်း သမီးလေး ရောက်လာကာ ပြော၏။

စားပွဲစွန်းလေးကိုင်ကာ ဆွဲမက်ကို မော့ကြည့်နေသော သမီးလေး မျက်ဝန်းလေးတွေမြင်တော့ ကိုကို့ကို သတိရမိပြ။ သမီးလေးရဲ့မျက်ဝန်းတွေက ကိုကို့မျက်ဝန်းတွေအတိုင်းပါပဲ။

နှာတံလေးချွန်သွယ်ပြီး စင်းနေတာတစ်ခုပဲ စွဲမက်နှင့်တူကာ နှုတ်ခမ်းပြည့်ပြည့်လေးတွေက ကိုကိုနှင့် တစ်ထေရာတည်း ဆင်တူသည့် သမီးလေး စွဲမက်ခန့်။

"မေမေ ... သမီး အိပ်တော့မယ်လေ၊ မေမေ အလုပ်တွေ မပြီးသေးဘူးလားဟင်"

သမီးလေးမျက်နှာလေးကိုငေးရင်း အတွေးတွေလွန်သွားတော့ သမီး စွဲမက်လက်ကိုပုတ်ကာ ထပ်မေးတော့ စွဲမက်ပြုံး





ပြီး ခေါင်းလေးညိတ်ပြရင်း ...

"ပြီးပါပြီ သမီးရဲ့ ကဲလာ ... အိပ်ရာဝင်ကြရအောင်"

အခန်းထဲက ခုတင်လေးဆီ သမီးလေးကို ခေါ်ခဲ့ကာ ခုတင်ပေါ်မှာ နှစ်ဦးသား ကျုံ့ကျုံ့လေးယှဉ်ထိုင်လိုက်မိ၏။ လက်ကလေးနှစ်ဖက်ယှဉ်ကာ ဖခင်ဖြစ်သူကို ရှိခိုးဖို့ ပြင်ဆင်နေသော သမီးလေးမျက်ဝန်းတွေက ခုတင်ခေါင်းရင်း နံရံလေးမှာ ချိတ်ထားသော ကိုကို့ဓာတ်ပုံလေးကို ငေးကြည့်နေ၏။

"မေမေ ... ဖေဖေက အရမ်းချောတာပဲနော်"

သမီးလေးပြောတော့ စွဲမက် ခေါင်းလေးညိတ်ပြမိ၏။

"မေမေ့ကို ဖေဖေက သိပ်ချစ်သလားဟင်"

ဒီစကားကို သမီးမေးလာတိုင်း မျက်ရည်တွေဝဲကာ စွဲမက် ရင်ထဲမှာ နာကျင်ရသည်။ ဒါပေမဲ့ ငါးနှစ်ဆိုသောကာလကြီးမှာ စွဲမက် ဝေဒနာတို့ ရင့်ကျက်တည်ငြိမ်စပြုခဲ့ပြီ။

"အင်း ... သိပ်ချစ်တာပေါ့ သမီးရဲ့"

"သမီးကိုလည်း ဖေဖေက ချစ်မှာပေါ့နော် မေမေ"

"အင်း ... ချစ်တာပေါ့ သမီးရယ်၊ သိပ်ချစ်တာပေါ့"

စွဲမက်ပြောတော့ သမီးလေး ကျေနပ်စွာ ပြုံးသွားပုံက ကိုကို့အတိုင်းပါပဲ။ စွဲမက်အပေါ်မှာ ကိုကို့အပြုံး ရှားပါးခဲ့ပေမယ့် သမီးလေးကတော့ အမြဲတမ်း အပြုံးလေးတွေနှင့် စွဲမက်ကို အေးချမ်းမှုတွေ ပေးတတ်စမြဲ။

"ကဲ ... ဖေဖေ့ကို ကန်တော့လိုက်နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ခေါင်းညိတ်ကာ မျက်ဝန်းလေးတွေက ကိုကို့ဓာတ်ပုံကို စိုက်ကြည့်ကာ ကန်တော့ရာ၏။

"ဖေဖေ့ကို သမီး ကန်တော့ရှိခိုးပါတယ် ဖေဖေ"

သမီးလေးနှင့်အတူ စွဲမက်ပါ ကိုကို့ကို ရှိခိုးကန်တော့မိသည်။ စွဲမက်ကို မုန်းသောအမုန်းတွေ ကြေပါစေလို့ ဆုမတောင်းဖြစ်ပေမယ့် ကိုကို ကျန်းမာချမ်းသာစေဖို့တော့ ဆုတောင်းမိစမြဲပါ။

"ကဲ သမီးလေး ... အိပ်တော့နော်"

သမီးလေးကို လှဲသိပ်ရင်း စွဲမက်လည်း နံဘေးမှာ ဝင်လှဲအိပ်ပေးလိုက်၏။ ထုံးစံအတိုင်း အိပ်မပျော်ခင် သမီးလေး မေးခွန်းတွေ မေးတော့၏။

"မေမေ ... ဖေဖေက လေယာဉ်မှူးကြီးနော်"

"အင်းပေါ့ သမီးရဲ့"

"ဖေဖေမောင်းတဲ့လေယာဉ်ကြီး သမီးစီးချင်လိုက်တာ မေမေရယ်"

သမီးလေးပြောတော့ စွဲမက် စိတ်မကောင်းပါ။ လောကကြီးထဲမှာမရှိတော့ဟုပြောထားသော ကိုကို့ကို သမီးလေး တမ်းတတိုင်း စွဲမက် ဝမ်းနည်းရသည်။ သမီးလေးကသာ ကိုကို့ကို တမ်းတနေခဲ့တာ။

ကိုကိုက လောကကြီးထဲမှာ သမီးလေးရှိနေတာ သိမည်မထင်ပါ။ သိခဲ့ရင်လည်း သမီးလို့ ကိုကို ယုံကြည်လက်ခံမှာ





မဟုတ်။

အတိတ်ကို ပြန်တွေးတိုင်း စွဲမက်ရင်မှာ ပူလောင်ခံစားရသော ကြေကွဲဝမ်းနည်းမှုတွေက အများကြီး။

ဒယ်ဒီ့ကိုလည်း ဆုံးရှုံးခဲ့ရသည်။ မေမေ့ကိုလည်း ဆုံးရှုံးခဲ့ရ၏။ ကိုကို့ရဲ့ကြီးမားသော အမုန်းတွေကိုပါ စွဲမက် ခံယူခဲ့ရသည်။

ဒယ်ဒီ မူးလဲကာ ဦးနှောက်သွေးကြောပြတ် တိမ်းပါးချိန်မှာ စွဲမက်အနားမှာ ရှိပေမယ့် မေမေ့ရဲ့နောက်ဆုံးနေ့ကို စွဲမက်အနားမှာ ရှိခွင့်မရခဲ့ပါ။ ကွာရှင်းစာချုပ်ကြီးသာ စွဲမက်လက်ထဲရောက်လာခဲ့၏။

ကိုကိုလက်မှတ်ထိုးထားသောစာချုပ်ကို စွဲမက် ကိုကို့ရဲ့ဓာတ်ပုံလေးနှင့် မှတ်မှတ်ရရ သိမ်းထားဖြစ်သည်။

စွဲမက်အတွက် ကိုကိုက ထိုက်သင့်သောလျော်ကြေးငွေကို ရှေ့နေကြီးတွေနှင့် လွှဲပြောင်းစီစဉ်ဖို့ လွှတ်လိုက်တော့ ...

"ဟင့်အင်း ... ဘာတစ်ခုမှ စွဲမက် မမက်မောဘူး၊ ကိုကို ... အဲ ... သူ့စိတ်တိုင်းကျ စွဲမက် ကွာရှင်းပေးပါတယ်၊ ဘာရပိုင်ခွင့်မှ စွဲမက် မယူပါဘူး"

"ဒါဆိုရင် တရားဝင်လက်မှတ်တော့ သမီး ထိုးရလိမ့်မယ်၊ ဟို ...ဦးတို့က ဥပဒေအကြောင်းအရ ပြောရတာပါကွယ်"

စွဲမက် ကိုကို့ကို မနာကြည်းချင်ပါ။ ကြည်ဖြူစွာပဲ လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထိုးပေးခဲ့၏။ ဘွားအုန်းကတော့ မျက်ရည်တွေ ဝဲကာ ဘာမှ ဝင်မပြောခဲ့ပါ။

တကယ်ဆို စွဲမက် ဆက်ပြီးရင်ဆိုင်ခဲ့ရတာတွေက ဒုက္ခတရားတွေပဲ ဖြစ်ပါသည်။ ဒယ်ဒီဆုံးတော့မှ ဒယ်ဒီ့ရဲ့ကျရှုံးနေသော စီးပွားရေးလုပ်ငန်းတွေကို စွဲမက် သိခဲ့ရတာဖြစ်သည်။

''မောင်မြတ်သျှင်က သမီး စိတ်ဆင်းရဲမှာစိုးလို့ မပြောခဲ့တာ၊ သူ့ စီးပွားတွေ ကျဆင်းပြီး ဆုံးရှုံးနေတာ ကြာပြီသမီး၊ အခု ဘွားအုန်းတို့ ဘာဆက်လုပ်ကြမလဲဟင်''

''အကောင်းဆုံး ရင်ဆိုင်ရုံပဲပေါ့ ဘွားအုန်းရယ်၊ အိမ်နဲ့ ခြံကိုရောင်းပြီး ဒယ်ဒီတင်နေတဲ့ အကြွေးတွေဆပ်မယ်''

''ဟင် ... ဒါဆို သမီးလေးက ဘယ်မှာနေမှာလဲ၊ သမီးတစ်ယောက်တည်း မဟုတ်ဘူးနော်၊ သမီးရင်သွေးလေး အတွက်ပါ စဉ်းစား''

''စွဲမက် စဉ်းစားပြီးပြီ ဘွားအုန်း၊ စွဲမက် ဘွားအုန်းကိုပါ စောင့်ရှောက်ပြုစုမှာပါ၊ စွဲမက် ဒီမှာမနေချင်တော့ဘူး၊ စွဲမက် အလုပ်လျှောက်ထားတယ်၊ ဒီနေရာနဲ့ဝေးတဲ့နေရာလေးမှာ စွဲမက် ကျောင်းဆရာမလုပ်မှာလေ''

စွဲမက်ဆန္ဒတွေကို ဘွားအုန်း လက်ခံခဲ့သည်။ အိမ်နှင့် ခြံကြီးကို ရောင်းကာ အကြွေးတွေ ရှင်းပစ်ခဲ့သည်။ လက်ကျန်ငွေလေးနှင့်ရှိသည့် ရွှေလေးတွေရောင်းကာ တာဝန်ကျရာ မြို့လေးကို ပြောင်းခဲ့၏။





စွဲမက်ရသော လစာငွေလေးနှင့် ဘွားအုန်းကလည်း အိမ်ဆိုင်လေးဖွင့်ကာ ဘဝကိုရုန်းကန်ခဲ့ကြသည်။ သမီးလေး စွဲမက်ခန့် သုံးနှစ်မှာပဲ ဘွားအုန်းဆုံးသည်။

သမီးလေးနှင့် စွဲမက်ဘဝအတွက် စွဲမက်ရဲ့လစာငွေလေးနှင့်ပဲ အဆင်ပြေအောင် ခြိုးခြံချွေတာနေနိုင်ခဲ့သည်။

အခု သမီးလေးအသက် ငါးနှစ်။ စွဲမက်တို့ကျောင်းမှာပဲ သူငယ်တန်းတက်နေပြီ။

ကိုကိုနှင့်အဝေးဆုံးမှာ စွဲမက်ဘဝလေးကို အေးချမ်းစွာပဲ တည်ဆောက်နေခဲ့တာ ကိုကို ဘယ်တော့မှ သိနိုင်မှာ မဟုတ်ပါ။ စွဲမက်ဘဝက ကိုကို့ကိုယ်စား သမီးလေးပဲ ဖြစ်ခဲ့၏။

စွဲမက်အတွေးတွေက သမီးလေးရဲ့အသက်ပြင်းပြင်းရှူသံလေးကြောင့် ပြတ်သွားခဲ့၏။

သမီးလေးတောင် အိပ်ပျော်နေရှာပြီ။ ခြုံစောင်လေး အသာလွှမ်းပေးကာ စွဲမက် သမီးလေးအနားမှာ ဝင်အိပ်လိုက်၏။

ကိုကို့ကို လွမ်းမောကာ ငိုခဲ့ရသော မျက်ရည်နှင့်နေ့ရက်တွေက အခုတော့ သမီးလေးအတွက် ခွန်အားတွေနှင့် အေးချမ်းနေပြီ။

ပူလောင်တဲ့အချစ်တွေကို စွဲမက် မပိုင်ဆိုင်ရဲတော့ပါဘူး ကိုကို။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ကျောင်းဝန်းလေးရှေ့ကို သူ့ကားလေး ဖြတ်မိတိုင်း ရင်ထဲမှာ နာကျင်ခံစားရပါသည်။

ကလေးငယ်လေးတွေကို လက်ဆွဲကာ ကျောင်းပို့နေကြသော မိဘတွေမြင်တိုင်း စွဲမက်နှင့် သူ့ရင်သွေးလေးကို သတိရမိသည်။

စွဲမက်မှာ သူ့ရင်သွေးလေး ပါသွားခဲ့သည်ဆိုတာ ဆရာဝန်ကြီးဦးလှိုင်ငြွေနှင့်ဆုံမှ သူသိခဲ့ရတာဖြစ်သည်။

"ဘာရယ် ... မင်းတို့ ကွာရှင်းလိုက်ကြပြီဟုတ်လား၊ ဒါဆို မင်းတို့ကလေးလေးက ဘယ်သူ့ဆီမှာလဲ"

"ဗျာ ... ဘယ်က ကလေးလဲ အန်ကယ်"

"ဟာ ... မင်းမသိဘူးလား၊ မင်းဇနီးမှာ ရင်သွေးလွယ်ထားရတယ်လေ၊ သူ မူးလဲလို့ မင်းမေမေ ဖုန်းဆက်တော့ အန်ကယ်ပဲ စမ်းသပ်ပေးခဲ့ရတာ"

ဒါတွေကို သူ လုံးဝမသိခဲ့ပါ။ ဆရာဝန်ကြီးစကားတွေ





ကြောင့် ပြန်စဉ်းစားကြည့်မှ တွေးမိလာတာ။ သူ မူးနေခဲ့သော ညက အဖြစ်တွေ။ သူ မမှတ်မိပေမယ့် စွဲမက်သျှင်ရဲ့ဆံစည်းကြိုးလေး။

"မင်းမသိဘူးလား မောင်ခန့်ရယ်၊ မင်းနဲ့ရင်သွေးလေးရှိနေလို့ သမီးလေးကို မနှင်းတို့ ဒေါ်မိတို့ ဂရုစိုက်နေတာလေ၊ သမီးလေးက မင်းကို မပြောပြနဲ့ဦးတဲ့၊ သိသာထင်ရှားလာမှ မင်း ဝမ်းသာစေချင်လို့တဲ့လေ"

ဒေါ်မိက သူမေးမှ ပြောရဲတော့သည်။ စွဲမက်သျှင်အကြောင်း မကြားချင်ဟု သူ ယတိပြတ်ပြောထား၍ မပြောရဲခဲ့။ အခုတော့ အချိန်တွေက တစ်နှစ်နီးပါးခန့်ကြာမှ သူ သိခဲ့ရတာဖြစ်၏။

ဒီကာလတွေမှာ သူ စုထိပ်ထားကိုပဲ မျှော်လင့်ခဲ့တာဖြစ်၏။ ဒါပေမဲ့ သူ မျှော်လင့်ထားတာတွေ ဖြစ်မလာခဲ့ပါ။

"ဆောရီးပဲ ခန့်၊ အိမ်ထောင်ပျက် ယောကျ်ားတစ်ယောက်ကို တို့ လက်ထပ်ယူရအောင် မမိုက်မဲပါဘူး"

"ဟင် ... ထိပ်ထား ဘယ်လိုပြောလိုက်တယ်"

"ရှင်းပါတယ်၊ တို့လက်ထဲက စွဲမက်သျှင်နောက်ကို ခန့် ပါသွားလို့ တို့ ကျေနပ်တယ်မထင်နဲ့၊ ပြီးတော့ တစ်ပါးသူလက်ထဲက ပြုတ်ကျလာတဲ့ မုန့်ကို တို့ ကောက်ယူမစားတတ်ဘူး"

ထိပ်ထားစကားတွေက ယုံနိုင်စရာမရှိခဲ့ပါ။ ထိပ်ထား၏



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲအစ်ကို ဖော်ထူးမော်နှင့် ဆုံလိုက်တော့ စုထိပ်ထား အကြောင်းတွေကို သူ ပြတ်သားစွာ သိခဲ့ရတော့သည်။

"ထိပ်ထားနဲ့ကိုယ်က ဘာမှမတော်ပါဘူး၊ ကိုယ်က မွေးစားသားဆိုတော့ သွေးက ဝေးလွန်းတယ်၊ ပြောရရင် ထိပ်ထားနဲ့ကိုယ့်ကို ထိပ်ထားမေမေက နီးစပ်ချင်တာ၊ ထိပ်ထားကို ကိုယ် စိတ်မဝင်စားဘူး၊ သူ့စရိုက်ကို လုံးဝမကြိုက်တာ၊ မင်း ရှိနေရက်နဲ့ ကိုယ့်ကို ထိပ်ထား အရိပ်အယောင်တွေပြနေတာ ကိုယ်သိတယ်၊ သူ့ရှုံးကအရာရှိတစ်ယောက်နဲ့လည်း ဖြစ်သေးတယ်၊ သူ့စရိုက်နဲ့မကိုက်တော့ နောက်ကျန်ဖြစ်တာပဲပေါ့၊ ကောင်းပါတယ်ညီ၊ ထိပ်ထားကို လက်ထပ်ဖြစ်ရင် မင်းပဲ ခံစားရမှာ"

နောင်တတွေနှင့် သူ ခံပြင်းခဲ့ရပေမယ့် ကိုယ် အသုံးမကျခဲ့သောကိစ္စအတွက် ဖြေသာနိုင်ခဲ့သည်။ သည့်နောက်ပိုင်းမှာ စွဲမက်သျှင်ကိစ္စကို ဆရာဝန်ကြီးဦးလှိုင်ဌေးက အသိပေးလာခဲ့တာ ဖြစ်သည်။

စွဲမက်သျှင်သတင်းကို သူ စုံစမ်းတော့မှ ပိုလို့ခံစားကြေကွဲရသည်။ စွဲမက်ခမျာ ဖခင်လည်းဆုံး၊ စီးပွားရေးလည်း ပျက်ကာ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာတွေ သိခဲ့ရသည်။

"ကျွန်တော် သိပ်မှားသွားတယ် ဒေါ်မိ၊ စွဲမက်ကို ကျွန်တော် မတွေ့တွေ့အောင်ရှာမယ်၊ ကျွန်တော့်အမှားတွေအတွက် တောင်းပန်မယ်"





သူ ဝန်ခံစကားတွေနှင့် စွဲမက်ကို စုံစမ်းရှာဖွေခဲ့သည်။ ဒါပေမဲ့ သူ့ကို စိတ်နာသွားပုံရသော စွဲမက်သတင်းက လုံးဝ ရှာမတွေ့နိုင်အောင် ခက်ခဲနေခဲ့၏။

အခုလောက်ဆို သူ့ရင်သွေးလေးတောင် ကျောင်းနေ အရွယ်ရောက်နေလောက်ပြီ။

စွဲမက်ရယ် ... ကိုကို့ကို ခွင့်လွှတ်ပေးပါ။ စွဲမက်နဲ့ ပြန်ဆုံခွင့်လေးပေးဖို့ ကံကြမ္မာကို ကိုယ်တောင်းဆိုဆုတောင်းမိတာ စွဲမက် မသိနိုင်ပါဘူး။

ကိုယ့်အမှားတွေအတွက် စွဲမက် ခွင့်လွှတ်ပေးပါ။ ပြီးတော့ သားလေးလား သမီးလေးလား မသိရတဲ့ ကိုယ့်ရင်သွေးလေးအတွက် ...

ကိုယ့်ဘဝကို စွဲမက်တို့ သားအမိအတွက် ရည်ရွယ်ထားတယ် စွဲမက်ရယ်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"မျာ ... တ ... တကယ်လား အန်ကယ်"

"ဩော် ... မောင်ခန့်ရယ် နောက်စရာလားကွာ၊ အန်ကယ် အဲဒီမြို့က မူလတန်းကျောင်းလေးကိုရောက်တော့ စွဲမက်သျှင်နဲ့ ဆုံခဲ့ရတာ အသေအချာပဲ၊ သူ့သမီးလေးက စွဲမက်ခန့်တဲ့"

"မျာ ... စွဲမက်ခန့် ... သမီး ... သမီးလေး"

"သေချာတယ် မောင်ခန့်၊ မင်း အမြန်ဆုံးသွားဖို့ အန်ကယ်ပြောနေတာ၊ အန်ကယ့်ကို သူက မမြင်မသိသလို ရှောင်နေတာဆိုတော့ အန်ကယ်လည်း မမှတ်မိသလိုနေခဲ့တယ်၊ မင်းကို သူ ရှောင်ပြေးသွားမှာစိုးလို့"

"ဟုတ် ... ဟုတ်ကဲ့၊ အန်ကယ် ကျေးဇူးပဲ အန်ကယ်"

"မလိုပါဘူးကွာ၊ မင်းတို့ အဆင်ပြေသွားပြီဆိုတဲ့သတင်းကို အန်ကယ် ပြန်လာရင် ကြားချင်တယ်၊ အခု အန်ကယ်က ကျန်းမာရေးအဖွဲ့နဲ့ ခရီးဆက်နေရတယ်ကွ"





"ဟုတ် ... ဟုတ်ကဲ့ပါ အန်ကယ်၊ ဒါပဲနော်"

သူ ဖုန်းချပြီးသည်နှင့် အခန်းထဲက ပြေးထွက်ခဲ့သည်။ ဒေါ်မိက သူ့ကိုကြည့်ရင်း ...

"မောင်ခန့် ... ဘာ ... ဘာဖြစ်လာတာလဲ"

"စွဲ ... စွဲမက်သတင်းရပြီ ဒေါ်မိ"

"ဟင် ... တကယ်၊ ဝမ်းသာလိုက်တာကွယ်"

"ဟုတ်ကဲ့ ဒေါ်မိ၊ စွဲမက်နဲ့ ကျွန်တော့်သမီးလေး နာမည်က စွဲမက်ခန့်တဲ့ဗျ"

"ဟယ် ... လှလိုက်တဲ့နာမည်လေးတော်"

"အခု ... ကျွန်တော် လိုက်သွားမလို့၊ ဒေါ်မိ အဝတ်အစားနှစ်စုံလောက် အမြန်ပြင်ဆင်ပေးပါနော်"

"အေး ... အေး၊ ဒေါ်မိလည်း တွေ့ချင်လိုက်တာကွယ်"

ဒေါ်မိ ဝမ်းသာအားရဆိုနေသည်။ သူ့ရင်ထဲမှာလည်း ကြည်နူးအပျော်တွေနှင့် ရင်တွေလှုပ်ခတ်နေဆဲ။

စွဲမက်နှင့်သမီးလေး ... စွဲမက်ခန့်တဲ့။ သူမြင်တွေ့ချင်လိုက်တာ။ ငါးနှစ်ကျော်ဆိုတဲ့ကာလကြီးလုံးလုံး သူတမ်းတနေခဲ့ရတဲ့ စွဲမက်နဲ့ သမီးလေး။

စွဲမက်ရယ် ... ကိုကို မင်းကျေနပ်တဲ့အထိ တောင်းပန်ဖို့ အရောက်လာခဲ့ပါ့မယ်။

✳



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်တွေခုန်နေတာ တလုပ်လုပ်။ ကျောင်းဆင်းခေါင်းလောင်းသံအဆုံးမှာ ပြေးထွက်လာသော ကျောင်းသားကျောင်းသူတွေကို သူ မျက်လုံးဝေ့ဝဲကြည့်နေမိသည်။

သမီးလေးကို မမြင်ဖူးပေမယ့် သူ ရှာဖွေနေမိသည်။ စွဲမက်ကလည်း ဒီကျောင်းလေးမှာ ဆရာမလေးတဲ့။ ဒါဆို စွဲမက်နှင့်သမီး အတူပြန်လာကြမှာပဲ ဖြစ်၏။

ကျောင်းသားတွေသာ ကုန်သွားသည်။ စွဲမက်ကို အရိပ်အယောင် မတွေ့တော့ သူ ရင်ထဲမှာ စိုးရိမ်သွားမိ၏။ သူရောက်လာမှာစိုးလို့ စွဲမက် ရှောင်ပြေးသွားပြန်ပြီလား။

"ဟင်"

သူ့ရင်ခုန်သံက ထိတ်ခနဲ။ အပြာအစိမ်းဝတ်စုံလေးနှင့် ဆံပင်ခြင်းလေးကိုင်ဆွဲထားသော စွဲမက်နံဘေးမှာ ဂါဝန်လေးနှင့် သမီးလေး။

သူ မှင်တက်စွာ ငေးမောနေမိဆဲ။ သမီးလေးက မိခင်ဖြစ်သူကို မော့ကြည့်ကာ ဘာတွေပြောနေသည်မသိပါ။

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်လို့။ နှုတ်ခမ်းလေးတွေက ပြုံးနေသည့် သမီးလေးက သူ့ရင်သွေးလေးဆိုတာ သူ အကြွင်းမဲ့ လက်ခံမိပါသည်။ ဖအေတူ သမီးလေး။

"စွဲမက်"





သူ ပုန်းကွယ်နေသည့် သစ်ပင်က ပြေးထွက်ကာ လှမ်းခေါ်တော့ စွဲမက် အံ့ဩမျက်ဝန်းတွေနှင့် ကြည့်နေ၏။

"စွဲမက် ... စွဲမက် .. ဒါ ... ဒါ"

သမီးလေးကို သူ လက်ညှိုးထိုးကာ တွန့်ဆုတ်ဆုတ်သံလေးနှင့် မေးမိရုံပဲ ရှိသေးသည်။ စွဲမက် ခြင်းတောင်းလေးပစ်ချကာ သမီးလေးကို ချက်ချင်းကောက်ယူပွေ့ချီသည်။

"ကို ... အဲ ... ရှင် ... ရှင် ... ဘာလာလုပ်တာလဲ"

"စွဲမက်ရယ် ... ကိုကို့အမှားတွေအတွက် တောင်းပန်ပါတယ်ကွာ၊ ကိုကို သိခဲ့ရချိန်မှာ စွဲမက်တို့ ရန်ကုန်မှာ မရှိကြတော့ဘူး၊ စွဲမက်တို့ သားအမိကို ကိုကို လိုက်ရှာနေတာ ငါးနှစ်ကျော်နေပြီ"

"ဟင့်အင်း ... စွဲမက်ဘဝ တည်ငြိမ်နေပါပြီ၊ ဘာမှ ထပ်ဒုက္ခမပေးပါနဲ့တော့၊ တောင်းပန်ပါတယ်"

"စွဲမက်ရယ် ... ကိုကို ဒုက္ခပေးဖို့ လာခဲ့တာ မဟုတ်ပါဘူး၊ အမှားတွေအတွက် တောင်းပန်ရင်း စွဲမက်နဲ့သမီးလေးကို တစ်သက်လုံး စောင့်ရှောက်ကြင်နာသွားမှာပါ"

စွဲမက် မယုံမရဲ ခေါင်းလေးခါနေဆဲ။ သမီးလေးက သူ့မျက်နှာကို စူးစူးနစ်နစ်လေး စိုက်ကြည့်နေရင်း လက်ညှိုးလေးထိုးကာ ...

"ဦး ... ဦးဦးက မီးဖေဖေနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်"

"ဒါပေမဲ့ ... မီးဖေဖေကြီးက လေယာဉ်မှူးကြီး ဦးဦးရဲ့"

"သမီးလေးရယ် ... ဖေဖေပါ"

"ဟင် ... ဖေဖေက သေပြီနော်၊ မေမေ ... မီးဖေဖေရဲ့ဓာတ်ပုံလေးကို မေမေနဲ့သမီး ညတိုင်းကန်တော့ကြတာ ဦးဦးရဲ့"

သမီးလေးစကားတွေက သူ့ရင်ထဲကို စူးနစ်စေသည်။ ကြည့်စမ်း ... လိမ္မာယဉ်ကျေးလိုက်တဲ့ သမီးလေး။ စွဲမက်ကလည်း သူ့ကို သတိရနေခဲ့တာ သေချာပြီပေါ့။

သူကသာ အမုန်းတရားတွေနဲ့ စွဲမက်ကို ခါးသီးခဲ့တာ။ စွဲမက်နှလုံးသားလေးက သူ ထင်မှတ်ထားသည်ထက် ဖြူစင်လွန်းနေ၏။

"ဟင် ... ဦးဦး ငိုနေတယ်"

"သ ... သမီးရယ်"

"အို ... သမီးကို စွဲမက်ရင်ထဲက ခေါ်ထုတ်မသွားပါနဲ့ရှင်"

သမီးကို သူ ပွေ့ချီမည်ပြင်တော့ စွဲမက် အထိတ်တလန့်လေး တောင်းပန်စကားဆိုနေ၏။

"စွဲမက်ရယ် ... ကိုကို သမီးလေးကို ခေါ်ထုတ်မသွားပါဘူး၊ စွဲမက်နဲ့သမီးလေး ကိုကို့ဆီ ပြန်လာဖို့ တောင်းပန်နေ





တာပါ၊ သမီးလေးကို ဒေါ်မိကလည်း မြင်ချင်နေတယ်၊ နော် စွဲမက်၊ ကိုယ့်ကို စွဲမက် ခွင့်လွှတ်ပေးပါနော်"

စွဲမက် သူ့ကို ငေးငေးလေးစိုက်ကြည့်ရင်း မျက်ရည်စတွေ ပါးပြင်ပေါ် စီးကျလာသည်။

"ဟင် ... မေမေလည်း ငိုနေတယ်၊ မေ ... မေမေ"

"မေမေ ... မငိုပါဘူး သမီး၊ မငိုပါဘူးကွယ်"

ရှိုက်သံနှင့်သမီးလေး ငိုမှာစိုးတော့ စွဲမက် ခေါင်းလေးခါရှင်းပြသည်။ ဒါပေမဲ့ စွဲမက် မျက်ရည်တွေက ပိုလို့စီးကျလာ၏။

"မေမေ ... မငိုပါနဲ့၊ မငိုပါနဲ့နော်၊ ဦးဦး ပြောပါဦး"

"လာ ... သမီး လာ, လာ၊ စွဲမက် မငိုနဲ့လေ၊ သမီး ဝမ်းနည်းသွားမယ် ... နော် ကိုကို တောင်းပန်ပါတယ်"

ပြောနေသည့် သူကိုယ်တိုင် မျက်ရည်တွေ စီးကျနေတာကိုလည်း သူ သတိမထားမိပါ။ သမီးလေးက စွဲမက်ကို တစ်လှည့် သူ့ကိုတစ်လှည့် ကြည့်နေရင်း ...

"မေမေ ... ဦးဦးလည်း ငိုနေတယ်"

"သမီးရယ် ... ဦးဦးမဟုတ်ပါဘူး၊ သမီးဖေဖေပါ"

"ဖေဖေ ... ဖေဖေက သေပြီး ပြန်လာတာလားဟင်"

သမီးစကားကြောင့် သူ ရယ်ပစ်လိုက်ရင်း ...

"မဟုတ်ပါဘူး သမီးရဲ့၊ ဖေဖေက သမီးလေးတို့နဲ့ အဝေးကြီးကို ရောက်နေလို့ပါ၊ အခု ... ဖေဖေ သမီးတို့ဆီ လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . တကယ်၊ မေမေလည်း လိုက်မှာလားဟင်"

"စွဲမက် . . . သမီးလေးမေးနေတယ် ဖြေလိုက်ဦးလေ"

"အင်း . . . မေမေ လိုက်မှာပေါ့ သမီးရယ်"

"ဟာ . . . ဝမ်းသာလိုက်တာ၊ ပျော်စရာကြီး"

သမီးလေး အော်ဟစ်တော့ သူ မြတ်နိုးစုံမက်စွာ နမ်းမိသည်။ စွဲမက် မျက်ရည်တွေ သုတ်ကာ သူ့ကို ကြည့်နေ၏။

ချစ်စရာကောင်းသော မျက်နှာလေးက ဟိုးအရင်ကလိုပဲ ချောမောနုနယ်နေသည်။ ဒီတစ်ခါတော့ သူ စွဲမက်ကို ရင်ခွင်ထဲ ဆွဲသွင်းရင်း ဖက်လိုက်မိ၏။

"ဖေဖေက မေမေ့ကိုလည်း ဖက်ထားတယ်"

သမီးကို ချီထားရင်း စွဲမက်ကိုပါ ဖက်ထားတော့ သမီးလေး ပြောသည်။ စွဲမက်မျက်နှာလေး ပန်းနုရောင်သမ်းသွား၏။ သူ သဘောကျစွာရယ်ရင်း သမီးလေးကို အသာချပေးလိုက်၏။

ပြီးတော့ သမီးလေး လက်နှစ်ဖက်ကို သူနှင့်စွဲမက် တစ်ဖက်ဆီ ဆွဲလိုက်ကြသည်။

"လာ သမီး . . . ဖေဖေ့ကားကြီးနဲ့ ပြန်ကြမယ်နော်"

"ဟေး . . . ပျော်စရာကြီး"

သမီးလေး ဝမ်းသာအားရ ဟစ်အော်နေသည်။ သူ စွဲမက်ကို ပြုံးကြည့်တော့ စွဲမက် ပြန်ပြုံးပြသည်။

အပြုံးတွေထဲမှာ သူ့ကို နားလည်ခွင့်လွှတ်ခြင်းတို့ ပြည့်လျှံနေပေမယ့် စွဲမက်လေးကို သူ တောင်းပန်ရပါဦးမည်။





သူ့အမှားတွေအတွက် တောင်းပန်ရင်း စွဲမက်နဲ့ သမီးလေးဘဝကို သူ့ရင်ထဲ ချစ်ခြင်းတွေနှင့် ပြန်ပေးဆပ်ရပါဦးမည်။

ချစ်ခြင်းမေတ္တာတရားသည် အမုန်းတရားတွေကို ကင်းစင်လွင့်ပျောက်စေသည်ဆိုတာ . . .။

နှလုံးသားသည်းနှမှ ချစ်ခြင်းများစွာဖြင့်

သက်ပိုင်ရဲ့



www.burmeseclassic.com